UNESCO

United Nations
Educational, Scientific and
Cultural Organization

IPDC THE INTERNATIONAL PROGRAMME
FOR THE DEVELOPMENT OF COMMUNICATION

ims
INTERNATIONAL MEDIA SUPPORT



# မြန်မာနိုင်ငံ
# မီဒီယာဖွံ့ဖြိုးတိုးတက်မှု
# အကဲဖြတ်မှတ်တမ်း

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့၏
မီဒီယာဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများကို
အခြေခံတိုင်းတာချက်များ

UNESCO

United Nations
Educational, Scientific and
Cultural Organization

IPDC THE INTERNATIONAL PROGRAMME FOR THE DEVELOPMENT OF COMMUNICATION

ims
INTERNATIONAL MEDIA SUPPORT

# မြန်မာနိုင်ငံ
# မီဒီယာဖွံ့ ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်း

## ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၏
## မီဒီယာဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများကို အခြေခံတိုင်းတာချက်များ

အကဲဖြတ်မှုကာလ - ၂၀၁၄ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် ဧပြီလအထိ

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)
ဘန်ကောက်ရုံးခွဲ၊ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဌာန၊ ၉၂၀၊ ဆူခွန်ဗစ်လမ်း၊ ဖရာခနွန်၊ ခလောင်းတိုအီ၊ ဘန်ကောက် ၁၀၁၁၀
http://www.unescobkk.org/communication-and-information နှင့်
နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (IMS)၊ နော်ရီဂိတ် ၁၈၊ ၁၁၆၅ ကိုပင်ဟေဂင်၊ ဒိန်းမတ် တို့မှ ပူးပေါင်းထုတ်ဝေသည်။

© UNESCO and IMS 2016

ISBN 978-92-9223-545-1 (Print Version)
ISBN 978-92-9223-546-8 (Electronic Version)

ဤပုံနှိပ်ထုတ်ဝေမှုကို Attribution-ShareAlike 3.0 IGO (CC-BY-SA 3.0IGO) လိုင်စင် (http://creativecommons.org/license/by-sa/3.0/igo/) အရ ပွင့်လင်းအချက်အလက်များ သိုလှောင်ရာကဏ္ဍတွင် ရယူဖတ်ရှု နိုင်ပါသည်။ ဤပုံနှိပ် ထုတ်ဝေမှုအတွင်းရှိ အကြောင်းအရာများကို အသုံးပြုမည့်သူများသည် ယူနက်စကို(UNESCO)၏ ပွင့်လင်းအချက်အလက်သိုလှောင်ရာကဏ္ဍ၏ အသုံးပြုနည်း ကန့်သတ်ချက်များကို နားလည်လက်ခံရမည် ဖြစ်ပါသည်။ (http://unesco.org/openaccess/term-use-ccbysa-en)

ဤပုံနှိပ်ထုတ်ဝေမှုတွင် ပါဝင်သောအကြောင်းအရာများနှင့် ဖော်ပြပါရှိသော အချက်အလက်များသည် မည်သည့်နိုင်ငံ၊ နယ်နိမိတ်၊ မြို့ (သို့မဟုတ်) အစိုးရအုပ်ချုပ်ခံ နယ်မြေများ၏ တရားဥပဒေဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍သော်လည်းကောင်း၊ နယ်နိမိတ် (သို့မဟုတ်) နယ်ပယ်ဒေသနှင့် ဆက်စပ်သည့် ကန့်သတ်ချက်များနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ယူနက်စကိုပါဝင်ပူးပေါင်း လုပ်ဆောင်နေသည့် ကဏ္ဍအတွင်းထားရှိသော ယူနက်စကိုအဖွဲ့အစည်း၏ သဘောထားအမြင်များနှင့် သက်ဆိုင်မှု မရှိပါ။

စာအုပ်အတွင်းပါဝင်သော သဘောထားနှင့် ထင်မြင်ချက်များမှာ ရေးသူများ၏ သဘောထားနှင့် ထင်မြင်ချက်များသာဖြစ်ပြီး ယူနက်စကိုအဖွဲ့သဘောထားခံယူချက်များ မဟုတ်သည့်အပြင် အဖွဲ့အစည်းနှင့်လည်းသက်ဆိုင်မှုမရှိပါ။

ဤတင်ပြမှု အစီရင်ခံစာကို ဆွီဒင်၊ ဒိန်းမတ်နှင့် နော်ဝေနိုင်ငံ အစိုးရများ၏ ထောက်ပံ့မှုဖြင့် ထုတ်ဝေခြင်းဖြစ်သည်။

ဘာသာပြန် - သတင်းအတတ်ပညာဌာန (သုတေသနအဖွဲ့)

တည်းဖြတ် - နိုင်နိုင်အေး (ယူနက်စကို - မြန်မာ)

စာစီစာရိုက် - မိုးကောင်းကင်ပုံနှိပ်တိုက်

ဂရပ်ဖစ်ဒီဇိုင်း - UNESCO

မျက်နှာဖုံးဒီဇိုင်း - Umaporn Tang-on

မြန်မာနိုင်ငံတွင် ပုံနှိပ်သည်။

# သုတေသနအဖွဲ့

## နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့

| | | |
|---|---|---|
| Glen Swanson | - | သုတေသနအဖွဲ့ခေါင်းဆောင် |
| Bart Robertson | - | နိုင်ငံတကာသုတေသနညှိနှိုင်းဆောင်ရွက်သူနှင့် အကဲဖြတ် မှတ်တမ်းဦး ဆောင်ရေးသားသူ |
| ဆုန်ချင်းပါ | - | ပြည်တွင်းသုတေသနညှိနှိုင်းဆောင်ရွက်သူ |
| ဒေါက်တာသိန်းဟန် | - | ကွင်းဆင်းသုတေသနပြုသူ |
| ဆုမွန်ကျော် | - | ကွင်းဆင်းသုတေသနပြုသူ |
| ငြိမ်းချမ်း | - | ကွင်းဆင်းသုတေသနပြုသူ |

## အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် (ယခု -ဒီဂရီကောလိပ်)၊ သတင်းအတတ် ပညာဌာန

| | | |
|---|---|---|
| ဒေါက်တာဇင်မာကျော် | - | အကြီးတန်းသုတေသီ |
| ဒေါက်တာမိုးမိုးအေး | - | အကြီးတန်းသုတေသီ |
| ဒေါက်တာချိုချိုသွင် | - | အကြီးတန်းသုတေသီ |
| ဒေါ်ဆုသီရိဇော် | - | သုတေသနပြုသူ |
| ဒေါ်စုမြတ်နိုင် | - | သုတေသနပြုသူ |
| ဒေါ်စုမွန်လတ် | - | သုတေသနပြုသူ |
| ဒေါ်နန်းပြည့်ဖြိုးကျော် | - | သုတေသနပြုသူ |
| မပန်းအိအိဖြူ | - | သုတေသနပြုသူ |
| မချောစုလင်းဖြူသန့် | - | သုတေသနပြုသူ |
| မသွယ်နိုင်ဇင် | - | သုတေသနပြုသူ |
| မအိမြွေစိုးဦး | - | သုတေသနပြုသူ |

## ယူနက်စကို တည်းဖြတ်ခြင်းနှင့် စီမံခန့်ခွဲမှုအဖွဲ့

**Misako Ito** – ဆက်သွယ်ရေးနှင့် ပြန်ကြားရေးအကြံပေး၊ ယူနက်စကို ဘန်ကောက်ရုံး၊ အာရှ - ပစိဖိတ် ဒေသဆိုင်ရာဗျူရို

**Rosa Maria Gonzalez** – (ယခင်) ဆက်သွယ်ရေးနှင့် ပြန်ကြားရေး အကြံပေး၊ ယူနက်စကို ဘန်ကောက်ရုံး

**Mikel Aguirre Idiaquez** – အတိုင်ပင်ခံ၊ ယူနက်စကို ရန်ကုန် ပရောဂျက်ရုံး

**Fackson Banda** – ကျွမ်းကျင်သူ၊ ဆက်သွယ်ဖွံ့ဖြိုးမှုအတွက် နိုင်ငံတကာ အစီအစဉ် (IPDC), ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဌာန၊ ယူနက်စကို ဌာနချုပ်

**Saorla McCabe** – မီဒီယာဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း (MDI) ညှိနှိုင်းဆောင်ရွက်သူ၊ ဆက်သွယ်ဖွံ့ဖြိုးမှုအတွက် နိုင်ငံတကာ အစီအစဉ် (IPDC)

## Thematic peer reviewer

**Toby Mendel** – အမှုဆောင်ဒါရိုက်တာ ၊ ဥပဒေနှင့် ဒီမိုကရေစီဌာန

**Oliver Spencer Shresta** – အာရှဒေသဌာနမှူး, Article- 19

**Johan Romare** – ဒါရိုက်တာ၊ ဖိုရိုမီဒီယာအုပ်စု, Linnaeus University

**ခင်မာဝင်း - Mangrai** - Australian Broadcasting Cooperation (ABC)

**Jo Elsom** - Development and Strategic Partnerships, ABC International Development

## ပံ့ပိုးကူညီကြသူဝန်ထမ်းများ

**ဦးမျိုးမင်းထိုက်** – စီမံကိန်းအရာရှိ၊ နိုင်ငံတကာမီဒီယာ ထောက်ပံ့ကူညီရေးအဖွဲ့ (IMS) ရန်ကုန်

**ဦးပြေကျော်မြင့်** – စီမံကိန်းအရာရှိ၊ နိုင်ငံတကာ မီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (IMS) ရန်ကုန်

**Kannapat Kanpakdee** – စီမံရေးရာလက်ထောက်အရာရှိ၊ ယူနက်စကို ဘန်ကောက်ရုံး

**ဒေါ်နိုင်နိုင်အေး** – စီမံကိန်းအရာရှိ ၊ ယူနက်စကို ရန်ကုန်ရုံး

## ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာအား ဆွီဒင်၊ ဒိန်းမတ်နှင့် နော်ဝေနိုင်ငံ အစိုးရများနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတကာအစီအစဉ်တို့မှ ကူညီထောက်ပံ့မှုဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ အကဲဖြတ်မှတ်တမ်း ဖြစ်မြောက်ရေး ပါဝင်ဆောင်ရွက်ပေးခဲ့ကြသောသုတေသနအဖွဲ့နှင့်တကွ အခြားသောမိတ်ဖက်ပုဂ္ဂိုလ်များ၊ ပါဝင်ဆောင်ရွက်ပေးကြသူများအား ၎င်းတို့၏စိတ်ရှည်သည်းခံနိုင်စွမ်းနှင့် တန်ဖိုးမဖြတ်နိုင်သော ကြိုးစားအားထုတ်မှုများအတွက် ဤသုတေသနကို ပုံနှိပ်ထုတ်ဝေသူများအနေဖြင့် အသိအမှတ်ပြုပြီးအထူးကျေးဇူးတင်ရှိပါသည်။ ထို့ပြင်ပါဝင်ကူညီပေးခဲ့ကြသော မီဒီယာလောကသားတစ်ဦးချင်းစီသာမက အခြားမီဒီယာအဖွဲ့အစည်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။

UNESCO

United Nations
Educational, Scientific and
Cultural Organization

IPDC THE INTERNATIONAL PROGRAMME FOR THE DEVELOPMENT OF COMMUNICATION

## ယူနက်စကို၏ အမှာစာ

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက သဘောတူ အတည်ပြုခဲ့ကြသည့် ယူနက်စကို၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများသည် ပြည့်စုံကျယ်ပြန့်သည့် တိုင်းတာချက်များစုပေါင်းကာ နိုင်ငံတစ်နိုင်ငံ၏ မီဒီယာအနေအထားကို သတ်မှတ်ကာလတစ်ခုအတွင်း တိုင်းတာအကဲဖြတ်ရန်နှင့် နိုင်ငံတကာ စံနှုန်းများနှင့်အညီ လွတ်လပ်၊ အမှီအခိုကင်းပြီး အမျိုးအစားစုံလင်သော မီဒီယာဗဟုဝါဒ ပိုမိုဖွံ့ဖြိုးလာစေရန်လုပ်ဆောင်ရမည့် အချက်များကို အကြံပြုတင်ပြထားခြင်းဖြစ်သည်။

၂၀၁၁-ခုနှစ် မတိုင်မီက မြန်မာနိုင်ငံကို ပိတ်ဆို့ခံနိုင်ငံ တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။ ယင်း ယူဆချက်သည် ၂၀၁၁-ခုနှစ်မတ်လတွင် သမ္မတ ဦးသိန်းစိန် ရွေးကောက်တင်မြှောက်ခံရပြီးနောက် ပြောင်းလဲခဲ့ပေသည်။ နှစ်ပေါင်း (၅၀)ကြာ တိုင်းပြည်အထီးကျန်ခဲ့ရပြီးနောက် သမ္မတ၏ အဖွင့်မိန့်ခွန်းတိုင်းသည် ပြုပြင်ပြောင်းလဲရေးနှင့် ပွင့်လင်းရေးဆိုသည့် စကားလုံးများဖြင့် လွှမ်းခြုံနေခဲ့ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၂၀၁၅၊ နိုဝင်ဘာတွင် အနိုင်ရခဲ့ခြင်းတို့သည် နိုင်ငံ၏ခေတ်ပြိုင်သမိုင်းတွင် အသွင်ကူးပြောင်းမှုများရှိခဲ့ကာ အပြောင်းအလဲများ ပြုလုပ်နိုင်ခဲ့ကြောင်း ကမ္ဘာ့ကိုထပ်မံဖော်ထုတ် ပြသနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု စတင်ကတည်းက မီဒီယာကဏ္ဍအပါအဝင် လူမှုရေး၊ စီးပွားရေး နယ်ပယ်နှင့် နိုင်ငံရေးအရလျော့ပေါ့ပေးမှုများ ဆက်တိုက်ဆိုသလို စတင်လုပ်ဆောင်ခဲ့သည်။

ယင်းတို့တွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းဥပဒေကို ၂၀၁၄-ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းသည် ယခင်စာပေစိစစ်ရေးသို့ တင်ရသည့်တင်ထုတ်

စနစ်ကို တရားဝင် ပယ်ဖျက်လိုက်နိုင်ခြင်းနှင့် နိုင်ငံတော်မှ သတင်းစာများကို အကြောင်းအရာပိုင်းဆိုင်ရာ လွတ်လပ်မှုပေးခဲ့ခြင်း၊ ၂၀၁၅-ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ရုပ်သံလွှင့်ဥပဒေသည် ပုဂ္ဂလိက၊ အများပိုင်နှင့် ရပ်ရွာအခြေပြုမီဒီယာများ ပေါ်ထွန်းလာအောင် ထောက်ကူပေးထားခြင်း။ မီဒီယာကိုယ်တိုင် ထိန်းကျောင်းသည့် အဖွဲ့အဖြစ်ဆောင်ရွက်ရန် ၂၀၁၅၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ဖွဲ့စည်းခဲ့ခြင်းတို့သည် အချက်များစွာထဲမှ အချို့ဖြစ်သည်။ ထိုအပြောင်းအလဲများသည် မြန်မာ့မီဒီယာကိုဒီမိုကရေစီကျသော ရေးသားပြောဆိုမှုများအတွက် ပလက်ဖောင်းတစ်ခုအဖြစ်အသုံးပြုရန်နှင့် ကောင်းမွန်သောအစိုးရနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုအားကောင်းလာစေရန် သိသာထင်ရှားသော တိုးတက်မှုများဆီသို့ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

ယင်းနှင့် ဆက်စပ်၍ ယူနက်စကို (ဘန်ကောက်ရုံး)နှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (IMS)တို့သည် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်၊ သတင်းအတတ်ပညာဌာန၏ ကူညီပါဝင်မှုများဖြင့် ပူးပေါင်း၍ ယူနက်စကို၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများကိုအခြေခံကာ မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်မှတ်တမ်းကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုအကဲဖြတ်မှုကို ၂၀၁၄-ခုနှစ် မေလ မှ ၂၀၁၆-ခုနှစ် ဧပြီလအထိ ဆောင်ရွက်ခဲ့ပြီး ယူနက်စကို၏ တိုင်းတာချက် (၅၀) နှင့် တိုင်းတာချက် အခွဲပေါင်း (၁၉၀) အပေါ်တွင် stakeholders များ၏ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ချက်များလည်း ပါရှိပါသည်။ အစီရင်ခံစာ၏ အခန်းတစ်ခုချင်းစီတွင် သုတေသန တွေ့ရှိချက်များကို အဓိကထားဖော်ပြထားပြီး ကွာဟချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် အကြံပြုချက်များလည်း ထည့်သွင်းဖော်ပြထားပါသည်။

အစီရင်ခံစာတွင် ဖော်ပြထားသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ရမည့် အချက်များသည် အသစ်သဘောတူ လက်ခံထားကြသည့် "စဉ်ဆက် မပြတ်ဖွံ့ဖြိုး တိုးတက်ရေးပန်းတိုင်" Sustainable Development Goal (SDG) ၏အထူးသဖြင့်ပန်းတိုင်-၁၆ မှ "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းသာယာပြီး အားလုံးစုပေါင်းပါဝင်သော လူ့အဖွဲ့အစည်း ဝန်းကျင်များကို တိုးမြှင့်ပေးရန်၊ လူသားအားလုံးအတွက် တရားမျှတမှု ရရှိရန်နှင့် အလွှာပေါင်းစုံ

လွှမ်းခြုံနိုင်ပြီး အကျိုးသက်ရောက်မှုရှိစေသည့် တာဝန်သိအဖွဲ့အစည်းများ နယ်ပယ် အနေအထားအားလုံးတွင် ပေါ်ပေါက်လာစေရေး ဆောင်ရွက်ပေးရန်" ကို အောင်မြင်စွာ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အထူးသင့်လျော်သည့် အချက်များဖြစ်မည်ဟု ယုံကြည် ပါသည်။

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍ လက်ရှိပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက် အစိုးရ၊ မီဒီယာ၊ အရပ်ဖက်လူမှု အဖွဲ့ အစည်းများနှင့် ပြည်သူလူထုများအကြား စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းကြခြင်းဖြင့် ပါဝင်နိုင်လိမ့်မည်ဟု ယူနက်စကိုမှ ယုံကြည်ပါသည်။

ဂွမ်ကျိုကင်မ်
ဒါရိုက်တာ၊ ယူနက်စကို (ဘန်ကောက်)

## နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (IMS) ၏ အမှာစာ

နိုင်ငံတကာမီဒီယာ ထောက်ပံ့ကူညီရေး အဖွဲ့ (IMS) သည် ယခုနက်စကိုနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍအတွက် ပြည့်စုံကျယ်ပြန့်သော ယခုအကဲဖြတ်မှတ်တမ်းကို ထုတ်ဝေနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို စကားလုံးတစ်လုံး၊ ဖြစ်ရပ်တစ်ခုအဖြစ် သာဓကပြရမည်ဆိုလျှင် နိုင်ငံရေးအပြောင်းအလဲ၊ လူမှုရေးအပြောင်းအလဲနှင့် စီးပွားရေးအပြောင်းအလဲများကို မဖြစ်မနေ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ - ခုနှစ် နောက်ပိုင်းကတည်းက မြန်မာနိုင်ငံသည် အစဉ်အလာမရှိခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များစွာကို အစပျိုးဆောင်ရွက်ခြင်းဖြင့် ကမ္ဘာကို ဖမ်းစားနိုင်ခဲ့သည်။ ယင်းသည် လွန်ခဲ့သော လေးနှစ်ခန့်က အခြေအနေနှင့် ဆက်စပ်ပြီး မြန်မာနိုင်ငံ၏ ပိုမိုလွတ်လပ်အမှီအခိုကင်းပြီး အမျိုးအစားစုံလင်သော မီဒီယာဗဟုဝါဒဆီသို့ မည်မျှတိုးတက် ရောက်ရှိလာကြောင်း အသေးစိတ် လေ့လာဆန်းစစ်မည် ဆိုသည့် ရည်မှန်းချက် တစ်ခုရှိရန် အရေးကြီးလာခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရန် ကျွန်ုပ်တို့သည် ယူနက်စကိုမှ အမိပ္ပါယ်ဖွင့်ဆိုထားပြီး ဖြစ်သော မီဒီယာဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများကို အသုံးပြုကာ မီဒီယာအမျိုးအစားအစုံအလင်ကို နားလည်သဘောပေါက်စေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ယခုအကဲဖြတ်မှတ်တမ်းကို လေးနက်ခိုင်မာသော သုတေသနပြု နည်းလမ်းများနှင့် ပြုစုထားပါသည်။

ယခုမှတ်တမ်းတွင် အခြေခံကျသော အဆိုပြုချက်များစွာ ပါဝင်ရာ အထူးသဖြင့် အမှီအခိုကင်းပြီး ရေရှည်အကျိုးစီးပွားဖော်ဆောင်နိုင်သည့် မီဒီယာသည် ဒီမိုကရေစီအတွက် အရေးပါပြီး လွတ်လပ်၍ အမှီအခိုကင်းသော မီဒီယာသည်

ကောင်းမွန်သော အုပ်ချုပ်မှုကို ဖြစ်ပေါ်စေသည်။ အလားတူ နိုင်ငံတော်တည်ဆောက်ရေးတွင်ပြည်သူများ ပါဝင်လာခြင်းသည် သတင်းအချက်အလက် ရယူနိုင်မှုအပေါ်မူတည်ရာ အဆိုပါသတင်းအချက်အလက် ရယူနိုင်မှုသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပြည်သူများစောင့်ကြည့်၊ နားလည်သဘောပေါက်ပြီး အကောင်းဆုံးရွေးချယ်မှုများ ပြုလုပ်နိုင်ရန် ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည်။ ထိုနည်းတူစွာ မီဒီယာသည် အဖယ်ကြဉ်ခံအုပ်စုနှင့် ကျေးလက်နေပြည်သူများကို ပြောဆိုခွင့်ပေးနိုင်သည်။ အပြန်အလှန်အားဖြင့် အားနည်းပြီး ဆောင်ရွက်ချက်များ ထင်ပေါ်ခြင်းမရှိသော နိုင်ငံပိုင်မီဒီယာသည် ပြည်သူကို သတင်း အချက်အလက်ပေးမှုမရှိခြင်းကြောင့် နိုင်ငံရေးအရေးအတင်ဆွေးနွေးခြင်းနှင့် ပြည်သူများပါဝင်ဆောင်ရွက်နိုင်မှု အားနည်းစေပြီး အုပ်ချုပ်ရေးပိုင်းတွင် အားနည်းမှုများ ဖြစ်ပေါ်စေသည်။ ယခုအကဲဖြတ်မှတ်တမ်းတွင် တက်ကြွဖွံ့ဖြိုးသော မီဒီယာကဏ္ဍသည် လွတ်လပ်မျှတသော ရွေးကောက်ပွဲများ၊ လာဘ်စားမှုဆန့်ကျင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ အပါအဝင် ကျယ်ပြန့်ကောင်းမွန်သော အုပ်ချုပ်ရေးပန်းတိုင်သို့ ရောက်ရှိရန် ပံ့ပိုးပေးသည့် အဆိုပြုချက်များဖြင့် ဖွဲ့စည်းထားပါသည်။ ထို့အပြင်ခိုင်မာပြီး အမှီအခိုကင်းသော မီဒီယာကဏ္ဍသည် တာဝန်ယူတာဝန်ခံမှုနှင့် အမှန်တကယ် ပွင့်လင်းမြင်သာမှုကိုပံ့ပိုးဖြည့်ဆွမ်းနိုင်ပြီး အခြေအနေကောင်းများ ဆောင်ကြဉ်းပေးနိုင်သည်။

မြန်မာနိုင်ငံတွင် ယူနက်စကို၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှု တိုင်းတာချက်များကိုအသုံးပြု၍ သုတေသနအဖွဲ့သည် ချို့ယွင်း အားနည်းချက်များကို (၁၈) လနီးပါးကြာ လေ့လာကာ စနစ်တကျပြင်ဆင် လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၅-ခုနှစ် အစပိုင်းတွင် အကဲဖြတ်မှုကို မြန်မာနိုင်ငံတစ်ဝှမ်းမှ မီဒီယာကဏ္ဍကိုရှုထောင့်စုံမှ မှတ်တမ်းတင်ရန် ကနဦးဆောင်ရွက်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေး စိတ်ရေးရှသည့် အစိုးရသစ်ပေါ်ထွန်းလာမှုနှင့်အတူ ယခုပြီးစီးခဲ့ပေပြီ။ ယခု အကဲဖြတ်မှတ်တမ်းသည် ဖွံ့ဖြိုးစမီဒီယာကဏ္ဍကို အားဖြည့်ပေးမည့် ကိရိယာတစ်ခုဖြစ်လာစေမည့် အဓိက အချက်များ ပါဝင်သော်လည်း အချိန်အကန့် အသတ်ဖြင့် ဆောင်ရွက်ထားရသည့် ဝေဖန်ဆန်းစစ်ထားခြင်းများအဖြစ် တွေ့မြင်ရပါလိမ့်မည်။

ယခုအကဲ ဖြတ်မှတ်တမ်းသည် လက်ရှိတွင် မြန်မာ့မီဒီယာပုံရိပ်ကို အသေးစိတ် မည်မျှထင်ဟပ်နေသည်ကို ဖော်ညွှန်းနေစဉ်တွင် တိုင်းပြည်၏ နိုင်ငံရေး

တရားဥပဒေနှင့် လူမှုရေးအသွင်ကူးပြောင်းမှုများ စုပေါင်းနေသည့် လျင်မြန်သည့် ပြုပြင်ပြောင်းလဲရေး အခြေအနေများကြောင့် စိန်ခေါ်မှုများလဲ ရှိနေပေသည်။ ထိုအချက်များကြောင့် IMS က ယခု လေ့လာမှုများကို စာရင်းဇယားနှင့် သမိုင်းအထောက်အထား တစ်ခုအဖြစ်သာ တည်ရှိခြင်းမျိုး မဟုတ်စေဘဲ စနစ်တကျ နောက်ဆက်တွဲ သုတေသန ပြုလုပ်မည်ဖြစ်ပြီး အချက်အလက်များ ပြင်ဆင်မွမ်းမံခြင်းကို နောက်(၆)လမှစ၍ နှစ်စဉ်နှစ်တိုင်းနှင့် အနည်းဆုံးနောက်ထပ်(၃)နှစ်အထိဆက်လက် ဆောင်ရွက်သွားပါမည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့သည် ယခုမီဒီယာဖွံ့ဖြိုးမှု အကဲဖြတ်မှတ်တမ်းကို အရည်အချင်းပြည့်မီပြီးလွတ်လပ်၍ အမှီအခိုကင်းသော မီဒီယာဖြင့် ဒီမိုကရေစီဖြစ်ထွန်းလာရေး ဆောင်ရွက်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်း၊ မီဒီယာလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ၊ အလှူရှင်များနှင့် အစိုးရအပါအဝင် ပါဝင်ဆက်နွယ် သူအားလုံးအသုံးပြုနိုင်သည့် သက်ရှိအထောက်အထားနှင့် အသုံးချကိရိယာတစ်ခု ဖြစ်လာစေရန် မျှော်လင့်ပါသည်။

ဂျက်စ်ပါပေဟာ့ချ်ဘာ့ဂ်
အမှုဆောင်ညွှန်ကြားရေးမှူး IMS

# မာတိကာ


သုတေသနအဖွဲ့ ........................................
ကျေးဇူးတင်လွှာ ........................................
အမှာစာ(နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ - IMS) ................
အတိုမှတ်နှင့် ဝေါဟာရစာရင်း
အနှစ်ချုပ်
အဓိကအကြံပြုချက်များ
နိဒါန်း
သုတေသနပြုလုပ်မှုနည်းလမ်း
သုတေသနအဖွဲ့ဖွဲ့စည်းပုံနှင့် ပေါင်းစပ်မှု
သုတေသနပြုလုပ်ရာနေရာများ
အချက်အလက်စုဆောင်းခြင်းနည်းလမ်းများ
ခြုံငုံအကဲဖြတ်ခြင်းနှင့် အထောက်အထားများတင်ပြခြင်း
သုတေသနအတွက် ကန့်သတ်ချက်များ

အခန်း (၁) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဗဟုဝါဒနှင့် အမျိုးအစားစုံလင်သော မီဒီယာများကို အထောက်အကူပြုစေနိုင်သည့် ဥပဒေစနစ်

(က) တရားဥပဒေနှင့် မူဝါဒမူဘောင်
(ခ) ရုပ်သံလွှင့်လုပ်ငန်းအတွက် ကြီးကြပ်သည့်စနစ်
(ဂ) အသရေဖျက်မှုဥပဒေများနှင့် သတင်းသမားများအပေါ် အခြားဥပဒေဆိုင်ရာ ကန့်သတ်ချက်များ
(ဃ) ဆင်ဆာစနစ်
အခန်း (၁) အကြံပြုချက်များ

## အခန်း (၂) မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားသည့် အမျိုးအစားစုံလင်သော မီဒီယာများတွင် ပြိုင်ဆိုင်မှုရှိသည့် စီးပွားရေးအနေအထားတစ်ခုနှင့် ပွင့်လင်းမြင်သာသော ပိုင်ဆိုင်မှု

(က) မီဒီယာပါဝင်ပတ်သက်မှု

(ခ) ပြည်သူ့၊ ပုဂ္ဂလိကနှင့် ရပ်ရွာအခြေပြုမီဒီယာများ အမျိုးအစား စုံလင်စွာ ပေါင်းစပ်ပါဝင်မှု

(ဂ) လိုင်စင်ပြုလုပ်ခြင်းနှင့် လှိုင်းနှုန်းစဉ်ခွဲဝေသတ်မှတ်ခြင်း

(ဃ) အခွန်ကောက်ခံခြင်းနှင့် လုပ်ငန်းစည်းမျဉ်းစည်းကမ်းများ

(င) ကြော်ငြာကဏ္ဍ

အခန်း (၂) အကြံပြုချက်များ

## အခန်း (၃) ဒီမိုကရေစီကျသော ရေးသားပြောဆိုမှုများအတွက် မီဒီယာကို ပလက်ဖောင်းတစ်ခုအဖြစ် အသုံးပြုခြင်း

(က) လူ့အဖွဲ့အစည်း၏ မတူကွဲပြားစုံလင်မှုများကို ထင်ဟပ်သောမီဒီယာ

(ခ) အများပြည်သူ့ဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံလွှင့်ပုံစံ

(ဂ) မီဒီယာကိုယ်တိုင်ထိန်းကျောင်းခြင်း

(ဃ) မျှတရန်၊ ဘက်မလိုက်ရန်နှင့် သမာသမတ်ကျရန်အတွက်လိုအပ်ချက်များ

(င) အများပြည်သူကမီဒီယာကို ယုံကြည်စိတ်ချအားထားမှုအခြေအနေ

(စ) သတင်းသမားများအတွက် ဘေးကင်းလုံခြုံမှု

အခန်း (၃) အကြံပြုချက်များ

## အခန်း (၄) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အမျိုးအစားများပြား စုံလင်မှုနှင့် မတူကွဲပြားမှုတို့ကို အားကောင်းညီညွတ်စေမည့် ကျွမ်းကျင်အရည် အသွေးမြှင့်တင်ရေးနှင့် ပံ့ပိုးပေးမည့်အဖွဲ့အစည်းများ

(က) အရည်အချင်းပြည့်မီကျွမ်းကျင်သောမီဒီယာသင်တန်းများရရှိနိုင်မှု

(ခ) မီဒီယာလုပ်ငန်းတွင် တက္ကသိုလ်အဆင့် သင်ရိုးများကို လေ့လာ သင်ယူနိုင်မှု

(ဃ) မီဒီယာအဖွဲ့အစည်းများနှင့် စာနယ်ဇင်းသမဂ္ဂများ တည်ရှိမှု

အခန်း (၄) အကြံပြုချက်များ

အခန်း (၅) အမိုအစိုကင်းပြီး အမျိုးအစားစုံလင်သော မီဒီယာအားပံ့ပိုးပေးရန် အလုံအလောက်ရှိရမည့်အခြေခံအဆောက်အအုံများ၏အရည်အသွေး

(က) မီဒီယာမှ နည်းပညာဆိုင်ရာ ရင်းမြစ်များ ရယူသုံးစွဲနိုင်မှု

(ခ) ပုံနှိပ်၊ ရုပ်သံလွှင့်လုပ်ငန်းနှင့် သတင်းအချက်အလက်နှင့် နည်းပညာ ထိုးဖောက်ဝင်ရောက်မှု

အခန်း (၅) အကြံပြုချက်များ

နောက်ဆက်တွဲ (၁) တွေ့ဆုံသောအဖွဲ့အစည်းများ စာရင်း

နောက်ဆက်တွဲ (၂) လုပ်ငန်းအတွက် ကိုးကားချက်များ

နောက်ဆက်တွဲ (၃) ဥပဒေနှင့် နည်းဥပဒေများ

## ရုပ်ပုံကားချပ်များ

ရုပ်ပုံကားချပ် (၁) မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်သုတေသနပြုမှု တည်နေရာများ

ရုပ်ပုံကားချပ် (၂) မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာန ဖွဲ့စည်းအုပ်ချုပ်ပုံ

ရုပ်ပုံကားချပ် (၃) သတင်းသိပိုင်ခွင့်မရှိ (သို့မဟုတ်) အသံလွှင့်မီဒီယာ တစ်မျိုးတည်းကိုသာ အားထားနေရသည်ဟု တုံ့ပြန်သူများ

## ဇယားများ

ဇယား (၁) မီဒီယာလုပ်ငန်းလုပ်ကိုင်နေသည့် အဓိကသတင်းအချက်အလက်ပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း

ဇယား (၂) အုပ်စုဖွဲ့ဆွေးနွေးမှုများ

ဇယား (၃) ဖက်စပ်အသံလွှင့် လုပ်ငန်းများ၏အသံလွှင့်ဇရိယာနှင့် တိုင်းရင်းဘာသာစကားများ

ဇယား (၄) တိုင်းရင်းဘာသာစကားဖြင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ သတင်းထုတ်လွှင့်မှု အချိန်ဇယား

ဇယား( ၅) အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေးကော်မတီသို့ ရေးသားပေးပို့သော တိုင်ကြားမှုများ

ဇယား (၆) မြန်မာသတင်းသမားများ၏ လုပ်သက်နှစ်အလိုက် အခြေပြဇယား

ဇယား (၇) ဝန်ထမ်းလုပ်သက်အဆင့်အလိုက် သင်တန်းလိုအပ်ချက်အခြေအနေ
ဇယား (၈) ဝန်ထမ်းအမျိုးအစားအလိုက် သင်တန်းလိုအပ်ချက်အခြေအနေ
ဇယား (၉) မီဒီယာစောင့်ကြည့်ရေး လုပ်ဆောင်ချက်များ
ဇယား (၁၀) မီဒီယာအမျိုးအစားစုံရရှိနိုင်မှု
ဇယား (၁၁) တိုင်းရင်းသားများ၏ မီဒီယာရရှိနိုင်မှု

ဆောင်းပါးစတ်ဖော်ပြခြင်းများ

ရှင်းလင်းချက် (၁) သပိတ်မှောက်ကျောင်းသားများကို ရဲမှဖြိုခွင်းခြင်း
ရှင်းလင်းချက် (၂) အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့
ရှင်းလင်းချက် (၃) အခကြေးငွေပေး၍ တက်ရောက်နိုင်သော ရုပ်သံလွှင့် သင်တန်း

ပုံစံပြဇယား

ပုံစံပြဇယား (၁) ကျွန်တော်သည် ယုံကြည်မှုရှိသည် မီဒီယာ (ဦးရေ = ၁၀၂၀)
ပုံစံကားချပ် (၂) မြန်မာနိုင်ငံ၏အင်တာနက် လိုင်းနှုန်းစုစုပေါင်း (ဂစ်ဂါဘိုက်အရ)

# အတိုမှတ်နှင့်ဝေါဟာရစာရင်း

| | |
|---|---|
| 3G | မိုဘိုင်းဖုန်းများတွင် အင်တာနက်ချိတ်ဆက်ရန် စွမ်းဆောင် နိုင်စွမ်းရှိသော တတိယမျိုးဆက် မိုဘိုင်းကွန်ရက် နည်းပညာကိုရည်ညွှန်းသည်။ |
| AAPP | နိုင်ငံရေးအကျဉ်းသားများအတွက် အကူအညီပေးရေးအသင်း (မြန်မာပြည်) |
| Amyotha Hluttaw | အမျိုးသားလွှတ်တော်။ မြန်မာနိုင်ငံလွှတ်တော်နှစ်ရပ်တွင် အထက်လွှတ်တော် |
| ANFREL | လွတ်လပ်သောရွေးကောက်ပွဲအတွက်အာရှကွန်ရက် |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) |
| BBC | ဗြိတိသျှအသံလွှင့်ကောင်စီ |
| BBC Media Action | ဗြိတိသျှအသံလွှင့်ကောင်စီ၏ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့ |
| BNI | နိုင်ငံတကာမြန်မာသတင်းအဖွဲ့ |
| CDNH | ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ |
| CEO | အမှုဆောင်အရာရှိချုပ် |
| COC | သတင်းမီဒီယာကျင့်ဝတ် |
| CPJ | သတင်းသမားများကာကွယ်ရေးကော်မတီ |
| CR | ရပ်ရွာအခြေပြုရေဒီယို |
| CRC | အငြင်းပွားမှုဆိုင်ရာဖြေရှင်းရေးကော်မတီ |
| CSO | အရပ်ဖက်လူမှုအဖွဲ့အစည်း |

| | |
|---|---|
| DG | ညွှန်ကြားရေးမှူးချုပ် |
| DTAC | ထိုင်းနိုင်ငံ၏အကြီးဆုံးကိုအက်စ်အမ်မိုဘိုင်းဖုန်းလုပ်ငန်းများမှ တစ်ခု |
| DVB | ဒီမိုကရက်တစ်မြန်မာ့အသံ |
| DWA | DWအကာယ်ဒမီ (ဂျာမနီ) |
| DyDG | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| EAG | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ |
| EGRESS | အရပ်ဖက်လူ့အဖွဲ့အစည်းလှုပ်ရှားမှုများကို ပံ့ပိုးကူညီရန် ပညာတတ်များနှင့် လုပ်ငန်းထမ်းသမားများတည်ထောင်ထားသည့် မြန်မာနိုင်ငံ၏ အကျိုးအမြတ် မယူသော အဖွဲ့အစည်းတစ်ခု |
| EITI | သဘာဝသယံဇာတလုပ်ငန်းများပွင့်လင်းမြင်သာမှုရှိစေရေး ဆောင်ရွက်ကျင့်သုံးမှု |
| EMG | တိုင်းရင်းသားမီဒီယာအဖွဲ့ |
| EU | ဥရောပသမဂ္ဂ |
| FESR | စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် |
| FGD | အုပ်စုဖွဲ့ဆွေးနွေးခြင်း (အချက်အလက်စုဆောင်းသည့် သုတေသန နည်းလမ်းတစ်ခု) |
| FOJO | ဖိုဂျို မီဒီယာဂရု(ပ်) |
| GBPS | ကွန်ပျူတာစနစ်သုံး တစ်စက္ကန့်လျှင် ဂစ်ဂါဘိုက်တန်ဖိုး |
| GDP | အသားတင်ထုတ်ကုန်တန်ဖိုး |
| GONGO | အစိုးရအသိအမှတ်ပြု အစိုးရမဟုတ်သောအဖွဲ့အစည်းများ |

| | |
|---|---|
| ICCPR | ပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် |
| ICERD | ပုံစံမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် |
| ICT | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ |
| IDP | ပြည်တွင်းမှ တိုက်ပွဲရှောင်ရွှေ့ပြောင်းနေထိုင်သူများ |
| IFC | အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း |
| MPC(I) | မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) |
| IMS | နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ |
| INGO | နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း |
| IPDC | ဆက်သွယ်ဖွံ့ဖြိုးမှုအတွက်နိုင်ငံတကာအစီအစဉ် |
| IRI | နိုင်ငံတကာရီပတ်ဘလီကန်အဖွဲ့အစည်း |
| ISP | အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း |
| ITU | အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့(သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအတွက် ကုလသမဂ္ဂ၏ အထူးပြုအဖွဲ့ ) |
| KII | အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း။ အချက်အလက်ကောက်ယူမှုနည်းစနစ် |
| KKO | ကာလို့ထူးဘောကရင်အဖွဲ့အစည်း။ မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ခု၏ နိုင်ငံရေးဌာန |
| KW | ကီလိုဝပ် |
| Ma Ba Tha | အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ |
| MCIT | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာန |

| | |
|---|---|
| MDI | မီဒီယာဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း |
| MEC | မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း |
| MIDO | မြန်မာသတင်းအချက်အလက်နှင့်နည်းပညာဖွံ့ဖြိုးရေးအဖွဲ့။ မြန်မာနိုင်ငံတွင်း သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍအား အဓိကဆောင်ရွက်သည့် အရပ်ဖက်အဖွဲ့အစည်း |
| MIMU | မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် |
| MJA | မြန်မာနိုင်ငံသတင်းစာဆရာအသင်း |
| MJI | မြန်မာသတင်းပညာသိပ္ပံ |
| MJN | မြန်မာဂျာနယ်လစ်ကွန်ရက် |
| MJU | မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ |
| MMBA | မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအသင်း |
| MMDC | မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုဌာန |
| MMK | မြန်မာကျပ်။ မြန်မာနိုင်ငံသုံး ငွေကြေးစနစ်။ ၁ ဇန်နဝါရီ ၂၀၁၆ အထိ ငွေလဲလှယ် နှုန်းထား (၁ အမေရိကန်ဒေါ်လာ = ၁၃၀၀ မြန်မာကျပ်) |
| MMLN | မြန်မာမီဒီယာ ရှေ့နေများကွန်ရက်။ |
| MNDAA | မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်ပေါင်းစု |
| MNMC | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| MOE | ပညာရေးဝန်ကြီးဌာန |
| MOI | ပြန်ကြားရေးဝန်ကြီးဌာန |
| MPT | မြန်မာနိုင်ငံစာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီ |

| | |
|---|---|
| MRTV | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား။ နိုင်ငံပိုင်ရုပ်သံလွှင့်လုပ်ငန်း။ |
| MRTV-4 | မြန်မာနိုင်ငံအစိုးရနှင့် ဖော်အဲဗားဂရုပ်(ပ်)တို့ ဖက်စပ်လုပ်ကိုင်သော ရုပ်သံလွှင့်လုပ်ငန်း |
| MWD | မြဝတီရုပ်မြင်သံကြား။<br>တပ်မတော်ပိုင် ရုပ်မြင်သံကြားနှင့်အသံလွှင့်လုပ်ငန်း |
| MYTHIC | မြန်မာ-မလေးရှား-ထိုင်း အင်တာနက်ဆက်ကြောင်းလိုင်း။<br>ရေအောက်အင်တာနက် ကေဘယ်လ်ဆက်ကြောင်းလိုင်း |
| NCA | တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NMC | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် |
| NRC | တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ်စနစ် ရုပ်သံလိုင်းတစ်ခု |
| NRI | အင်တာနက်ကွန်ရက်အသုံးပြုမှုအညွှန်း |
| OECD | စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| OGP | ပွင့်လင်းအစိုးရမိတ်ဖက် |
| OSA | အမေရိကန်ပြည်ထောင်စုအဖွဲ့ |
| OSCE | ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ |
| PDI | ပဏ္ဍိတဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ |
| PPEL | ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ |
| Pyidaungsu Hluttaw | အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ပါဝင်သော မြန်မာနိုင်ငံ၏ လွှတ်တော်စနစ်။ |

| | |
|---|---|
| Pyithu Hluttaw | ပြည်သူ့လွှတ်တော်။ မြန်မာနိုင်ငံလွှတ်တော် နှစ်ရပ်တွင် အောက်လွှတ်တော် |
| RTI | သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့် |
| SB | အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ (အထူးရဲတပ်ဖွဲ့)။ အထူးရဲဌာနများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ |
| SIM | သီးသန့်သတ်မှတ်ထားသော နံပါတ်များနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ ထည့်သွင်းထားသော မိုဘိုင်းလ်ဖုန်း ငှားရမ်းအသုံးပြုကတ် |
| SKYNET | မြန်မာအစိုးရနှင့် ရွှေသံလွင်အုပ်စုတို့ အကြားဖက်စပ် လုပ်ကိုင်သော ရုပ်မြင်သံကြားလုပ်ငန်း |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| Tatmadaw | မြန်မာ့တပ်မတော် |
| TOT | သင်တန်းဆရာများအတွက် သင်တန်း |
| UDHR | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNESCO | ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ |
| USD | အမေရိကန်ဒေါ်လာ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| USF | အများသုံးရန်ပုံငွေ |
| VFV | မြန်မာနိုင်ငံမြေလွတ်မြေရိုင်းဥပဒေကို ရည်ညွှန်းသည် |
| YTP | ရတနာပုံတယ်လီပို့ - အစိုးရနှင့်အကျိုးတူ ပူးပေါင်းလုပ်ကိုင်သည့် ပုဂ္ဂလိကကုမ္ပဏီ |

## အနှစ်ချုပ်

၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန် ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရ ပေါ်ပေါက်လာခြင်းသည် ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သော စစ်အုပ်ချုပ်မှုစနစ် ချုပ်ငြိမ်းသွားခြင်း၏ သင်္ကေတအမှတ်အသား တစ်ခုလည်း ဖြစ်ပါသည်။ ထိုအချိန်မှစတင်ပြီး မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများအပြင် လူမှုရေးပြုပြင် ပြောင်းလဲမှုများလည်း သိသိသာသာကြုံတွေ့လာခဲ့ရပါသည်။ ယခင်ပိတ်ဆို့မှုခံခဲ့ရသည့် နိုင်ငံတစ်ခုဘဝမှသည် မဆုတ်မနစ်သောခြေလှမ်းများဖြင့် ခိုင်မာမှုတသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်သည့်ပြုပြင်ပြောင်းလဲမှုများစွာကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထောင်ပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊ ပုံနှိပ်မီဒီယာတွင် ယခင်ကရှိခဲ့သောဆင်ဆာစနစ်အား ဖျက်သိမ်းပေးခြင်း၊ ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထက်ဝက်ကျော်ဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုနိုင်ခြင်းတို့သည်လည်း အဆိုပါပြုပြင်ပြောင်းလဲမှုများတွင် အပါအဝင်ဖြစ်ပါသည်။ ထို့နည်းတူစွာ နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့်လည်း ယခင်ကထားရှိခဲ့သော စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးပြီး ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းတွင် မြန်မာနိုင်ငံအနေဖြင့် ပိုမိုပါဝင်လာနိုင် စေရန်လည်း လမ်းခင်းပေးလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် နေ့တွင် မြန်မာနိုင်ငံသည် နှစ်ပေါင်း ၂၅နှစ်အတွင်း ၎င်း၏ ပထမဆုံး ပွင့်လင်းမြင်သာမှုအရှိဆုံး ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ခဲ့ပါသည်။ ယခင် အတိုက်အခံပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အဆိုပါရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တွင် အမတ်နေရာအများစုကို အရယူနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်အများဆုံးပါဝင်သည့် လွှတ်တော်က ၅၃နှစ်အတွင်း မြန်မာနိုင်ငံ၏ပထမဆုံး အရပ်သားသမ္မတအဖြစ် ဦးထင်ကျော်အား ရွေးကောက်တင်မြှောက်ခဲ့ပါသည်။[၂]

---

[၂] Holmes, O. (15 March 2016). မြန်မာ့လွှတ်တော်က ဦးထင်ကျော်အား နှစ်ပေါင်း ၅၃ နှစ်အတွင်း ပထမဆုံး အရပ်သား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်၊ The Guardian မှထုတ်နုတ်တင်ပြထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၎င်း၏ သမိုင်းဝင်မှတ်တိုင်တစ်ခုသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ထားသော အစိုးရသည် အကောင်းဖက်သို့ဦးတည်သော နိုင်ငံရေးအရွေ့တစ်ခုကို ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ထိုသို့အကူးအပြောင်းကာလတွင် အစိုးရသစ်အနေဖြင့် ယခင်စစ်အုပ်ချုပ်ရေး စနစ်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ဒဏ်ရာအနာတရပေဟာင်းများကို ဆက်လက် ရင်ဆိုင် နေရသည့်အပြင် အခက်အခဲအသစ်များလည်း ကြုံတွေ့လာနိုင်ပါသည်။ တပ်မတော် အနေဖြင့် အစိုးရအပေါ်တွင်သိသိသာသာလွှမ်းမိုးထားဆဲဖြစ်ပြီး သဘာဝအရင်းအမြစ် ထုတ်လုပ်မှုကဲ့သို့သော အစိုးရနှင့် တပ်မတော်နှစ်ဦးနှစ်ဖက် အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများသည် ပွင့်လင်းမြင်သာမှု မရှိသည့်အပြင် ရေရှည် အတွက်လည်း အလားအလာမကောင်းနိုင်ပါ။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်နေသော်လည်း နိုင်ငံတွင်း ဒေသအများအပြားတွင် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိပြီး လူများစုဖြစ်သော ဗမာတိုင်းရင်းသားများနှင့် တိုင်းရင်းသား လူနည်းစုများကြားတွင် နာကြည်းမှုများ အမြစ်တွယ်လျက် ရှိပါသည်။ မွတ်ဆလင်များနှင့် ဗုဒ္ဓဘာသာဝင်များအကြား တင်းမာမှုများသည်လည်း မြို့ကြီးတော်တော်များများတွင် အဓိကရုဏ်းများဖြစ်ပွားစေရန် ဦးတည်စေခဲ့ကာ ထောင်ပေါင်းများစွာသော ပြည်သူများအား အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့ပါသည်။ မွတ်ဆလင်များသည် ခွဲခြားဆက်ဆံခံရမှုများကို ဆက်လက်ရင်ဆိုင်နေရပါသည်။ အဆိုပါ ပြောင်းလဲမှုများအကြားတွင် မြန်မာအစိုးရအနေဖြင့် ကောင်းမွန်သော အစိုးရနှင့် ဒီမိုကရေစီစနစ်ဖွံ့ဖြိုး တိုးတက်မှုရရှိစေရန် တက်ကြွသော၊ ဗဟုဝါဒဦးတည်သော မီဒီယာတစ်ရပ်ကို မြှင့်တင်ပေးရန် အရေးကြီးပါသည်။ မြန်မာပြည်သူ၊ ပြည်သားများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဘက်လိုက်ခြင်း မရှိဘဲ တိကျမှန်ကန်သော သတင်းအချက်အလက်များ ရယူနိုင်ရန် လိုအပ် ပါသည်။ သို့မှသာ၎င်းတို့အနေဖြင့် အစိုးရ၏ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်နိုင်ပါမည်။ ထို့ကြောင့် သုတေသန၏ နောက်ဆက်တွဲပါ အချက်အလက်များသည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အညွှန်းကိန်းများကို အသုံးပြုပြီး မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍကို အကဲဖြတ်ထားသော အချက်အလက်များ ဖြစ်ပါသည်။ အဆိုပါ အကဲဖြတ်မှတ်တမ်းသည် အစိုးရသစ်သာမက အခြားမီဒီယာ

ကဏ္ဍနယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်နေသော ပုဂ္ဂိုလ်များ အနေဖြင့် မီဒီယာဖွံ့ဖြိုး တိုးတက်မှုအတွက် မည်သို့ပါဝင်ဆောင်ရွက်သင့်သည်ကို အကြံပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မီဒီယာဖွံ့ဖြိုး တိုးတက်မှုအညွှန်းကိန်းကို အပိုင်း ၅ ပိုင်း ခွဲခြားထားသည်အလိုက် အကဲဖြတ်မှတ်တမ်းကိုလည်း အခန်း ၅ ခန်းဖြင့် ပိုင်းခြားဖော်ပြထားပါသည်။ အောက်ပါဖော်ပြထားသော အကြောင်းအရာများသည် မှတ်တမ်းတွင်ပါရှိသော အခန်း ၅ ခန်း၏ အဓိကအနှစ်ချုပ်အကြောင်း အရာများနှင့် အကြံပြုတင်ပြချက်များဖြစ်ပါသည်။

## အခန်း (၁) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဗဟုဝါဒနှင့် အမျိုးအစားစုံလင်သော မီဒီယာများကို အထောက်အကူပြုစေနိုင်သည့် ဥပဒေစနစ်

မြန်မာအစိုးရသည် ယခင်ကျင့်သုံးခဲ့သော ဆင်ဆာစနစ်ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ဖျက်သိမ်းခဲ့ပြီးနောက် နိုင်ငံအတွင်း ပုံနှိပ်မီဒီယာအခန်းကဏ္ဍ၏ အရေးပါဆုံးအဖြစ်အပျက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် စာပေစိစစ်ရေးအဖွဲ့ ဖျက်သိမ်းလိုက်ခြင်းနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်ခြင်းသည် ပြုပြင်ပြောင်းလဲမှုများကို အသက်ဝင်စေခဲ့ပါသည်။ ထိုသို့ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များသည် မီဒီယာဗဟုဝါဒနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို တွန်းအားပေးစေနိုင်သည့် မီဒီယာပြုပြင်ပြောင်းလဲမှု ဖြစ်စဉ် များပင် ဖြစ်ပါသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းဥပဒေအရ ပုံနှိပ်လုပ်ငန်းအတွက် လိုင်စင်မှတ်ပုံတင်ခြင်း ပြုလုပ်ရန် မလိုအပ် တော့ပေ။ ပုံနှိပ်မီဒီယာများ အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရန် လိုအပ်သော်လည်း တင်းကျပ်သော လုပ်ထုံးလုပ်နည်းများ မရှိတော့ချေ။ ထို့အပြင် ၂၀၁၄ခုနှစ် သတင်းမီဒီယာ ဥပဒေသည် မီဒီယာများကိုယ်တိုင် ကိုယ့်ကိုယ်ကို ထိန်းကျောင်းနိုင်သည့်စနစ်ကို တည်ထောင်ပေးခြင်းဖြင့် မီဒီယာ၏အရည်သွေးမြင့်မားမှုကို မြှင့်တင်ပေးခဲ့သည်။ ထိုဥပဒေသည် အမိုအခိုကင်းသော၊ မီဒီယာကိုယ်တိုင် ထိန်းကျောင်းသော အဖွဲ့ ပေါ်ထွန်းလာရေးနှင့် သတင်းမီဒီယာကျင့်ဝတ်များ လက်စံကျင့်သုံးရေးအတွက် တွန်းအားပေးခဲ့သည်။ နောက်ဆုံးတွင် သတင်းမီဒီယာကျင့်ဝတ်ကို ၂၀၁၄ ခုနှစ်

မေလတွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး[၂] မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည်။ ထိုနည်းတူစွာ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် တင်သွင်းခဲ့သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေသည် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ ထုတ်ပြန်ရန်နှင့် လိုင်စင်ရယူထားသည့် ဝန်ဆောင်မှုလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးရသည့် တာဝန်ရယူရမည့် အမျိုးသားရုပ်သံလွှင့်ကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် ပံ့ပိုးပေးထားသည်။

မီဒီယာဥပဒေပြုပြင်ပြောင်းလဲလာမှုများနှင့် မြန်မာနိုင်ငံ၏ ပြည်သူ့အစိုးရဦးဆောင်သော ဒီမိုကရေစီနိုင်ငံတော်ဆီသို့ ပြောင်းလဲနိုင်ရေး နိုင်ငံရေးဆိုင်ရာ အသွင်ကူးပြောင်းမှုများသည်လည်း စည်းဝါးညီညီဖြစ် ပေါ်လျက်ရှိပါသည်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုများနှင့်အညီ မီဒီယာ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအနေဖြင့်လည်း ထိရှလွယ်သော နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပိုမိုထုတ်ဖော်ပြောကြားလာကြသည်။ ပြည်သူများသည် မိမိတို့၏ သဘောထားအမြင်နှင့် အယူအဆများကို လူသိထင်ရှား စတင်ဖော်ပြလာကြလင့်ကစား ဆက်လက်၍ ၎င်းတို့၏အခွင့်အရေး မည်သည့်အတိုင်းအတာအထိ ရရှိမည်ဆိုသည်ကို အသေအချာမသိနိုင်ကြပေ။

သတင်းမီဒီယာ ဥပဒေသည် အကောင်းဘက်သို့ ဦးတည်သော ပြောင်းလဲချက်များ ရှိသော်လည်း မြန်မာနိုင်ငံ၏ တရားဥပဒေကဏ္ဍသည် ခေတ်နောက်ကျ ကျန်နေခဲ့ပြီဟုဆိုနိုင်ပြီး ဥပဒေများသည် လက်ရှိဖြစ်ပွားနေသော နိုင်ငံရေး၊ လူမှုရေးပြောင်းလဲမှုများနှင့် သဟဇာတမဖြစ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေသို့တည်းမဟုတ် နိုင်ငံတွင်း ဥပဒေများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် လုံလောက်သော ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ပေ။ ထို့ပြင်သာမက မြန်မာနိုင်ငံအနေဖြင့်လည်း "ပြည်သူနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (International Covenant on Civil and Political Rights – ICCPR)" ကဲ့သို့သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ကူ

[၂] မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ သတင်းမီဒီယာကျင့်ဝတ်ကို တရားဝင်ပြဋ္ဌာန်းခဲ့သည်။ အပြည့်အဝမလွတ်လပ်သော အဆိုပါကောင်စီသည် မြန်မာသတင်းမီဒီယာကောင်စီ၏ ရှေ့ပြေးဖြစ်သည်။

ပြုစေနိုင်သည့် စာချုပ်များတွင် လက်မှတ်ရေးထိုး သဘောတူညီထားခြင်း မရှိပါ။ ထို့ပြင် သတင်းအချက်အလက်ရယူ သိရှိပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းနိုင်ခြင်းမရှိသည့်အတွက် အစိုးရနှင့်ပတ်သက်သော သတင်းများရယူရာ၌ အဟန့်အတားများ ရှိနေဆဲပင် ဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော် ရေးသားပြောဆိုပိုင်ခွင့်ကို အတားအဆီး ဖြစ်စေနိုင်သော ခေတ်ဟောင်းဥပဒေများသည် ထိရှလွယ်သောပြဿနာများအပေါ် မီဒီယာနှင့် အရပ်ဖက်အဖွဲ့အစည်းများက အသံတိတ်နေကြရမည့် အဓိပ္ပာယ်မျိုး ဖြစ်နေစေသည်။ ထိုဥပဒေများတွင် ကိုလိုနီခေတ်ကာတည်းက ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားသည့် အသရေဖျက်မှု၊ ရာဇဝတ်မှု မကင်းသော ဧကျာ်နင်းမ၊ နိုင်ငံတော်အား အကြည်ညိုပျက်စေမှုနှင့် ဘာသာသနာနှင့် ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှုကို စော်ကားခြင်း ကဲ့သို့သော ဥပဒေများပါဝင်သည်။ အခြား ဥပဒေများမှာလည်း ယခင်စစ်အစိုးရ လက်ထက်ကပြဋ္ဌာန်းခဲ့သော ဥပဒေများနှင့် ယေဘုယျအားဖြင့် အမျိုးသားလုံခြုံရေးကို အကြောင်းပြထားသော ဥပဒေများသာ ဖြစ်သည်။ အသစ်ပြဋ္ဌာန်းလိုက်သော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေကို ဆန္ဒပြမှုများအား တားမြစ်ရန်အတွက် အများအားဖြင့် အသုံးပြုကြသည်။ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်တွင် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များသည် ဒီမိုကရေစီနိုင်ငံများတွင် ရှိကြသော်လည်း တိကျသေချာစွာ အဓိပ္ပါယ် ဖွင့်ဆိုထားကြပြီး ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ အချိုးညီညီ ရှိကြသည်။ မြန်မာနိုင်ငံတွင်မူ လွတ်လပ်စွာထုတ်ဖော် ရေးသားပြောဆိုခွင့်ကိုကန့်သတ်ထားသော ဥပဒေများသည် ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိဘဲ ပြင်းထန်သော ပြစ်ဒဏ်များကို ချမှတ်နိုင်ပါသည်။

ဆာပေးစီစစ်ရေးအဖွဲ့ဖျက်သိမ်းလိုက်ခြင်းသည် မီဒီယာအတွင်း မည်သည့် အတိုင်းအတာအထိ ပုံနှိပ်ဖော်ပြရန်ရခြင်း၊ မရခြင်းဆိုသည်ကို အတိအကျ တိုင်းတာပေးသည့်စနစ်ကို ဖယ်ရှားလိုက်ခြင်းပင်ဖြစ်သည်။ အဆက်မပြတ်ရှင်သန် နေသောစာနယ်ဇင်းအရေးအသားနယ်ပယ်တွင် လူမှုရေးအရလက်ခံနိုင်လောက်သည့် ရေးသားဖော်ပြချက်များကို ပုံနှိပ်ဖော်ပြရန် ဆုံးဖြတ်ရမည့်တာဝန်မှာ အယ်ဒီတာ အပေါ်တွင် လုံးလုံးလျားလျား ကျရောက်လာပြီဖြစ်သည်။ မီဒီယာ ပြောင်းလဲရေး တိုးတက်လာရန် နီးကပ်လာသည့် အနေအထားနှင့်အတူ လွတ်လပ်စွာ ထုတ်ဖော်

ပြောဆိုခွင့်အပေါ်တင်းကျပ်သော ကန့်သတ်ချက်များ ရှိနေခြင်းများသည် မသေချာသေးသည့် မီဒီယာဝန်းကျင် တစ်ခုကို ဖြစ်ပေါ်လာစေပါသည်။ ခေတ်မမီတော့သည့် ဥပဒေများကို တဖက်သတ်ထင်သလိုသုံးစွဲခြင်းနှင့် ပြင်းထန်သောထောင်ဒဏ် ချမှတ်ခြင်းများ ရှိနေသေးသရွေ့ မီဒီယာနှင့် ပြည်သူလူထုတစ်ရပ်လုံးသည် ၎င်းတို့၏ အသစ်တွေ့ရှိထားသောလွတ်လပ်မှုကို ဆက်လက်ရှာဖွေ ဖော်ထုတ်နေကြရပါမည်။

## အခန်း (၂) မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားသည့် အမျိုးအစားစုံလင်သော မီဒီယာများတွင်ပြိုင်ဆိုင်မှုရှိသည့် စီးပွားရေးအနေအထားတစ်ခုနှင့် ပွင့်လင်းမြင်သာသော ပိုင်ဆိုင်မှု

မြန်မာနိုင်ငံ မီဒီယာအခန်းကဏ္ဍတွင် အစိုးရမှ သိသာထင်ရှားစွာ ပါဝင်ပတ်သက်နေမှုနှင့် နိုင်ငံပိုင်မီဒီယာကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်မှုတို့ကြောင့် လုပ်ငန်းနယ်ပယ်တွင် ပိုင်ဆိုင်မှုအနေအထားမှာ အထူးသဖြင့်ရုပ်သံလွှင့်မီဒီယာတွင် အမြင့်ဆုံးဖြစ်နေသည်။ ပြည်တွင်းတွင်ထုတ်လွှင့်နေသော ရုပ်သံလွှင့်လုပ်ငန်းများသည် အစိုးရပိုင်လုပ်ငန်းများနှင့် နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်သော ဖက်စပ်လုပ်ငန်းများဖြစ်သည်။[၇] ဖက်စပ်ရုပ်သံလွှင့်ဌာနတစ်ခုချင်းစီသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သီးခြားသဘောတူ စာချုပ်အရဖွဲ့စည်းရသည်။ ထိုကဲ့သို့ စာချုပ်ချုပ်ဆိုမှုများသည်လည်း ပွင့်လင်းမြင်သာမှုမရှိဘဲ အစိုးရ (သို့မဟုတ်) တပ်မတော်နှင့် ပတ်သက်ဆက်နွယ်နေသူများသာ တွဲဖက်လုပ်ကိုင်ခွင့် ရရှိကြသည်။ အဆိုပါ စနစ်လက်အောက်တွင် ရုပ်သံလွှင့်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းပိုင်ဆိုင်မှုပုံစံများ နှင့် အမြတ်ငွေများကို ပြည်သူလူထုအား ဖော်ထုတ်ပြသလေ့မရှိပေ။

မီဒီယာဥပဒေတွင် အသစ်ပြုပြင်ပြောင်းလဲမှုများသည် မီဒီယာဗဟုဝါဒနှင့် ပိုမိုအမျိုးအစားစုံလင်သော မီဒီယာဝန်းကျင်ကောင်းတစ်ခု ရေရှည်ပေါ်ထွန်းလာစေရန် အလားအလာကောင်းများသဖွယ် ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင်

---

[၇] မြန်မာနိုင်ငံတွင် လိုင်းတိုဖြင့်အသံလွှင့်သော နိုင်ငံခြားသတင်းဌာနများစွာ ရှိသည်။ ၎င်းတို့တွင် ဘီဘီစီ မြန်မာပိုင်း၊ အာစီအေ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ တို့ပါဝင်သည်။ အဆိုပါ သတင်းဌာနများသည် မြန်မာနိုင်ငံတွင် တရားဝင်အသံလွှင့်ဌာန အဖြစ်အသိအမှတ်ပြုထားခြင်း မရှိသောကြောင့် ယခု လေ့လာမှုတွင် မပါဝင်ပါ။ သို့သော်လည်း နိုင်ငံတွင်း သတင်းရင်းမြစ်များအဖြစ် တင်ပြနိုင်သည်။

ပြဋ္ဌာန်းခဲ့သော ရုပ်သံလွှင့် မီဒီယာဥပဒေတွင် ပုဂ္ဂလိက၊ ပြည်သူနှင့် ရပ်ရွာအခြေပြု အသံလွှင့် လုပ်ငန်းများအား လိုင်စင်လျှောက်ထားခွင့်ပြုသည့်အပြင် နိုင်ငံပိုင် ရုပ်သံလွှင့်ဌာနကိုလည်း ဆက်လက်တည်ရှိခွင့် ပေးထားသည်။ မှတ်ပုံတင်ခြင်း လုပ်ငန်းကို အရပ်ဖက်ကောင်စီမှ မီဒီယာ ကွဲပြားခြားနားမှုနှင့် ဗဟုဝါဒတို့ကို အခြေခံကာ လိုင်စင်များခွဲဝေသတ်မှတ်ရေးကို စီမံဆောင်ရွက်ပေးမည်ဖြစ်သည်။ ကြိုးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီးချိန်မှစပြီး ပိုင်ဆိုင်မှုများအပေါ် တိုက်ရိုက်ရည်ညွှန်း ထားချက်များ ပြန်လည်အသက်ဝင်လာမည့် ပြဋ္ဌာန်းချက်များပါဝင်နေသည်။

၂၀၁၄ခုနှစ်မတ်လတွင် ထုတ်ပြန်ခဲ့သော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေသည် ပိုမိုစုံလင်သော ပုံနှိပ်မီဒီယာဝန်းကျင်တစ်ခု ဖြစ်လာစေရန် ကတိကဝတ် ပြုထားသည်။ အဆိုပါ ဥပဒေသည် စာပေစိစစ်ရေးကို တရားဝင် ဖျက်သိမ်းနိုင်ခဲ့ပြီး ပုံနှိပ်မီဒီယာ လိုင်စင်လျှောက်ထားခြင်းကို မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အစားထိုးထားသည်။ ဆင်ဆာစနစ်ကို ဖျက်သိမ်း လိုက်ခြင်းသည်လည်း နေ့စဉ်ထုတ်သတင်းစာများ ပေါ်ပေါက်လာခြင်း၏ အကြောင်းရင်း တစ်ရပ်လည်းဖြစ်သည်။ အဆိုပါဖြစ်စဉ်သည် နေ့စဉ်ထုတ်သတင်းစာများတစ်ဟုန်ထိုး ပေါ်ပေါက်လာမှုဖြစ်စေသည့်အပြင် မီဒီယာဗဟုဝါဒကိုလည်း တိုးမြှင့်စေခဲ့သည်။

ပုံနှိပ်ထုတ်ဝေခြင်း ဥပဒေသည် မီဒီယာဗဟုဝါဒ ဖြစ်ပေါ်စေရေးတွင် ဥပဒေဆိုင်ရာ အခက်အခဲ၊ အတားအဆီး များကို ပယ်ဖျက်နိုင်ခဲ့သော်ငြားလည်း အစိုးရပိုင်မီဒီယာတည်ရှိမှုသည် မမျှတသော စီးပွားရေးဈေးကွက်ကို ဖြစ်ပေါ်စေပြီး အစိုးရ၏မီဒီယာပိုင်ဆိုင်မှုကို သွယ်ဝိုက်မြှင့်တင်ပေးနေသည့်သဖွယ် ဖြစ်နေပါသည်။ ၂၀၁၄ ခုနှစ်တွင် စတင်ပေါ်ထွက်ခဲ့သော နေ့စဉ်ထုတ်သတင်းစာ အများစုမှာ စီးပွားရေးအရ အရှုံးဖြင့်ရပ်တည်ခဲ့ရပါသည်။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ များသည် နိုင်ငံပိုင်အကြီးမားဆုံးပုံနှိပ်မီဒီယာလုပ်ငန်းကြီး နှစ်ခုဖြစ်သည်။ အဆိုပါ သတင်းစာနှစ်စောင်သည် ဖြန့်ချိရေးကွန်ယက်ကျယ်ပြန့်မှုနှင့် အစိုးရ၏ငွေကြေး ထောက်ပံ့မှုများကဲ့သို့သော အခွင့်အလမ်းများကြောင့် အခြားသောပြိုင်ဘက်များထက် စောင်ရေအရေအတွက် အပြတ်အသတ်များပြားလျက်ရှိသည်။ အစိုးရကြော်ငြာများ ထည့်သွင်းဖော်ပြရန်နှင့်ပတ်သက်၍ လက်ရှိအချိန်အထိ မည်သည့်လမ်းညွှန်ချက်မျှ ပြဋ္ဌာန်းထားခြင်း မရှိပေ။ လက်တွေ့တွင် အစိုးရကြော်ငြာအများစုမှာ နိုင်ငံပိုင်

သတင်းစာများတွင်သာ နေရာယူလေ့ရှိသည်။ ပုဂ္ဂလိက ကုမ္ပဏီများသည်လည်း စောင်ရေများစွာ ဖြန့်ချိနိုင်သော အစိုးရသတင်းစာတွင်သာ ကြော်ငြာထည့်ရန် လိုလားကြသည်။ အဆိုပါဖြစ်ရပ်များသည် ပုဂ္ဂလိက ပုံနှိပ်မီဒီယာများ၏ အဓိက ဝင်ငွေရရှိရာ ရင်းမြစ်ကို လက်လွှတ်လိုက်ရသည့်အပြင် နိုင်ငံပိုင်မီဒီယာမှာလည်း ပြည်တွင်းဈေးကွက်ကို လက်ဝါးကြီးအုပ်ထားသကဲ့သို့ အခြေအနေဖြစ်နေပါသည်။

## အခန်း (၃) ဒီမိုကရေစီကျသော ရေးသားပြောဆိုမှုများအတွက် မီဒီယာကို ပလက်ဖောင်းတစ်ခုအဖြစ်အသုံးပြုခြင်း

နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့်မီဒီယာသည် ဒီမိုကရေစီစနစ်တွင် ဖော်ထုတ်ရေးသားပြောဆိုနိုင်ခွင့်ကို တိုးမြှင့်အောင်ဆောင်ရွက်ရာ၌ အဓိကကျသော အခန်းကဏ္ဍမှပါဝင်ရုံသာမက ပြည်သူတစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သော ဗဟုသုတအချက်အလက်များ ဖြန့်ဝေခြင်းဖြင့် အစိုးရ၏ ပွင့်လင်းမြင်သာမှုကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပါသည်။ သို့သော် အဆိုပါအခြေအနေများသည် အောက်ပါဖော်ပြထားသော အခြေခံအကြောင်းတရားများအပေါ် မူတည်နေပါသည်။

ရှေးဦးစွာ မီဒီယာအနေဖြင့် လူ့အသိုက်အဝန်းအလွှာစုံကလိုအပ်နေသော သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ရပါမည်။ ထိုသို့ဖြည့်ဆည်းရာတွင် လည်းအစိုးရပိုင်၊ ပုဂ္ဂလိကပိုင်သာမက ရပ်ရွာအခြေပြု မီဒီယာလုပ်ငန်းများမှတစ်ဆင့် မီဒီယာ အမျိုးအစားအစုံအလင်နှင့် ဘာသာစကား အမျိုးမျိုးကို အသုံးပြုပြီး သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းဖြစ်သည်။ ပုံနှိပ်မီဒီယာများအနေဖြင့် အချို့ဒေသများသို့ ရောက်ရှိရန်ခက်ခဲသော်လည်း အစိုးရပိုင်ရုပ်သံလွှင့် လုပ်ငန်း ဖြစ်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရေဒီယိုအသံလွှင့်ဌာနမှ သာမက ရုပ်မြင်သံကြားဌာနမှလည်း အဓိကတိုင်းရင်းသားဘာသာစကားများဖြင့် သတင်းများ ထုတ်လွှင့်လာနိုင်ပြီ ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံသားအများစုသည် အစိုးရမှ ထုတ်လွှင့်သောသတင်းများကို ၄င်းတို့နားလည်သော ဘာသာစကားတစ်မျိုးတည်း နှင့်သာရယူနေကြရခြင်းပင်ဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှာလည်း အများပြည်သူ ဝန်ဆောင်မှုရုပ်သံလွှင့်လုပ်ငန်း အသွင်ကူးပြောင်းလျက်ရှိပါသည်။ ဥပဒေအရ အသွင်ပြောင်းခြင်းလုပ်ငန်းစဉ်တွင် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာ

ဥပဒေကြမ်းကို ရုတ်သိမ်းထားဆဲဖြစ်သော်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာမူ တိုင်းရင်းသား ဘာသာစကားများနှင့် သတင်းများထုတ်လွှင့်ခြင်း၊ ထုတ်လွှင့်မှု ကွန်ယက်ချဲ့ထွင်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းများ ပြုလုပ်ပြီး အသွင်ကူးပြောင်းမှု လုပ်ငန်းများကို တစ်စိုက်မတ်မတ် လုပ်ဆောင်လျက် ရှိသည်။ သို့သော်ငြားလည်း တစ်ဦးတည်းမှ လက်ဝါးကြီးအုပ်ထားသော အထူးသဖြင့် အစိုးရပိုင် မီဒီယာအနေဖြင့် လူ့အဖွဲ့အစည်းတွင် လိုအပ်လျက်ရှိသော သတင်းအချက်အလက် မျိုးစုံကို ဖြည့်စွမ်းပေးနိုင်မည်မဟုတ်ပေ။

ဖက်စပ်ရုပ်သံလွှင့်လုပ်ငန်းများမှာမူ ပြည်သူလူထုအများစုထံသို့ သတင်း အချက်အလက်များ ပိုမိုရောက်ရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်သော်လည်း အဆိုပါ မီဒီယာများမှာ သတင်းပေးရန်နှင့် ဖြန့်ကြားပေးရန်ထက် ဖျော်ဖြေရေးအစီအစဉ်ကို ပိုမိုဦးစားပေးကြသည်။ ၄င်းတို့တင်ပြသော သတင်းများမှာလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနကို ပုံမှန်အားဖြင့် သတင်းရင်းမြစ်လုပ်ထားသော သတင်းများပင် ဖြစ်သည်။ နောက်ပိုင်းတွင်မူ ဖက်စပ်လုပ်ကိုင်သော ရုပ်သံလွှင့်လုပ်ငန်းများသည် အခြားလွတ်လပ်သော မီဒီယာအဖွဲ့အစည်းများမှဖြစ်စေ၊ ၄င်းတို့ကိုယ်တိုင် သတင်း ရယူခြင်းဖြင့်ဖြစ်စေ သတင်းများကို တင်ဆက်လာကြသည်။ ထိုကဲ့သို့ အခြေအနေ ကောင်းများပေါ်ထွန်းလာလင့်ကစား ကြီးမားကျယ်ပြန့်သော ရုပ်သံလွှင့်လုပ်ငန်းများနှင့် အစီအစဉ်ထုတ်လုပ်သူ အများအပြားလိုအပ်လျက်ရှိပါသည်။ သို့မှသာ ယှဉ်ပြိုင်မှု များပြားလှသော မီဒီယာနယ်ပယ်တွင် စီးပွားရေးနှင့် နိုင်ငံရေး အနှောင့်အယှက်များမှ ကင်းဝေးသော ပုဂ္ဂလိက၊ အစိုးရနှင့် ရပ်ရွာအခြေပြု မီဒီယာများရေရှည်ဖွံ့ဖြိုးတိုးတက် နိုင်မည်ဖြစ်ပါသည်။

လူ့အသိုင်းအဝိုင်း အလွှာအားလုံးက လိုအပ်သော သတင်း၊ အချက် အလက်များအတွက် ပံ့ပိုးပေးခြင်းဆိုသည်မှာ ထိုအလွှာအားလုံး ပါဝင်သော သတင်းများရယူဖော်ပြနိုင်မှသာ ၄င်းတို့၏အမြင်များကို ကြားသိနိုင်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။ မီဒီယာလုပ်ငန်းအတွင်း တိုင်းရင်းသားများနှင့် ကျား၊ မ အချိုးညီညီ ခန့်ထားမှုမရှိခြင်းသည် လုပ်ငန်းခွင်အတွင်း ဘက်လိုက်မှုများကို ဖြစ်ပေါ်စေသည်။ တိုင်းရင်းသား မီဒီယာများမှတစ်ပါး အဓိက မီဒီယာလုပ်ငန်းတွင် လူနည်းစု တိုင်းရင်းသားများကို ခန့်ထားပေးမှုနည်းပါးနေသေးသည်။ အမျိုးသမီးများသည်

မီဒီယာလုပ်ငန်းများတွင် ဝန်ထမ်းများအဖြစ် ကောင်းစွာနေရာယူ နိုင်ကြသော်လည်း ရာထူးကြီးနေရာများရယူနိုင်မှု အရေအတွက်အချိုးအစားမှာ များစွာနည်းနေသေးသည်။ အများအားဖြင့် ၄င်းတို့မှာ အလှအပရေးရာ၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး၊ ဖျော်ဖြေရေးနှင့် အနုပညာသတင်းများ ကဲ့သို့သော ပေါ့ပေါ့ပါးပါး အကြောင်းအရာများကိုသာ တာဝန်ယူကြရသည်။

ဒုတိယအချက်မှာ အရည်အသွေးမီ မီဒီယာလုပ်ငန်းတည်ထောင်ရန်၊ နစ်နာချက်၊ မကျေနပ်ချက်များတိုင်တန်းရန်နှင့် မှန်ကန်ပြီးဘက်လိုက်မှုကင်းသော သတင်းများဖော်ပြရန် အမိုအခိုကင်းစွာကြီးကြပ်ပေးမည့် စနစ်တစ်ခုတည်ရှိရပါမည်။ နောက်ဆုံးတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ကို ၂၀၁၂ ခုနှစ် တွင် ဖွဲ့စည်းခဲ့သည်။ ယင်းကောင်စီမှ သတင်းမီဒီယာကျင့်ဝတ်မူကြမ်းကိုရေးဆွဲကာ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာ ကျင့်ဝတ် ချိုးဖောက်ခြင်းများကြောင့် ဖြစ်ပေါ်ခဲ့သော နစ်နာမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ရွေးကောက်တင်မြှောက်ကာ မြန်မာနိုင်ငံ စာနယ်ဇင်း ကောင်စီ (ယာယီ) နေရာတွင် စာနယ်ဇင်းသမားများအငြင်းပွားမှုနှင့် တိုင်ကြားမှု များကိုညှိနှိုင်းဖြေရှင်းပေးသော မီဒီယာကိုထိန်းကျောင်းသည့် အဖွဲ့အစည်းအဖြစ် အစားထိုးခဲ့သည်။ အလားတူ ရုပ်သံလွှင့်ဥပဒေကလည်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ကောင်စီနှင့် ရုပ်သံလွှင့်ကဏ္ဍအတွက် မူဝါဒများ ရေးဆွဲရန် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ ဖွဲ့စည်းရန် တိုက်တွန်းထားပါသည်။ ယင်းကောင်စီတွင်ပါဝင်မည့် အရပ်ဖက် အဖွဲ့ဝင်များသည် လိုင်စင်ချပေးရန်စိစစ် ခွင့်ပြုခြင်းနှင့် ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် လိုက်နာရမည့် ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်း တာဝန်များယူရမည်ဖြစ်သည်။ ယင်းတို့တက်မှု ကောင်းများသည် ထိရောက်သော မီဒီယာကိုယ်တိုင်ထိန်းကျောင်းနိုင်သည့် အခြေခံအုတ်မြစ်အဖြစ် မြင်နိုင်သော်လည်း လက်ရှိအချိန်တွင်မူ အရည်အချင်းပြည့်မီပြီး ဘက်လိုက်မှု မရှိအောင် ဆောင်ရွက်ရန် လုံလောက်မှုမရှိသေးပေ။

တတိယအချက်အနေဖြင့် မီဒီယာသည် သတင်းအချက်အလက်တိုင်း အတွက်ယုံကြည်ရသော သတင်းရင်းမြစ်ဖြစ်မှသာ လူထုမှ ယုံကြည်ကိုးစားလာမည်

ဖြစ်သည်။ မြန်မာနိုင်ငံတွင် အစိုးရမီဒီယာသည် သတင်းအချက်အလက်အားဖြင့် မှန်ကန်သော်လည်း အကြောင်းအရာအားဖြင့် ဘက်လိုက်တင်ပြလေ့ရှိသည်ဟု ယေဘုယျအားဖြင့် လူထုကလက်ခံထားသည်။ အကြောင်းအရာများသည် အစိုးရ၏ ဆောင်ရွက်ချက်များနှင့် ကောင်းသည့်အဖြစ်အပျက်များကိုသာ ဖော်ပြလေ့ရှိပြီး နိုင်ငံရေးအရ ထိရှလွယ်သည့်အကြောင်းအရာများဖြစ်သော မြေယာသိမ်းသည့် ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများနှင့် အကျင့်ပျက်ခြစားမှုများကို ဖော်ပြမှုနည်းပါးသည်။ ပုဂ္ဂလိက မီဒီယာအတွင်းတွင်လည်း ဘက်လိုက်မှုများ အခိုင်အမာတည်ရှိနေသည်။ အချို့သော ပုဂ္ဂလိကပုံနှိပ်မီဒီယာများသည် အစိုးရနှင့် နီးစပ်မှသာ သို့မဟုတ် အစိုးရအဖွဲ့အတွင်းပါမှသာ နိုင်ငံရေးနှင့် စီးပွားရေးအကျိုးအမြတ် မြှင့်တင်နိုင်မည်ဟု ယူဆကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် အစိုးရအားပြင်းထန်စွာ ဆန့်ကျင်သည့် အကြောင်းအရာများ ပုံနှိပ်ဖော်ပြလေ့ရှိသော မီဒီယာအချို့သည်လည်း အကြောင်းအရာ မှန်ကန်ရေးထက် ၄င်းတို့၏ အမြတ်အစွန်းကိုသာ အလေးပေး ကြသည်။

စတုတ္ထအချက်မှာ ခြိမ်းခြောက်၊ နှောင့်ယှက်ခံရမည့် အကြောင်းများ ရှိနေသည့် လုံခြုံစိတ်ချရမှုမရှိသော ဝန်းကျင်တွင် သတင်းထောက်နှင့် မီဒီယာ သမားများအလုပ်လုပ်ကိုင်ကြရမည်ဆိုလျှင် မီဒီယာသည် ဘက်မလိုက်ပဲ မျှတစွာ ရေးသားဖော်ပြမည်ဟု မျှော်လင့်နိုင်မည်မဟုတ်ပေ။ လက်ရှိပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် အစိုးရမှလွတ်လပ်သော မီဒီယာကိုမြှင့်တင်ပေးရန် ဆောင်ရွက် နေလင့်ကစား တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းရေးတပ်ဖွဲ့များက မီဒီယာ သမားများကို ဆက်လက်စောင့်ကြည့်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် ရံဖန်ရံခါတွင် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းများကိုပါ ပြုလုပ်လျှက်ရှိကြသည်။ မီဒီယာ သမားများဘေးကင်းလုံခြုံမှုမှာ နယ်မြေဒေသအလိုက်မတူညီပေ။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းကဲ့သို့သော ပဋိပက္ခဖြစ်ပွားရာဒေသများတွင် မီဒီယာသမား များအားညှဉ်းပန်းနှိပ်စက်မှုနှင့် နှောင့်ယှက်မှုများ ပိုမိုရှိနေကြောင်းသတင်းသမားများကို တွေ့ဆုံမေးမြန်းချက်များအရသိရှိရသည်။ အန္တရာယ်များသော ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေကြရသော သတင်းသမားများစွာရှိနေလင့်ကစား ၄င်းတို့အလုပ်ရှင်များ၏ ဘဏ္ဍာရေး အကန့်အသတ်များကြောင့် သတင်းသမားများစွာမှာ လုံခြုံရေးအတွက် အကာအကွယ် အနည်းငယ်မျှသာရရှိပြီး တစ်ခါတရံ မည်သည့်အကာအကွယ်မှ မရရှိပေ။

## အခန်း (၄) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အမျိုးအစားများပြားစုံလင်မှုနှင့် မတူကွဲပြားမှုတို့ကို အားကောင်းညီညွတ်စေမည့် ကျွမ်းကျင်အရည်အသွေး မြှင့်တင်ရေးနှင့် ပံ့ပိုးပေးမည့်အဖွဲ့အစည်းများ

မြန်မာနိုင်ငံ၌ တိုးတက်များပြားလာနေသည့် မီဒီယာလုပ်ငန်းသစ်များကြောင့် အရည်အသွေးနှင့် ကျွမ်းကျင်မှု နည်းပါးသည့် အခြေအနေကို ပိုမိုဆိုးရွားစေသည်။ သတင်းထောက်လုပ်ရန် စိတ်အားထက်သန်သည့် လူငယ်များစွာ မီဒီယာတိုက် အဟောင်းနှင့် အသစ်နှစ်မျိုးစလုံးတွင် အများအပြား လုပ်ကိုင်လျက် ရှိကြသည်။ မြန်မာသတင်းပညာသိပ္ပံ၏ ခန့်မှန်းချက်အရ စုစုပေါင်း သတင်းသမားဦးရေ ၄၀၀၀ ခန့် မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်လျှက်ရှိကြပြီးအများစုမှာ သတင်းလုပ်ငန်း အတွေ့အကြုံ မရင့်ကျက်ကြသေးပေ။[၆] လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မီဒီယာ သင်တန်းကျောင်းများစွာ ပေါ်ထွက်လာခဲ့သော်လည်း လက်တွေ့သင်ကြားသည့် သင်တန်းများစွာ လိုအပ်နေဆဲပင်ဖြစ်သည်။ လက်တစ်ဆုပ်စာ သင်တန်းကျောင်းကြီးများ ရှိသော်လည်း သင်တန်းကျောင်းအများစုမှာ သေးငယ်ပြီး ပုံမှန်ဖွင့်လှစ်နိုင်ခြင်းမျိုး မရှိပေ။

"သင်တန်းများလိုအပ်ကြောင်း အကဲဖြတ်လေ့လာမှု"[၇] ၏ တွေ့ရှိချက်များက ညွှန်ပြနေသည်မှာ အခြေခံသတင်းစာပညာသင်ရိုးများနှင့် အခြေခံအင်္ဂလိပ်စကားပြော သင်တန်းများ လိုအပ်နေဆဲ ဖြစ်သည်။ ထို့အပြင် မီဒီယာ စီမံခန့်ခွဲသူများက ရုပ်သံလွှင့်နှင့် အွန်လိုင်းသတင်းလုပ်ငန်းအတွက် သင်တန်းများ ပိုမိုလိုအပ်ကြောင်း ထောက်ပြခဲ့ကြသည်။ ထိုကဲ့သို့ လိုအပ်ရခြင်းမှာ ပြည်သူအများစုသည် ၄င်းတို့အတွက် သတင်းအချက်လက်များကို တီဗွီနှင့် ရေဒီယိုများမှ ရရှိနေကြခြင်းနှင့် အင်တာနက် သုံးစွဲမှု မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ မီဒီယာမန်နေဂျာများကလည်း မီဒီယာ စီမံခန့်ခွဲရေးအတွက် သင်တန်းများလိုအပ်ကြောင်းနှင့် အထူးသဖြင့် ဝေးလံသည့်

---

[၆] ခန့်မှန်းထားသော သတင်းသမားဦးရေ ၄၀၀၀ တွင် နိုင်ငံပိုင်မီဒီယာတွင် လုပ်ကိုင်နေကြသော သတင်းသမားများနှင့် အခြားမီဒီယာ လုပ်သားများ မပါဝင်ပါ။ ကိန်းဂဏန်းများကို မီဒီယာကျွမ်းကျင်သူများက ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ပြီး ပံ့ပိုးထားခြင်းဖြစ်သော်လည်း ကိန်းဂဏန်း အတိအကျမရနိုင်သည့် အပြင် ယေဘုယျအားဖြင့်လည်း သတင်းထောက်ဟူသော ဆိုလိုခြင်းမဟုတ်ပေ။

[၇] DW Akademie and CFI (2015) မြန်မာနိုင်ငံတွင် သတင်းသမားများအတွက် သင်တန်းများလိုအပ်ချက် အကဲဖြတ်မှတ်တမ်း၊ ရန်ကုန်၊ မြန်မာ

နေရာများတွင် အခြေပြုသည့်တိုင်းရင်းသား ပုံနှိပ်မီဒီယာ လုပ်ငန်းလေးများအတွက် ပိုမိုလိုအပ်ကြောင်း ထောက်ပြခဲ့ကြသည်။ ပဋိပက္ခဂရုပြု သတင်းရေးသားခြင်း သင်တန်းများလည်း ပိုမိုလိုအပ်လျက်ရှိပါသည်။

မီဒီယာလုပ်ငန်းအတွက် သင်တန်းလိုအပ်ချက်သည် သင်တန်းအကြောင်းအရာကို ရွေးကောက်တောင်းဆိုချက်အရ ဖွင့်လှစ်ခြင်းမျိုးမဖြစ်သင့်ပေ။ ပထမအချက်မှာ ငွေကြေးပြဿနာပင် ဖြစ်သည်။ သတင်းထောက်အများစုသည် ထောက်ပံ့မှု မပေးသောသင်တန်းများသို့ တက်ရောက်ရန် မတတ်နိုင်သကဲ့သို့ မီဒီယာတိုက် အများစုသည်လည်း သင်တန်းအတွက် ငွေကြေးမရှိကြပါ။ ဒုတိယအချက်မှာ သင်တန်းအများစုသည် စီးပွားရေး မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင်သာ ဖွင့်လှစ်ကြခြင်းကြောင့် ဖြစ်သည်။ ပထဝီဝင်အနေအထားအရ ကျယ်ပြန့်ပြီး အခြေခံအဆောက်အအုံလိုအပ်ချက်မြင့်မားသော မြန်မာနိုင်ငံတွင် ဝေးလံသော ဒေသများမှ ရန်ကုန်မြို့သို့ရောက်ရှိရန် အချိန်နှင့်ငွေကြေးအတိုင်းအတာတစ်ခုအထိ လိုအပ်ပါသည်။ တတိယအချက်မှာ သင်တန်းအများစုသည် အင်္ဂလိပ်ဘာသာစကား (သို့မဟုတ်) မြန်မာဘာသာစကားဖြင့်သာ သင်ကြားခြင်းကြောင့်ဖြစ်သည်။ ယင်းအချက်သည် လူနည်းစု တိုင်းရင်းသား သတင်းသမားများလာရောက်ရန် အတားအဆီးတစ်ခု ဖြစ်နေပေသည်။ စတုတ္ထအချက်မှာ ရန်ကုန်ပြင်ပတွင်တည်ရှိသော မီဒီယာတိုက်ငယ်လေးများသည် သင်တန်းများဖွင့်လှစ်ခြင်းကို မသိရှိလိုက်ကြခြင်းပင်။ သင်တန်းများ ဖွင့်လှစ်သည့် သတင်းကိုယေဘုယျအားဖြင့် ရန်ကုန်မြို့ရှိ သတင်းသမားများနှင့် မီဒီယာစီမံခန့်ခွဲသူများ အချင်းချင်းချိတ်ဆက်ပြီး သတင်းဖြန့်ဝေကြသော်လည်း နိုင်ငံအတွင်းအခြားဒေသများရှိ မီဒီယာတိုက်များသည် အဆိုပါသတင်းဖြန့်ဝေမှုများကို ရရှိရန် ခက်ခဲကြသည်။

မီဒီယာတိုက်များနှင့် မီဒီယာသမားများ၏ သင်တန်းဖွင့်လှစ်ရေးနှင့် တက်ရောက်ရေးအတွက် ငွေကြေးအကန့်အသတ်များရှိနေသောကြောင့် မြန်မာနိုင်ငံရှိ မီဒီယာသင်တန်းကျောင်း အများစုသည် လိုအပ်သောငွေကြေး အထောက်အပံ့များကို နိုင်ငံတကာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများထံမှ ရယူကြရသည်။ ယင်းအဖွဲ့အစည်းများက သင်တန်းများဖွင့်လှစ်ပံ့ပိုးရာတွင် အခကြေးငွေမယူခြင်း (သို့မဟုတ်) သင်တန်းသားများကို ငွေကြေးထောက်ပံ့ခြင်းများ ပြုလုပ်လာကြသည်။ နိုင်ငံ၏မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဲ့သို့ပံ့ပိုးပေးခြင်းမျိုးလိုအပ်သော်လည်း

အလှူရှင်၏ ထောက်ပံ့ငွေအပေါ်မူတည်ပြီး အမှန်တကယ်လိုအပ်သော သင်တန်းများထက် ပုံမှန်ဖွင့်လှစ်နိုင်ခြင်းမဟုတ်ဘဲ ရေပန်းစားသော အကြောင်းအရာများကို ဦးတည်သော သင်တန်းများကိုသာ ဖွင့်လှစ်နိုင်ခဲ့သည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (ယခု အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်)သည် မြန်မာနိုင်ငံတွင် မီဒီယာပညာနှင့်ပတ်သက်သော ဘွဲ့ပေးသည့် တစ်ခုတည်းသော တက္ကသိုလ်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ယင်းကောလိပ်ရှိ သတင်းအတတ်ပညာဌာနသည် လေးနှစ်ကြာ သင်ယူရသော ဝိဇ္ဇာဘွဲ့ (သတင်း အတတ်ပညာ)ကို ပေးအပ်သည်။ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်သည် ပညာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရတက္ကသိုလ်တစ်ခုဖြစ်သည်။ ဦးသိန်းစိန် အစိုးရ လက်ထက်တွင် လွန်ခဲ့သောနှစ်များကထက် အမှီအခိုကင်းစွာရပ်တည်နိုင်ခဲ့သည်။ နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်လာနိုင်ခဲ့ပြီး နိုင်ငံတကာအဖွဲ့ အစည်းများနှင့်ပူးပေါင်းပြီး သုတေသနလုပ်ငန်းများ လုပ်ဆောင်လာနိုင် ခဲ့ပါသည်။ ဤမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအညွှန်းကိန်းများ သုတေသနလုပ်ငန်းမှာ နမူနာတစ်ခု ဖြစ်ပါသည်။ ယူနက်စကို၏ အကူအညီဖြင့် သတင်းအတတ်ပညာ ဌာန၏ သင်ရိုးညွှန်းတမ်းကိုမြှင့်တင်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ မီဒီယာပညာရေးကို ဖော်ဆောင်နိုင်ခဲ့သည်။ ဘဏ္ဍာရေးအရ ကန့်သတ်ချက်များရှိနေသော်လည်း အဆိုပါ တိုးတက်မှုများသည် ဌာန၏အရည်အသွေးနှင့် ဘွဲ့ရများ၏ အရည်အချင်းကို ဆက်လက်မြှင့်တင်ပေးနိုင်ခဲ့သည်။ မြန်မာသတင်းပညာသိပ္ပံသည် ပုံမှန် အားဖြင့် တက္ကသိုလ် ပညာရေးအဖွဲ့အစည်းမဟုတ်သော်လည်း သင်တန်းသားများအား မာလ်တီမီဒီယာဖြင့် တစ်နှစ်တက်ရောက်သင်ယူရသည့် ဒီပလိုမာဘွဲ့ ပေးအပ်ပါသည်။ သတင်းပညာသိပ္ပံကို နိုင်ငံတကာအလှူရှင်များက စုပေါင်းတည်ထောင်ခြင်း ဖြစ်သော်လည်း စီမံခန့်ခွဲမှုအပိုင်းကို ပြည်တွင်းမီဒီယာလုပ်ငန်းများမှ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရန် ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့အစည်း နှစ်ခုစလုံးသည် လိုအပ် ချက်များကို ဖြည့်စွမ်းလျှက်ရှိသော်လည်း မြန်မာနိုင်ငံအတွက် များစွာလိုအပ်လျှက် ရှိနေသေးသော သတင်းအတတ်ပညာသင်တန်းများကို ၎င်းတို့ဖြင့်သာ လုံလောက်အောင် ဖြည့်စွမ်း ပေးနိုင်မည် မဟုတ်ပါ။

တနယ်ဖင်းအဖွဲ့အစည်းများဖြစ်ကြသော မြန်မာနိုင်ငံသတင်းစာ ဆရာများ အသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်နှင့် မြန်မာနိုင်ငံစာနယ်ဇင်း သမဂ္ဂတို့သည်

နိုင်ငံအတွင်းအင်အားအကောင်းဆုံးအဖွဲ့အစည်းများဖြစ်ကြသည်။ သို့သော် အဆိုပါ အဖွဲ့အစည်းများသည် မီဒီယာလုပ်ငန်းနယ်ပယ်ရှိ အလုပ်သမားများ၏ အခြေခံပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသောကြောင့် ယင်းတို့ကို သမားရိုးကျ အလုပ်သမား သမဂ္ဂအဖွဲ့အစည်းများကဲ့သို့ သတ်မှတ်၍မရပါ။ လက်ရှိအခြေအနေတွင် ၎င်းတို့ကို မီဒီယာလုပ်ငန်းနယ်ပယ်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးနိုင်သော၊ အဖွဲ့ဝင်များကိုအခြေပြုသည့် အဖွဲ့အစည်းများအဖြစ် ရှုမြင်နိုင်ပါသည်။ ၎င်းအဖွဲ့အစည်းများသည် သတင်းသမားများအကြားတွင် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးရန်နှင့် အသင်းဝင်များအတွက် သင်တန်းများတက်ရောက်နိုင်ရန် အသုံးဝင်သော ကွန်ရက်များလည်း ဖြစ်ကြသည်။

၎င်းအဖွဲ့အစည်းများ၏ သတင်းသမားများအား ပံ့ပိုးကူညီပေးနိုင်စွမ်းမှာ အကန့်အသတ် ရှိနေသေးသည်။ ကွင်းဆင်းသုတေသန တွေ့ရှိချက်များအရ ယင်းအဖွဲ့အစည်းများသည် အထူးသဖြင့် ရန်ကုန်ပြင်ပ၌ ယုံကြည်မှုနှင့် ထောက်ခံမှု ကျယ်ကျယ်ပြန့်ပြန့် မရရှိကြပါ။ အဆိုပါအချက်များကြောင့် လက်တလောတွင် ဒေသအလိုက်အခြေပြုသော တိုင်းရင်းသားအဖွဲ့အစည်းများ တည်ထောင်လာခဲ့ကြသည်။ ၎င်း အဖွဲ့အစည်းများအနေနှင့် အဖွဲ့ဝင်များနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံပြီး ဒေသအလိုက်တိုင်းရင်းပြဿနာရပ်များကို ကောင်းစွာသိနားလည်သည်ဟု ဆိုသော်ငြားလည်း အဖွဲ့ဝင်နည်းပါးမှုနှင့် ငွေကြေးအခက်အခဲများက ၎င်းတို့၏ လုပ်ဆောင်နိုင်စွမ်းကို အကန့်အသတ်ဖြစ်စေခဲ့သည်။ အမှန်တကယ် ကိုယ်စားပြုမှုရှိရမည့် လိုအပ်ချက်နှင့် အဖွဲ့များအပိုင်းပိုင်းကွဲမည့် အန္တရာယ်အကြား ဟန်ချက်ညီအောင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အရပ်ဖက်အဖွဲ့အစည်းများသည် သန္ဓေတည်ကာစ ဖြစ်သောကြောင့် မီဒီယာကိုစောင့်ကြည့် လေ့လာရန်နှင့် မီဒီယာနှင့်ပတ်သက်၍ သိနားလည်မှု (media literacy) ကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်နိုင်သေးပေ။ လူမှုကွန်ရက် ဝက်ဘ်ဆိုက်များသည် နိုင်ငံအတွင်း ဘာသာရေးဆိုင်ရာ ပုတ်ခတ်စော်ကားမှုများနှင့် အမုန်းစကားများ ပွားများရာရင်းမြစ်တစ်ခုဖြစ်လာ လျက်ရှိသည်။ ထို့ကြောင့်အရပ်ဖက်အဖွဲ့အစည်းများနှင့် မီဒီယာများအကြား နှစ်ဦးနှစ်ဖက် ဆက်ဆံရေး တိုးမြှင့်ကာ အဆိုပါအဖွဲ့အစည်းများမှ ပုံမှန်ပညာပေးသည့်စနစ်ဖြင့် အွန်လိုင်းမီဒီယာ စာပေအစီအစဉ်များကိုအသုံးပြုပြီး အဆိုပါအခြေအနေကို ကိုင်တွယ်ဖြေရှင်းရန်

အကြံပြုခဲ့ကြသည်။ အရပ်ဖက်အဖွဲ့အစည်းနှင့် မီဒီယာများအကြား အများဆုံး တိုက်ရိုက်ချိတ်ဆက်မှုကို တိုင်းရင်းသားအခြေပြု အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားမီဒီယာ လုပ်ငန်းများအကြားတွင် တွေ့မြင်နိုင်ပါသည်။ အများအားဖြင့် ယင်းတို့သည် ကူညီသည့်တစ်ခုတည်းသော အဖွဲ့အစည်းများသာ ဖြစ်ကြသည်။ အရပ်ဖက် အဖွဲ့အစည်းအများအပြားသည်လည်း စာနယ်ဇင်းလွတ်လပ်ခွင့် ပိုမို ရရှိရေးအတွက် ဦးစီး ဦးဆောင်ပြုကြပြီး သတင်းသမားများထောင်ချခံရခြင်းများကို ဆန့်ကျင်လှုပ်ရှားမှုများတွင်လည်း ကူညီပေးလျက်ရှိကြ သည်။

## အခန်း (၅) အမှီအခိုကင်းပြီး အမျိုးအစားစုံလင်သော မီဒီယာအားပံ့ပိုးပေးရန် အလုံအလောက်ရှိရမည့် အခြေခံအဆောက်အအုံများ၏ အရည်အသွေး

၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သောဆက်သွယ်ရေးဥပဒေသည် ဆက်သွယ်ရေး ကဏ္ဍတွင်ထူးခြားသော ပြုပြင်ပြောင်းလဲမှုဖြစ်ခဲ့ပြီး နိုင်ငံအတွင်း မိုဘိုင်းဖုန်း ကွန်ရက်နှင့် အင်တာနက်ရယူသုံးစွဲမှု၏ ရှေ့ပြေးဖြစ်ခဲ့သည်။ အဆိုပါ ဥပဒေ အရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပေးခဲ့ပြီး ယခုအခါတွင် မြန်မာနိုင်ငံ၌ ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသောလုပ်ငန်း (၃) ခုရှိပါသည်။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကိုပုဂ္ဂလိကအား လုပ်ကိုင်ခွင့်ပြုလိုက်သောကြောင့် ဖုန်းဆင်းကတ်များ၏ တန်ဖိုးတဟုန်ထိုးကျဆင်းခဲ့ပြီး ပြည်သူအများစု မိုဘိုင်းဖုန်း ပိုင်ဆိုင်သုံးစွဲလာနိုင် ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် မိုဘိုင်းဖုန်းပိုင်ဆိုင်မှု သိသာထင်ရှားစွာ တိုးတက်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လ၌ မိုဘိုင်းဖုန်းသုံးစွဲသူ ဦးရေစုစုပေါင်းမှာ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော် (၂၉) သန်းနီးပါး ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူဦးရေကို ကိန်းဂဏန်း အတိအကျ ရရှိရန်ခက်ခဲသော်လည်း အနိုင်အမာပြောနိုင်သည်မှာ မိုဘိုင်းဖုန်းသုံးစွဲမှု ကျယ်ပြန့် လာသည်နှင့်အတူ အင်တာနက်ရယူသုံးစွဲမှုသည်လည်း ဟန်ချက်ညီညီ တိုးတက် လာခဲ့သည်။ လက်ရှိတွင် သတင်းအချက်အလက်နှင့်နည်းပညာအသုံးပြုမှု လေ့လာချက် (၂၀၁၅)[6] ၏ တွေ့ရှိချက်အရ အင်တာနက်အခြေပြု မိုဘိုင်းလ်ဖုန်းအပလီကေးရှင်းများ

[6] Galpaya, H., Zainudeen, A., & Suthaharan, P. (2015) မြန်မာနိုင်ငံတွင် သတင်းအချက်အလက် နည်းပညာနှင့် အသိပညာရရှိနိုင်မှု အခြေပြုလေ့လာချက် LIRNE asia website မှ ထုတ်နုတ် တင်ပြသည်။

ဖြစ်သော ဖေ့စ်ဘွတ်၊ မက်ဆန်ဂျာ နှင့် အီးမေးလ်များသည် မြန်မာနိုင်ငံရှိ အင်တာနက်အသုံးပြုသော လူထုအကြားတွင် အချိန်တိုအတွင်း အဓိကသုံးစွဲသော အရာများ ဖြစ်လာသည်။

အင်တာနက်လိုင်းနှုန်းကို အလုံအလောက်တိုးချဲ့ထားသော်လည်း နိုင်ငံ၏ ပြည်ပအင်တာနက် ဆက်သွယ်ရေး လမ်းကြောင်းများမှာ လက်ရှိအချိန်အထိ ကြံ့ခိုင်မှုနှင့် လုံလောက်စွာ ပံ့ပိုးပေးနိုင်မှုမရှိသေးပေ။ အင်တာနက်လိုင်းနှစ်ခု ထပ်မံတည်ဆောက်နေပြီး ၂၀၁၆ ခုနှစ် အတွင်းလုပ်ငန်းလည်ပတ်နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ပြီးလျှင် အင်တာနက်လိုင်းနှုန်းအသုံးပြုခြင်းနှင့် ပတ်သက်၍ ကြီးမားသောတိုးတက်မှုဖြစ်လာလိမ့်မည်။ ၂၀၁၂ ခုနှစ်တွင် အင်တာနက် ဆင်ဆာပြုလုပ်ခြင်းကို ရပ်ဆိုင်းလိုက်ခြင်းနှင့်အတူ အဆိုပါ တိုးတက်လာမှုများကြောင့် ပြည်သူလူထု၏ သတင်းအချက်အလက် ရယူသိရှိပိုင်ခွင့် သိသိသာသာ ဆက်လက်တိုးတက်လာလိမ့်မည်ဟု ယူဆရသည်။ ယင်းတိုးတက်မှုရှိလင့်ကစား သတင်းအချက်အလက် နည်းပညာနှင့်ပတ်သက်သော အညွှန်းကိန်းများတွင် မြန်မာနိုင်ငံသည် နိုင်ငံအများအပြား၏ နောက်တွင် ရှိနေဆဲဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍ၏ ကွာဟချက် ကျဉ်းမြောင်းသွားစေရန်အတွက် အချိန်နှင့်တပြေးညီ ပြုပြင်ပြောင်းလဲရေးများကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

မီဒီယာ၏သတင်းအချက်အလက်နှင့် နည်းပညာသုံးစွဲမှုမှာ အထူးသဖြင့် ပုံနှိပ်မီဒီယာတွင် အကန့်အသတ်ရှိနေဆဲ ဖြစ်သည်။ ရန်ကုန်တွင်အခြေစိုက်သော ပုံနှိပ်မီဒီယာတိုက်ကြီးများသာ ယင်းတို့၏ ဝန်ထမ်းများကို ခေတ်မီအသံနှင့် ရုပ်မြင်ပိုင်း ဆိုင်ရာ အထောက်အကူပစ္စည်းများ ပံ့ပိုးပေးနိုင်ကြပြီး မီဒီယာတိုက်ငယ်လေးများသည် များသောအားဖြင့် ထိုသို့ဆောင်ရွက်ပေးရန် ငွေကြေးလုံလောက်မှု မရှိပါ။ မီဒီယာတိုက်ငယ်လေးများသည် အများအားဖြင့် မှတ်တမ်းမှတ်ရာများ (သို့မဟုတ်) ရည်ညွှန်းကိုးကားစာအုပ်များ ရယူသုံးစွဲနိုင်ခြင်းမရှိကြပါ။ မီဒီယာတိုက်အများစုသည် ၎င်းတို့၏ ကိုယ်ပိုင် ဝက်ဆိုက်(သို့မဟုတ်) ဖေ့စ်ဘွတ်စာမျက်နှာများဖြင့် အွန်လိုင်းတင်ဆက်မှုများရှိသော်လည်း အများစုမှာ အွန်လိုင်းမီဒီယာကို ၎င်းတို့အတွက် ကြည့်ရှုသူဦးရေများလာအောင်နှင့် အကျိုးအမြတ်အများဆုံး ရနိုင်သလောက်ရအောင် မည်ကဲ့သို့ ထိထိရောက်ရောက် သုံးစွဲရမည်ကို မသိရှိကြပေ။ သတင်းဝက်ဘ်ဆိုက်အများစုသည် တိုက်များ၏ထွက်ရှိပြီး သတင်းစာ

ဂျာနယ်များတွင်ပါရှိပြီးသတင်းများကိုသာ ဖော်ပြကြခြင်းဖြစ်သည်။ အွန်လိုင်းတွင် စာဖတ်သူများ၏တုံ့ပြန်မှုနှင့် ပါဝင်နိုင်မှုအတွက်လမ်းကြောင်းအနည်းငယ်သာရှိသည်။

မြန်မာနိုင်ငံတွင်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ချို့တဲ့သောကြောင့် ပုံနှိပ်မီဒီယာစောင်ရေမှာ အကန့်အသတ် ရှိနေဆဲဖြစ်သည်။ ပုဂ္ဂလိကမီဒီယာတိုက်များသည်လည်း ရန်ကုန်မြို့တွင်ရှိသည့် ပုံနှိပ်စက်အရေအတွက် အနည်းငယ်ပေါ်တွင်သာ အားထားနေရသည်။ သို့ဖြစ်သောကြောင့် ကျေးလက် လူဦးရေအများစုသည်သတင်းအတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုပေါ်တွင်သာ မှီခို အားထားနေရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွင်းဆင်းလေ့လာ ဆောင်ရွက် ထားသော ယခုအကဲဖြတ်မှုအရ ၂၁.၅ ရာခိုင်နှုန်းသည် ရုပ်သံလွှင့်မီဒီယာကိုသာ ဖမ်းယူကြည့်ရှုနိုင်ကြပြီးအခြားမည်သည့်ပုံနှိပ်မီဒီယာ (သို့မဟုတ်) အင်တာနက်ကိုမျှ ရယူသုံးစွဲနိုင်ခြင်း မရှိကြပေ။ ထို့ပြင် ၂.၆ ရာခိုင်နှုန်းမှာ မည်သည့်မီဒီယာ အမျိုးအစားကိုမျှ ရယူသုံးစွဲနိုင်မှုမရှိပါ။ လူနည်းစု တိုင်းရင်းသားများအတွက် ၄င်း ကိန်းဂဏန်းများမှာ ၂၆ ရာခိုင်နှုန်း နှင့် ၈ ရာခိုင်နှုန်းအသီးသီးဖြစ်ကြသည်။ အဆိုပါ တွေ့ရှိချက်များသည် အမျိုးအစားစုံလင်သော မီဒီယာဝန်းကျင်တစ်ခု မရှိသေးသည့် အမှတ်လက္ခဏာကို ဖော်ညွှန်းနေသည်။

သတင်းအချက်အလက်နှင့် နည်းပညာမူဝါဒအဖြစ် မြန်မာသတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဌာနသည် မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ပင်မ (အထူးပြု) စီမံကိန်း (၂၀၁၅) ကို အကောင်အထည် ဖော်လျက်ရှိသည်။ ယင်းစီမံကိန်းသည် ယခုအစီရင်ခံစာအပြီးသတ်ချိန် ၂၀၁၆ ဧပြီလ အထိဆောင်ရွက်နေဆဲ လုပ်ငန်းဖြစ်သော်လည်း ဆက်သွယ်ရေးကဏ္ဍ ပြုပြင် ပြောင်းလဲရေးအတွက် အခြေခံကောင်းများဖြစ်သည်။ အဆိုပါစီမံကိန်းသည် တယ်လီဖုန်း သိပ်သည်းဆနှင့်[၇] အင်တာနက်ရယူသုံးစွဲမှု တိုးတက်ရေးအတွက် ရည်မှန်းချက် ကောင်းများချမှတ်ထားသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးအရ တွက်ခြေမကိုက်သည့်ဒေသများတွင်လည်း ဆက်သွယ်ရေးအခြေခံအဆောက်အအုံနှင့်

---

[၇] ဆက်သွယ်ရေး သိပ်သည်းဆဆိုသည်မှာ သတ်မှတ်နယ်မြေတစ်ခုအတွင်း နေထိုင်ကြသော လူဦးရေ သဝ၏ မြေပြင်တယ်လီဖုန်း လိုင်းသုံးစွဲမှု အရေအတွက် ကို ရည်ညွှန်းသည်။

ဝန်ဆောင်မှုများပံ့ပိုးပေးရန်မှာ နိုင်ငံတော်၏ကဏ္ဍာဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းစီမံကိန်းတွင် အဆိုပြုထားသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများမှ ရရှိငွေအချိုးကျဖြင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှု ရံပုံငွေကိုတည်ထောင်ရန် ဖြစ်သည်။

မြန်မာနိုင်ငံသည် အန်နာလော့စနစ်ကို ပိတ်သိမ်းပြီး ဒစ်ဂျစ်တယ် ရုပ်မြင်သံကြားစနစ်ကို ဆောင်ရွက်ရန် ၂၀၀၈ခုနှစ် ကတည်းမှ အာဆီယံဒစ်ဂျစ်တယ် ရုပ်သံလွှင့်အဖွဲ့အစည်းနှင့်[၉] သဘောတူထားသော်လည်း ဒစ်ဂျစ်တယ်စီမံကိန်းအတွက် နိုင်လုံသောအချက်အလက်များ ရေးဆွဲထားခြင်းမရှိသေးပါ။ လက်ရှိတွင် နိုင်ငံပိုင် ရုပ်သံလွှင့်ဌာန ဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ထပ်ဆင့်လွှင့်စက်ရုံ ၁၀၄ခုတွင် ဒစ်ဂျစ်တယ် ရုပ်သံလွှင့်စက်များ တပ်ဆင် ထားပြီးဖြစ်ကာ ယင်းသည် ၈၉ ရာခိုင်နှုန်းသောလူဦးရေကို လွှမ်းခြုံနိုင်ကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ဆိုသည်။ ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်သည် ၂၀၂၀တွင် အပြီးသတ်မည် ဖြစ်သည်။ အစိုးရသည် DVBT-2 စက်များကို ကျောင်းနှင့် စာကြည့်တိုက်များကဲ့သို့သော အများပြည်သူသုံးစွဲရာနေရာများတွင် တပ်ဆင်ပေးခဲ့သည်။ သို့သော်လည်း ယင်းဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်သည် မြန်မာနိုင်ငံ၏များပြားလှသော ကျေးလက်နေလူဦးရေကို ကူညီပေးရန် အတွက်လုံလောက်မှု မရှိပေ။ အမျိုးသားအဆင့်ဒစ်ဂျစ်တယ်စနစ် ကူးပြောင်းရေး စီမံကိန်းသည် လိုအပ်သည့်အခြေခံအဆောက်အအုံများကိုအလေးပေးတည်ဆောက် ပေးခြင်းသာမက သင့်တင့်လျောက်ပတ်သော နည်းဗျူဟာများကိုလည်းချမှတ်ကာ ကျေးလက် အိမ်ထောင်စုများတွင်လည်း ဒစ်ဂျစ်တယ်ကူးပြောင်းရေး အတွက် နိုင်နင်းစွာ ဆောင်ရွက်နိုင်ရေး အကူအညီပေးရန် လုပ်ဆောင်သင့်သည်။ ထို့ပြင် အနည်းဆုံးအနေဖြင့် လက်ရှိဖမ်းယူကြည့်ရှုနေကြသည့် ရုပ်သံလွှင့်ဝန်ဆောင်မှု လုပ်ငန်းကိုလည်း ဆက်လက်ထိန်းသိမ်းပြီး တိုးတက်အောင်လုပ်ဆောင်သင့်ပါသည်။

[၉] မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးနှင့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် တွေ့ဆုံမေးမြန်းချက်။

## အဓိကအကြံပြုချက်များ

- မြန်မာနိုင်ငံသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်စပ်နေသော ပြည်သူ့နှင့်နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် (International Covenant on Civil and Political Rights – ICCPR)၊ ICCPR ၏ (ပထမ) နောက်ဆက်တွဲ သဘောတူစာချုပ်နှင့် ပုံစံမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် ( International Convention on the Elimination of All Forms of Racial Discrimination ) စသည့် နိုင်ငံတကာစာချုပ်များကို လက်မှတ်ရေးထိုးသင့်ပါသည်။
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် (ပုဒ်မ ၃၅၄) နှင့် သတင်းအချက်အလက် ရယူသိရှိပိုင်ခွင့်ကို အာမခံချက်များ ပေးနိုင်စေရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သင့်ပါသည်။ အဆိုပါ အာမခံချက်များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် သိရှိပိုင်ခွင့်စသည့်အခွင့်အရေးများကို ပုံမှန်သုံးစွဲနေကျဥပဒေများက ကန့်သတ်နိုင်ခြင်း မရှိသင့်ပေ။ ၎င်းအခွင့်အရေးများကို ကန့်သတ်သည့်ဥပဒေများတွင် အဆိုပါ အာမခံချက်များကို ရှင်းလင်းစွာဖော်ပြသင့်သည်။
- အမှီအခိုကင်းစွာဆောင်ရွက်နိုင်သည့် တရားစီရင်ရေးသာလျှင် အများပြည်သူအကျိုးအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဟန့်တားထားသော ဥပဒေများကို သင့်တော်သလိုဆောင်ရွက်နိုင်ပေမည်။ အစိုးရသည် လွတ်လပ်စွာ တရားစီရင်နိုင်ရေးကို မြှင့်တင်သင့်ပြီး တရားစီရင်ရေးကဏ္ဍအတွင်း လာဘ်ပေးလာဘ်ယူ ပြဿနာများကို ဖော်ထုတ်သင့်သည်။
- အစိုးရသည် ဥပဒေပြုပြင်ပြောင်းလဲရေးကိစ္စများတွင် ပြည်သူလူထုနှင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကျယ်ပြန့်သောအခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် တိုက်ရိုက်ဆက်နွယ်သည့် ဥပဒေများပြုပြင်ပြောင်းလဲရေးတွင် ပြည်သူလူထုအနေဖြင့် ပိုမိုလိုလားတက်ကြွစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် မြှင့်တင်ပေးသင့်သည်။

- အစိုးရသည် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့် ဥပဒေရေးဆွဲပြဌာန်းရန် နိုင်ငံအတွင်းမှ သင့်တော်သည့် ပါဝင်ဆက်နွှယ်သူများနှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးသင့်သည်။
- ကိုလိုနီခေတ်ကတည်းက ပြဌာန်းခဲ့သည့် ရာဇသတ်ကြီးဥပဒေကို သိသာ ထင်ရှားသော ပြောင်းလဲမှုများ ပြုလုပ်သင့်သည်။ ပြည်သူနှင့် နိုင်ငံရေး အခွင့် အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် (ICCPR) ပုဒ်မ (၁၉) အပိုဒ်ခွဲ (၃)တွင် ထည့်သွင်းဖော်ပြထားသကဲ့သို့ တရားစီရင်ရေးဆိုင်ရာ အကျိုးစီးပွားနှင့် ၄င်းကို ကာကွယ်ရန် လိုအပ်လာပါက လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်တွင် အချို့သောအကြောင်းအရာများကို ဥပဒေဖြင့် ကန့်သတ်သင့်ပါသည်။
- ကျယ်ပြန့်သော တရားဥပဒေစနစ်သည် မီဒီယာဆိုင်ရာဥပဒေပြုပြင်ပြောင်းလဲ မှုများနှင့် နိုင်ငံရေး၊ လူမှုရေး စံနှုန်းများနှင့် လိုက်လျောညီထွေ မဖြစ်သေးပေ။ အကျိုးဆက်အနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဟန့်တားသည့် ခေတ်မမီတော့သော ဥပဒေများ များစွာကျန်ရှိနေသေးသည်။ လက်ရှိပြဌာန်း ထားသောဥပဒေအချို့တွင်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ချက်များပါဝင်နေသည်။ မြန်မာ့တရားစီရင်ရေးစနစ်တွင် များစွာသော ပြုပြင်ပြောင်းလဲမှုများလုပ်ရန် လိုအပ်နေသေးသည်။ ဖျက်သိမ်းရန် (သို့မဟုတ်) ပြင်ဆင်ရမည့် ဥပဒေများကို ယခုအစီရင်ခံစာ၊ အခန်း (၁) ၏ အကြံပြုချက် ကဏ္ဍတွင် အသေးစိတ် ဖော်ပြထားပါသည်။
- သတင်းသမားများ၏ လျှို့ဝှက်သတင်းရင်းမြစ်ကို ကာကွယ်ခြင်းဆိုင်ရာ ဥပဒေကိုလည်း ပြဌာန်းသင့်သည်။
- နိုင်ငံပိုင်ရုပ်သံလွှင့်မီဒီယာများကို အများပြည်သူဝန်ဆောင်မှု (သို့မဟုတ်) ပုဂ္ဂလိက ရုပ်သံလွှင့်လုပ်ငန်းများအဖြစ် ပြောင်းလဲသင့်ပြီး နိုင်ငံပိုင်မီဒီယာကို တည်ရှိခွင့်ပေးထားသည့် ပြဌာန်းချက်များကိုလည်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေမှ ပယ်ဖျက်သင့်သည်။
- အမျိုးသားရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့သည်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလိုင်စင်နှုန်းစဉ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ကို ရုပ်သံလွှင့်လုပ်ငန်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင် ဆွေးနွေးပြီး ယင်းစီမံကိန်းနှင့် စီမံကိန်းပါအချက်အလက်များကို အများပြည်သူ သိရှိစေရန် တိုးမြှင့်ဆောင်ရွက်သင့်သည်။

- ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီသည် မီဒီယာမျိုးစုံတွင် အစိုးရကြော်ငြာများ မျှမျှတတနှင့် ဘက်လိုက်မှုမရှိဘဲ ထည့်သွင်းဖော်ပြနိုင်ရန် လမ်းညွှန်ချက်များ ချမှတ်သင့်သည်။
- အစိုးရသည် မီဒီယာနှင့် ရပ်ရွာအခြေပြု အသံလွှင့်လုပ်ငန်းများကို တက်ကြွစွာ ပံ့ပိုးပေးနိုင်သည့် အခွန်မူဝါဒကို ထည့်သွင်းစဉ်းစားသင့်ပါသည်။
- မီဒီယာတိုက်များသည် ဝန်ထမ်းခန့်အပ်ရေးကိစ္စရပ်များတွင် လူနည်းစု တိုင်းရင်းသားများနှင့် ကျား၊ မ ရေးရာကဏ္ဍတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများမှလည်း မီဒီယာတိုက်များကို နည်းပညာဆိုင်ရာပံ့ပိုးမှုများ ဖြည့်ဆည်းပေးသင့်ပါသည်။
- မီဒီယာဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့အစည်းများက ရပ်ရွာအခြေပြုအသံလွှင့် လုပ်ငန်းများ ပေါ်ပေါက်လာအောင် ပံ့ပိုးပေးသင့်သည်။
- အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းများမှ ဆောင်ရွက်နေသော ပြည်သူ့ဝန်ဆောင်မှုကို ဥပဒေဖြင့်ပြဋ္ဌာန်းပြီး အကာအကွယ် ပေးသင့်ပါသည်။
- အစိုးရနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများအနေဖြင့် အသစ်ဖွဲ့စည်းထားသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် မီဒီယာအတွက် ကိုယ်တိုင်ထိန်းကျောင်းသည့်အဖွဲ့အစည်း (media self-regulatory body) အဖြစ် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးအလုံအလောက်နှင့် နည်းပညာပိုင်း ဆိုင်ရာအကူအညီများကို ပံ့ပိုးပေးသင့်ပါသည်။
- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ရန်ကုန်မြို့ပရှိမီဒီယာတိုက်များ၏ ထောက်ခံမှုများရရှိရန်နှင့် မီဒီယာအတွက် ကိုယ်တိုင်ထိန်းကျောင်းသည့် အဖွဲ့အစည်းအဖြစ် ရရှိထားသောတရားဝင်မှု (legitimacy) ကိုမြှင့်တင်ရန် အတွက် ယင်းတို့နှင့် ထိတွေ့ဆက်ဆံမှုများကို ပိုမိုတိုးမြှင့်သင့်သည်။
- နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများက တပ်မတော်နှင့်ရဲတပ်ဖွဲ့တို့အား မီဒီယာ အကဲဆတ်ခံနိုင်ရည် သင်တန်းများကျယ်ကျယ်ပြန့်ပြန့်ပေးရန် လုပ်ဆောင်သင့်သည်။ သို့မှသာ မီဒီယာနှင့် မည်ကဲ့သို့သင့်တင့်စွာ ထိတွေ့ပြောဆိုရမည်ကို သိရှိကြမည်ဖြစ်သည်။
- သတင်းသမားများ၏ အရည်အသွေးမြှင့်တင်ရေး စီမံကိန်းများတွင် အခြေခံ သတင်းစာပညာသင်တန်းများကို အဓိက ဦးစားပေးသင့်သည်။ ရန်ကုန်မြို့

ပြင်ပတွင် သင်တန်းများတိုးမြှင့်ဖွင့်လှစ်နိုင်ရန်နှင့် တိုင်းရင်းသားမီဒီယာများအတွက် တိုင်းရင်းဘာသာစကားဖြင့် သင်တန်းများဖွင့်လှစ်ရန် ကြိုးပမ်းအားထုတ်သင့်ပါသည်။

- တက္ကသိုလ်အဆင့် သတင်းအတတ်ပညာဘာသာရပ် သင်ကြားရေး အစီအစဉ်များနှင့် မီဒီယာသင်တန်းများမှ သင်ရိုးများတွင် ကျား၊ မရေးရာနှင့် မတူကွဲပြားမှုအကြောင်းအရာများ ထည့်သွင်းသင်ကြားသင့်သည်။
- မီဒီယာဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများသည် သတင်းမီဒီယာသမားများ၏ အဖွဲ့အစည်းများကို ဆက်လက်ပံ့ပိုးပေးမှသာ မီဒီယာအလုပ်သမားများ၏ အခွင့်အရေးအတွက် ထိရောက်စွာ ဦးစီးဦးဆောင်ပြုပေးနိုင်ပြီး ရန်ကုန်မြို့နှင့် နိုင်ငံတလွှားရှိ သတင်းမီဒီယာသမားများအား ကူညီပံ့ပိုးမှုပြုနိုင်မည် ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ အတူတကွပူးပေါင်းကာ မြန်မာနိုင်ငံတစ်ဝှမ်းရှိ တက္ကသိုလ်များတွင် သတင်းအတတ်ပညာဘာသာရပ် တိုးချဲ့သင်ကြားနိုင်ရန် ဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံအထက်ပိုင်းတွင် တက္ကသိုလ်အဆင့် သတင်းအတတ်ပညာကို လက်လှမ်းမီရန်အလို့ငှာ မန္တလေးမြို့ရှိ တက္ကသိုလ်တစ်ခုခုတွင် သတင်းအတတ်ပညာဖွင့်ပေးနိုင်ရေးကို အလေးပေးဆောင်ရွက်သင့်သည်။
- အစိုးရနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများသည် အရပ်ဖက်အဖွဲ့အစည်းများကို ယင်းတို့၏ မီဒီယာစောင့်ကြည့်ရေး အားထုတ်မှုများ၊ မီဒီယာနှင့်ပတ်သက်၍ သိနားလည်မှု (media literacy) အစီအစဉ်များနှင့် လူမှုကွန်ရက်တွင် အမုန်းစကားများပြောကြားနေမှုနှင့် ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်သည့် သုတေသနလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးပေးသင့်သည်။ မီဒီယာနှင့်ပတ်သက်၍ သိနားလည်မှု (media literacy) ကို ပုံမှန်တက္ကသိုလ်ပညာရေးစနစ်တွင် သင်ကြားပေးသင့်သည်။
- အစိုးရက အမျိုးသားဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးစီမံကိန်းကို ဖွံ့ဖြိုးအောင်ပြုလုပ်ပေးသင့်သည်။ ယင်းစီမံကိန်းတွင် အခြေခံအဆောက်အဦးပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးသာမက ကျေးလက်နေအိမ်ထောင်စုများတွင် ဒစ်ဂျစ်တယ် စနစ်ကူးပြောင်းရေးကို ကူညီပေးမည့် နည်းဗျူဟာများ ပါဝင်သင့်သည်။ မီဒီယာ

ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများသည် ၄င်းကိစ္စနှင့် ပတ်သက်ပြီး နည်းပညာဆိုင်ရာ ပံ့ပိုးမှုများပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သင့်သည်။

- မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဌာနသည် အရပ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းရှင်များ၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပြီး ဆက်သွယ်ရေး ပင်မစီမံကိန်း ( Telecommunications Master Plan ) ကို ပြန်လည်ရေးဆွဲသင့်သည်။

# နိဒါန်း

## နိုင်ငံအခြေအနေ

သမ္မတဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်း အစိုးရသည် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သောစစ်အုပ်ချုပ်ရေးကို အဆုံးသတ်စေခဲ့သည်။ ထိုအချိန်မှ စတင်ပြီး မြန်မာနိုင်ငံသည် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်များတွင် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကိုကြုံတွေ့လာရသည်။ တစ်ချိန်က အပယ်ခံဖြစ်ခဲ့ဖူးသော နိုင်ငံတစ်ခုအနေဖြင့် လွတ်လပ်သော အရင်းရှင်ဒီမိုကရေစီသို့ ကူးပြောင်းရာတွင် ထိရောက်သောခြေလှမ်းများဖြင့်ချီတက် နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး သမ္မတဦးသိန်းစိန် အစိုးရပြီးဆုံးချိန်ထိ ထောင်ပေါင်းများစွာသောနိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အစုလိုက်အပြုံလိုက် လွှတ်ပေးခဲ့သည်။[၆]

ရလဒ်အနေဖြင့် မြန်မာနိုင်ငံအား နိုင်ငံတကာ အသိုင်းအဝိုင်းများမှ စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားလာသည်ကို တွေ့မြင်လာရသည်။ အပြန်အလှန်အားဖြင့် ထိုအချက်သည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို တိုးမြင့်လာစေပြီး ကမ္ဘာ့စီးပွားရေးတွင် မြန်မာနိုင်ငံ၏ ပူးပေါင်းပါဝင်မှုကို ပိုမိုကြီးကျယ်လာအောင် ပံ့ပိုးပေးနိုင်ခဲ့သည်။ နိုင်ငံတွင်း ငြိမ်းချမ်းရေး ရေရှည်တည်တံ့ပြီး ခိုင်မာစေရန် လုပ်ဆောင်နေရသော ညှိနှိုင်းဆွေးနွေးမှုများလည်း ရှိနေပါသေးသည်။ အဆိုပါကြိုးစားအားထုတ်မှုများကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်း ရလဒ်ကိုရရှိခဲ့သည်။ လက်မှတ်ရေးထိုးရန်ဖိတ်ကြားထားသော လက်နက်ကိုင်အဖွဲ့အစည်း (၁၅) ဖွဲ့အနက် (၈) ဖွဲ့က သဘောတူညီမှုကို လက်မှတ် ရေးထိုးခဲ့ကြသည်။

---

[၆] မြန်မာနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ခြင်း၊ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (၁၃ ဇန်နဝါရီ ၂၀၁၂) ကောက်နုတ်ချက် https://www.hrw.org/news/2012/01/13/burma-political-prisoners-released

Tun, S.Z., & McLaughlin, T. (၂၂ ဇန်နဝါရီ ၂၀၁၆) အာဏာလွှဲပြောင်းခြင်းမပြုမီ နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေး။ ကောက်နုတ်ချက် http://www.reuters.com/article/us-myanmar-politics-prisoners-idUSKCN0V008I

ပွင့်လင်းသောမီဒီယာပတ်ဝန်းကျင် တစ်ခုနှင့် လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်ကို ခိုင်မာစွာအာမခံပေးနိုင်မှုတို့လည်း လိုအပ်လေသည်။ ထိုရည်မှန်းချက်သို့ ရောက်ရှိရန် အလို့ငှာ မြန်မာနိုင်ငံတွင်ပုံနှိပ်မီဒီယာ ဆင်ဆာဖြတ်တောက်ခြင်းကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စ၍ရပ်နားလိုက်ပြီး တိုးတက်နေသော အခြားပြုပြင်ပြောင်းလဲမှုများစွာ ကလည်း ပိုမိုပွင့်လင်းသည့် မီဒီယာပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးလျက်ရှိသည်။ ယခင်ကပြောခွင့်မသာခဲ့သော အကြောင်းအရာများဖြစ်သည့် သဘာဝသယံဇာတများ ထုတ်ယူခြင်း၊ မူးယစ်ဆေးဝါး ကုန်သွယ်ခြင်း၊ စစ်ဆင်ရေးများနှင့် လာဘ်စားခြင်း စသည်တို့သည်လည်း မီဒီယာ ထက်တွင် ပါဝင်လာကြသည်။ ထိုနည်းတူစွာ နိုင်ငံသားများသည်လည်း အများပြည်သူတို့၏ ဆန္ဒပြပွဲများနှင့် ပတ်သက်ပြီး ယင်းတို့၏အမြင်များ၊ ခံယူချက် သဘောထားများကိုကျယ်ပြန့်စွာ စတင်ထုတ်ဖော် လာကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ပိုမို ဒီမိုကရေစီကျသော အစိုးရဆီသို့ချီတက်ရာတွင် အရေးအကြီးဆုံး ခြေလှမ်းဖြစ် သည်မှာ ယုံမှားဖွယ်မရှိပေ။ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် ဧပြီလ-၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက် ပွဲကိုကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်၏ (၄၅) နေရာကို ယှဉ်ပြိုင်စေခဲ့သည်။ ထိုအချိန်က အတိုက်အခံပါတီဖြစ်ခဲ့သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းသည် လွှတ်တော်အတွင်းအင်အား ညီမျှမှုကို ကြီးမားစွာ မပြောင်းလဲစေခဲ့သော်လည်း အစိုးရ၏ သမာသမတ်ရှိလိုမှု၊ ရွေးကောက်ပွဲများပွင့်လင်းစွာ ကျင်းပပေးမှုနှင့် ရလဒ်များအပေါ် လေးစားမှုတို့ကို သရုပ်ဖော်နိုင်ခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာဝင်ရောက် ယှဉ်ပြိုင် ကြသူများအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် နိုဘယ်ငြိမ်းချမ်းရေး ဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်အတွင်း နေရာတစ်နေရာ ရရှိ ခဲ့သည်။ သူမသည် ၂၀၁၀ မတိုင်မီအထိ လွန်ခဲ့သော နှစ်ပေါင်း (၂၁) နှစ် အတွင်း (၁၅) နှစ်ကြာ နေအိမ်အကျယ်ချုပ် ကျနေခဲ့သည်။[30]

---

[30] ကိုယ်ရေး၊ အောင်ဆန်းစုကြည် - ဘီဘီစီသတင်း (၁၃ နိုဝင်ဘာ ၂၀၁၅) မှ ကောက်နှုတ်ချက် http://www. bbc.com/news/world-asia-pacific-11685977

လွတ်လပ်ရေးသူရဲကောင်းဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးအနေဖြင့် သူမ၏ ကြားဖြတ်ရွေးကောက်ပွဲအနိုင်ရရှိမှုသည် မြန်မာနိုင်ငံသားများစွာအတွက် အရေးပါသောသိသာထင်ရှားသည့် သမိုင်းကြောင်းတစ်ခု ဖြစ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲသည် နောက်သုံးနှစ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေများကိုတိကျသော အညွှန်းကိန်းသဖွယ် သက်သေပြနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် မြန်မာနိုင်ငံသည် ယင်း၏ နှစ်ပေါင်း (၂၅) နှစ်အတွင်း ပထမဦးဆုံးဖြစ်သည့် လွတ်လပ်ပွင့်လင်းသော ရွေးကောက်ပွဲကြီးတစ်ရပ်အား နိုင်ငံအဝှမ်းကျင်းပ ခဲ့သည်။ ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်နှစ်ရပ်လုံးတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ အင်အားအများစုက တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့လေသည်။ အစိုးရသစ်အား ၂၀၁၆-ခုနှစ် ဖေဖော်ဝါရီတွင် စတင် အသက်သွင်းခဲ့သည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပူးပေါင်းဖွဲ့စည်းထားသော လွှတ်တော်နှစ်ရပ်က သမ္မတနှင့် ဒုတိယသမ္မတနှစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့သည်။ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်ရေးသည် ကန့်သတ်ချက်များ ရှိနေသောကြောင့် ၂၀၁၆ ခုနှစ် မတ်လ (၁၅) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အင်အားအများစုရှိနေသောလွှတ်တော်က နှစ်ပေါင်း (၅၃)နှစ်အတွင်း နိုင်ငံ၏ပထမဦးဆုံးသော အရပ်သားသမ္မတအဖြစ် ဦးထင်ကျော်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ တရားဝင်ရာထူးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာရှိနေသော်လည်း သူမသည်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ခေါင်းဆောင်အဖြစ် ရှိနေသေးသကဲ့သို့ အကျိုးဆက်အနေဖြင့် သူမ၏ ပါတီနှင့် ရွေးချယ်တင်မြှောက်ထားသော အစိုးရ၏ မဟာဗျူဟာဦးတည်ချက်ကို ပဲ့ကိုင်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံသည် သမိုင်းကြောင်းအတွက် အရေးကြီးသည့် လမ်းဆုံလမ်းခွတွင် ရောက်ရှိနေသည်။ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသော အစိုးရတစ်ရပ်သည်နှင့် နိုင်ငံရေးစံနမူနာကို အပြောင်းအလဲဖြစ်စေသော လမ်းကြောင်းပေါ်တွင်မောင်းနှင်နေပေပြီ။ သို့သော်လည်း အစိုးရသစ်အနေဖြင့် ယခင်အစိုးရထံမှ ရရှိခဲ့သော အနာဂတ်ပဟောင်းနှင့် ကြီးထွားလာလျက်ရှိသည့် အသစ်အသစ်သော ဒုက္ခရပ်များလည်း စတင်ထွက်ပေါ်နေပြီဖြစ်သည့် အကူးအပြောင်းကို အမွေဆက်ခံနေရခြင်း ဖြစ်သည်။ အစိုးရနှင့် တပ်မတော်က သမိုင်းအစဉ်အဆက် ဗမာလူမျိုးအများစုကို မျက်နှာသာပေးခဲ့ပြီး ဗမာဗဟိုပြု အမျိုးသားရေးလက္ခဏာကို မြှင့်တင်

ခဲ့သည်။ ထိုအခြင်းအရာက တိုင်းရင်းသားလူနည်းစု အဖွဲ့အစည်းများကို မဲပေး ပိုင်ခွင့်ဆုံးရှုံးစေခြင်းနှင့် တိုင်းရင်းသားလူမျိုးတို့၏ နာကြည်းမှုကို နက်ရှိုင်းစွာကျန်ရှိ စေခြင်းတို့ကို ဖြစ်စေခဲ့သည်။ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုထိန်းသိမ်းရန် အားထုတ်ကြိုးပမ်း ခဲ့ကြသော်လည်း များစွာသောအဓိက လက်နက်ကိုင်အဖွဲ့အစည်း များက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ်ကို လက်မှတ် ရေးမထိုးခဲ့ဘဲ ပဋိပက္ခများဆက်လက် ဖြစ်ပွားနေပြီး အဆိုပါ ပဋိပက္ခများကြောင့် ရာထောင်ချီသောပြည်သူများက မိမိတို့နေရပ်များကိုစွန့်ခွာခဲ့ကြရသည်။[၃၀] မြန်မာနိုင်ငံ ၏ရှုပ်ထွေးပြီး ခေတ်နောက်ကျနေသော တရားရေးပတ်ဝန်းကျင်တွင် သင့်တော် လျောက်ပတ်သော ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုများ၊ စီးပွားရေးလုပ်ထုံးလုပ်နည်း များနှင့် မြေယာအသုံးပြုမှု မူဝါဒများလိုအပ်နေသည်။ တစ်ဆက် တည်းမှာ တွင် သဘာဝသယံဇာတများကို ဆက်လက်ထိန်းသိမ်းရန် မဖြစ်နိုင်သော ပုံစံများဖြင့် ထားရှိခြင်းသည်လည်း ကျန်ရှိနေဆဲဖြစ်ပြီး ပွင့်လင်းမြင်သာမှု မရှိဘဲ တစ်ခါတစ်ရံ စစ်ဖက်ဆိုင်ရာ အသိုင်းအဝိုင်းနှင့် အစိုးရအကျိုးစီးပွားနှင့်ပါ ဆက်စပ်နေလေ့ရှိသည်။ ကျေးလက်နေပြည်သူတို့၏ လယ်ယာပိုင်ဆိုင်မှုသည် မြေပမာဏ အများအပြား ဝယ်ယူလိုသူများအတွက် အားနည်းချက်တစ်ခု ဖြစ်လို့နေသည်။

ထို့ပြင် မွတ်စလင်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များကြား ဖြစ်ပွား နေသော တင်းမာမှုများက အချို့မြို့ကြီးများတွင် အဓိကရုဏ်းများကို ဖြစ်ပေါ်စေခဲ့ ပါသည်။ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဘာသာရေး အဓိကရုဏ်း သည် ခန့်မှန်းခြေအားဖြင့် လူပေါင်း ၁၄၀,၀၀၀ ခန့်ကို နေအိမ်များမှ ပြောင်းရွှေ့စေခဲ့ပြီး အစိုးရစခန်းများတွင် ဆက်လက် ရှိစေခဲ့ပါသည်။ မွတ်ဆလင် ဘာသာဝင်များကို စခန်းများမှ ထွက်ခွာခွင့်မပြုဘဲ ယင်းတို့ ရင်ဆိုင်နေရသော နိမ့်ပါးသည့် နေထိုင်မှု အခြေအနေများက နိုင်ငံတကာအဖွဲ့အစည်းများကို မြန်မာနိုင်ငံ၏လူသား အခွင့်အရေး ကတိကဝတ်အပေါ် အလေးအနက် မေးခွန်းထုတ်စရာ ဖြစ်စေခဲ့ပါသည်။[၃၁]

---

[၃၀] IDMC : မြန်မာပြည်တွင်း၌ ရောက်ရှိနေသော ရွေ့ပြောင်းနေထိုင်သူများ အချက်အလက်များ စိစစ်မှု (ဇတ်လ ၂၀၁၅)မှ ကောက်နုတ်ချက် http://www.internal-displacement.org/south-and-south-east-asia/myanmar/figures-analysis

[၃၁] နိုင်ငံတကာပဋိပက္ခစောင့်ကြည့်ရေးအဖွဲ့ (၂၀၁၄)၊ မြန်မာ၊ ရခိုင်ပြည်နယ် အရေးအခင်း (N261) မှ ကောက်နုတ်ချက် http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-myanmar / 261-myanmar-the-politics-of-rakhine-state.pdf

ထိုအပြောင်းအလဲများကြားအစိုးရသစ်သည် တက်ကြွပြီးအမျိုးအစားစုံလင်သည့် မီဒီယာတစ်ရပ်ကို နိုင်ငံ၏ဝေဟင္ဘာမဏ္ဍိုင်တစ်ခုအဖြစ် ထိရောက်စွာ ထမ်းဆောင်ရန် မြှင့်တင်ပေးရန်မှာ အရေးကြီးလှပါသည်။ အချိန်နှင့် တစ်ပြေးညီ ဘက်မလိုက်သည့်တိကျ သောသတင်းအချက်အလက်များကို ရရှိရန်လိုအပ်ပေသည်။ သို့မှသာ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အစိုးရ၏ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ပုံ့ကိုင်ရာတွင် တက်ကြွသော အခန်းကဏ္ဍတွင် ပါဝင်နိုင်မည် ဖြစ်သည်။ အချုပ်ဆိုရလျှင် အောက်ပါ အကြောင်းအရာများနှင့် စိစစ်တွေ့ရှိချက်များသည် မြန်မာနိုင်ငံ၏ မီဒီယာပတ်ဝန်းကျင်တစ်ခုလုံးကို ခြုံငုံသုံးသပ်ထားခြင်းဖြစ်ပါသည်။ အဆိုပါ အချက်အလက်များသည် အစိုးရသစ်နှင့် လက်ရှိ မီဒီယာအခန်းကဏ္ဍတွင် ဆက်စပ်ပတ်သက်နေသူများကို မီဒီယာကြီးတစ်ခုလုံး ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသိပေးရန်နှင့် အထောက်အကူ ဖြစ်စေရန် မျှော်လင့်ပါသည်။

## မီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်ခြင်း ဖွဲ့စည်းတည်ဆောက်ပုံ

ယခုအကဲဖြတ်မှုသည် ယူနက်စကိုမှ မီဒီယာဖွံ့ဖြိုးတိုးတက်မှု အညွှန်းများကို အသုံးပြုထားပါသည်။ အဆိုပါ အညွှန်း (၅၀) ခုနှင့် အညွှန်းငယ် အခွဲ (၁၉၀)ခုတို့ကို ၂၀၀၈ ခုနှစ် မတ်လတွင် (၂၆)ကြိမ် မြောက်အဖြစ် ကျင်းပခဲ့သော ယူနက်စကို၏ ဆက်သွယ်ဖွံ့ဖြိုးမှုအတွက် နိုင်ငံတကာအစီအစဉ် (IPDC) အတွက် ယူနက်စကိုအဖွဲ့တွင်အုပ်ချုပ်မှုကောင်စီက အတည်ပြုထားပြီး ဖြစ်ပါသည်။ MDI ကို အခန်း (၅) ခန်း ခွဲခြားထားပါသည်။

**အခန်း (၁)** သည် လွတ်လပ်စွာထုတ်ဖော် ရေးသားခြင်းအတွက် အခြေခံဥပဒေနှင့် တရားရေးဆိုင်ရာ အာမခံချက်များ၊ မီဒီယာအမျိုးအစား စုံလင်မှုနှင့် မတူကွဲပြားမှုများကို အကဲဖြတ်သည်။ ထိုသို့ အကဲဖြတ်မှုတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်သောဥပဒေများ၊ သတင်းအချက်အလက် ရယူခွင့်၊ မီဒီယာဥပဒေများ၊ စာတည်းလွတ်လပ်ခွင့်နှင့် စာပေစိစစ်ရေးတို့ ပါဝင်သည်။

အခန်း (၂) သည် မီဒီယာများ အမျိုးအစားစုံလင်မှုကို မြှင့်တင်ရန် နိုင်ငံတော်က လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် လွှန်ကဲသည့် ပိုင်ဆိုင်မှုများ အသုံးချခြင်းကို ကာကွယ်ရန် အကဲဖြတ်ခြင်းဖြစ်သည်။ ထိုအခြင်းအရာတွင် မီဒီယာလိုင်စင်များ ပြုလုပ်ခြင်း၊ အခွန်ပေးဆောင်ခြင်းနှင့် နိုင်ငံတော်၏ကြော်ငြာသုံး ငွေခွဲဝေချမှတ်ရေး မူဝါဒများ ပါဝင်သည်။

အခန်း (၃) တွင် ဒီမိုကရေစီနည်းကျ ပြောဆိုဟောပြောမှုများအတွက် မည်သည့် မီဒီယာကို ပလက်ဖောင်းတစ်ခုအဖြစ် အသုံးပြုမည်ဆိုသည့် အတိုင်းအတာကို အကဲဖြတ်သည်။ ထိုသို့ပြုလုပ်ရာတွင် လူမှုနယ်ပယ်အစိတ်အပိုင်းအားလုံးသို့ သတင်း အချက်အလက်များ ဖြည့်ဆည်းနိုင်သည့် မီဒီယာ၏အရည်အသွေး၊ အများပြည်သူ ဝန်ဆောင်မှုရုပ်သံ (တစ်ခုတည်းရှိပါက)၏ အမိုအခိုကင်းမှု၊ မီဒီယာအပေါ်ထားသည့် အများပြည်သူတို့၏ အမြင်နှင့်ယုံကြည်မှု စသည်တို့နှင့် မီဒီယာသမားအားလုံးတို့၏ လုံခြုံမှုတို့ကို အကဲဖြတ်ခြင်းဖြစ်သည်။

အခန်း (၄) သည် မီဒီယာသမားများအတွက်ရရှိနိုင်မည့် အဆင့်မြင့်ပညာများနှင့် အတတ်ပညာလေ့ကျင့်ပေးမည့် သင်တန်းများကို အကဲဖြတ်သည်။ ထိုနည်းတူစွာ မီဒီယာသမားများ ပါဝင်သောအဖွဲ့အစည်းများ၊ ယေဘုယျအားဖြင့် မီဒီယာအသိုင်း အဝိုင်းနှင့် လူထုအခြေပြုအဖွဲ့အစည်းများကြား ဆက်ဆံရေး စသည်တို့ကိုလည်း အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

အခန်း (၅) သည် အမှီအခိုကင်းပြီး အမျိုးအစားစုံလင်သော မီဒီယာကို ပံ့ပိုးပေးရန် အခြေခံအဆောက်အအုံ အရည်အသွေးမြှင့်တင်မှုရှိမရှိကို အကဲဖြတ်သည်။ ထို့ကြောင့် လူဦးရေ အထူးသဖြင့် ခေတ်မီဆက်သွယ်ရေး၊ သတင်း အချက်အလက်နှင့် နည်းပညာတို့ကို အသုံးပြုနိုင်သော ဖယ်ကြဉ်ခံလူမှု အဖွဲ့အစည်းများ၏ လုပ်နိုင် စွမ်းကိုပါ သုံးသပ် ဆင်ခြင်ရမည် ဖြစ်သည်။

အကဲဖြတ်သုတေသနကို ရည်ညွှန်းထားသောခေါင်းစဉ်အပိုင်းများနှင့် ကိုက်ညီမှု ရှိစေရန် အခန်းများခွဲထားခြင်းဖြစ်သည်။ ထို့ကြောင့် စုစုပေါင်းအနေဖြင့် အခန်း (၅) ခန်း ပိုင်းခြားထားပါသည်။ ဤအကဲဖြတ်သုတေသန၏ အဓိကအချက် အလက်များနှင့် အကြံပြုချက်များကို အကဲဖြတ်စာတမ်း၏ အစပိုင်းတွင် တွေ့ရှိနိုင်

ပါသည်။ မှတ်သားရမည့် အချက်အနေဖြင့် အကဲဖြတ် မှတ်တမ်းတွင် စာရင်းပြုစုထားသည့် ရည်ညွှန်းချက်များသည် မီဒီယာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များကို မီးမောင်းထိုးပြရန်နှင့် သင့်တင့်လျောက်ပတ်သော ထောက်ခံချက်များကိုဆောင်ရွက်ရန် သဘောဝကျကျပုံဖော်ထားခြင်း ဖြစ်သည်။ ဥပမာ။ ။ တိုင်းတာချက် ၂.၁ တွင် "နိုင်ငံတော်သည် အမျိုးအစားစုံလင်သော မီဒီယာကို မြှင့်တင်ရန် အပြုသဘော ဆောင်သည့် ဆောင်ရွက်မှုများကို လုပ်ဆောင်သည်" ဟု ဖော်ပြထားသည်။ အဆိုပါ ဖော်ပြချက်သည် အချက်အလက်မဟုတ်ပေ။ နိုင်ငံတော်က အမျိုးအစားစုံလင်သော မီဒီယာကဏ္ဍကို မြှင့်တင်ရန် အပြုသဘောဆောင်သည့် အတိုင်း အတာများကို ဆောင်ရွက်သည်ဟု ပြည့်စုံစွာဆိုလိုထားခြင်း မဟုတ်ပေ။ ဆိုလိုသည်မှာ ယင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် အလေးအနက်ထား ဆောင်ရွက်ရမည့် ရည်မှန်းချက် ပန်းတိုင်တစ်ခုဖြစ်သည်။ အညွှန်းခေါင်းစဉ်များ၏ အောက်တွင်အကဲဖြတ်မှုသည် အဆိုပါ ရည်မှန်းချက်များကို မည်မျှအတိုင်းအတာထိ ပုံဖော်ပြီးဖြစ်ကြောင်းကို ဖော်ပြထားသည်။

## သုတေသနပြုလုပ်မှုနည်းလမ်း

### သုတေသနအဖွဲ့ဖွဲ့စည်းပုံနှင့် ပေါင်းစပ်မှု

မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်သုတေသနကို နိုင်ငံတကာမီဒီယာထောက်ပံ့ ကူညီရေးအဖွဲ့အစည်း (IMS)နှင့် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်၊ သတင်းအတတ်ပညာဌာနတို့ ပူးပေါင်းပြုလုပ်ခြင်း ဖြစ်သည်။ သုတေသန ပြုလုပ်နေစဉ် ကာလအတွင်း ရည်ညွှန်းချက်များဆိုင်ရာ နည်းပညာပိုင်း ကြီးကြပ်မှု IMS က ဆောင်ရွက်သည်။ IMS အနေဖြင့် ယခု အကဲဖြတ်မှုအတွက် ပြည်တွင်း၊ ပြည်ပ ရည်ညွှန်းချက်များကို ချိန်ထားပါသည်။ သုတေသန ပူးပေါင်း ဆောင်ရွက်သူများသည် သုတေသနနည်းလမ်းများနှင့် အချက်အလက်များစုဆောင်း ခြင်းနည်းလမ်းများအတွက် တာဝန်ရှိသည်။ ယင်းအဖွဲ့သည် သတင်း အတတ်ပညာ ဌာနမှ သုတေသနအဖွဲ့နှင့်အတူ အချက်အလက်များရယူပြီး အချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် MDI အကဲဖြတ်မှုမှတ်တမ်း မူကြမ်းရရှိရေးကို ဆောင်ရွက် ကြပါသည်။ IMS သည် အကဲဖြတ် သုတေသနကို အစီအစဉ်တကျ ဦးစီးဆောင် ရွက်ရန် အဖွဲ့ခေါင်းဆောင်တစ်ဦးအား ပံ့ပိုးပေးထားသည်။ အမျိုးသားစီမံခန့်ခွဲမှု

ပညာကောလိပ်၊ သတင်းအတတ်ပညာဌာနသည် ယခုစီမံကိန်းအတွက် သုတေသန အဖွဲ့တွင် တွဲဖက်ပါမောက္ခ (၃) ဦး၊ နည်းပြ (၄) ဦး၊ မဟာဝိဇ္ဇာ အရည်အချင်းစစ် ကျောင်းသူ (၅) ဦးတို့ ပံ့ပိုးပေးထားပါသည်။[၃၃] သုတေသနအဖွဲ့သည် သုတေသန ပူးပေါင်းဆောင်ရွက်သူများမှ ပံ့ပိုးပေးသော အချက်အလက်ရယူခြင်း နည်းလမ်းများ အသုံးပြုကာ ပင်မသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တာဝန်ရှိသည်။ IMS သည် လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း အချက်အလက်များ ကောက်ခံခြင်းကိုထောက်ပံ့ပေးရန် သုတေသနပညာရှင် (၃)ဦးကိုလည်း ထပ်တိုးပံ့ပိုးပေး ထားသည်။

## သုတေသနပြုလုပ်ရာနေရာများ

မြန်မာနိုင်ငံသည် ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခု တို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည်။ ယခုသုတေသနကို ပြည်နယ်ငါးခုနှင့် တိုင်းဒေသကြီး လေးခုတို့တွင် ပြုလုပ်ခဲ့ပါသည်။ ထိုနေရာများကို အပြာရောင်ဖြင့် အောက်ဖော်ပြပါ မြေပုံပေါ်တွင် တင်ပြထားပါသည်။ အချို့သော တွေ့ဆုံမေးမြန်းမှုများကို နေပြည်တော်ရှိ အစိုးရရုံး ဌာနများတွင် ပြုလုပ်ခဲ့ပါသည်။ တိုင်းရင်းသား လူမျိုးကွဲများရှိသည့် နေရာဒေသများကို သုတေသန နယ်ပယ်အဖြစ် ရွေးချယ်ခဲ့ပါသည်။ သတိပြုမိသည်မှာ ပြည်နယ် ခုနစ်ခု အသီးသီးတွင် တိုင်းရင်းသားလူမျိုးများ ကွဲပြားစွာတည်ရှိနေမှုပင် ဖြစ်သည်။ ပြည်နယ်တစ်ခုချင်းစီ၏ အမည်သည် အဓိကတိုင်းရင်းသား လူမျိုးစုကို ကိုယ်စားပြုဖော်ပြထားသည်။ ပထဝီဝင်အနေအထားအရ မီဒီယာလုပ်ငန်းများ အဓိကတည်ရှိရာနေရာ ဒေသများကို ဦးစားပေးရွေးချယ်ခဲ့ ပါသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်ပြီး မီဒီယာလုပ်ငန်းများ အဓိက တည်ရှိရာနေရာဖြစ်သော ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည်။

[၃၃] မဟာဝိဇ္ဇာအရည်အချင်းစစ် ကျောင်းသားများဆိုသည်မှာ သတင်းအတတ်ပညာ ဘာသာရပ်တွင် ဘွဲ့ကြိုတန်းပြီးမြောက်ပြီး၍ အခြားနိုင်ငံများတွင် ဘွဲ့လွန်လျှောက်ရန် ကြိုးစားနေကြသော ကျောင်းသားများ ဖြစ်သည်။ လက်ရှိအချိန်တွင် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် တက်ရောက်နေကြသည်။

## ပုံ (၁) သုတေသနတည်နေရာ[၃၄]




---

[၃၄] ယခုမြေပုံကို မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်မှ ရေးဆွဲပေးသည်။

## အချက်အလက်စုဆောင်းခြင်း နည်းလမ်းများ

### စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်း

သုတေသနအဖွဲ့အနေဖြင့် မြန်မာနိုင်ငံမီဒီယာနယ်ပယ်ရှိ စာအုပ်စာတမ်းများကိုပြန်လည်ဖတ်ရှု သုံးသပ်ခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းတို့တွင် သုတေသနတွေ့ရှိချက်များ၊ ပြည်သူ့သဘောထား စစ်တမ်းကွင်းဆင်း ကောက်ယူထားမှုများ၊ ဆောင်းပါးများ၊ အစိုးရထုတ်စာစောင်များ၊ မီဒီယာအဖွဲ့အစည်းများက သင်တန်းပေးသည့်စာအုပ်စာစောင်များ၊ မီဒီယာကျင့်ဝတ်များနှင့် အယ်ဒီတာ့ အာဘော်လမ်းညွှန်ချက်များ၊ မီဒီယာ အလုပ်ရုံဆွေးနွေးပွဲက တင်ပြချက်အသံဖိုင်များနှင့် ပါဝါပွိုင့်များ ပါဝင်ပါသည်။

### ဥပဒေကျွမ်းကျင်သူများထံမှ အတည်ပြုချက်ရယူခြင်းများ

မီဒီယာဖွံ့ဖြိုးတိုးတက်မှု တိုင်းတာခြင်း၏ အခန်း(၁)တွင် မီဒီယာဥပဒေနှင့် ပတ်သက်၍ သိနားလည်ရန်လိုအပ်သကဲ့သို့ ကျယ်ပြန့်သည့် ဥပဒေပိုင်းဆိုင်ရာများနှင့် လွတ်လပ်စွာ ရေးသားဖော်ပြမှုကို ကန့်သတ်ထားမှုများကိုသိရှိရန် လိုအပ်ပါသည်။ သုတေသန အဖွဲ့အနေဖြင့် မြန်မာဥပဒေပညာရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီးမီဒီယာနှင့် ဆက်စပ်နေသော သို့မဟုတ် လွတ်လပ်စွာဖော်ပြမှု၏ အကျိုးသက်ရောက်မှုနှင့် ဆက်စပ်နေသည့်ဥပဒေများနှင့် သတ်မှတ်ချက်များအတွက် မေးမြန်းခဲ့သည်။

### ပြည်သူလူထုသဘောထားစစ်တမ်း ကောက်ယူခြင်း

အခန်း (၃) တွင် လူထု၏ မီဒီယာအပေါ်အမြင်နှင့် အခန်း (၅) တွင် ကွဲပြားခြားနားသော မီဒီယာအပေါ် လူထု၏အကဲဖြတ်မှု လိုအပ်ပါသည်။ ထိုသတင်း အချက်အလက်များဖြည့်တင်းရန် သုတေသနပြုသူများက တွေ့ဆုံမေးမြန်းမည့် မေးခွန်းကို ယေဘုယျအားဖြင့် ပြည်သူလူထု သဘောထားမေးမြန်းခံယူ အကဲဖြတ်မှုအပေါ် မူတည်၍ မေးမြန်းရပါသည်။ လူထုသဘောထား စစ်တမ်းနမူနာကောက်ယူခြင်းကို အကောင်အထည်ဖော်ရာတွင် ပြင်ပသတင်းရင်းမြစ်အနေဖြင့် မီဒီယာဈေးကွက်သုတေသနအဖွဲ့နှင့်ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ လူထုသဘောထားစစ်တမ်းကောက်ယူ

ရာတွင် နိုင်ငံအဝှမ်းကိုယ်စားပြုသည့် ဖြေဆိုသူစုစုပေါင်း (၁၀၂၀) ဦးရှိရာ ၉၅% သည် ခိုင်မာမှုရှိပြီး ၅% နှင့် အောက်သည် အနည်းငယ်လွဲမှားမှု ရှိနိုင်သည်။[၃၄]

## အဓိကသတင်းအချက်အလက်ပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း

မီဒီယာနယ်ပယ်ရှိ ကုမ္ပဏီများအပါအဝင် အဓိကသတင်း အချက်အလက်ပေးသူ စုစုပေါင်း (၉၀)ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့ပါသည်။[၃၅] ယင်းတို့တွင် မန်နေဂျာ၊ အယ်ဒီတာ၊ သတင်းထောက်၊ ရှေ့နေ၊ အစိုးရဝန်ထမ်း၊ မီဒီယာသင်တန်းပေးသူ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်မီဒီယာ၊ မီဒီယာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော မီဒီယာအဖွဲ့အစည်းများ ပါဝင်ပါသည်။ ထို့ပြင် အဓိကသတင်းအချက်အလက်များ တွေ့ဆုံမေးမြန်းခြင်းတွင် မီဒီယာအဖွဲ့အစည်းများမှ သတင်းထောက်များ၊ အယ်ဒီတာ များနှင့် မန်နေဂျာများကို ပုံစံငယ်များတည်ဆောက်ရန် တွေ့ဆုံခဲ့ပါသည်။

အဓိက သတင်းအချက်အလက်များ တွေ့ဆုံမေးမြန်းမှု ၂၆ခုအနက် ခုနသည် ရန်ကုန်မြို့ပြင်ပရှိတိုင်းနှင့် ပြည်နယ် မြို့ကြီးများရှိ ပုဂ္ဂလိကပိုင်မီဒီယာလုပ်ငန်းများမှ မန်နေဂျာများ၊ အယ်ဒီတာများနှင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ (သုတေသနတည်နေရာကဏ္ဍတွင် ကြည့်ပါ။) တစ်ချို့သော တွေ့ဆုံမေးမြန်းမှုများကို

---

[၃၄] အဆင့်လိုက်ကျပန်းနမူနာ ကောက်ယူသည့် နည်းလမ်းကိုအသုံးပြုခဲ့သည်၊ ကုန်ကျစရိတ်ထိရောက်မှု ရှိစေရန်အတွက် အသက်၁၈ နှစ်နှင့် အထက် အိမ်ထောင်စုဝင်များကို ကျပန်းစာရင်းဖြင့် ကြိုတင်သတ်မှတ် ရွေးချယ်ခဲ့သည်။ ဝေးလံသော ဒေသဖြစ်ခြင်းနှင့် လူဦးရေ နည်းပါးခြင်းတို့ကြောင့် ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လုထုသဘောထားစစ်တမ်း ကောက်ယူမှု မပြုလုပ်ခဲ့ပါ။ ၎င်းက ခန့်မှန်းခြေအားဖြင့် စုစုပေါင်း လူဦးရေ ၄.၇၈ % ကို လျှော့ချခဲ့သည်။ (ဟုတ်/ မဟုတ်) မေးခွန်းကို အသုံးပြုရာတွင် ၉၅% အားဖြင့် ခိုင်မာမှုရှိပြီး မှားနိုင်ခြေအားဖြင့် ၅% ရှိသည်။

[၃၅] ထိုဇယားတွင် မေးမြန်းပြီးသော တစ်ဦးချင်းစီတိုင်းကို ထပ်မံဆက်သွယ်မှု မပါဝင်ပါ။ ဥပမာ သုတေသနလုပ်ဆောင်မှု တလျှောက်တွင် မီဒီယာပတ်ဝန်းကျင် စဉ်ဆက်မပြတ် ပြောင်းလဲနေသည့်အတွက် ပြောင်းလဲ ဖြစ်ပေါ်လာသော မတူညီသည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီးကုမ္ပဏီများ၊ လုပ်ငန်းရှင်များကို အကြိမ်များစွာ တွေ့ဆုံမေးမြန်းခဲ့ရသည်၊ တဆက်တည်းမှာပင် ထိုစာရင်းဇယားတွင် နောက်ဆက်တွဲ အီးမေးလ်နှင့် တယ်လီဖုန်းတို့ကဲ့သို့သော ဆက်သွယ်မှုမပါဝင်ပါ။ ဇယားထဲတွင် ကုမ္ပဏီလုပ်ငန်းအဆင့်ခွဲခြားသတ်မှတ်ရာ၌ မီဒီယာပတ်ဝန်းကျင်လောကတွင် အခြားသော ကုမ္ပဏီများပါဝင်သော အခန်းကဏ္ဍများအား ထည့်သွင်းစဉ်းစားခြင်း မပြုပါ။ တွေ့ဆုံမေးမြန်းထားသော သတင်းသမားများသည် မီဒီယာအဖွဲ့အစည်းများနှင့် သက်ဆိုင်နေပြီး မီဒီယာသင်တန်းကျောင်းများတွင်လည်း သင်တန်းပေးသော်လည်း ၎င်းတို့အား တစ်ကြိမ်သာလျှင် ရေတွက်စာရင်းသွင်းထားသည်။

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် အစိုးရတာဝန်ရှိသူ များနှင့်ပြုလုပ်ခဲ့သည်။

အခါအားလျော်စွာ သုတေသန လိုအပ်ချက်အရ တူညီသည့်မီဒီယာ အဖွဲ့အစည်းတစ်ခု အတွင်းရှိ ကွဲပြားသောအဖွဲ့ဝင်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ သို့ဖြစ်ရာ အဓိက သတင်းအချက်အလက်များ ပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း အကြိမ်(၉၀)တွင် အဖွဲ့အစည်းပေါင်း(၇၇)ခုကို မေးမြန်းနိုင်ခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သည့်အဖွဲ့အစည်း စာရင်းများကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။

## ဇယား (၁) မီဒီယာလုပ်ငန်းလုပ်ကိုင်နေသည့် အဓိက သတင်းအချက်အလက် ပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း

| ပါဝင်ဆက်နွယ်မှုရှိသောအုပ်စု | | အဓိကသတင်းအချက်အလက်ပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း |
|---|---|---|
| အယ်ဒီတာ/မန်နေဂျာ (ပုဂ္ဂလိက မီဒီယာ) | ရုပ်သံလွှင့် | ၁၀ |
| | ပုံနှိပ် | ၂၆ |
| အယ်ဒီတာ/မန်နေဂျာ (အစိုးရပိုင် မီဒီယာ) | ရုပ်သံလွှင့် | ၄ |
| | ပုံနှိပ် | ၄ |
| သတင်းထောက် | | ၁၅ |
| အစိုးရ | | ၆ |
| မီဒီယာအဖွဲ့အစည်း | | ၃ |
| မီဒီယာ NGO/ CSOs | | ၅ |
| သင်တန်းကျောင်းများ | | ၈ |
| ဥပဒေပညာရှင်များ | | ၆ |
| အခြား | | ၃ |
| စုစုပေါင်း | | ၉၀ |

## အုပ်စုဖွဲ့ဆွေးနွေးခြင်းများ (FGD)

အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို ပြည်နယ်ငါးခုနှင့် တိုင်းဒေသကြီးလေးခုတို့တွင် ၄၈ကြိမ် ပြုလုပ်ခဲ့ပါသည်။[၁၇] ၁၄ကြိမ်ကို ဂျာနယ်လစ်များနှင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၃၄ကြိမ်ကို ပြည်သူလူထုနှင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မေးမြန်းခဲ့သော မေးခွန်းများမှာ ယင်းအုပ်စုနှစ်ခုအတွက် သီးသန့်သတ်မှတ်ထားသော မေးခွန်းများဖြစ်ပြီး သတ်မှတ်ထားသော တိုင်းတာချက်များနှင့် ဆက်စပ်နေပါသည်။ အချို့သော အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို ကျား၊ မ အလိုက်သီးခြားစီပြုလုပ်ထားသကဲ့သို့ အခြားဆန်းစစ်မှုများကို ကျား၊ မ ရောနှော၍ပြုလုပ်ထားပါသည်။

### ဇယား (၂) အုပ်စုဖွဲ့ဆွေးနွေးမှုများ

| ပြည်နယ်/ တိုင်းဒေသကြီး | သတင်းထောက်၊ မီဒီယာသမားများ | | | ပြည်သူလူထု | | | | | |
|---|---|---|---|---|---|---|---|---|---|
| | (ကျား) (FGD) | (မ) (FGD) | (ကျား/မ) (FGD) | ကျေးလက် (ကျား) (FGD) | မြို့ပြ (ကျား) (FGD) | ကျေးလက် (မ) (FGD) | မြို့ပြ (မ) (FGD) | ကျေးလက် (ကျား/မ) (FGD) | မြို့ပြ (ကျား/မ) (FGD) |
| ရန်ကုန်တိုင်းဒေသကြီး | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၁ | ၀ | ၀ |
| မန္တလေးတိုင်းဒေသကြီး | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၀ |
| ပဲခူးတိုင်းဒေသကြီး | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| တနင်္သာရီတိုင်းဒေသကြီး | ၁ | ၀ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၀ |
| ကချင်ပြည်နယ် | ၁ | ၀ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၀ |
| ရှမ်းပြည်နယ် | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၂ | ၁ | ၀ |
| မွန်ပြည်နယ် | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၀ |
| ကရင်ပြည်နယ် | ၀ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၀ |
| ရခိုင်ပြည်နယ် | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၀ |
| စုစုပေါင်း | ၃ | ၁ | ၁၀ | ၇ | ၁၀ | ၆ | ၉ | ၁ | ၁ |
| စုစုပေါင်း | ၁၄ | | | ၃၄ | | | | | |

[၁၇] အုပ်စုဖွဲ့ဆွေးနွေးမှုအများစုတွင် ခန့်မှန်းခြေလူဦးရေ ၈ ဦးမှ ၁၂ ဦး အထိ ပါဝင်ပါသည်။

## ခြုံငုံအကဲဖြတ်ခြင်းနှင့် အထောက်အထားများတင်ပြခြင်း

မီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်လုပ်ငန်းသည် မီဒီယာတိုးတက်ရေး အဖွဲ့အစည်းများ၊ အစိုးရ မီဒီယာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကမီဒီယာ လုပ်ငန်းများကို ကိုယ်စားပြုသည့် မီဒီယာလုပ်ငန်းတွင် အဓိကပါဝင် ဆောင်ရွက်နေကြသူများနှင့် ဖွဲ့စည်းထားသော အကြံပေးကော်မတီ၏ အကြံဉာဏ်များနှင့် ပံ့ပိုးမှုများကြောင့် အကျိုးကျေးဇူးများစွာ ရရှိခဲ့ပါသည်။ သုတေသနရလဒ်များကိုလည်း အထောက်အထားခိုင်မာမှုနှင့် ပြည့်စုံမှုရှိကြောင်း အတည်ပြုပြီးဖြစ်ပါသည်။ အကြောင်းအရာအလိုက် ကျွမ်းကျင်သူများနှင့် အဖွဲ့အစည်း ငါးခုကိုရွေးချယ်ပြီး အညွှန်းကိန်းအခန်း(၅)ခုတွင် တစ်ခုချင်းစီအလိုက် ရေးသားတင်ပြချက် မူကြမ်းများအပေါ် တုန့်ပြန်မှုများပြန်လည် တောင်းခံခဲ့ပါသည်။[၃၈]

အထောက်အထားခိုင်မာမှု အတည်ပြုခြင်း လုပ်ဆောင်ရာတွင်လည်း မီဒီယာဖွံ့ဖြိုးတိုးတက်မှု တိုင်းတာရေးအတွက် တရားဝင်အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲတွင် အချို့သော အကြံပေးကော်မတီအဖွဲ့ဝင်များပါသကဲ့သို့ မီဒီယာစီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်တက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်သူများက သုတေသန၏ အကြမ်းဖျင်းတင်ပြချက်များနှင့် သုံးသပ်ချက်များပေါ်တွင် ပြန်လည်တုံ့ပြန်ဆွေးနွေး ပေးခဲ့သည်။[၃၉] ထို့ပြင် မကြာသေးမီက ပြောင်းလဲတိုးတက်လာသော မီဒီယာလုပ်ငန်း

[၃၈] အကြောင်းအရာလိုက်ကျွမ်းကျင်သူများက တိုင်းတာချက်အခန်းကဏ္ဍအကြမ်းများကို ပြန်လှန်သုံးသပ်ပေးခြင်းဖြင့် ပံ့ပိုးပေးခဲ့သည်၊ သို့သော် စာတမ်းအပေါ် လွှမ်းမိုးမှုမရှိပါ၊ ထို့ကြောင့် နောက်ဆုံးအဆင့် မူကြမ်းတွင် အဖွဲ့အစည်းမှ ကျွမ်းကျင်သူများကို အသိပေးခြင်းဖြင့် ပူးပေါင်းပါဝင်စေသည်။ သို့သော် ယင်းအကဲဖြတ်မှု အမြင်နှင့် သဘောထားများသည် သုတေသနသမားများ၏မှ ဖြစ်သည်။ IMS, UNESCO, သို့မဟုတ် အကြောင်းအရာအလိုက် ကျွမ်းကျင်သူများ ရွေးချယ်ထားသော အဖွဲ့အစည်းများမှမဟုတ်ပါ။

[၃၉] MDI ရလဒ်ခိုင်မာအောင်ပြုလုပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲအနေဖြင့် MDI ၏ အခန်း ၂၊ ၃၊ ၄ တို့ကို ခြုံငုံမိစေသည်။ မီဒီယာဥပဒေအပေါ် စူးစိုက်လေ့လာသည့် အခန်း (၁) အတွက် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာမီဒီယာ ရှေ့နေများကွန်ယက် (MMLN) မှ အဖွဲ့ဝင်များနှင့်အတူ ၂၀၁၅ ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည်။ အခန်း (၅) အတွက် အလုပ်ရုံဆွေးနွေးပွဲ မလုပ်ဖြစ်ပါ။ အဘယ့်ကြောင့်ဆိုသော် အစိုးရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုစနစ်နှင့် သတင်းအချက်အလက်နှင့် နည်းပညာ ဆက်သွယ်ရေးတို့၏ နည်းပညာဆိုင်ရာသိရှိရန် ဝန်ကြီးဌာန လိုအပ်ချက်များကြောင့် ဖြစ်သည်။ ၎င်းကိုပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တို့ထံ နောက်ဆက်တွဲ ဆက်သွယ်ဆောင်ရွက်ခြင်းအားဖြင့် အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့ပါသည်။

အပေါ်ဆွေးနွေးခဲ့ကြပြီး အကဲဖြတ်တွေ့ရှိချက်များကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိရန်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲပြီးသည့်နောက်ရက်သတ္တပတ်တွင် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ပြင်ဆင်ထားသည့် သုံးသပ်ချက်ပါ အခန်း (၅)ခန်းကို အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်သူများထံ အီးမေးလ်ဖြင့် ပေးပို့ခဲ့ပါသည်။ ထို့နောက် နှစ်ပတ်အကြာတွင် တက်ရောက်သူများက သုံးသပ်ချက်များနှင့်အတူ ပြန်လည်တုံ့ပြန် ပေးပို့ခဲ့ပါသည်။

## သုတေသနအတွက်ကန့်သတ်ချက်များ

ယခုမီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်ခြင်း သုတေသနအတွက်ခန့်မှန်းခြေအားဖြင့် တစ်နှစ်ခွဲခန့်ကြာမြင့်ခဲ့ပါသည်။ ယင်းတွင် သုတေသနအပေါ် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်းနှင့် ခိုင်မာအောင်အတည်ပြုခြင်း လုပ်ငန်းစဉ်များ ပါဝင်ပါသည်။ ထိုအချိန် ကာလအတွင်း မြန်မာနိုင်ငံရှိ မီဒီယာလုပ်ငန်းပိုင်းဆိုင်ရာ ဆင့်ကဲပြောင်းလဲမှုများမှာလျင်မြန်စွာဖြစ်ပေါ်ခဲ့ခြင်းကြောင့် အကဲဖြတ်မှုနှင့် ကိုက်ညီအောင် ပြုပြင်မွမ်းမံမှုများလိုအပ်သည့်အတွက် သုတေသနမူကြမ်းကို အပြန်ပြန်အလှန်လှန် စိစစ်ဆေးခြင်း၊ နောက်ဆက်တွဲသုတေသနနှင့် ပြင်ဆင်ခြင်းတို့ကိုပြုလုပ်ခဲ့ကြသည်။ ကံအားလျော်စွာ သုတေသနအဖွဲ့ဝင်များအနေဖြင့် ပြောင်းလဲလာသောမီဒီယာဝန်းကျင်နှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်နိုင်ခဲ့သည်။ သုတေသန ဆောင်ရွက်မှု တလျှောက်တွင် မီဒီယာပညာရှင်များနှင့် ကောင်းမွန်စွာဆက်သွယ်ဆက်ဆံမှုများရရှိခဲ့ပြီး မီဒီယာဖွံ့ဖြိုးတိုးတက်မှု တိုင်းတာအကဲဖြတ်ခြင်း သုတေသနတွင်ပါဝင်သော အခန်းကဏ္ဍများအတွက်အထောက်အပံ့များစွာ ရခဲ့ပါသည်။ တဆက်တည်းမှာပင် မီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်ခြင်း အထောက်အထားများ ခိုင်မာအောင်အတည်ပြုသည့် အလုပ်ရုံဆွေးနွေးပွဲနှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များကို ၂၀၁၆ခုနှစ် ဧပြီလအထိ အကြောင်းအရာအလိုက် အမှားအယွင်းကင်းစေရန် ပညာရှင်များနှင့်ပြုလုပ်ခဲ့သည်။

မီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်ခြင်း၏ အကျိုးဆက်နှင့် မီဒီယာဝန်းကျင်ပြောင်းလဲမှု အခြေအနေများကို စာအုပ်ထုတ်ဝေပြီးချိန်တွင် အသက်ဝင်သည့် လက်စွဲစာအုပ် အဖြစ်ရှိနေစေရန် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် (ယခု အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်)၊ သတင်းအတတ်ပညာဌာနမှ သုတေသန

ဆောင်ရွက်သူများနှင့် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ခြောက်လအတွင်း အခန်း (၁) ၏ နောက်ဆက်တွဲ ဖြည့်စွက်မွမ်းမံမှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အကဲဖြတ်မှုတစ်အုပ်လုံးကို (၁)နှစ်အကြာတွင် ဖြည့်စွက်မွမ်းမံမှုနှင့်အတူ (၃)နှစ်တိုင် နှစ်စဉ်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ နောက်ဆက်တွဲအကဲဖြတ်မှုများမှာ မူလတင်ပြထားချက်များအတိုင်း တသသမတ်တည်း တင်ပြရန်လိုအပ်မည် မဟုတ်ပါ။ ယခုအကဲဖြတ်မှုတ်တမ်းအား အခြေခံထားကာ မီဒီယာဝန်းကျင်အား ဆက်လက်စောင့်ကြည့်မှုများကို အကောင်းဆုံးပံ့ပိုးပေးနိုင်ရန် နောက်ဆက်တွဲ အကဲဖြတ်မှုများတွင် မူလအကဲဖြတ်မှုမှ ပတ်သက်ဆက်နွယ်သော အခြေခံတိုင်းတာချက်များ ပါဝင်သင့်ပါသည်။

# အခန်း (၁)

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဗဟုဝါဒနှင့် အမျိုးအစားစုံလင်သော မီဒီယာများကို အထောက်အကူပြုစေနိုင်သည့်ဥပဒေစနစ်

# အခန်း (၁)

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဗဟုဝါဒနှင့် အမျိုးအစားစုံလင်သောမီဒီယာများကို အထောက်အကူပြုစေနိုင်သည့် ဥပဒေစနစ်

### (က) တရားဥပဒေနှင့် မူဝါဒနောက်ခံ

### ၁.၁ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းကို ဥပဒေတွင်အာမခံချက်ပေးထားပြီး လက်တွေ့လေးစားလိုက်နာခြင်း

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတကာ ဥပဒေများတွင် များစွာသောစာချုပ်စာတမ်းများနှင့် ကြေညာစာတမ်းများဖြင့် အာမခံချက်ပေးထားသည်ကို အခြေခံလူ့အခွင့်အရေးဆိုင်ရာ မူလဖြည့်စွမ်းချက်များအဖြစ် အသိအမှတ်ပြုထားသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပြည်သူ့နှင့်နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်[၂၀] အပိုဒ် (၁၉) နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၁၉) တွင် တိုက်ရိုက်အာမခံချက်ပေးထားသည်ကို တွေ့နိုင်ပါသည်။

> "လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟ ဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင် နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တစ်နည်းနည်းဖြင့် လွတ်လပ်စွာရှာယူဆည်းပူးနိုင်ခွင့် လက်ခံနိုင်ခွင့်နှင့်အတူ ဖြန့်ချိခွင့်တို့လည်းပါဝင်သည်။"

[၂၀] ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် ၂၂၀၀က (၂၁)၊ ၁၆ ဒီဇင်ဘာ ၁၉၆၆၊ ၂၃ မတ်လ ၁၉၇၆ တွင် အာဏာတည်သည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်ရေးဆိုင်ရာ ကွန်ဗင်းရှင်း[၂၇] တွင် ပါဝင်လက်မှတ်ရေးထိုးထားသော်လည်း ပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR)[၂၈] နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သက်ဆိုင်သည့် အခြားမည်သည့် နိုင်ငံတကာစာချုပ်များ - ဥပမာ - ပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် (ICCPR)၏ ပထမသဘောတူညီချက် သို့မဟုတ် ပုံစံမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (ICERD) စသည့် မည်သည့် သဘောတူညီချက်ကိုမျှ သဘောတူလက်မှတ် ရေးထိုးထားခြင်း မရှိပေ။ မြန်မာနိုင်ငံသည် ပြည်သူနှင့်နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ်ကို လက်မှတ်ရေးမထိုးထားသော်လည်း ယင်းပဋိညာဉ်သည် ယခုအကဲဖြတ်လုပ်ငန်း၏ ရည်ရွယ်ချက်နှင့်များစွာ ဆက်စပ်နေသည်။ ယင်းပဋိညာဉ်၏ အပိုဒ်(၁၉) အပါအဝင် အချို့သော အပိုင်းများကို နိုင်ငံအားလုံးတွင် တရားဝင်ကျင့်သုံးနေသည့် နိုင်ငံတကာ ဥပဒေဖြစ်သည်ဟု ယူဆနိုင်သည်။ ထိုပြဋ္ဌာန်းချက်များကို လူ့ဘောင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတွင်း ပြဋ္ဌာန်းထားသောဥပဒေများကို တရားနည်းလမ်းတကျ အကဲဖြတ်နိုင်ရန် နိုင်ငံတကာစံနှုန်း တစ်ခုအဖြစ် သတ်မှတ်ထားသည့် အခြေခံအချက်အဖြစ် ယူဆနိုင်သည်။ အကျိုးဆက်အနေဖြင့် အစိုးရများသည် ၎င်းတို့၏ နိုင်ငံများ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်ကိုသဘော တူလက်မှတ် မထိုးထားသော်ငြားလည်း ထိုပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေစနစ်အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းကို ဆန်းစစ်ရန်အဓိကနည်းလမ်းတစ်ခုမှာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၁၉) ၏ အနှစ်သာရကို နိုင်ငံ၏အချုပ်အခြာဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှာဖွေရန်ဖြစ်သည်။ ဗြိတိသျှအုပ်စိုးမှုမှ လွတ်မြောက်ပြီး လွတ်လပ်ရေးရချိန်မှစ၍ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခု[၂၉] ရှိခဲ့သည်။ ပထမဆုံး ဖွဲ့စည်းပုံ အခြေခံဥပဒေကို ၁၉၄၇-ခုနှစ်တွင် မူကြမ်းရေးဆွဲခဲ့ပြီး ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသောအခါ ၎င်းဖွဲ့စည်းပုံကို ကျင့်သုံးခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံ

[၂၇] ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် ၄၄/၂၅၊ ၂၀ နိုဝင်ဘာ ၁၉၈၉၊ ၂ စက်တင်ဘာ ၁၉၉၀ တွင်အာဏာတည်သည်၊
http://www.ohchr.org/en/professionalinterest/pages/crc.aspx.

[၂၈] အိုင်စီစီပီအာကို လက်မှတ်ထိုးခြင်း သို့မဟုတ် သဘောတူညီသောနိုင်ငံများစာရင်း။ https://treaties.un.org/Pages/ViewDetails.aspx?src=TREATY&mtdsg_no=IV-4&chapter=4&lang=en

[၂၉] မြန်မာနိုင်ငံရှေ့နေများအသင်းနှင့် တွေ့ဆုံမေးမြန်းသည်။ ၁၂ ဩဂုတ် ၂၀၁၄

ဥပဒေသည် ဦးနုအစိုးရကို ဗိုလ်ချုပ်နေဝင်း ဖြုတ်ချခဲ့ပြီး ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်သည့်အချိန်အထိ ဆက်လက်ကျင့်သုံးခဲ့သည်။ တော်လှန်ရေးကောင်စီ၊ ဗိုလ်ချုပ်နေဝင်းအစိုးရသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဗိုလ်ချုပ်နေဝင်းအုပ်ချုပ်မှုအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) အုပ်ချုပ်မှုဖြင့် အစားထိုးခဲ့ချိန် ၁၉၈၈ ခုနှစ်အထိတိုင်အောင် ထိုအခြေခံဥပဒေနေရာ ယူထားခဲ့သည်။ လက်ရှိဖွဲ့စည်းပုံအခြေခံ ဥပဒေကို မူကြမ်းရေးဆွဲပြီး ၂၀၀၈ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့အချိန်အထိတိုင်အောင် နိုင်ငံတွင် နှစ်ပေါင်း နှစ်ဆယ်ကြာ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ အုပ်ချုပ်ခဲ့သည်။[၂၇]

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၈) အပိုဒ်(၄၅)တွင် "နိုင်ငံသား အခွင့်အရေးများ" ကို ထည့်သွင်း ဖော်ပြထားသည်။ အထင်ရှားဆုံးမှာ အပိုဒ် (၃၅၄)တွင် အာမခံချက်ပြုထားသည့် "နိုင်ငံသားတိုင်းသည် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်" ၊ "လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်စီတန်းလှည့်လည်ခွင့်" နှင့် အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများဖွဲ့စည်းဆောင်ရွက်ခွင့် ကဲ့သို့သော လွတ်လပ်စွာဆောင်ရွက်ခွင့်များဖြစ်သည်။[၂၈] သို့သော်လည်း ယင်းအပိုဒ်တွင်ပင် ဖော်ပြထားသည်မှာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်မှသာ ယင်းအခွင့်အရေးများကို ရရှိနိုင်မည် ဖြစ်သည်။ "အေးချမ်းသာယာရေး" နှင့် "ကိုယ်ကျင့်တရား အကျိုးငှာ" ဟူသည့် ဝေါဟာရသည် ဓမ္မဓိဋ္ဌာန်မကျဘဲ ဥပဒေစကားရပ်အရလည်း ရှင်းလင်းတိကျမှုမရှိပေ။ အထူးသဖြင့် "အေးချမ်းသာယာရေး" ဟူသည့်ဝေါဟာရကို နိုင်ငံတကာဥပဒေများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန်အတွက် စကားရပ်တစ်ခုအဖြစ် သတ်မှတ်မထားပေ။ ယင်းသည် စည်းမျဉ်း ဥပဒေများကို ကျယ်ပြန့်သောအဓိပ္ပါယ် ဖွင့်ဆိုကြစေခြင်းနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိပါး စေပါသည်။ ထို့အပြင် မူလဥပဒေများပေါ်တွင် သက်ရောက်စေမှုများကို

---

[၂၇] ယင်း

[၂၈] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကြေညာချက်အမှတ် ၇/၂၀၀၈၊ ၂၉ မေ ၂၀၀၈

သတ်မှတ်ထိန်းချုပ်ရန်အလို့ငှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကာကွယ်ထားသည်။ အပိုဒ် (၃၅၄)၏ ခြွင်းချက်မှာ မူလဥပဒေများကို တိမ်းရှောင်နိုင်အောင် အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်ရန် ပြုလုပ်ထားသည်။ ယင်းပြဿနာသည် မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကို ဟန့်တားနိုင်ရေးအသုံးပြုရန်အတွက် ဥပဒေများကို လိုအပ်သလို အသုံးချ၍ရအောင် ရေးဆွဲထားခြင်းဖြစ်သည်။ (ဥပမာကို တိုင်းတာချက် ၁.၉ နှင့် ၁.၁၀ တွင် ကြည့်နိုင်သည်။)

ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လွတ်လပ်စွာထုတ်ဖော် ပြောဆိုခြင်းကို အန္တရာယ်ဖြစ်စေနိုင်သည့် တပ်မတော်ကို အစိုးရဖွဲ့စည်းတည်ဆောက်ပုံနှင့် အာဏာဆက်နွယ်မှုစကားရပ်များ ပါဝင်နေသည်။ အထူးသဖြင့် တပ်မတော်ကို အာဏာအပ်နှင်းထားသည်ဟု ယူဆနိုင်ဖွယ်ရှိသည့် စကားရပ်များဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ သမ္မတသည်တပ်မတော်၏ အကြီးအကဲမဟုတ်ဘဲ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သာလျှင် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်။[၂၆] အခြေခံဥပဒေ၌ ရေးဆွဲထားချက်များသည် လွှတ်တော်တွင်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းများကို တားဆီးပေးရန်တပ်မတော်မှ အခိုင်အမာတည်ရှိနေမှုကို ပံ့ပိုးပေးထားသည်။[၂၇] ၂၀၀၈ ခုနှစ် အခြေခံဥပဒေသည် အရေးပေါ်အခြေအနေတွင် တပ်မတော်မှ အာဏာကျယ်ကျယ်ပြန့်ပြန့် ရယူနိုင်အောင် အာမခံချက်ပေးထားပြီး[၂၈] အရေးပေါ်အခြေအနေတွင်ကြေညာသည့် စည်းမျဉ်းများက

[၂၆] ပုဒ်မ ၂၀ (ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကြေညာချက်အမှတ် ၇/ ၂၀၀၈၊ ၂၉ မေ ၂၀၀၈

[၂၇] အခြေခံဥပဒေ ပုဒ်မ ၁၀၉ နှင့် ၁၄၁ အရပါလီမန်တွင် စစ်တပ်မှ ၂၅ ရာခိုင်နှုန်း ပါဝင်သည်။ အခြေခံဥပဒေပုဒ်မ ၄၃၆ (က) နှင့် (ခ) တွင် ဖော်ပြထားသည်မှာ အခြေခံဥပဒေကိုပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က သဘောတူလက်ခံရန် လိုအပ်သည်။ တပ်မတော်မှ သဘောမတူလျှင် အခြေခံဥပဒေပြင်ဆင်ခြင်းကို တားမြစ်နိုင်သည်၊ တပ်မတော်သည် သမ္မတရာထူး တစ်နေရာအတွက် အမည်စာရင်းတင်သွင်း နိုင်သည်။ လွှတ်တော်နှစ်ရပ်စလုံးမှ အခြားနှစ်ဦး၏ အမည်စာရင်းတင်သွင်းနိုင်သည်။ ပြည်ထောင်စုလွှတ်တော်တွင် တပ်မတော်မှတင်သွင်းသော သမ္မတလောင်းကို မရွေးချယ်လျှင် ကျန်ဒု - သမ္မတ နှစ်ဦးထဲမှတစ်ဦး သမ္မတဖြစ်လိမ့်မည်။

[၂၈] နိုင်ငံတော်ကာကွယ်ရေး ဥပဒေ ၁၉၇၅ တွင် ကြည့်ပါ။ ယင်းသည် နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာရန်အတွက် နှင့် ယင်းအခြေအနေတွင် နိုင်ငံသားတစ်ဦး၏ အခြေခံအခွင့်အရေးများကို ကန့်သတ်ရန် သတ်မှတ်ချက်များ ထပ်မံထားရှိသော်လည်း ၂၀၀၈ ဖွဲ့စည်းပုံ အာဏာတည်ရှိနေချိန်တွင် ဆောင်ရွက်ချက်များဆက်လက်တည်ရှိမည်ဆိုလျှင်ရှင်းလင်းမှုမရှိပေ။

မသေချာမရေရာပေ။ အခြေခံ ဥပဒေပုဒ်မ (၄၁၀) တွင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်ဟု ဖော်ပြထားသည်မှာ "(အစိုးရ၏) အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင်သော်လည်းကောင်း"[၂၉] ဟု ပါရှိပါသည်။ အရေးပေါ် အခြေနေကြေညာသည့် အမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် အချိန်ကာလသတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ပြီး လိုအပ်သလို တိုးမြှင့်နိုင်သည်။ ထိုအခြေအနေတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို ရယူလက်ခံရမည်။ အခြေခံဥပဒေ အခန်း(၈)တွင် ဖော်ပြထားသည့်နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ရပ်ဆိုင်းထားနိုင်ပြီး ယင်းအခွင့်အရေးများကို ဖောက်ဖျက်သည်များကို အရေးပေါ်အခြေအနေ ကြေညာထားချက်အားရုပ်သိမ်းပြီး နောက်တွင်လည်း ပြန်လည်တရားစွဲဆိုနိုင်ခြင်း မပြုနိုင်ပါ။[၃၀]

အရေးပေါ်အခြေအနေ ကြေညာချက်ပါ စည်းမျဉ်း စည်းကမ်းများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းအပါအဝင် လူ့အခွင့်အရေးကာကွယ်မှုများအတွက် လိုက်ဖက်ညီညွတ်ခြင်းမရှိပေ။ သမ္မတဦးသိန်းစိန်၏အရပ်သားတစ်ပိုင်း အစိုးရအာဏာရလာချိန်မှစ၍ နိုင်ငံအတွင်းဘာသာရေးဆိုင်ရာ တင်းမာမှုများကြီးထွားလာပြီး ၎င်းတင်းမာမှုများသည် နေရာများစွာတွင်အရေးပေါ်အခြေအနေများ ကြေညာခဲ့ရသည်အထိ ဦးတည်စေခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လ (၁၀)ရက် နေ့တွင် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များအကြား အဓိကရုဏ်းများစွာ ဆက်တိုက်ဖြစ်ပွားခဲ့ ပြီးနောက် ရခိုင်ပြည်နယ်ဒေသအနှံ့အပြားတွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။[၃၁]

[၂၉] ပုဒ်မ ၄၁၀၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ကြေညာချက် အမှတ်၇/ ၂၀၀၈၊ ၂၉ မေ ၂၀၀၈

[၃၀] ပုဒ်မ ၄၁၈ (က)၊ ၄၁၄ (ခ)၊ ၄၂၁၊ ၄၃၂ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ကြေညာချက်အမှတ်၇/ ၂၀၀၈၊ ၂၉ မေ ၂၀၀၈

[၃၁] Than Z.W (2012, June 18) ရခိုင်ပြည်နယ်တွင် အရေးပေါ်အခြေအနေ ကြေညာခြင်း၊ မြန်မာတိုင်းမ်၊ http://www.mmtimes.com/index.php/national-news/598-state-of-emergency-declared.html

ယင်းအဓိကရုဏ်းများတွင် လူရာနှင့်ချီသေဆုံးပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ အခြေအနေတည်ငြိမ်သွားသော်လည်း ဆူပူမှုများကြောင့် လူဦးရေ သောင်းနှင့်ချီ၍ အခြေအနေမဲ့များ ဖြစ်ခဲ့ကြရသည်။ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များ အကြား ဆူပူမှုများသည် ၂၀၁၃ ခုနှစ် မတ်လတွင် မိတ္ထီလာမြို့၌လည်း အစိုးရမှ အရေးပေါ်အခြေအနေ ကြေညာမှုဖြစ်စေခဲ့သည်။[၇၂] ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ် ကိုးကန့်ဒေသတွင် မြန်မာတိုင်းရင်းသားများ ဒီမိုကရေက်တစ်မဟာ မိတ်တပ်နှင့် ပြန်လည်၍ပဋိပက္ခဖြစ်ပွားခဲ့ခြင်းကြောင့် အရေးပေါ်အခြေအနေကြေညာ ခဲ့ရသည်။[၇၃]

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ပြီးမကြာခင်ပင် ၎င်းတွင် ပါဝင်သော စကားရပ်များသည် အကြမ်းသဘောသာရှိနေသေးကြောင်း သိနားလည်ခဲ့ကြသည်။ လက်ရှိနိုင်ငံရေး အသွင်ကူးပြောင်းမှု ကာလမတိုင်ခင်က အစိုးရအား ဝေဖန်သည့် သူများကို မြန်မြန်ဆန်ဆန်နှင့် ရက်စက်စွာ နှိမ်နင်းခဲ့ကြသည်။ အတိုက်အခံပါတီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမည်ကိုကြိမ်ဖန်များစွာ ဖော်ထုတ်ရေးသား ဖွင့်ဟပြောဆိုသောသူသည် ထောင်ချခံရနိုင်သည်။ ပုံနှိပ်မီဒီယာအားလုံးတင်းကျပ်စွာ ဆင်ဆာဖြတ်ခံကြရပြီး နိုင်ငံတော်မှရုပ်သံလွှင့်မီဒီယာကို သိသာထင်ရှားစွာ လွှမ်းမိုး ထားပေသည်။ ထိုအခြေအနေများအောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ယေဘုယျ အားဖြင့်ပင်လွတ်လပ်စွာသို့မဟုတ်လူ့အခွင့်အရေးများကိုလုံလောက်သောအာမခံချက် မပေးနိုင်သည်မှာ အံ့သြစရာ မဟုတ်ပေ။

ဖော်ပြပါရှိရင်းစွဲ အချုပ်အချွေးများအတွင်းသို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြင်ဆင်ရေးကိစ္စပါ ပါဝင်လာခဲ့သောကြောင့် အစိုးရသည် ကန့်သတ် ချက်များဖြေလျှော့ထားသည့် မီဒီယာဥပဒေများ (အခန်း - ၁ တစ်ခုလုံးတွင် ဆွေးနွေး ထားသည်) ပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲမှုအနည်းငယ်ကို ပြုလုပ်ခဲ့သည်။ အစိုးရသည်

[၇၂] Latt,W. K.K. (2013 July 22) သမ္မတက မိတ္ထီလာတွင် အရေးပေါ် အခြေအနေ ကြေညာထား ချက်အားရုပ်သိမ်း http://www.mmtimes.com/index.php/national-news/7571-president-lifts-meiktila-state-of-emergency.html

[၇၃] Nai, A.(2015 February 18)ကိုးကန့်တွင် စစ်အုပ်ချုပ်ရေးကြေညာ -ကြက်ခြေနီ ယာဉ်တန်းတိုက်ခိုက် ခံရ၊ ဒီဗွီဘီ၊ http://www.dvb.no/news/martial-law-declared-in-kokang-red-cross-convoy-attacked-burma-myanmar/48430

လူ့အခွင့်အရေးကော်မရှင်ကို အစိုးရနှင့် လူထုအား လူ့အခွင့်အရေးဆိုင်ရာ အခြေခံ အယူအဆများအကြောင်း အသိပညာပေးနိုင်ရန် ဖွဲ့စည်းပေးခဲ့သည်။ ကော်မရှင်သည် ၎င်းတို့၏ အခွင့်အရေးများ ချိုးဖောက်ခံနေရသည်ဟု ယူဆသည့် နိုင်ငံသားများ အတွက် နစ်နာမှုများကို ဖြေရှင်းဆောင်ရွက် ပေးခဲ့သည်။ ပြည်သူအများစုမှာ လူ့အခွင့်အရေးအကြောင်း သိနားလည်မှု နည်းကြသော်လည်း လက်ရှိနိုင်ငံရေး အခြေအနေတွင် အနည်းဆုံး ယင်းအသိကို မြှင့်တင်ပေးရန်ဖြစ်သည်။ မြန်မာ့လူ့အခွင့် အရေးကော်မရှင် အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်မှာ "လွန်ခဲ့တဲ့နှစ် အနည်းငယ်က ဆိုရင် လူထုရှေ့မှာ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကိုတောင် မင်းသုံးလို့ရမှာ မဟုတ်ဘူး"။[၇၉]

လက်တွေ့တွင် နိုင်ငံသားအများစုသည် ၎င်းတို့၏အမြင်နှင့် အယူအဆ များကိုလူသိရှင်ကြား စတင်ထုတ်ဖော်ပြောကြား လာကြသည်။ နိုင်ငံတစ်ဝှမ်း ကိုယ်စားပြုသော လေ့လာချက်တွင်[၈၀] တုံ့ပြန်ဖြေကြားသူများအား မည်မျှအထိ လွတ်လပ်မှုရှိပါသလဲဟု ၎င်းတို့၏ ခံစားချက်များကို "မိမိတို့ထင်တဲ့အတိုင်းပြောပါ" ဟု မေးမြန်းခဲ့ကြသည်။ ခြောက်ဆယ့်ခုနစ် ရာခိုင်နှုန်းက "အလွန်လွတ်လပ်ပါတယ်" သို့မဟုတ် "နည်းနည်းတော့ လွတ်လပ်တယ်" ဟု တုံ့ပြန်ဖြေကြားခဲ့ကြသော်လည်း အစိုးရကို ရည်ညွှန်းသည့် မေးခွန်းများပါဝင်လာသောအခါ ယင်း ကိန်းဂဏန်းသည် လေးဆယ့်သုံးရာခိုင်နှုန်းအောက် လျော့နည်းသွားသည်။ လက်ရှိအနေအထား အတိုင်းကြာကြာ ဆက်ဖြစ်နေမည်ဆိုလျှင် လူထုသည်ဆက်လက်ပြီး အတိုင်းအတာ တစ်ခုအထိ သူတို့အသစ်တွေ့ရှိထားသည့် လွတ်လပ်မှုများ၊ လူ့ အခွင့်အရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းများအတွက် ကိုယ်ပိုင်နားလည်မှု ပုံစံများကို တဖြည်းဖြည်း ရှာဖွေလာကြလိမ့်မည်။ ထိုကောင်းမွန်သည့် တိုးတက်မှုများရှိစဉ်တွင်

[၇၉] မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းချက်၊ ဇူလိုင် ၁၉၊ ၂၀၁၄

[၈၀] Larkin, C. & and Haung N. M. (2014) မြန်မာနိုင်ငံတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်နိုင်မှု ဦးတည်ချက်၊ အတားအဆီးများနှင့် မီဒီယာအတွက် အခန်းကဏ္ဍ၊ ဘီဘီစီမီဒီယာအက်ရှင်၊ မြန်မာ၊ ရန်ကုန်။

ယင်းလွှတ်လပ်မှုများကို ထိမ်းသိမ်းထားနိုင်ရန်မှာ အခြေခံဥပဒေပြင်ဆင်ရေးပေါ်တွင် မူတည်နေပေသည်။ သို့သော်ငြားလည်း မဝေးတော့သော အနာဂတ်တွင် ဖြစ်နိုင်ချေ ရှိမည်ဟု မထင်ပါ။[၂၆]

## ၁.၂ သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးကို ဥပဒေတွင် အာမခံချက် ပေးထားပြီး လက်တွေ့လေးစားလိုက်နာကျင့်သုံးခြင်း

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများကို အစိုးရ၏ သတင်းအချက်အလက်များ ရယူသိရှိပိုင်ခွင့် ပေးမထားသကဲ့သို့ သတင်းအချက်အလက်သိရှိပိုင်ခွင့် ဥပဒေလည်း မရှိသေးပါ။ ဆင်ဆာဖြတ်မှု ရှိနေချိန်ကာလ၌ အစိုးရအတွင်း သတင်းအချက်လက်များကို ပြည်သူသို့ ဖြန့်ဝေလေ့မရှိသည့် အလေ့အထ တစ်ခုရှိခဲ့သည်။ ဖြန့်ဝေသောသတင်းအချက်လက်များမှာလည်း အစိုးရ၏ ဆောင်ရွက်ချက်များကို ပံ့ပိုးပေးနိုင်ရန် အဓိကအားဖြင့် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်ဖြန့်ဝေပေးခြင်းမျိုးသာ ဖြစ်သည်။ မြန်မာနိုင်ငံသည် လာဘ်ပေးလာဘ်ယူ ဆန့်ကျင်ရေး ကုလသမဂ္ဂပဋိညာဉ်ကို လက်မှတ် ထိုးထားသော်လည်း ယင်းစာချုပ်သည် တန်ဖိုးမရှိသလို ဖြစ်နေပေသည်။ ကွင်းဆင်းသုတေသနပြုစဉ်အတွင်း စုဆောင်းရရှိထားသောဖြစ်ရပ်မှန် အထောက်အထားများအရ အကြံပြုထားသည်မှာ ယင်းပဋိညာဉ်ကို လိုက်နာအောင် ဆောင်ရွက်ခြင်းများ မရှိသောကြောင့် ပုဒ်မ ၁၃ (၁) (ဃ) နှင့်ပတ်သက်၍ အခြားအကြောင်းအရာများ အကြားတွင် "လာဘ်ပေးလာဘ်ယူနှင့် ပတ်သက်၍လွတ်လပ်စွာ သတင်းအချက်အလက် ရှာဖွေ၊ ရယူ၊ လက်ခံ ထုတ်ဝေဖြန့်ဖြူးခွင့်ကို လေးစား၊ မြှင့်တင်၊ ကာကွယ်ပေးခြင်းအား" နိုင်ငံတော်မှ အတိုင်းအတာတစ်ခု အထိဆောင်ရွက်ရန် တိုက်တွန်းသင့်သည်။

မကြာခင်ကပြဋ္ဌာန်းခဲ့သော သတင်းမီဒီယာဥပဒေတွင် သတင်းသမားများမှ အစိုးရနှင့်သက်ဆိုင်သော သတင်းအချက်အလက်များရယူနိုင်ရေးတွင် တိုးတက်မှုများ ရှိရန်အတွက် သိသာထင်ရှားသော အခွင့်အရေးများပေးထားသည်။ သတင်းမီဒီယာ

[၂၆] အခြေခံဥပဒေပြင်ဆင်ရေးသည် မြန်မာနိုင်ငံတွင် အရေးတကြီးငြင်းခုံနေကြသော ခေါင်းစဉ်ဖြစ်သည်။ ရံဖန်ရံခါဆွေးနွေးနေကြသော်လည်းတပ်မတော်မှ အပြင်းအထန်ကန့်ကွက်နေခြင်းသည်အခြေခံဥပဒေပြင်ဆင်ရေး အပေါ်ထိရောက်သော ဝိတ်ဆို့မှုဖြစ်နေသည်။

ဥပဒေ၏ အခန်း(၃) အပိုဒ် ၆(က) အရ သတင်းမီဒီယာသမားတစ်ဦးသည် အစိုးရ၏ သတင်းအချက်အလက်များကို တောင်းယူကြည့်ရှုခွင့်ရှိသည်။ ထပ်မံ၍ နည်းဥပဒေ၊ အခန်း (၉) သတင်းအချက် အလက်ရယူခွင့်တွင်လည်း အသေးစိတ်ဖော်ပြထားသည်။ ဥပမာအနေဖြင့် နည်းဥပဒေ၏ ပုဒ်မ ၃၁ (က)တွင် ဖော်ပြ ထားသည်မှာ

"အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကိုထုတ်ပြန်ရန် တာဝန်ရှိသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနမဆို ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ ( က ) အရ အများပြည်သူ သိခွင့် ရှိ သော သတင်းအချက် အလက်များ၊ ဓါတ်ပုံ၊ သရုပ်ဖော်ပုံ၊ ကိန်းဂဏန်း၊ စာရင်းဇယားများကို တောင်းယူကြည့်ရှုရာတွင်လည်းကောင်း တာဝန်ရှိသူသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်းမရှိစေရ"

ပုဒ်မ ၃၁ တွင် ဖော်ပြထားသည်မှာ သက်ဆိုင်ရာအစိုးရတာဝန်ရှိသူ သို့မဟုတ် အဖွဲ့အစည်းသည် တောင်းခံလာသည့် အချက်လက်များကို ၂၄ နာရီအတွင်း အကြောင်းပြန်ကြားရမည် သို့မဟုတ်ပါက သတင်းအချက်အလက် တောင်းခံမှုအပေါ်ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းဆိုနိုင်သည်။ ပုဒ်မ ၃၁ (ဃ)တွင် အစိုးရတာဝန်ရှိသူက အများပြည်သူသိရှိခွင့်ရှိသော သတင်းအချက်အလက်များ တောင်းခံလာမှုကိုပေးရန် ငြင်းဆိုချက်သည် ခိုင်လုံမှုမရှိဟု မီဒီယာသမားများက တိုင်ကြားလာပါက မြန်မာ သတင်းမီဒီယာ ကောင်စီသည် တိုင်ကြားချက်များကို အရေးယူဆောင်ရွက်ရန် တာဝန်ရှိကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ယင်းသည် အစိုးရအဖွဲ့အစည်းများ ပေါ်တွင် ဩဇာသက်ရောက်မည် မဟုတ်ပေ။

သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေသည် သင့်တော်လျော်ကန်သည့် သတင်းသိရှိရယူပိုင်ခွင့် ဥပဒေ၏ အခန်းကဏ္ဍကို ဖြည့်စွမ်းပေးမည်ဟု မျှော်မှန်း၍ မရနိုင်ပါ။ သတင်းမီဒီယာ နည်းဥပဒေတွင် လျှို့ဝှက်သတင်း အချက်အလက်ကို မည်ကဲ့သို့ အဓိပ္ပါယ်သတ်မှတ်မည်ဆိုသည့် အစိုးရမှ ကျယ်ကျယ်ပြန့်ပြန့် လမ်းညွှန်ထားသည့် အချက်များမပါဝင်ပါ။ ယင်းအစား အစိုးရဌာနတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်ချက်များမှ မည်သည့်သတင်းအချက်အလက်ကပေးနိုင်သည် မည်သည့်

အချက်အလက်များကမပေးနိုင် ဆိုသည်များကို သတ်မှတ်ထားသည်။[၃၇] အစိုးရတစ်ခုလုံး၏ သတင်းအချက်အလက်များကို ရယူသိရှိပိုင်ခွင့်မှာ တူညီမှုမရှိဟု ယူဆစရာရှိသည်။ အကျိုးဆက်အနေဖြင့် ဌာနဆိုင်ရာများက ပြည်သူကိုမည်သည့် သတင်းအချက်အလက်ပဲ ပေးမည်ဆိုသည်ကို ကိုယ်တိုင်ဆုံးဖြတ် ဆောင်ရွက်ကြခြင်းနှင့် ဥပဒေ၏ထိရောက်မှု အားနည်းသွားခြင်းများ ဖြစ်ပေါ်လာစေခဲ့သည်။ ယင်းစနစ်တွင် သတင်းအချက်အလက်တောင်းခံခြင်းကို မည်ကဲ့သို့တင်ပြရမည်ဆိုသည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားမှုမရှိပေ။

ထို့အပြင် သတင်းမီဒီယာဥပဒေတွင် သတင်းအချက်အလက် သိရှိရယူပိုင်ခွင့်မှာ သတင်းသမားများအတွက်သာပါရှိပြီး အများပြည်သူအတွက် မပါရှိပေ။ အစိုးရထံမှ သတင်းအချက်အလက်များ တောင်းခံရန်အလို့ငှာ သတင်းသမားတစ်ဦးသည် ၎င်း၏ သတင်းမီဒီယာ သက်သေခံကဒ်ပြား မဖြစ်မနေပြသရမည်။ ၎င်းအချက်သည် စုံစမ်းထောက်လှမ်းသတင်းများအတွက် မလိုလားအပ်သော ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာစေသည်။ မူအရ သတင်းသမားသည် မိမိသတင်းထောက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြား သင့်သော်လည်း အချို့သော အကဲခတ်နိုင်သည့် ကိစ္စရပ်များတွင် (အများပြည်သူအကျိုးနှင့် ဆက်စပ်နေသောကြောင့်) သတင်းထောက်သည် ၎င်း၏ အလုပ်သက်သေခံကဒ်ပြားကို သိမ်းဆည်းထားရန် လိုအပ်ပေသည်။

သတင်းမီဒီယာဥပဒေကို ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ပြဋ္ဌာန်းခဲ့ပြီးနည်းဥပဒေကို ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ကာ ဆန်းစစ်မှု မလုပ်နိုင်သေးပေ။ အကျိုးဆက်မှာ သတင်းမီဒီယာသမားများက သတင်းအချက်အလက်များအတွက် တိုက်ရိုက်တောင်းခံမှုပြုကြသောအခါ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကပါ သတင်းအချက်အလက်များအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးမှုရှိမရှိကို သိမြင်နိုင်ခြင်းမရှိပေ။ ဆင်ဆာကင်းလွတ်ခွင့် ပြုလိုက်ပြီးကတည်းက

၃၇ ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့် တွေ့ဆုံမေးမြန်းချက်၊ ၂၇ ဇူလိုင် ၂၀၁၄

မြန်မာနိုင်ငံ၏မီဒီယာဝန်းကျင်သည် အကြီးအကျယ်ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့သော်လည်း လွှတ်တော်အမတ်များနှင့် အစိုးရအရာရှိများသည် လူထုနှင့်သတင်းအချက်အလက် ဖလှယ်ရန် သတိထားနေကြဆဲဖြစ်သည်။ ပထမဦးစွာမီဒီယာနှင့် သတင်းအချက်အလက်ဖလှယ်ရေးမှာ အစိုးရအဖွဲ့အတွင်း တာဝန်ရှိသူအများစုအတွက် အယူအဆသစ်တစ်ခု ဖြစ်နေပေသည်။ သူတို့သည် သတင်းအချက်အလက် မျှဝေရန် သင့်တော်မည့်လမ်းကြောင်းများ ရွေးချယ်မှုတွင် ရှင်းနီးကျွမ်းဝင်မှု မရှိကြခြင်းနှင့် မီဒီယာနှင့် မည်ကဲ့သို့ ထိတွေ့ဆက်ဆံရမည်ကို မသိရှိကြပေ။ ဒုတိယ အချက်မှာ ပြည်သူများကို မည်သည့်သတင်းအချက်အလက်သည် အသိပေးသင့်ပြီး မည်သည့် သတင်းအချက်အလက်များက အသိမပေးသင့်ကြောင်း အသေအချာမသိကြခြင်းပင် ဖြစ်သည်။ တတိယအချက်မှာသတင်းသမားများ အသေးစိတ်ပုံအသေးစိတ်ရေးတွင် အရပ်ဖက် အမှုထမ်းများနှင့်လည်း ပတ်သက်ဆက်နွှယ်နေကြောင်း ပြန်လည် သုံးသပ်ရန်နှင့် အစိုးရ၏အထောက်အထား အချက်အလက် အကြောင်းအရာများနှင့် ယင်းတို့ကို အစီရင်ခံတင်ပြရာတွင် ရှင်းလင်းပြီး ဘက်မလိုက်ဘဲ တင်ပြကြရန် နားလည် သဘောပေါက်ကြရပါမည်။[၇၀]

ယခုအစီရင်ခံစာ၏ အခန်း (၄) တွင် ဆွေးနွေးထားသကဲ့သို့ မြန်မာနိုင်ငံရှိ သတင်းသမားအများစုသည် စီးပွားရေး၊ နိုင်ငံရေးနှင့် ကျန်းမာရေး အစရှိသော အသေးစိတ်ဖော်ပြရေးသားရမည့် ပြဿနာရပ်များကို လျော်ကန်စွာ ရေးသားတင်ပြနိုင်ရန် အထူးပြု လေ့လာထားသည့် အသိပညာဗဟုသုတ မပြည့်ဝကြပေ။

အစိုးရ၏ သတင်းအချက်အလက်များရယူရန်အတွက် ကန့်သတ်ချက်ပေါင်းများစွာတည်ရှိနေခြင်းသည် ပြဿနာများကိုထပ်မံရှုပ်ထွေးစေသည်။ ၁၉၂၃ ခုနှစ် အထူးလျှို့ဝှက်ချက်များ အက်ဥပဒေသည် တပ်မတော်နှင့် ပတ်သက်သော သတင်းအချက်အလက်များရယူခြင်းနှင့် ဖြန့်ဝေခြင်းကို အလွန်အမင်းတားမြစ်ထားသည့် ဥပဒေဖြစ်သည်။ ယင်းအက်ဥပဒေ၏ ပုဒ်မ (၃) တွင် ဖော်ပြထားသည်မှာ နိုင်ငံသားတစ်ဦးသည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ "ရန်သူအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးဝင်စေရန်ကြံရွယ်၍ သို့မဟုတ် တွက်ချက်၍" "သတင်းကို

---

[၇၀] မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာမီဒီယာသုတေသနသမားများနှင့် တွေ့ဆုံမေးမြန်းချက်

ရယူခြင်း၊ စုဆောင်းခြင်း၊ ရေးမှတ်ခြင်း ပြုလျှင် သို့မဟုတ် သူတစ်ပါးဆက်သွယ် သိရှိစေလျှင်" ထောင်ဒဏ် (၁၄) နှစ်အထိ ကျခံရနိုင်သည်။ မီဒီယာသမားများ အစိုးရ၏သတင်းအချက်အလက်များ ရယူသိရှိပိုင်ခွင့်မှာလက်တွေ့တွင် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၄၄၁ - ၄၆၂ တို့ကို အသုံးပြုကာ ကန့်သတ်ခံနေရဆဲ ဖြစ်သည်။ သတင်းသမားများသည် အစိုးရပိုင်အဆောက်အအုံပေါ်တွင် အစိုးရတာဝန်ရှိသူများက တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ရန် ဖိတ်ခေါ်ခံခဲ့ပြီး သည့်နောက်တွင် ထိုပုဒ်မများသုံးကာ သတင်းသမားများကို အစိုးရပိုင် အဆောက်အအုံပေါ်တွင် ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်သည်ဟုဆိုကာ တရားစွဲဆိုခဲ့ကြသည်။ (တိုင်းတာချက် ၁.၁၀ တွင်ကြည့်ပါ)

အစိုးရသည် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့် ဥပဒေပြဋ္ဌာန်းရန် အချို့သောကတိပေးမှုများ ပြုလုပ်ခဲ့သည်။ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အတွက် အခြေခံမူဘောင် (၂၀၁၂ - ၂၀၁၅)တွင် "အတတ်နိုင်ဆုံး လျှင်လျှင်မြန်မြန် အဓိပ္ပာယ်သတ်မှတ်ရန်၊ တရားဝင်ဖြစ်ရန်နှင့် သတင်းအချက်အလက်အတွက် အခွင့်အရေးများရရှိရန်နှင့် ပြည်သူများ သတင်းအချက်အလက်သိပိုင်ခွင့် တိုးတက်လာစေရန်" လိုအပ်ချက်များ ရှိနေသည်ဟု ဖော်ပြထားသည်။[၃၉] ၂၀၁၂ ခုနှစ်တွင် သမ္မတဦးသိန်းစိန်သည် အစိုးရ၏ အကျိုးစီးပွားအတွက် ပွင့်လင်းအစိုးရ မိတ်ဖက် (အိုဂျီပီ)နှင့် ပူးပေါင်းရန် ကြိုးပမ်းခဲ့သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(အိုအီးစီဒီ)သည် မြန်မာနိုင်ငံအားပံ့ပိုးကူညီကာ အဖွဲ့ဝင်အဖြစ် ဖိတ်ခေါ်ခဲ့သည်။[၄၀] မြန်မာနိုင်ငံအတွက် သတင်းအချက်အလက်ရယူ သိရှိပိုင်ခွင့် ဥပဒေမရှိသဖြင့် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် မဖြစ်နိုင်ပေ။ အဖွဲ့ဝင်ဖြစ်ရေးအတွက် အနည်းဆုံးလိုအပ်ချက်များကို ယင်းဥပဒေမှ ဖြည့်ဆည်းပေးနိုင်သောကြောင့် ဖြစ်သည်။[၄၁]

---

[၃၉] ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ (၂၀၁၂) စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် (အက်ဖ်အီးအက်စ်အာ) http://www.eaber.org/sites/default/files/FESR%20Official%20Version%20-%20Green%20Cover.pdf

[၄၀] Mang, L. M. (2015 January 26). သတင်းအချက်အလက် လွတ်လပ်ခွင့်အတွက် တက်ကြွလှုပ်ရှားသူများက လှုံ့ဆော်ရေးစတင်၊ မြန်မာတိုင်းမ်၊ http://www.mmtimes.com/index.php/national-news/ 12908-activists-begin-campaign-on-freedom-of-information.html

[၄၁] Open Government Partnership. (2016). အရည်အချင်း ပြည့်မီသော သတ်မှတ်ချက်များ။ ပွင့်လင်းအစိုးရမိတ်ဖက်၊ http://www.opengovpartnership.org/how-it-works/eligibility-criteria

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် (အီးအိုင်တီအိုင်) အဖွဲ့၏ အဖွဲ့ဝင်လောင်း ဖြစ်လာခဲ့ကာ နောက်ထပ်ခြေလှမ်းအတွက် ပိုမို၍ ပွင့်လင်းမြင်သာမှု ရှိရပါမည်။ ထိုအဖွဲ့သို့ဝင်ရောက်ရန် အစိုးရသည် သဘာဝသယံဇာတများမှရရှိသော ဝင်ငွေများကို ပြည်သူသိအောင် ဖော်ပြရပါမည်။ မြန်မာ့အီးအိုင်တီအိုင် အမျိုးသားညှိနှိုင်းရေးရုံးသည် ပထမဆုံးအီးအိုင်တီအိုင် အစီရင်ခံစာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အီးအိုင်တီအိုင် နိုင်ငံတကာ အထွေထွေအတွင်းရေးမှူးချုပ်ရုံးသို့ တင်သွင်းခဲ့သည်။[၆၂]

အစိုးရသည် သတင်းထုတ်ပြန်ခြင်းများတွင် ထိန်းချုပ်မှုများ ဆက်လက်လုပ်ဆောင်လျက် ရှိသည်။ လက်ရှိတွင် ထုတ်ပြန်ပြီးသော ဥပဒေများအားလုံးကို သမ္မတရုံးနှင့် လွှတ်တော် ဝက်ဘ်ဆိုက်များမှ ပြည်သူများက ရယူနိုင်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်သည် အစိုးရ၏သတင်းအချက်အလက်များ ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရေးအတွက် လမ်းကြောင်းတစ်ခုအဖြစ် ပြောင်းလဲဖြစ်ပေါ်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၎င်းဝက်ဘ်ဆိုက်သည် ဝန်ကြီးဌာနအတွင်း ဆောင်ရွက်ချက်များသာမက ကြေညာချက်များနှင့် အစိုးရအဖွဲ့အတွင်းမှ ယေဘုယျ ဆောင်ရွက်ချက်များကိုလည်း ဖော်ပြပေးသည်။[၆၃] ထို့အပြင် အစိုးရမှတ်တမ်းများကိုလည်း ထုတ်ဝေခဲ့ပြီးရန်ကုန်မြို့တွင် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၌ ရောင်းချပေးလျက်ရှိသည်။[၆၄] ဥပဒေသစ်များကို နိုင်ငံပိုင်သတင်းစာများတွင်အစိုးရပြန်တမ်းအဖြစ် မဖော်ပြရသေးလျှင် ၎င်းတို့ကိုတရားဝင်ကျင့်သုံးနိုင်ခြင်း မရှိသေးပေ။ ဆက်သွယ်ရေးနည်းပညာ မြှင့်တင်ပြောင်းလဲရေးတွင် နည်းပညာဆိုင်ရာ ပံ့ပိုးမှုပေးရေး အစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ကမ္ဘာ့ဘဏ်မှ အစိုးရအား မြန်မာနိုင်ငံ အမျိုးသား Web Portal ဖွံ့ဖြိုးရေးတွင် အကူအညီပေးရန် စီစဉ်လျက် ရှိသည်။ ယင်းဝက်ဘ်ပေါ်တယ်သည် နိုင်ငံသားများအား အစိုးရ သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများပံ့ပိုးပေးနိုင်မည့် တစ်ခုတည်းသောပြည့်စုံကောင်းမွန်သည့် တံခါးပေါက်တစ်ခုဖြစ်လာပါလိမ့်မည်။[၆၅]

---

[၆၂] Myanmar first EITI report. (2016, January 3). http://www.myanmareiti.org/content/myanmar-first-eiti-report

[၆၃] အင်္ဂလိပ်ဘာသာဖြင့်ကြည့်ရှုနိုင်သောဝက်ဘ်ဆိုက် http://www.moi.gov.mm/MoI:Eg/

[၆၄] မြန်မာနိုင်ငံရှေ့နေများကွန်ရက်နှင့် တွေ့ဆုံမေးမြန်းခြင်း ၂၃ မေ ၂၀၁၄

[၆၅] ကမ္ဘာ့ဘဏ် (၂၀၁၄၊ ဖေဖော်ဝါရီ ၆) မြန်မာနိုင်ငံမှ အားလုံးနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြိုးပမ်းနေခြင်း http://www.worldbank.org/en/news/press-release/2014/02/06/myanmar-moves-toward-connectivity-for-all

အစိုးရ၏ သတင်းအချက်အလက်များ ရယူခွင့်တိုးတက်လာသော်လည်း ယေဘုယျအားဖြင့် ၎င်းအတွက်တောင်းဆိုမှု မရှိသေးပေ။ မြန်မာနိုင်ငံတွင် အခြေတည်စ အရပ်ဖက်အဖွဲ့အစည်းများ ပေါ်ထွက်လာနေသည့်တိုင် နိုင်ငံသား အများစုသည် အစိုးရထံမှ သတင်းအချက်အလက်တောင်းဆိုခြင်းမျိုး မရှိပေ။[၇၆] လက်ရှိသုတေသန လေ့လာချက်များအရ မြန်မာနိုင်ငံတွင် နိုင်ငံသားအများစုသည် ယင်းတို့၏ နေ့စဉ်ဘဝအပေါ် အကျိုးသက်ရောက်မှုရှိစေနိုင်သည့် အဆင့်မြင့်အစိုးရ ကိစ္စရပ်များကို လက်လှမ်း မမီကြပေ။ ဒီမိုကရေစီ စစ်စစ်ဖြစ်ထွန်းလာရန် မြန်မာနိုင်ငံတွင် တိုးတက်မှုများရှိလင့်ကစား နိုင်ငံသားအများစု အထူးသဖြင့် ကျေးလက်ဒေသနေ ပြည်သူများသည် အစိုးရ သို့မဟုတ် အစိုးရ၏ ဆောင်ရွက်ချက်များတွင် ပူးပေါင်းပါဝင်မှုမရှိသကဲ့သို့ စိတ်ပါဝင်စားမှုလည်း မရှိကြပေ။

## ၁.၃ တည်းဖြတ်မှုပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကိုဥပဒေတွင် အာမခံချက်ပေးထားခြင်းနှင့် လက်တွေ့လေးစားလိုက်နာခြင်း

### အသံလွှင့်မီဒီယာ

မြန်မာနိုင်ငံရှိရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းအားလုံးသည် အစိုးရပိုင် သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်းလုပ်ကိုင်သော လုပ်ငန်းများသာဖြစ်သည်။[၇၇] ယင်းတို့သည် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ မဟုတ်သောကြောင့် တည်းဖြတ်မှုပိုင်းဆိုင်ရာတွင် လွတ်လပ်မှုမရှိကြပေ။ လက်တွေ့တွင် အသံလွှင့်ဌာနများသည် အစိုးရ၏ အရေးကြီးသောဖြစ်ရပ်နှင့် ဆောင်ရွက်ချက်များကိုသာ ထုတ်လွှင့်ကြသည်။ များသောအားဖြင့် ထုတ်လွှင့်မှုတွင်ပါဝင်သည်မှာ အမျိုးသားရေး သို့မဟုတ် သမ္မတ မိန့်ခွန်းပြောကြားချက်များဖြစ်သည်။[၇၈] အစိုးရနှင့်အကျိုးတူ

---

၇၆ Larkin, C. & and Haung N. M. (2014).. မြန်မာနိုင်ငံတွင် နိုင်ငံသားများ ပါဝင်လုပ်ဆောင်နိုင်မှု ဦးတည်ချက်၊ အတားအဆီးများနှင့် မီဒီယာအတွက် အခန်းကဏ္ဍ၊ ဘီဘီစီ မီဒီယာ အက်ရှင်၊ မြန်မာ၊ ရန်ကုန်။

၇၇ ယင်းတွင် ဘီဘီစီ၊ ဗွီအိုအေ၊ အာအက်ဖ်အေကဲ့သို့ လွတ်လပ်သော အသံလွှင့်လုပ်ငန်းများမပါဝင်ပါ။ ယင်းအသံလွှင့် လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် လှိုင်းတိုဖြင့်သာအသံလွှင့်ကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ ပြင်ပတွင်အခြေစိုက်ကြပြီး မြန်မာနိုင်ငံ၏ အသံလွှင့် လုပ်ငန်း စည်းမျဉ်း စည်းကမ်းများကို လိုက်နာရန်မလိုအပ်ပေ။

၇၈ FM ရေဒီယိုတစ်ခုမှမန်နေဂျာနှင့်တွေ့ဆုံမေးမြန်းချက်၊ ၆ ဖေဖော်ဝါရီ ၂၀၁၅

မှုပေါင်းထားသော ဖက်စပ်အသံလွှင့်ဌာနများမှ အစဉ်အလာအရ အလေးပေး ထုတ်လွှင့်ကြသည်မှာ သတင်းထက်ဖျော်ဖြေရေးများသာဖြစ်ပြီး ၎င်းတို့သတင်းများ၏ သတင်းရင်းမြစ်သည် အစိုးရသာလျှင်ဖြစ်သည်။ ရုပ်မြင်နှင့် အသံလွှင့်ဌာနများသည် ၎င်းတို့၏ကိုယ်ပိုင်သတင်း ရင်းမြစ်များ သို့မဟုတ် လွတ်လပ်သောရင်းမြစ်များမှ ကိုယ်ပိုင်သတင်းများ ပိုမိုထုတ်လွှင့်လာကြသော်လည်း သတင်းအကြောင်းအရာ အများစုသည် အစိုးရမှပေးသော သတင်းလွှာများမှ သတင်းများကိုသာ ဆက်လက် သုံးစွဲ နေကြဆဲဖြစ်သည်။ (တိုင်းတာချက် ၃.၁ ကိုကြည့်ပါ)

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေသစ်ကိုလွှတ်တော်မှ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် အတည်ပြုခဲ့ပြီး နောက်တစ်လတွင် သမ္မတမှလက်မှတ် ရေးထိုးထုတ်ပြန်ခဲ့သည်။ ၎င်းတွင်ရုပ်သံလွှင့်လုပ်ငန်းအတွက် ဥပဒေဆိုင်ရာပိုမိုရှင်းလင်း တိကျရမည့် အချက်များစွာ ပါဝင်နေသည်။ ၎င်းဥပဒေတွင် ရပ်ရွာအခြေပြု ပုဂ္ဂလိကနှင့် အများပိုင် ရုပ်သံလွှင့်လုပ်ငန်းများအတွက် ကြိုးကြပ်ရေးအဖွဲ့ပေါ်ပေါက် လာစေရန် ပံ့ပိုးပေးထားသည်။ ၎င်းဥပဒေသည် ပိုမို၍အမျိုးအစား စုံလင်သော ရုပ်သံလွှင့်လုပ်ငန်းများနှင့်ရုပ်သံလွှင့်လုပ်ငန်းများအတွက်တည်းဖြတ်မှုပိုင်းဆိုင်ရာတွင် ပိုမိုလွတ်လပ်အောင် အာမခံပေးထားသည့် ဥပဒေဖြစ်မည်ဟု ထင်ရပေသည်။ ထို့အပြင် ယင်းဥပဒေသည် မဖြစ်မနေဆောင်ရွက်ရမည့် လိုအပ်ချက်များကို အတိအကျ ဖော်ပြထားခြင်းမရှိဘဲ နိုင်ငံတော်မှအရေးပေါ် အခြေအနေ ကြေညာ သောအခါ အသံလွှင့်လုပ်ငန်းများကို နိုင်ငံတော်မှ ထိန်းချုပ်နိုင်ခြင်း ရှိမရှိနှင့် ပတ်သက်၍ ဖော်ပြ ထားခြင်းမရှိပေ။

## ပုံနှိပ်မီဒီယာ

ပုံနှိပ်မီဒီယာအတွက် အကြောင်းအရာပိုင်းဆိုင်ရာ လွတ်လပ်မှုအတွက် အာမခံချက်ပေးထားသည့် မည်သည့်ဥပဒေမျှမရှိပေ။ လက်တွေ့တွင်ဒေသအားဖြင့် သော်လည်းကောင်း၊ မီဒီယာတိုက်အနေဖြင့်သော်လည်းကောင်း အကြောင်းအရာ ပိုင်းဆိုင်ရာ လွတ်လပ်မှုအဆင့် ကွာခြားပါသည်။ ရန်ကုန်မြို့ရှိ ပုံနှိပ်မီဒီယာတိုက် များသည် နိုင်ငံ၏အခြားဒေသများမှ မီဒီယာတိုက်များထက် ကန့်သတ်ချက်နည်းသော ပတ်ဝန်းကျင်တွင် လုပ်ကိုင်ကြရပြီး အကြောင်းအရာပိုင်းဆိုင်ရာ ပိုမိုလွတ်လပ်

ကြသည်။ တွေ့ဆုံမေးမြန်းမှုများအတွင်း ရန်ကုန်အခြေစိုက် ပုံနှိပ်မီဒီယာတိုက်များမှ သတင်းသမားများနှင့် မီဒီယာစီမံခန့်ခွဲသူများက အစိုးရအရာရှိများက လွှမ်းမိုးရန် ကြိုးစားခြင်းမျိုး မရှိဟု တစ်ညီတစ်ညွတ်တည်း ပြောခဲ့ကြသည်။ ယင်းကဲ့သို့မျိုး နိုင်ငံတော်ပိုင်နှင့် နိုင်ငံရေးပါတီများမှ တိုက်ရိုက်ပိုင်ဆိုင်သော ပုံနှိပ်မီဒီယာများတွင် ပြုလုပ်ခြင်းမရှိပေ။

ရန်ကုန်ပြင်ပတွင် အခြေစိုက်သောသတင်းသမားများနှင့် မီဒီယာစီမံခန့်ခွဲသူများကို တွေ့ဆုံမေးမြန်းခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများမှ သိရှိရသည်မှာ သတင်းသမားများနှင့် အယ်ဒီတာများအပေါ်တွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ နိုင်ငံရေးသမားများနှင့် စီးပွားရေး လုပ်ငန်းရှင်များက အချို့သော သတင်းများကို ပုံနှိပ်ဖော်ပြခြင်းမပြုရန် သို့မဟုတ် အချက်အလက်များဖြုတ်ပေးရန် ညင်သာစွာ ဖိအားပေးခြင်းမျိုးဖြစ်သည့် တောင်းဆိုခြင်းမျိုး ရှိခြင်းပင်ဖြစ်သည်။ အကြမ်းဖက် ခြိမ်းခြောက်ခြင်းနှင့် နှောင့်ယှက်ခြင်းများလည်းရှိပြီး အထူးသဖြင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများဖြစ်သော ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဖြစ်သည် (တိုင်းတာချက် ၃.၁၃ တွင် ဆွေးနွေးထားပါသည်)။ အောက်ပါ ကိုးကားချက်များသည် နိုင်ငံ၏နေရာအနှံ့အပြားတွင် မီဒီယာနှင့် ပတ်သတ်ပြီး သမားရိုးကျမဟုတ်သော ဖိအားပေးမှုများကို အတွင်းကျကျဖော်ထုတ် ထားပါသည်။

> "မီဒီယာသမားတွေကို နူတ်နဲ့ ဇော်ကားတာတွေ ခြိမ်းခြောက်တာတွေ ရှိပါတယ်။ တစ်ခါတလေမှာ အစိုးရဌာနတွေက ဖုန်းနဲ့ အဲဒီလို စော်ကားခြိမ်းခြောက်တာမျိုးတွေ လုပ်ပါတယ်"
>
> ဂျာနယ်လစ်(အုပ်စုဖွဲ့ဆွေးနွေးမှု၊ ရခိုင်ပြည်နယ်)

> "ကျွန်တော်တို့ လွန်ခဲ့တဲ့ (၇) လလောက်က ဝန်ကြီးတစ်ယောက်ရဲ့ သတင်းကို လိုက်တယ်။ ကျွန်တော်တို့ အဲဒီသတင်းကို မထည့်ဖို့ ပထမဆုံး ခြိမ်းခြောက် ခံရပါတယ်။ နောက်တော့ သူက ဒီသတင်း မထည့်ဖို့ငွေနဲ့ ကျွန်တော်တို့ကို ဆွဲဆောင်တယ်။ နောက်ဆုံး ကျွန်တော်တို့ကို ဘယ်လိုမှတားလို့လဲမရရော ဂျာနယ်ထွက်တော့ အဲဒီ ဝန်ကြီးသတင်းပါတဲ့ ကျွန်တော်တို့ ဂျာနယ်တွေအားလုံးကိုဝယ်သွားတယ်"
>
> (ပဲခူးတိုင်းဒေသကြီး၊ဂျာနယ်တိုက်စာတည်းမှူးချုပ်)

"လွှဝင်မှုကြီးကြပ်ရေးနဲ့ မှတ်ပုံတင်ဦးစီးဌာနက အစိုးရအရာရှိတွေက မှတ်ပုံတင် ကဒ်ပြားလုပ်ရင် ကဒ်ပြားလုပ်ခသုံးသောင်းကျပ်ပေးရမယ်လို့ ပြည်သူတွေကို တရားမဝင်ပြောပါတယ်။ အဲ့ဒီသတင်းကိုထည့်လိုက်တော့ ရဲက မီဒီယာတွေကို ခြိမ်းခြောက် ပါတယ်။"

ဂျာနယ်လစ် (အုပ်စုဖွဲ့ဆွေးနွေးမှု၊ ကချင်ပြည်နယ်)

တပ်မတော်ပိုင် မြဝတီသတင်းစာမှ အောက်ပါဖော်ပြချက်ကို ထုတ်ပြန်ခဲ့သည်။ ၎င်းမှာ သတင်းထောက်များအား မကြာသေးမီက ချင်ပြည်နယ်တွင် အသတ်ခံခဲ့ရသော ဆရာမနှစ်ဦးကိစ္စနှင့်ပတ်သက်၍ တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် ဆက်သွယ်ခြင်း မပြုရန် သတိပေးထားခြင်းဖြစ်သည်။

"ဖြစ်စဉ်နှင့် ပတ်သက်၍ အဖြစ်မှန်ပေါ်ပေါက်ရေး သက်ဆိုင်ရာနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေစဉ် တပ်မတော်ကို ပုတ်ခတ်စွပ်စွဲ ပြောဆိုမှုများ ပြုလုပ်လာကြောင်း တွေ့ရှိရသည်။ စုံစမ်းစစ်ဆေးမှုများပြီးဆုံး၍ အမှုမှန်သိရှိရချိန်တွင် တပ်မတော်အား မဟုတ်မမှန် ရေးသားပြောဆိုမှုများနှင့် ပတ်သက်၍ ပေါ်ပေါက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" [၄၉]

မီဒီယာလုပ်ငန်းပိုင်ရှင်များ၏ ဖိအားပေးမှုများကိုလည်း အောက်ပါဖြစ်ရပ်တိုများဖြင့် ဖော်ပြထားပါသည်။

"ထုတ်ဝေသူက သူတို့အကျိုးစီးပွား ဒါမှမဟုတ် သူတို့ဆွေမျိုးတွေ၊ သူငယ်ချင်းတွေ ထိခိုက်မယ်လို့ထင်ရင် အဲဒီသတင်းကို မဖော်ပြတော့ဘူး"

ဂျာနယ်လစ် (အုပ်စုဖွဲ့ဆွေးနွေးမှု၊ ပဲခူးတိုင်းဒေသကြီး)

---

[၄၉] Wang, L. ( ၂၀၁၅ ဇန်နဝါရီ ၂၉) မြဝတီသတင်းစာတွင် ပါရှိသည့် မူရင်းကြေညာချက်ကို အောက်ဖော်ပြပါ ဆောင်းပါးကကိုးကားထားပါသည်၊ တပ်မတော်ရဲ့ဖော်ပြချက်က အသတ်ခံရသော ဆရာမများနှင့် တပ်ဖွဲ့များဆက်စပ်မှုမရှိကြောင်း သတိပေး၊ The Irrawaddy. http://www.irrawaddy.org/burma/army-statement-warns-linking-teachers-murders-troops.html

"တောင်ထဲမှာ အကျဉ်းသားသုံးဦး အစာအဆိပ်သင့်ပြီး သေသွားတယ်။ ပိုင်ရှင်ကိုယ်တိုင်က သူ့သူဌေးချင်း ရဲ့အရာရှိကို မထိခိုက်စေချင်လို့ အဲဒီသတင်းကို မထည့်တော့ဘူး။"

ဂျာနယ်လစ် (အုပ်စုဖွဲ့ဆွေးနွေးမှု၊ ပဲခူးတိုင်းဒေသကြီး)

ယင်းသတင်းထောက်များသည် သတင်းများကို ခိုင်မာသည့် အထောက်အထားများပေါ်တွင် အခြေခံကာ ရေးသားထားသည်လား သို့မဟုတ် အချို့သော အချက်အလက်များကို မှန်းဆပြီးရေးသားကာ သတင်းပါလာအောင် ကြိုးစားထားကြသည်လား မည်သူမျှ မသိနိုင်ပေ။ ယခုအစီရင်ခံစာ၏ အခန်း (၄) တွင် အဖြစ်အပျက်များ ကိုတင်ပြရာ၌ တိကျသေချာပြီး ဘက်လိုက်မှုမရှိပဲဖော်ပြရမည့် သတင်းထောက်များ၏ အရည်အသွေးကိုအကဲဖြတ်ထားပါသည်။ သို့သော်လည်းပြဿနာမှာ သတင်းဖြစ်ရပ်များကို အသေအချာကောင်းစွာ သုတေသနလုပ်ထားမှု မရှိခြင်းသာမက အစိုးရ၊ နိုင်ငံရေး ပါတီများနှင့် စီးပွားရေးလုပ်ငန်းရှင်များက အကြောင်းအရာနှင့် တည်းဖြတ်မှုပိုင်းဆိုင်ရာတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးစားကြခြင်းများကြောင့်ပင် ဖြစ်သည်။ သတင်းဖြစ်ရပ်ကို မီဒီယာတွင်မှန်ကန်တိကျကောင်းမွန်စွာ ဖော်ပြနိုင်ခြင်းမှ ရှိခဲ့လျှင် မြန်မာသတင်းမီဒီယာ ကောင်စီသို့တိုင်တန်းမှုများ အပါအဝင် ဖြေရှင်းချက်မျိုးစုံပေးရခြင်း၊ တွေ့ဆုံရန်ဆင့်ခေါ်မှုများနှင့် တုံ့ပြန်ဖြေရှင်းချက်များ သို့မဟုတ်ပါက လိုအပ်လာလျှင် ဥပဒေကြောင်းအရ ရင်ဆိုင်ရမှုများအထိ ဖြစ်ပေါ်လာနိုင်သည်။ လာဘ်စားခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း သို့မဟုတ် အကြပ်ကိုင်ခြင်းများကို နိုင်ငံတကာ စံနှုန်းများက လုံးဝလက်ခံခြင်းမရှိပဲ ယင်းနည်းလမ်းများကို မြန်မာနိုင်ငံတွင် အများဆုံးအသုံးပြုနေကြောင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အချက်အလက်ဆန်းစစ်မှု အခြေပြု သုတေသန၏ ယူဆချက်အရ သိရှိရပါသည်။

သတင်းထောက်များနှင့် အဖွဲ့လိုက်ဆွေးနွေးချက်များကလည်း "သတင်းပွဲစားများ" ရှိနေခြင်းကို ထောက်ပြထားသည်။ ယင်းသတင်းထောက်များကို ကုမ္ပဏီ သို့မဟုတ် နိုင်ငံရေးသမားများကငွေကြေးပေးကာ ယင်းတို့၏ ကောင်းကြောင်းများကို ဖော်ပြစေပြီး မကောင်းသည့်သတင်းများကို ဖုံးကွယ်စေခြင်း သို့မဟုတ် ပြိုင်ဖက် နိုင်ငံရေးနှင့် စီးပွားရေးသမားများကို အသရေပျက်စေရန်အတွက် ဆောင်ရွက်စေခဲ့သည်။ ယင်းဆောင်ရွက်ချက်ပမာဏများကို တိုင်းတာအကဲဖြတ်ရန် ခက်ခဲသော်လည်း

ဒေသအလိုက် ကွာခြားမှုများရှိနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးမှ တုံ့ပြန်ချက်များအရ သိရသည်မှာ ယင်းအလေ့အထကို လေးနက်သော အကြောင်းအရာများနှင့် ပတ်သက်သောကိစ္စများတွင် သုံးလေ့သုံးထ ရှိကြသည်။ ယင်းကိုဂျာနယ်တစ်ခုမှ အယ်ဒီတာချုပ်၏ စိတ်မကောင်းစွာ ပြောကြားချက်အရ "သတင်းထောက်အများစုဟာ သူတို့ဖော်ပြတဲ့ သတင်းအတွက်ကော မဖော်ပြတဲ့ သတင်းအတွက်ပါ နှစ်ဖက်စလုံးမှငွေကြေးယူကြတယ်" ဆိုသည်ကို ထင်ရှားစေခဲ့သည်။

ပုံနှိပ်မီဒီယာလုပ်ငန်းများသည် စစ်တပ်၊ နိုင်ငံရေးသမားများ သို့မဟုတ် ဩဇာရှိသောစီးပွားရေးသမားများနှင့် တိုက်ရိုက် သို့မဟုတ် ရင်းနှီးသောဆက်ဆံရေးမျိုးရှိနေခြင်းက တည်းဖြတ်မှုပိုင်းဆိုင်ရာလွတ်လပ်မှုမရှိခြင်းနှင့် အကြောင်းအရာပိုင်းတွင် အပြင်းအထန် ဘက်လိုက်မှုများရှိနေကြောင်း ဖော်ပြနေပေသည်။ ယင်းကဲ့သို့ ဖော်ပြချက်များကို ပိုင်ရှင်နှင့် အယ်ဒီတာတစ်ဦးတည်းသာဖြစ်သည့် ပုံနှိပ်မီဒီယာ တိုက်သေးလေးများအကြားတွင်လည်း ပိုမိုတွေ့ကြရသည်။ အချို့သောအယ်ဒီတာများက အစိုးရ သို့မဟုတ် နိုင်ငံရေးပါတီများကို ထောက်ခံသည်ဟု ယူဆရသည့် အမြင်များတွင် သူတို့ပုံနှိပ်မီဒီယာ၏ ဘက်လိုက်မှုများကို ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့ကြသည်။ အစိုးရကို ထောက်ခံသည့် ဂျာနယ်မှ အယ်ဒီတာချုပ်၏ သုံးသပ်ချက်မှာ -

> "ကျွန်တော်တို့မီဒီယာရဲ့ ရည်ရွယ်ချက်ကတော့ ရှင်းရှင်းလေးပါပဲ။ အစိုးရဖက်ကသတင်းတွေကို ဖော်ပြပေးဖို့ပါ။ အခြားစကားလုံးနဲ့ဆိုရင်တော့ အစိုးရဖက်ကပေါ့။ အရင်က ကျွန်တော်တို့ ပဲခူးမှာ "ပဲခူးအပတ်စဉ်" ဂျာနယ် တစ်ခုပဲရှိတယ်။ အဲဒီဂျာနယ်က အစိုးရကို ဆန့်ကျင်တယ်။ အစိုးရဖက်ကို ထောက်ခံပေးဖို့ အကြီးတန်း အစိုးရ အရာရှိကြီးတစ်ဦးရဲ့ ပံ့ပိုးမှုနဲ့ ဒီဂျာနယ်ကို တည်ထောင်ခဲ့တာပါ။ အရင်းအနှီးက အခြားဂျာနယ်တွေထက်များပြီး အရှုံးကပိုကြီးပါတယ်။ ဒီဂျာနယ်က လက်ရှိအစိုးရကို ထောက်ခံတယ်ဆိုတဲ့ သူ့ရဲ့အစိက ရည်ရွယ်ချက်အတိုင်း ၂၀၁၅ အထွေထွေ ရွေးကောက် ပွဲအထိတော့ သေချာပေါက်ရှိနေမှာပါ။ . . . ကျွန်တော် အလုပ်ဝင်ပြီး ၄လ ၅လ အကြာမှာ ဒီလိုဖြစ်လာတာပါ။ အရင်ကတော့ ဒီဂျာနယ်က နာမည်ဆိုးရှိတယ်။ သူ့ရဲ့ရည်ရွယ်ချက်က အစိုးရ ထောက်ခံရေးပဲ။

> ဂျာနယ်တစ်စောင်ရဲ့ အင်္ဂါရပ်တောင်မှ ဘာမှမရှိဘူး။ အခုတော့ အစိုးရထောက်ခံတဲ့ ဂျာနယ်ဖြစ်ပေမယ့်လည်း အရည်အသွေးပိုင်းကို အလေးထားလာပြီလို့ ပြောနိုင်လာပါပြီ။"

ထိပ်ပိုင်း နိုင်ငံရေးပါတီကြီးများသည်လည်း ပါတီပိုင် ပုံနှိပ်မီဒီယာများ ရှိကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သည် ဒီလှိုင်းအမည်ဖြင့် ဂျာနယ်ထုတ်ဝေပြီး သတင်းစာထုတ်ဝေရန် လိုင်စင်လည်းရှိသည်။ အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည်လည်း ပြည်ထောင်စုနေ့စဉ်သတင်းစာ အမည်ဖြင့် သတင်းစာထုတ်ဝေသည်။ တပ်မတော်သည်လည်း တပ်ပိုင်ရေဒီယိုအသံလွှင့်ဌာန၊ ရုပ်မြင်ဌာနနှင့် ပုံနှိပ်မီဒီယာလည်းရှိပါသည်။

## ၁.၄ သတင်းသမားများ၏ အခွင့်အရေးဖြစ်သည့် ၎င်းတို့၏ သတင်းရင်းမြစ်ကို ကာကွယ်ရန် ဥပဒေတွင် အာမခံချက်ပေးထားခြင်းနှင့် အလေးထားကျင့်သုံးစေခြင်း

### ၁.၄.၁ သတင်းသမားများသည် မည်သည့် ကြောက်ရွံ့ခြိမ်းခြောက်နှောင့်ယှက်မှုများ မရှိပဲ ၎င်းတို့၏ လျှို့ဝှက်အပ်သော သတင်းရင်းမြစ်များကို ကာကွယ်နိုင်သည်

သတင်းမီဒီယာကျင့်ဝတ်ကို မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)က ၂၀၁၄-ခုနှစ် မေလ (၃)ရက်နေ့တွင် တရားဝင်ထုတ်ပြန်ခဲ့သည်။ ကျင့်ဝတ်တွင် သတင်းထောက်နှင့် မီဒီယာသမားများ၏ တာဝန်ဝတ္တရားများကို ရေးဆွဲထားသည်။ သတင်းမီဒီယာကျင့်ဝတ်၏အခန်း (၃.၂) တွင် သဘောတူရန် သတ်မှတ်ထားသည်မှာ -

> "မီဒီယာဌာနများသည် လျှို့ဝှက်အပ်သော သတင်းရင်းမြစ်များကို ကာကွယ်ပေးရန် ကျင့်ဝတ်အရတာဝန်ရှိပြီး မီဒီယာလုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ထိုလျှို့ဝှက်ချက်ကို အသိရှိရှိလေးစားလိုက်နာရန် လိုအပ်သည်။ ထိုသို့ ကာကွယ်ပေးရန် တာဝန်ရှိမှုကို ဤမီဒီယာကျင့်ဝတ်က ထောက်ခံသည်။"

သို့သော်လည်း သတင်းမီဒီယာ ကျင့်ဝတ်ကို လုပ်ငန်းခွင်စံနှုန်းများ အဖြစ်သာလျှင် သတ်မှတ်ထားခြင်း ဖြစ်သည်။ သတင်းထောက်များသည် သူတို့၏ သတင်းရင်းမြစ်ကိုကာကွယ်ရန် အခြေခံအဖြစ်သုံးနိုင်သည့် ဥပဒေနှင့်စည်းမျဉ်းများ

မရှိပေ။ ကိုယ်တွေ့ဖြစ်ရပ်များက ဖော်ပြနေသည်မှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရတာဝန်ရှိသူများသည် သတင်းထောက်များအား ၎င်းတို့၏ သတင်းရင်းမြစ်များကိုဖော်ထုတ်ရန် ခြိမ်းခြောက်မှုများ ပြုလုပ်လေ့ရှိကြောင်းပင် ဖြစ်သည်။ ဘားအံမြို့၊ ထားဝယ်မြို့နှင့် လားရှိုးမြို့များမှ သတင်းထောက်များနှင့် အုပ်စုဖွဲ့ဆွေးနွေးမှု အထောက်အထားများအရအစိုးရ၊ စစ်တပ်သို့မဟုတ် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့အား သတင်းရင်းမြစ်များကို ဖော်ထုတ်ရန်ပြောခဲ့ကြကြောင်း သိရသည်။ ကရင်ပြည်နယ်မှ အမျိုးသမီးသတင်းထောက်တစ်ဦးက ပြောကြားခဲ့သည်မှာ -

> "စစ်တပ်ပိုင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းက ဘိလပ်မြေစက်ရုံဆောက်ဖို့စီစဉ်ခဲ့ပါတယ်။ သူတို့ကမြေတွေကို သိမ်းလိုက်ပြီးအဲဒီမြေမှာနေထိုင်သူအားလုံးကို အတင်းဖယ်နိုင်းပါတယ်။ စက်ရုံမန်နေဂျာက တရားစွဲမယ်လို့ ခြိမ်းခြောက်ပြီး ကျွန်မရဲ့ သတင်းရင်းမြစ်များကို ထုတ်ဖော်ပြောဖို့ တောင်းဆိုပါတယ်။ ကျွန်မရဲ့ သတင်းရင်းမြစ်တွေကို လုံးဝ မဖော်ထုတ်ခဲ့ဘဲ အဲ့ဒီ သတင်းပါလာပြီး နောက်မှာတော့ ခြိမ်းခြောက်မှုတွေ ထပ်မရှိတော့ပါဘူး"

## ၁၅ မီဒီယာအတွက် အများပြည်သူဆိုင်ရာ မူဝါဒများချမှတ်ပုံဖော်ရေးတွင် ပြည်သူနှင့် အရပ်ဖက်အဖွဲ့အစည်းများ ပါဝင်ရေး

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကို ၂၀၁၂ ခုနှစ်တွင် ပထမဆုံး တစ်စိတ်တစ်ပိုင်းလွတ်လပ်သော မီဒီယာလုပ်ငန်းအတွက် မူဝါဒပိုင်းထိန်းကျောင်းသည့် အဖွဲ့အဖြစ်ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့သည် မီဒီယာလုပ်ငန်းတွင် လူထုဆိုင်ရာ မူဝါဒများ ပုံဖော်ရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့သည်။ စာနယ်ဇင်းကောင်စီ (ယာယီ) သည် သတင်းမီဒီယာဥပဒေ မူကြမ်းရေးဆွဲရေးကိုတာဝန်ယူခဲ့ပြီး ယင်းကို ၂၀၁၄ ခုနှစ် မတ်လတွင် ပြဋ္ဌာန်းခဲ့သော်လည်း ပြန်ကြားရေး ဝန်ကြီးဌာနသည် နောက်ဆုံး မူကြမ်းတွင် ပြင်ဆင်မှုအချို့ပြုလုပ်ခဲ့သည်။ စာနယ်ဇင်းကောင်စီ (ယာယီ) သည်လည်း သတင်းမီဒီယာ ကျင့်ဝတ်ကို ၂၀၁၄ ခုနှစ် မေလတွင် တရားဝင် ထုတ်ပြန်ခဲ့ပါသည်။ စာနယ်ဇင်းကောင်စီ၏ အမိုအနိုကင်းမှုသည် အငြင်းပွားစရာအချက်ဖြစ်နေသော်လည်း သိသာထင်ရှားသည်မှာ စာနယ်ဇင်းကောင်စီတွင် ပါဝင်သည့်အဖွဲ့ဝင်များနှင့် စာနယ်ဇင်း

အဖွဲ့အစည်းများမှ ဦးဆောင်သူများမှာ တူညီနေခြင်းပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စာနယ်ဇင်း ကောင်စီ(ယာယီ)ကို မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအမည်ဖြင့် မီဒီယာကိုထိန်းကျောင်းသည့် အဖွဲ့အစည်းအဖြစ် အစားထိုးခဲ့သည်။ ယခင်တာဝန်ယူလုပ်ကိုင် သကဲ့သို့ပင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ အဖွဲ့ဝင်များသည် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် အခြားအရပ်ဖက် အဖွဲ့အစည်းများတွင်လည်း အဖွဲ့ဝင်များအဖြစ် တာဝန်ယူထားမှု တူညီနေခြင်းမှာ သိသာထင်ရှား နေပေသည်။ ယင်းအချက်ကြောင့် အရပ်ဖက်အဖွဲ့အစည်းများသည် မီဒီယာကို ထိန်းကျောင်းသည့် အဖွဲ့အစည်းများမှတဆင့် မီဒီယာမူဝါဒများ ချမှတ်ရေးတွင် ဆက်လက်ပါဝင်ဆောင်ရွက်နိုင်ကြောင်း သိမြင်နိုင်သည်။

အစဉ်အလာအရမြန်မာနိုင်ငံတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်လေ့မရှိကြသော်လည်း လတ်တလောတွင် မီဒီယာဆိုင်ရာ ဥပဒေပြဋ္ဌာန်းရန် မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်များတွင် ပါဝင်ရန် အလားအလာကောင်းများ ရှိနေသည်။ ၂၀၁၄ ခုနှစ်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်း များနှင့်မီဒီယာ အဖွဲ့အစည်းများသည် အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေမူကြမ်း အပေါ်ထင်မြင်သုံးသပ်ချက် ပေးရန်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ရန် ဖိတ်ကြားခံခဲ့ကြရသည်။ ဥပဒေကြမ်း၏အခန်းများစွာနှင့် ပတ်သက်ပြီး ဝေဖန်သည့် အသံများစွာ ထွက်ပေါ်လာခဲ့ရာ အထင်ရှားဆုံးမှာ ဥပဒေကြမ်းတွင် ပါဝင်သော အများပြည်သူဝန်ဆောင်မှု ပုံနှိပ်မီဒီယာနှင့် ပတ်သက်သော အသံများ ဖြစ်သည်။ ရလဒ်အနေဖြင့် ဥပဒေကြမ်းကို လွှတ်တော်မှ ရုပ်သိမ်းခဲ့ရသည်။ ယင်း ချဉ်းကပ်မှုပုံစံသည် လုပ်ရိုးလုပ်စဉ်ကိစ္စမျိုးထက် မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်များတွင် ပိုမို၍ အတွင်းကျကျပါဝင်နိုင်အောင် ဆွေးနွေး ညှိနှိုင်းခြင်းမျိုး ဖြစ်သည်။ အလားတူ မီဒီယာအသိုင်းအဝိုင်းသည်လည်း လက်ရှိတွင်ပြဋ္ဌာန်းထားသည့် ရုပ်သံလွှင့်ဥပဒေ ရုပ်လုံးပေါ်လာရေးတွင် ထူးထူးခြားခြား ပါဝင်လာနိုင်ခဲ့သည်။ ဥပဒေမူကြမ်းက အစိုးရ အဖွဲ့ဖြစ်သော အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ကို ရုပ်သံလွှင့်လိုင်စင်ချပေးရန် ဆုံးဖြတ်ချက် ချပိုင်ခွင့်ပေးထားသည်။ မီဒီယာအသိုင်းအဝိုင်း၏ တောင်းဆိုမှုများကြောင့် သုံးသပ်မှုများ ပြုလုပ်ကာ ယင်း ဆုံးဖြတ်ပိုင်ခွင့်အာဏာကို အရပ်ဖက်အဖွဲ့ဖြစ်သော အမျိုးသားရုပ်သံလွှင့်ကောင်စီသို့ ပေးခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် လွှတ်တော်နှင့်စာနယ်ဇင်းကောင်စီ (ယာယီ)ကို

ညှိနှိုင်းဆွေးနွေးခြင်းမရှိဘဲ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို မူကြမ်းရေးဆွဲခဲ့ခြင်းမျိုးမှလွဲ၍ ပိုမိုအပြုသဘောဆောင်လာခဲ့သည်။ မီဒီယာလုပ်ငန်းသည် ဥပဒေကြမ်းရှိနေကြောင်း သိရှိပြီးနောက်တွင် ပြန်ကြားရေးဝန်ကြီးဌာနကို ဝေဖန်အသံပြုစရာ ဖြစ်ခဲ့သည်။ စာနယ်ဇင်းကောင်စီ(ယာယီ)မှ အဖွဲ့ဝင်များက ယင်းဥပဒေကြမ်းကိုပြင်ဆင်မှုမပြုလျှင် နုတ်ထွက်ကြမည်ဟု ခြိမ်းခြောက်ကြသည်။ နောက်ပိုင်းပြင်ဆင်မှုများကို စာနယ်ဇင်းကောင်စီမှ တာဝန်ရှိသူများကို အကြောင်းကြားခဲ့သည်။ သို့ရာတွင် ဥပဒေအရပုံနှိပ်မီဒီယာအတွက် မှတ်ပုံတင်ပြုလုပ်ရန် လိုအပ်ဆဲဖြစ်နေသည်။ ယင်းအချက်သည် စာနယ်ဇင်းကောင်စီ (ယာယီ)နှင့် သတင်းမီဒီယာတိုက်များ၏ ဆန္ဒကို ဆန့်ကျင်နေပေသည်။

## (ခ) ရုပ်သံလွှင့်လုပ်ငန်းအတွက် ကြိုးကြပ်သည့်စနစ်

### ၁.၆ လွတ်လပ်သောကြီးကြပ်ရေးစနစ်ကို ဥပဒေဖြင့် အာမခံချက်ပေးထားခြင်းနှင့် အလေးထား ကျင့်သုံးစေခြင်း

လက်ရှိကာလတွင် အသံလွှင့်လုပ်ငန်းများ အားလုံးသည် နိုင်ငံပိုင် သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိကအကြား အကျိုးတူပူးပေါင်းဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ကြသည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှလွဲ၍ တရားဝင်ကြီးကြပ်ရေး စနစ်မရှိပါ။ အသံလွှင့်လုပ်ငန်းရှင်များအတွက် တိကျသောဝေါဟာရ အသုံးအနှုန်းနှင့် စည်းကမ်းသတ်မှတ်ချက်များသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ၎င်းတို့ချုပ်ဆိုသော သဘောတူစာချုပ်များ အပေါ်တွင် မူတည်သည်။

ယင်းအရာအားလုံး ၂၀၁၅ ခုနှစ် ဖြေဂုတ်လတွင် ပြဋ္ဌာန်းခဲ့သည့်ရုပ်သံလွှင့် ဥပဒေနှင့်အတူပြောင်းလဲရန် စတင်ခဲ့သည်။ ဥပဒေတွင် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် အမျိုးသားရုပ်သံလွှင့် ကောင်စီနစ်ခုအတွက် ပံ့ပိုးပေးထားသည်။ အာဏာပိုင်အဖွဲ့ကို ဝန်ကြီးဌာနမျိုးစုံမှ အစိုးရတာဝန်ရှိသူများနှင့် ဖွဲ့စည်းထားစဉ်တွင် ကောင်စီတွင် တစ်ဦးချင်းပါဝင်သူများ

အနေဖြင့် "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ၊ ဥပဒေပညာ၊ စီးပွားရေးပညာ" ကျွမ်းကျင်သူများ ဖြစ်ရမည်။[၆၁] အမျိုးသား ရုပ်သံလွှင့်ကောင်စီ လွတ်လပ်မှုတစ္စာဆောင်ရွက်နိုင်ခွင့် ရရှိပါမည်။ နမူနာအနေဖြင့် ကောင်စီ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ နှစ်စဉ်အရ အသုံးစာရင်းတွင် ပါဝင်ရေးဆွဲရမည်။[၆၂] သို့ရာတွင် ယင်းကို လွှတ်တော်တွင် သီးခြားစီအတည်ပြုရန်ဖြစ်သည်။ ကောင်စီဖွဲ့စည်းရန်အတွက် အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတနှင့်လွှတ်တော်မှ အမည်စာရင်း တင်သွင်းအဆိုပြုနိုင်သည်။ ယင်းလုပ်ငန်းစဉ်တွင် အရပ်ဖက် အဖွဲ့အစည်းများ အတွက် အခန်းကဏ္ဍကို မှန်းကြည့်နိုင်သော်လည်း နိုင်ငံတော်သမ္မတသည် ကောင်စီဝင်များကို ခန့်အပ်ရေးနှင့် ထုတ်ပယ်ရေးအတွက် တာဝန်ယူရပေသည်။[၆၃] ရုပ်သံလွှင့်ဥပဒေ၏ အပိုဒ်(၇)နှင့်(၈)တွင် ရုပ်သံလွှင့်ကောင်စီ၏ ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့် မရှိသူများအတွက် အရည်အချင်းသတ်မှတ်ချက်များကို ဖော်ပြထားသည်။ သတိပြုသင့်သည်မှာ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံရေးပါတီများမှအဖွဲ့ဝင်များကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့် မရှိပေ။[၆၄] သို့သော်လည်း ယင်းဥပဒေ၏ ပုဒ်မ(၇-ခ)အရ ကောင်စီဝင်များသည် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများဖြစ်ရန် လိုအပ်ပြီး ၎င်းဥပဒေတွင် မြန်မာ့လူ့အသိုင်းအဝိုင်းစုံကို ထင်ဟပ်စေနိုင်မည့် သေချာသော စီမံဖန်တီးထားမှုမျိုး မပါရှိပေ။

အာဏာပိုင်အဖွဲ့နှင့် ကောင်စီပူးပေါင်းပြီး "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံချက်နှင့် မူဝါဒများကို" ညှိနှိုင်းရေးဆွဲချမှတ်ကြရသည်။[၆၅] ရုပ်သံလွှင့်လုပ်ငန်းအတွက် မူဝါဒများ ရေးဆွဲရေးအတွက် အခြားလုပ်ငန်းတာဝန်များကို ယင်းအဖွဲ့နှစ်ခုအတွင်း ခွဲခြားထား သည်။ အာဏာပိုင်အဖွဲ့၏ အခန်းကဏ္ဍမှာ အဓိကအားဖြင့် ကျယ်ပြန့်သော

[၆၁] ပုဒ်မ ၇၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ ဥပဒေအမှတ် ၅၃/ ၂၀၁၅ ရက်စွဲ ၂၈ ဩဂုတ် ၂၀၁၅

[၆၂] ပုဒ်မ ၂၈၊ ယင်း

[၆၃] ပုဒ်မ ၁၀၊ ၁၁၊ ၁၂ (ယင်း)

[၆၄] ပုဒ်မ ၈၊ ယင်း

[၆၅] ပုဒ်မ ၆၊ ယင်း

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကြီးကြပ်မှု ဘောင်အတွင်းသို့ ရုပ်သံလွှင့် လုပ်ငန်းထိုးဖောက် ဝင်ရောက်နိုင်ရေးအပါအဝင် နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ ဆက်နွယ်သောလုပ်ငန်းများကို လုပ်ဆောင်ရသည်။ ဥပမာ - အာကာပိုင်အဖွဲ့သည် ရုပ်သံလွှင့်ခြင်းနှင့် ရုပ်သံလွှင့်ခြင်းအတွက် အသုံးပြုမည့်နစ်စဉ်လှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှုဆိုင်ရာစီမံချက်အတွက် မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် ဆွေးနွေးညှိနှိုင်းကာ နည်းပညာပိုင်ဆိုင်ရာ အဆင့်အတန်း သတ်မှတ်ရေး တာဝန်ယူရသည်။[၅၅] ကောင်စီ၏အခန်းကဏ္ဍမှာ မူဝါဒကြီးကြပ်ရေးကို အခြေခံသောကြောင့် ပိုမိုတာဝန်ကြီးမားပြီး ပြဿနာများကိုလည်း တာဝန်ယူရခြင်း၊ ရုပ်သံလွှင့်လိုင်စင်အသစ်ချပေးခြင်း၊ သက်တမ်းတိုးခြင်း၊ ရုပ်သံလွှင့်လုပ်ငန်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ စည်းကမ်းချိုးဖောက်သူများကို လိုင်စင်ရုပ်သိမ်းခြင်းများ ဆောင်ရွက်ရသည်။ [၅၆] ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်းကိုလည်း တာဝန်ယူရသည်။[၅၇]

ကောင်စီနှင့် အာကာပိုင်အဖွဲ့ နှစ်ခုစလုံးကို ၂၀၁၆ ခုနှစ် ဧပြီလတိုင် မဖွဲ့စည်းရသေးပဲ လုပ်ငန်းအတွက် သင့်တော်မည့်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရန် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ်ရန် အချိန်ယူကြရမည် ဖြစ်သည်။ သို့သော်လည်း ရုပ်သံလွှင့်ဥပဒေတွင် ဖော်ပြထားသော ရှင်းလင်းသိသာထင်ရှားသည့် အချက်မှာ ရုပ်သံလွှင့်လုပ်ငန်း အတွက်ပြဋ္ဌာန်းထားသည့် စည်းကမ်းများအတိုင်း မည်ကဲ့သို့ ဆောင်ရွက်ကြမည်ဆိုသည်နှင့် ကောင်စီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းများက ယင်းကောင်စီကို ပါတီစွဲနှင့် စီးပွားရေးဝင်ရောက်စွက်ဖက်မှုများမှ အကြီးအကျယ် ကာကွယ်သင့်ကြောင်း အကြံပြုခဲ့ကြသည်။

---

[၅၅] ပုဒ်မ ၆၊ ယင်း

[၅၆] ပုဒ်မ ၁၄၊ ယင်း

[၅၇] ပုဒ်မ ၁၅၊ ယင်း

## ၁.၇ မူဝါဒကြီးကြပ်မှုစနစ်က မီဒီယာဗဟုဝါဒနှင့် သတင်းအချက်အလက်လွတ်လပ်စွာ ထုတ်ဖော်ခြင်းကို အနိုင်အမာဖြစ်ပေါ်စေရန် လုပ်ဆောင်ပေးသည်

အမျိုးသားရုပ်သံလွှင့် ကောင်စီကို ရုပ်သံလွှင့်ဥပဒေပြဋ္ဌာန်းသည့် နေ့ရက်မှစ၍ ခြောက်လအတွင်း[၅၈] (၂၀၁၆ ခုနှစ် မတ်လ) ဖွဲ့စည်းရန် ဖြစ်သည်။ ယင်းနှောင့်နှေးနေရခြင်း အကြောင်းမှာအစိုးရသစ်မှ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်လိမ့်မည်ဆိုသည့် အချက်ကြောင့် ဖြစ်သည်၊ ရုပ်သံလွှင့်ဥပဒေသည် ကောင်စီကို လုံလောက်သောလုပ်ပိုင်ခွင့်နှင့် ပြည်သူလူထုကို တာဝန်ခံသောအမျိုးစားစုံလင်သည့် မီဒီယာဝန်းကျင်တစ်ခုပေါ်ထွန်းစေရန် လုပ်ဆောင်နိုင်သည့် လုပ်ပိုင်ခွင့်ပေးထားသည်။ ဥပမာ - ရုပ်သံလွှင့်လိုင်စင် တစ်ခုချထားသော အခါကောင်စီသည် ပိုင်ဆိုင်မှုပုံသဏ္ဌာန် အနေအထား၊ မီဒီယာဗဟုဝါဒနှင့် အကြောင်းအရာပိုင်းဆိုင်ရာ မတူကွဲပြားမှုတို့အပေါ်တွင် သက်ရောက်မှုများကို မဖြစ်မနေ ထည့်သွင်းစဉ်းစား ရပေသည်။[၅၉]

ရုပ်သံလွှင့်ဥပဒေသည် ဒေသတွင်း အကြောင်းအရာများ တိုးတက်ထုတ်လုပ် နိုင်ရန်ရည်ရွယ်သည်။ ထုတ်လွှင့်သည့် ရုပ်သံအစီအစဉ် ၂၀ရာခိုင်နှုန်းသည် ပြည်တွင်းမှ ထုတ်လုပ်သည့် ရုပ်သံအစီအစဉ် ဖြစ်ရမည်။[၆၀] ထို့အပြင် ရုပ်သံလွှင့်ဥပဒေ အပိုဒ် (၆၇)တွင် ရေဒီယိုထုတ်လွှင့်ခြင်း လုပ်ငန်းများ၏ (၇၀) ရာခိုင်နှုန်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှု၏ ၃၀ ရာခိုင်နှုန်းသည် ပြည်တွင်းတွင် ထုတ်လုပ်သော အစီအစဉ်များဖြစ်ရမည် ဖော်ပြထားသည်။ ပြည်သူလူထု ရပိုင်ခွင့် အခွင့်အလမ်းကို တိုးမြှင့်ပေးရန် ထုတ်လွှင့်သည့် အခပေးရုပ်သံလိုင်း စုစုပေါင်း၏ အနည်းဆုံး (၂၀)ရာနိုင်နှုန်းသည် အခမဲ့ရုပ်သံလိုင်းများဖြစ်ရမည်။[၆၁]

အရေးပါသည့်အချက်မှာ ရုပ်သံလွှင့်ဥပဒေပါ စည်းမျဉ်းများသည် လက်ရှိရုပ်သံထုတ်လွှင့်နေသည့် လုပ်ငန်းများနှင့်ပါ အကျုံးဝင်သက်ရောက်သည်။ အပိုဒ် (၁၀၀)တွင် လက်ရှိရုပ်သံလွှင့် လုပ်ငန်းများအားလုံးဥပဒေပြဋ္ဌာန်းပြီးနောက်တစ်နှစ်

---

[၅၈] ပုဒ်မ ၁၀၃၊ ယင်း
[၅၉] ပုဒ်မ ၃၅(က)၊ ယင်း
[၆၀] ပုဒ်မ ၆၄ (က)၊ ယင်း
[၆၁] ပုဒ်မ ၆၄ (ခ)၊ ယင်း

အတွင်းလိုင်စင်လျှောက်ထားကြရန်နှင့် အပိုဒ် (၁၀၁) တွင် လက်ရှိသဘောတူညီချက်များတွင် ဥပဒေနှင့် ကွဲလွဲဆန့်ကျင်ချက်များရှိလျှင် ပြန်လည်ပြင်ဆင်ရမည်ဟု ဖော်ပြထားသည်။ မြန်မာနိုင်ငံရှိ ရုပ်သံလွှင့်လုပ်ငန်းများအတွက် ထင်ရှားသိသာသည့် သက်ရောက်မှုမှာ လက်ရှိပိုင်ဆိုင်မှု ပုံသဏ္ဌာန်တွင် နိုင်ငံတော်မှ ပါဝင်ပတ်သက်မှု မြင့်မားနေခြင်းနှင့် အကြောင်းအရာ စုံလင်များပြားမှုမရှိခြင်းတို့ဖြစ်သည်။ (အခန်း ၃ တွင်ကြည့်ပါ)

## (ဂ) အသရေဖျက်မှုဥပဒေများနှင့် သတင်းသမားများအပေါ် အခြားဥပဒေဆိုင်ရာ ကန့်သတ်ချက်များ

### ၁.၈ နိုင်ငံတော်သည် မီဒီယာအပေါ်ဥပဒေဆိုင်ရာ ကန့်သတ်ချက်များကို ပြဋ္ဌာန်းမှု မပြုခြင်း

နိုင်ငံတကာ ဥပဒေများအရ နိုင်ငံတော်သည်လိုင်စင်လိုအပ်ကြောင်း သတ်မှတ်ခြင်း သို့မဟုတ် စာနယ်ဇင်းလုပ်ငန်းလုပ်ကိုင်သူများအပေါ်တွင် ကန့်သတ်ချက်များပြုလုပ်ခြင်း မပြုရပေ။ လူထုဆက်သွယ်ရေးနည်းပညာဖြင့် သို့မဟုတ် အခြားဆက်သွယ်ရေး ကြားခံတစ်ခုခုဖြင့် သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ ပဋိညာဉ် (ICCPR) ၏ ပုဒ်မ(၁၉)တွင် အာမခံပေးထားသည်။ ထိုသို့ပြုလုပ်ရန် မည်သည့်အထူးခွင့်ပြုချက်နှင့် လျှောက်ထားမှုမျှမလိုအပ်ပေ။ သတင်းသမားများအား လိုင်စင်ပြုလုပ်ပေးခြင်းကို အချို့သောတိုင်းပြည်များ၌ ယင်းအခွင့်အရေးများကို ကန့်သတ်ရန်နှင့် မီဒီယာကို သွယ်ဝိုက်ပြီး ဆင်ဆာပြုလုပ်ရန်အတွက် အသုံးပြုကြသည်။

မြန်မာနိုင်ငံတွင် သတင်းသမားများအတွက် လိုင်စင်ပြုလုပ်ရခြင်း မရှိပေ။ မီဒီယာစည်းမျဉ်းများက မီဒီယာကြီးကြပ်ရေးအဖွဲ့သည် သတင်းမီဒီယာ သက်သေခံကဒ်ပြားသတ်မှတ်ပေးရန် တာဝန်ရှိသည်ဟု ဖော်ပြထားသော်လည်း ၎င်းသည် လုပ်ငန်းအတွက် စည်းကမ်း သတ်မှတ်ခြင်းမျိုးထက် တရားဝင် အတည်ပြုရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ထို့အပြင် ယင်းသက်သေခံကဒ်ပြား သတ်မှတ်ခြင်းလုပ်ငန်းစဉ်အတွက် ဆောင်ရွက်ခြင်းမရှိသေးပေ။ စာနယ်ဇင်းကောင်စီ (ယာယီ) သည်ယင်းကဒ်ကို

မည်သည့်အခါကမှ ထုတ်ပေးခြင်းမရှိဘဲ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အနေဖြင့်လည်း လတ်တလောတွင် ယင်းကိစ္စနှင့်ပတ်သက်၍ မည်သည့်အစီအစဉ်မှ မရှိသေးပေ။[၆၂] လက်တွေ့တွင် မီဒီယာတိုက်များသည် ၎င်းတို့၏ ဝန်ထမ်းများအား မီဒီယာကဒ်များပုံနှိပ်ပေးထားပြီးဖြစ်ပြီး ယင်းကဒ်များကို သတင်းလိုက်ရာတွင် ၎င်းတို့၏ သက်သေခံကဒ်ပြားအဖြစ် အသုံးပြုနိုင်ပေသည်။ တိုက်အများစုသည် အလွတ် သတင်းထောက်များကို ယင်းကဒ်များပေးလေ့ မရှိပါ။ မြန်မာနိုင်ငံသတင်းစာ ဆရာများအသင်းသည်လည်း အဖွဲ့ဝင်များကို သတင်းထောက်ကဒ်များ ထုတ်ပေး ထားပြီး သတင်းလိုက်ရာတွင် ယင်းကဒ်များကို သက်သေခံကဒ်ပြားအဖြစ် အသုံးပြု နိုင်သည်။

လွတ်လပ်မျှတသော မီဒီယာဝန်းကျင်ကောင်းတစ်ခုဖြစ်ရန် ပြည်သူ့အဖွဲ့ အစည်းများကအထူးသဖြင့် အစိုးရတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို သတင်းမီဒီယာဌာနများသို့ ဘက်လိုက်မှုမရှိပဲ သတင်းအချက်အလက်များ လိုလို လားလား ထုတ်ပြန်ပေးမှုအပေါ်တွင် မူတည်နေပါသည်။ အမှန်တကယ်တွင် အရိုးသော အစိုးရဆောင်ရွက်ချက်များကို ဖော်ပြခြင်းမရှိသောအခါ ယင်းအချက်သည် ပြဿနာ ဖြစ်နေပေသည်။ သတင်းလိုက်သည့် သတင်းသမားအရေအတွက်ကို သတင်းရယူ ရမည့် နေရာအနေအထားကိုပါ ထည့်သွင်းစဉ်းစား၍ ကြောင်းကျိုးဆီလျော်စွာ ကန့်သတ်ရန်လိုအပ်ပေသည်။ ယင်းကဲ့သို့သော ကိစ္စမျိုး၊ နေရာမျိုးတွင်သတင်းသမား အားလုံးအားညီတူမျှတစွာ သတင်းအချက်အလက်များ ပေးနိုင်မည်မဟုတ်ပေ။ အစိုးရမှ ရှင်းရှင်းလင်းလင်း၊ ပွင့်လင်းမြင်သာသော လုပ်ထုံးလုပ်နည်းများဖြင့် မည်သည့် သတင်းသမားက အနီးကပ်သတင်းယူခွင့်ရှိကြောင်း နေရာရွေးချယ်သတ်မှတ် ပေးသင့်ပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ချက်များသည် ပရိသတ်မျိုးစုံ၊ အမြင်မျိုးစုံ ခြုံငုံမိအောင် မီဒီယာတိုက်မျိုးစုံကို ကိုယ်စားပြုကာအခမ်းအနားမျိုးစုံသို့ တက်ရောက်၍ သတင်းများ ရယူနိုင်ရေး အဓိကအချာဆောင်ရွက်ပေးသင့်သည်။

မြန်မာနိုင်ငံတွင် ယင်းကိစ္စနှင့်ပတ်သက်၍ တရားဝင်လုပ်ထုံး လုပ်နည်းများ မရှိပါ။ လက်တွေ့တွင်ကန့်သတ်ထားသောအခမ်းအနားများကို သတင်းဖော်ပြနိုင်ရေး

---

[၆၂] ယခင် စာနယ်ဇင်းကောင်စီ (ယာယီ) အတွေ့အကြုံဆွေးနွေးမှု၊ MDI Validation Workshop, ၁၉ ဇန်နဝါရီ ၂၀၁၆

အတွက် မီဒီယာလုပ်ငန်းကြီးများကို ဖိတ်ကြားလေ့ရှိသည်။ ၎င်းဖိတ်ကြားမှုများကို ကိစ္စတစ်ခုချင်းအပေါ်မူတည်၍ အစိုးရက ဆုံးဖြတ်လုပ်ဆောင်ခြင်းဖြစ်ပြီး ယင်းဆုံးဖြတ်ချက်များသည် မီဒီယာဗဟုဝါဒထင်ဟပ်ခြင်းမရှိပေ။ မည်သို့ပင် ဆိုစေကာမူ နိုင်ငံပိုင်မီဒီယာများသည် ဆောင်ရေးများစွာ ဖြန့်ကျက်ရောက်ရှိမှု အားကောင်းသော်လည်း ၎င်းတို့၏ သတင်းဖော်ပြမှုများသည် အစိုးရ၏ ဆောင်ရွက်ချက်များမှ အပြုသဘောဆောင်သော အကောင်းများသာ ဖော်ပြကြသည် (တိုင်းတာချက် ၃.၁၁ တွင် ကြည့်ပါ)။ အစိုးရမှ စာနယ်ဇင်းကောင်စီ (ယာယီ)သို့ အစိုးရမှကျင်းပသောပွဲများသို့ တက်ရောက်သတင်းယူရန် ကြိုတင်စာရင်းပြုစုထားသော သတင်းသမားစာရင်းတောင်းခံ ခဲ့ဖူးသည်။ သို့ရာတွင် စာနယ်ဇင်းကောင်စီက အဆိုပါစနစ်ကို စီမံခန့်ခွဲနိုင်ခြင်းမရှိသေးသောကြောင့် ငြင်းဆန် ခဲ့သည်။ [၆၃]

## ၁.၉ အသရေဖျက်မှုဥပဒေများက လူတစ်ဦးချင်းစီ၏ ဂုဏ်သတင်းကို ကာကွယ်ပေးရန် လုံလောက်သည့် အဓိပ္ပါယ်ကောင်းစွာဖွင့်ဆိုထားသော အနိမ့်ဆုံးကန့်သတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းခြင်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းအပေါ် ကန့်သတ်ချက်များ ဒီမိုကရေစီနိုင်ငံများတွင် ရှိကြသော်လည်း ယင်းတို့သည် ဘောင်ကျဉ်းကျဉ်းသာ ရှိသင့်သည်။ အသရေဖျက်မှု ဥပဒေသည် တစ်ဦးတစ်ယောက်ချင်းစီအား အများမှထိခိုက်နစ်နာအောင်စွပ်စွဲခြင်းမှ ကာကွယ်ပေးရန်ရည်ရွယ်ပါသည်။ သင့်တင့်လျောက်ပတ်စွာ အသုံးချသောအခါ အသရေဖျက်မှုဥပဒေသည် လူထု၏ဖွင့်ဟထုတ်ဖော်မှု အရည်အသွေးကိုများစွာတိုးတက်စေပြီး အထောက်အထားအခြေပြု သတင်းထောက်လှမ်းခြင်းကို မြှင့်တင်ပေးနိုင် ပါသည်။ အသရေဖျက်မှု ဥပဒေများမရှိလျှင် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများနှင့် ခံစားမှုအသားပေး သတင်းရေးသားမှုများဖြစ်သွားနိုင်ပြီး ယင်းသည် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်းစီကို ထိခိုက်နစ်နာစေကာ မီဒီယာအပေါ်ယုံကြည်စိတ်ချရစေမှုကို လုံးလုံးလျားလျား ကျဆင်းစေပါသည်။ ယင်း အတွက်ကြောင့် အပြည်ပြည်ဆိုင်ရာ ပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ ပဋိညာဉ် အပိုဒ်(၁၉)တွင် ဖော်ပြပါရှိသော "တစ်ခြားသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို လေးစားခြင်း" ဟူသည့် အချက်ကို အလေးဂရုပြုသည့် လွတ်လပ်စွာ ထုတ်ဖော်

[၆၃] ယင်း

ပြောဆိုခြင်းကို အသိအမှတ်ပြုခြင်းဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း အတွက်ကန့်သတ်ထားချက်များသည် လိုအပ်လာလျှင် အပိုင်းသုံးပိုင်းဖြင့်စစ်ဆေးပြီး နိုင်ငံတကာဥပဒေနှင့် ကိုက်ညီမှုရှိမှသာလျှင် လက်ခံနိုင်ဖွယ် ရှိသည်။

၁။ တည်ဆဲဥပဒေများမှ ပံ့ပိုးပေးထားခြင်းနှင့် ရှင်းလင်းစွာအဓိပ္ပါယ်ဖွင့်ဆိုထားခြင်း၊
၂။ ဥပဒေပါရည်ရွယ်ချက်အတိုင်း ကာကွယ်မှုပေးရန်ဦးတည်ထားခြင်း၊
၃။ ဥပဒေပါရည်ရွယ်ချက်အတိုင်း ကာကွယ်မှုပေးရန်လိုအပ်ခြင်း၊[၆၄]

အသရေဖျက်မှုဆိုင်ရာ စည်းကမ်းချက်များကို မြန်မာနိုင်ငံရာဇသတ်ကြီး ပုဒ်မ (၅၀၀ မှ ၅၀၂) အထိတွင် တွေ့နိုင်သည်။ ယင်းစည်းကမ်းချက်များသည် စစ်ဆေးချက်သုံးပိုင်းတွင် အကျိုးအကြောင်းနှစ်ချက်နှင့် အနည်းငယ်ဆက်စပ်နေသည်။ ပထမအချက်မှာ အသရေဖျက်မှုဥပဒေကို ချိုးဖောက်လျှင် နှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ တရားမပြစ်ဒဏ်သည် ဥပဒေပါ ရည်ရွယ်ချက်အတွက် လုံလောက်ပြီဖြစ်သောကြောင့် အသရေဖျက်မှုကို တရားမဥပဒေအရသာလျှင် အရေးယူသင့်သည်ဟု နိုင်ငံတကာကလက်ခံထားပါသည်။ အသရေဖျက်မှုကို ကာကွယ်ရန် ဥပဒေပါ ရည်ရွယ်ချက်များ ပေါက်မြောက်ရန် အတွက်ရာဇဝတ်ပြစ်ဒဏ်ပေးရန် မလိုအပ်ပေ။ ထို့ကြောင့် စစ်ဆေးချက်သုံးပိုင်းလုံးကို ချိုးဖောက်ခြင်း ဖြစ်နေပေသည်။ ဒုတိယအချက်မှာ အကြောင်းအရာဖော်ပြမှု တစ်ခု အတွက် တစ်စုံတဦးအား အသရေဖျက်မှုဖြင့် ပြန်လည်တရားစွဲဆိုခြင်း မပြုနိုင်ရန် ဥပဒေတွင် အချိန်ကန့်သတ်ချက် အတိအကျဖော်ပြရန် ပျက်ကွက်နေသည်။ ယင်းအချက်သည် သတင်းသမားများနှင့် မီဒီယာလုပ်ငန်းများကို ခြိမ်းခြောက်ရန် အတွက် ဥပဒေကိုအလွဲသုံးစားပြုရန် ဦးတည်သွားစေခဲ့သည်။ အသရေဖျက်မှုကို ဥပဒေကြောင်းအရကာကွယ်ရန် ယင်းသို့ပြုလုပ်ရန်မလိုအပ်သောကြောင့် စစ်ဆေးချက် အပိုင်းသုံးကို ချိုးဖောက်ရာရောက်သည်။ အသရေဖျက်မှုအတွက် ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခြင်းနှင့် အတိအကျ ဖော်ပြထားသည့် အချိန်ကန့်သတ်ချက် မရှိခြင်းသည် ဥပဒေပါ စည်းကမ်းချက်များက မီဒီယာလုပ်ငန်းများအပေါ် အချိန်ကုန် လူပန်းဖြစ်စေ သည့်သက်ရောက်မှုများဖြစ်ပေါ်စေကာ ကိုယ်တိုင်ဆင်ဆာဖြတ်ခြင်း အလေ့အထကို ဦးတည်စေနိုင်ပါသည်။

---

[၆၄] Mendel, T. (2013). အီရတ်နိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်မှတ်တမ်း။ ယူနက်စကို၊ UNESCO. http://unesdoc.unesco.org/images/0022/002207/220742E.pdf

မြန်မာနိုင်ငံတွင် အသရေဖျက်မှုဥပဒေ၌ ရွေးနုတ်နိုင်သည့် အရည်အချင်း မရှိပေ။ ၎င်းတွင်ပါရှိသော အများပြည်သူ အကျိုးအတွက် အပိုဒ်တွင် "မှန်ကန်သော စွပ်စွဲချက်ကို အများပြည်သူအကျိုးအတွက် ကြေညာရန်ပြုလုပ်လျှင် ထိုစွပ်စွဲချက် သည်အသရေဖျက်မှုဖြစ်သည်မမည်" ဟုဖော်ပြထားသည်။ သို့သော်လည်း ယင်းကို နိုင်ငံတကာတွင် လက်ခံထားသည်မှာ မှန်ကန်သောဖော်ပြချက်များသည် အများ ပြည်သူအကျိုးအတွက်ဟု သက်သေမပြနိုင်လျှင်သော်မှ အသရေနှင့် ဆက်နွယ်ပြီး ကာကွယ်ခွင့်ရသင့်သည်။ ထို့အပြင် မှားယွင်းသောဖော်ပြချက်ပင် ဖြစ်သော်ငြား လည်းကျိုးကြောင်းဆီလျော်စွာ ကာကွယ်ပေးသင့်သည်။

အသရေဖျက်မှုဥပဒေတွင် ဖော်ပြထားသည်မှာ သက်သေ၏ တာဝန်သည် တရားစွဲဆို လျှောက်ထားသူအပေါ်တွင် ကျရောက်ပြီး တရားစွဲဆိုသူသည် နိုင်ငံသား ဖြစ်ရမည်။ အစိုးရသို့မဟုတ် အဖွဲ့အစည်းများသည် အသရေဖျက်မှုအတွက် တိုက်ရိုက် တရားမစွဲနိုင်ပါ။ သို့သော်လည်း လက်တွေ့တွင် အစိုးရကိုယ်စား အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များကတာဝန်ခံပြီး သတင်းသမားများအပေါ် အသရေဖျက်မှုနှင့် တရားစွဲနေ ကြသည်။ မြန်မာ့ဥပဒေကျွမ်းကျင်သူများက ထောက်ပြကြသည်မှာ ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခြင်းမျိုးမှလွဲ၍ ပြဿနာအစစ်အမှန်မှာ တရားစီရင်ရာတွင် လွတ်လပ်မှုမရှိ ခြင်းနှင့် လာဘ်စားမှုများမှ ကင်းလွတ်ခြင်း မရှိခြင်းများကြောင့် အသရေဖျက်မှု ဥပဒေ၏ စကားရပ်များအပေါ် မူတည်မှုက နည်းနေပြီး အဓိပ္ပါယ်ဖွင့်ဆိုမှု လျော်ကန် သင့်မြတ်မှု မရှိခြင်းက ပိုမိုနေသည်။

မြန်မာနိုင်ငံတွင် အစိုးရနှင့် လူပုဂ္ဂိုလ်များကသတင်းသမားများကို အသရေ ဖျက်မှုနှင့် ခြိမ်းခြောက်နေကြသော်လည်း တရားစွဲဆိုမှုများမှ လွတ်မြောက်သွားလေ့ ရှိကြခြင်း သို့မဟုတ် ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခံရခြင်းမရှိပဲ ဖြေရှင်းနိုင်ခဲ့သည်။ အချို့သော အမှုများတွင် သတင်းသမားများသည် ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် တစ်မျိုးမျိုး ပေးဆောင်ရခြင်းမျိုး ရှိသည်။ [၆၃] လွန်ခဲ့သော နှစ်အနည်းငယ်က သတင်း

[၆၃] အောက်ဖော်ပြပါ ဆောင်းပါးတွင် ယင်းကဲ့သို့ နမူနာတစ်ခု ပါဝင်သည်။ Kyaw, P. W. (၃၀ မတ် ၂၀၁၄) ဂုဏ်သိက္ခာပျက်ယွင်းခြင်း။ http://www.mmtimes.com/index.php/national-news/mandalay-upper-yanmar/10002-damaged-dignity-sees-times-writer-guilty-of-defamation.html

သမားအချို့မှာ အသရေဖျက်မှုဥပဒေဖြင့် ထောင်ဒဏ်ကျခံရခြင်း ရှိခဲ့သော်လည်း[၆၆] အရေအတွက် နည်းပါးပါသည်။ ထောင်ကျနေသော သတင်းသမားအများစုမှာ အခြားဥပဒေများဖြင့် ပြစ်ဒဏ်ခံရခြင်းမျိုးပိုများသည်။ (တိုင်းတာချက် ၁.၁၀ တွင်ကြည့်ပါ)

## ၁.၁၀ အမျိုးသားလုံခြုံရေး၊ အမုန်းစကား၊ ပုဂ္ဂိုလ်ရေး၊ တရားရုံးကိုမထီမဲ့မြင်ပြုမှုနှင့် ညစ်ညမ်းမှုတို့အပေါ်တွင် အခြေခံကာလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းအပေါ် ကန့်သတ်ထားသည်များကို ဥပဒေတွင် အဓိပ္ပါယ်ရှင်းလင်းတိကျစွာဖော်ပြသင့်ပြီး ဒီမိုကရေစီ လူ့အသိုက်အဝန်း၏ လိုအပ်ချက်အဖြစ် နိုင်ငံတကာဥပဒေများနှင့် အညီ ခိုင်လုံမှန်ကန်ကြောင်းသက်သေပြနိုင်ခြင်း

မြန်မာပြည်သူ ပြည်သားများသည် ယခုအခါ ၎င်းတို့၏အမြင်နှင့် အယူအဆများကို ပွင့်လင်းစွာပြောဆိုရန် ယခင် အစိုးရလက်ထက်ကထက် ပိုမိုလွတ်လပ်လာကြသည်။ တပ်မတော် အပေါ်ဝေဖန်ချက်အချို့အား မီဒီယာများတွင် ယခု အချိန်အထိမြင်နိုင်သေးသော်လည်း ပြည်သူများထုတ်ဖော်မှု ပွင့်လင်းလာခြင်းသည် ဥပဒေဆိုင်ရာ ပုံဖော်ခြင်းထက် လူမှုစံနှုန်းများ ပြောင်းလဲမှုအဖြစ် ထင်ဟပ်နေသည်။ အချို့သောဥပဒေဆိုင်ရာ တိုးတက်မှုများရှိအောင် ပြုလုပ်နေသော်လည်း နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီရန် အလှမ်းဝေးနေဆဲ ဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကို ကန့်သတ်ထားသည့် မြန်မာနိုင်ငံ၏ ဥပဒေများကို နိုင်ငံအတွင်းဖြစ်ပေါ်နေသောနိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများနှင့်အညီ ရင်ဘောင်တန်းနိုင်ရန် ပြင်ဆင်မှု မပြုလုပ်ရသေးပေ။ ဥပဒေစနစ်သည် ပြည်သူအများ၏ ဖော်ထုတ်ဖွင့်ဟသံများကို တိတ်ဆိတ်သွားစေရန်အသုံး ပြုနိုင်သည့် ဥပဒေများဖြင့် ပြည့်နက်နေဆဲ ဖြစ်သည်။ လက်ရှိ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် အတွင်း၌ပင် ပြည်သူများကိုအကျဉ်းချထားရန် ယင်းဥပဒေများကို အမှားမှားအယွင်းယွင်း အသုံးပြုခဲ့ကြသည်။ နိုင်ငံရေးအကျဉ်းသားများ အကူအညီပေးရေးအသင်းက မြန်မာနိုင်ငံတွင်

---

[၆၆] ၂၀၁၄တွင် မြန်မာပို့စ်ဂျာနယ်မှ အယ်ဒီတာနှင့် လက်ထောက်အယ်ဒီတာသည် ခေါင်းစဉ်ဖြစ်သည့် "ပညာရေးနိမ့်ကျမှုကြောင့် တပ်မတော်သားများ လွှတ်တော်တွင် ပါဝင်နေရခြင်းဟု တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ဆို" ဟူသည့် ထုတ်ဝေမှုအတွက် တပ်မတော်အား အသရေဖျက်မှုဖြင့် တရားစွဲခံရသည်။ ၂၀၁၅ မတ်လတွင် ယင်းတို့နှစ်ဦးအား ထောင်ဒဏ်နှစ်လ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ Daily 1 Newspaper ( 16 May 2015 ). Myanmar Post bosses leave prison. http://elevenmyanmar.com/local/myanmar-post-bosses-leave-prison

ရှိနေသော နိုင်ငံရေးအကျဉ်းသားအရေအတွက်ကို စောင့်ကြည့်လေ့လာလျှက် ရှိသည်။ အသင်း၏ ပြောကြားချက်အရလက်ရှိကာလတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအကျဉ်းသား ဦးရေမြင့်တက်လျှက်ရှိကြောင်းသိရသည်။ ၂၀၁၄ ခုနှစ် နှစ်ဦးတွင် နိုင်ငံရေးအကျဉ်းသား ဦးရေ (၃၀)ခန့်ရှိခဲ့ပြီး၊ နှစ်ကုန်တွင် (၁၅၉) ဦးအထိ ရှိခဲ့သည်။[၆၇] ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် နိုင်ငံရေးအကျဉ်းသား (၁၂၈) ဦးအထိ ရှိပြီး အမှုရင်ဆိုင်ဆဲ နိုင်ငံရေး အကျဉ်းသား (၄၀၃)ဦး ရှိကြောင်းအသင်းက အတည်ပြုထားသည်။[၆၈] ယင်းနှင့် ဆက်နွယ်ပြီး ၂၀၁၅ ခုနှစ်တွင် သတင်းသမားများ ကာကွယ်စောင့်ရှောက်ရေး ကော်မတီ (CPJ) က မြန်မာနိုင်ငံအား လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းနှင့် ဆင်ဆာ ပြုလုပ်မှုတို့တွင် ကမ္ဘာ့ဖိနှိပ်မှုအများဆုံး နိုင်ငံများစာရင်း၌ အဆင့်(၉)အဖြစ် သတ်မှတ် ခဲ့သည်။[၆၉] ယခုအပိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကို ကန့်သတ်ရန် အများဆုံးအသုံးပြုခဲ့သည့် ဥပဒေများကို ပြန်လည်သုံးသပ်ထားပါသည်။

## မြန်မာနိုင်ငံရာဇသတ်ကြီး

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းအပေါ် ကန့်သတ်ချက်များစွာကို ၁၈၆၀ – ခုနှစ် မြန်မာနိုင်ငံ ရာဇသတ်ကြီးတွင် တွေ့မြင်နိုင်သည်။ ရာဇသတ်ကြီးသည် ကိုလိုနီနိုင်ငံကို အုပ်ချုပ်သူများက ကနဦးရေးဆွဲခဲ့ပြီး ယင်း၏ရည်ရွယ်ချက်များတွင် ဗြိတိသျှအုပ်ချုပ်သူများအား ဆန့်ကျင်သူများကိုလှုံ့ဆော်ရေးအရ ဖိနှိပ်ခြင်းများပါဝင်သည်။[၇၀] ကိုလိုနီဘဝမှလွတ်မြောက်ပြီး နိုင်ငံအများစုသည် ယင်းဥပဒေပေါင်းများကို နောက်ပိုင်း အုပ်ချုပ်မှုကာလများတွင် အသုံးပြုမှု အဆုံးသတ်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအများစုတွင်

---

[၆၇] နိုင်ငံရေးအကျဉ်းသားများ ထောက်ပံ့ကူညီရေးအသင်း(မြန်မာနိုင်ငံ)(အေအေပီပီ)*(2014). Annual Report* http://aappb.org/wp-content/uploads/2015/03/AAPP-Annual-Report- 2014Eng.pdf

[၆၈] ၁၈ ဒီဇင်ဘာ ၂၀၁၅ တွင် အချက်အလက်များဖြည့်စွက်ထားပါသည်။ နိုင်ငံရေးအကျဉ်းသားများစာရင်း http://aappb.org/wp-content/uploads/2015/10/128-political-prisoners-list-in-prison-last Updated-on-18-Dec-2015-TK.pdf အမှုရင်ဆိုင်ဆဲနိုင်ငံရေး အကျဉ်းသားများစာရင်း http://aappb.org/wp-content/uploads/2015/10/403-PPs-List-Facing-TrailUpdated-on-18-Dec-2015.pdf

[၆၉] သတင်းသမားများ ကာကွယ်စောင့်ရှောက်ရေးကော်မတီ (၂၀၁၅) ဆင်ဆာအများဆုံး ဆယ်နိုင်ငံ၊ https://www.cpj.org/2015/04/10-most-censored-countries.php

[၇၀] Khine, N. K. (2012). Media in transition: Myanmar media transformation under the military rule. Master's thesis, University of Hamburg. Hamburg, Germany.

ကိုလိုနီအမွေအဖြစ် မြန်မာနိုင်ငံနှင့်တူညီသည့် ဥပဒေများရှိခဲ့ကြပြီး ယင်းကိုသုံးစွဲခြင်း မပြုတော့ဘဲ ပယ်ဖျက်ခဲ့ကြသည်။ အောက်ပါ ရာဇသတ်ကြီးပုဒ်မများထဲမှ ဖော်ပြချက် အကျဉ်းချုပ်သည် မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို အကြီးအကျယ် ခြိမ်းခြောက်နေသည့်အချက်ကို အထင် အရှားပြနေသည်။

### အများပြည်သူ၏ အကျိုးပျက်စီးစေမှုကိုဖြစ်သော ဖော်ပြချက် - ပုဒ်မ ၅၀၅ (က) မှ (ဂ)

ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) တွင်ဖော်ပြထားသည်မှာ -

> "မည်သူမဆို၊ ဖေါ်ပြချက်ကိုဖြစ်စေ၊ ကောလာဟာလကို ဖြစ်စေ၊ သတင်းကိုဖြစ်စေပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင်၊ သို့တည်းမဟုတ် ဖြန့်ချိရာတွင်၊ ... ... နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားရေးကိုဖြစ်စေ၊ ထိခိုက်သည့်ပြစ်မှုကို တစ်ဦး တစ်ယောက်သောသူကကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်၎င်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်၎င်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစုံတခုဖြစ်စေရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်"

မပြတ်သားမရေရာသော စကားလုံးများသုံးစွဲခြင်းသည် နည်းဥပဒေများကို လိုရာဆွဲပြီး အဓိပ္ပါယ်ကောက်ယူစေနိုင်သောကြောင့် ယင်းနှင့် တူညီသော ပြဋ္ဌာန်းချက်များကို တရားရုံးများမှ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများကို ကိုလိုနီခေတ်လွန်နိုင်ငံများတွင် ပြုလုပ်ခဲ့ကြသည်။ ယင်းဥပဒေအရ ကျူးလွန်သူအား ရာဇဝတ်ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် (၂)နှစ် သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ဖြစ်စေချမှတ်နိုင်သည်။ ယင်းအချက်သည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီခြင်း မရှိသောကြောင့် စစ်ဆေးချက်သုံးပိုင်းတွင် အပိုင်းတစ်နှင့် သုံးတို့၌ လိုအပ်ချက်များ ရှိနေသည်။ ဥပဒေ၌ တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြချက်ကိုမှန်ကန်သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ဤဥပဒေကိုချိုးဖောက်ခြင်း မဟုတ်ဟု ဖော်ပြထား သော်လည်း လက်တွေ့တွင် ယင်းဖော်ပြချက်သည် စွပ်စွဲခံရသည့် ပုဂ္ဂိုလ်အား အနည်းငယ်မျှ ကာကွယ်မှု မပေးနိုင်ပေ။

၂၀၁၅ - ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံရေးအကျဉ်းသား (၂၃) ဦး ပုဒ်မ ၅၀၅ (ခ)ဖြင့် ထောင်ချခံခဲ့ ရသည်။[၇၁] ၂၀၁၅ ခုနှစ် မတ်လတွင် ဆန္ဒပြကျောင်းသားများမှ ကျောင်းသား(၂၀) ဦး ပုဒ်မ ၅၀၅ ဖြင့် တရားစွဲခံပြီး အမှုစစ်ဆေးခံနေရဆဲ ဖြစ်သည်။[၇၂]

### ရှင်းလင်းဖော်ပြချက် (၁) - ဆန္ဒပြကျောင်းသားများကို ရဲမှဖြိုခွင်းခြင်း

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အငြင်းပွားဖွယ်ရာ ပညာရေးဥပဒေသစ်ကို အတည်ပြုခဲ့သည်။ ကျောင်းသားများသည် ထောက်ပံ့မှုမရှိပဲ ဗဟိုချုပ်ကိုင်ထားသော လူနည်းစု တိုင်းရင်းသားများ၏ ဘာသာစကား လိုအပ်ချက်နှင့်လည်း ကိုက်ညီခြင်းမရှိသည့် ပညာရေးစနစ်ကို ဖယ်ရှားပစ်ရမည်ဟု ယုံကြည်ကြသည့်အတွက်ဥပဒေသစ်ကို ပြင်ဆင်မှုများပြုလုပ်ပေးရန်တောင်းဆိုရင်း နိုင်ငံအနှံ့လှည့်လည် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြကျောင်းသားများသည် နိုင်ငံတစ်ဝှမ်းရှိ တက္ကသိုလ်များမှ စုစည်းထားကြခြင်းဖြစ်ပြီး မန္တလေးမှစတင်ကာ ရန်ကုန်သို့ချီတက် ဆန္ဒပြခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၂၅)ရက်နေ့တွင် ကျောင်းသားအဖွဲ့နှင့် အစိုးရအကြား ပညာရေးဥပဒေကိုပြန်လည်ပြင်ဆင်ရန် သဘောတူညီမှုရရှိပြီးနောက် ကျောင်းသားများသည်ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ရပ်နားခဲ့ကြသည်။ ကံမကောင်းစွာဖြင့် ပြည်ထဲရေးဝန်ကြီးက ကျောင်းသားများအားဆန္ဒပြမှု အဆုံးသတ်ရန် ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် တိုက်တွန်းရာမှ ယင်းသဘောတူညီချက် ပျက်စီးခဲ့ရသည်။

လက်ပံတန်းတွင် ဆန္ဒပြကျောင်းသားများသည် ၎င်းတို့၏ ရန်ကုန်သို့ ချီတက်မှုကို ပြန်လည်စတင်ရန် ကြေညာခဲ့သည်။ သို့ရာတွင် အာဏာပိုင်များက လမ်းများကို ပိတ်ဆို့ကာ ရဲတပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ပြီး တုံ့ပြန်ခဲ့ကြသည်။ မတ်လ(၈)ရက်နေ့တွင် ကျောင်းသားများက ရန်ကုန်သို့ဆက်လက်ချီတက်ခွင့်ပြုရန် တောင်းဆိုခဲ့ကြပြီး မတ်လ(၁၀)ရက်နေ့တွင် ကျောင်းသားများက ရဲတပ်ဖွဲ့ အတားအဆီးများကို ကျော်ဖြတ်ရန်ကြိုးစားကြပြီးနောက် ရဲများကရုတ်တရက် တိုက်ခိုက်ကာ

၇၁ ရှေ့ပိုင်းတွင်ကိုးကားထားသည့် နိုင်ငံရေးအကျဉ်းသားစာရင်းကို ကြည့်ပါ။

၇၂ အချက်အလက်များကို ၁၈ ဒီဇင်ဘာ ၂၀၁၆ တွင် ပြန်လည်မွမ်းမံသည်။ နိုင်ငံရေးအကျဉ်းသားများစာရင်းနှင့် ပညာရေးဥပဒေကြမ်း ကန့်ကွက်သည့် ဆန္ဒထုတ်ဖော်ခြင်းကြောင့် တရားရင်ဆိုင်ရန် စောင့်ဆိုင်းနေကြရသူများစာရင်း။ http://aappb.org/wp-content/uploads/2015/10/LPT-list-nationaleducation-bill-protect.pdf

ဆန္ဒပြကျောင်းသားများကို လူစုခွဲခဲ့ကြသည်။ ကျောင်းသားများပြင်းထန်စွာ ရိုက်နှက်ခံခဲ့ကြရပြီး ရဲအချုပ်ခန်းတွင် ထိန်းသိမ်း ခံခဲ့ကြရသည်။ ယင်း အဖြစ်အပျက်ကို သတင်းယူကြသည့် သတင်းသမား အချို့လည်း တိုက်ခိုက်ခံရပြီး ၎င်းတို့၏ ပစ္စည်းကိရိယာများလည်း ဖျက်ဆီးခံခဲ့ ကြရသည်။[၇၃] ယင်းဖြစ်ရပ်ကို နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုများက ဝိုင်းဝန်းရှုတ်ချခဲ့ကြသည်။ နောက်လတွင် ကျောင်းသားအများစု ရဲအချုပ်မှ လွတ်မြောက်ခဲ့ကြသော်လည်း ဆန္ဒပြကျောင်းသား (၃၂) ဦးမှာ အမှု ရင်ဆိုင်နေရဆဲဖြစ်သည်။

ပုဒ်မ ၅၀၅ကို မီဒီယာအားဆန့်ကျင်ရန် အသုံးပြုခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ယခုထုတ်ဝေခြင်းရပ်ဆိုင်းသွားပြီဖြစ်သော ဗွီမွန်းတည့်နေ (Bi Mon Te Nay) ဂျာနယ်သည် ၎င်း၏ရှေ့ဖုံး၌ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ကြားဖြတ်အစိုးရအဖွဲ့ဖွဲ့စည်းကြောင်း အခိုင်အမာဖော်ပြခဲ့သည်။ အဖြစ်မှန်မဟုတ်သည့် ယင်းသတင်းကြောင့် အကြည်ညိုပျက်အောင်ပြုခြင်းပြစ်မှုကို ကျူးလွန်ကြောင်း တွေ့ရှိသည့်အပေါ် ဂျာနယ်တိုက်ပိတ်ပစ်ခြင်း၊ အယ်ဒီတာနှစ်ဦး၊ ထုတ်ဝေသူနှစ်ဦးနှင့် သတင်းထောက်တစ်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့သည်။[၇၄] ပုံနှိပ်တိုက်တစ်ခု၏ပိုင်ရှင်နှင့် အပေါင်းပါလေးဦးကိုလည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် "ရိုဟင်ဂျာသည် တိုင်းရင်းသားလူမျိုးစု တစ်ခုဖြစ်သည်" ဆိုသည့် ဖော်ပြချက် ပါဝင်သည့် ပြက္ခဒိန်ပုံနှိပ်မှုကြောင့် ပုဒ်မ ၅၀၅ ဖြင့် ဖမ်းဆီးခဲ့သည်။[၇၅] "ရိုဟင်ဂျာ"ဆိုသည့် စကားလုံးသည် မွတ်ဆလင်လူမျိုးစုတစ်ခု၏ အမည်ကို ၎င်းတို့ ကိုယ်တိုင်ရည်ညွှန်း သုံးစွဲခြင်းဖြစ်သည်။ မြန်မာအစိုးရသည် ယင်းလူမျိုးစုကို "ဘင်္ဂါလီ"ဟုရည်ညွှန်းပြီးနိုင်ငံသားများအဖြစ်အသိအမှတ် မပြုပေ။

---

[၇၃] Mon, K. H. (၁၁မတ် ၂၀၁၅). လက်ပံတန်း ဖြိုခွင်းမှုတွင် ရဲများက သတင်းသမားများကို ဆက်ဆံပုံအား မီဒီယာအဖွဲ့များကရှုတ်ချ The Irrawaddy. http://www.irrawaddy.org/burma/media-groups-condemn-police-treatment-of-journalists-in-letpadan-crackdown.html

[၇၄] Htwe, K. (၆အောက်တိုဘာ ၂၀၁၄). အကြည်ညိုပျက်အောင်ပြုခြင်းအတွက် သတင်းသမားများ ထောင်ဒဏ်နှစ်နှစ်ချမှတ်ခံရ The Democratic Voice of Burma. http://www.dvb.no/news/journalists-sentenced-to-2-years-for-sedition-burma-myanmar/45081

[၇၅] လွတ်လပ်သောအာရှအသံ (၂၅ နိုဝင်ဘာ ၂၀၁၅) ရိုဟင်ဂျာ ပြက္ခဒိန်ကြောင့် မြန်မာငါးဦးဖမ်းဆီးထားရခံရ :http://www.rfa.org/english/news/myanmar/calendar-11252015140911.html

မည်သူမဆိုပြစ်မှုကို ကျူးလွန်ရန်၊ သို့တည်းမဟုတ် ပစ္စည်းလက်ရှိဖြစ်သူ တစ်ဦးတစ်ယောက်ကိုခြောက်လှန့်ရန် သို့တည်းမဟုတ် စော်ကားရန် သို့တည်းမဟုတ် စိတ်ပြိုငြင်စေရန်အကြံဖြင့် သူတပါး၏ လက်ရှိပစ္စည်း အတွင်းသို့ဖြစ်စေ အပေါ်သို့ဖြစ်စေ ဝင်ရောက်လျှင် … … ထိုသူသည် "ရာဇဝတ်မကင်းသော ကျော်နင်းမှု" ကို ကျူးလွန်သည်မည်၏။ [၇၆]

ရာဇသတ်ကြီးတွင် ကျော်နင်းမှုနှင့်ပတ်သက်ပြီးအသေးစိတ်ပြဋ္ဌာန်းချက်များ ပါဝင်ပြီး စုစုပေါင်းပုဒ်မ ၂၁ ခုဖြင့် ဝန်းရံထားသည်။ ကျော်နင်းမှု အမျိုးအစားများစွာအား ငွေဒဏ်နှင့် ထောင်ဒဏ် အမျိုးအစား စုံလင်စွာ သတ်မှတ် ပြဋ္ဌာန်းထားသည်။ "အိမ်ကျော်နင်းမှု" အတွက် အပြင်းထန်ဆုံး ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် (၁၀) နှစ်နှင့် ငွေဒဏ်ပါ ချမှတ်ထားသည်။

သာမန်အားဖြင့် တစ်ဦးတစ်ယောက်မှ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းအပေါ် ကန့်သတ်ချက်အဖြစ် မြင်ကြလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ထိုဥပဒေ၏ လမ်းကြောင်းအတိုင်း မြန်မာနိုင်ငံတွင် ယင်းကို အသုံးပြုနေကြသည်။ နိုင်ငံရေးအကျဉ်းသားများ အကူအညီပေးရေးအဖွဲ့ အချက် လက်များအရ နိုင်ငံရေးအကျဉ်းသား (၁၂၈) ဦးတွင် (၁၄) ဦးမှာ လယ်သမားများနှင့် မြေယာအခွင့်အရေး တက်ကြွလှုပ်ရှားသူများဖြစ်ကြပြီး မြေယာဆိုင်ရာ ဆန္ဒပြမှုများ ကြောင့် ရာဇသတ်ကြီး ပုဒ်မ ၄၄၇၊ ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြင့် တရားစွဲဆို ခံကြရခြင်း ဖြစ်သည်။ ယင်း တရားစွဲဆိုမှုသည် ထောင်ဒဏ်သုံးလ သို့မဟုတ် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်၊ ငွေဒဏ်နှစ်မျိုးလုံး ချမှတ်နိုင်သည်။ နိုင်ငံရေး အကျဉ်းသားများစွာသည် ရာဇသတ်ကြီးပုဒ်မ ၄၂၇၊ "အကျိုးဖျက်ဆီးမှု" ဖြင့်လည်း တရားစွဲဆိုခံကြရပြီး ယင်းပုဒ်မသည် ထောင်ဒဏ်သုံးလ သို့မဟုတ် ငွေဒဏ် သို့မဟုတ် နှစ်မျိုးစလုံး ချမှတ်နိုင်သည်။

ရာဇဝတ်မကင်းသောကျော်နင်းခြင်းကို ကာကွယ်ပေးရန်အတွက်ရည်ရွယ်ပြီး တရားဝင်ရန် လိုအပ်သည်ဟု အကြံမပြုနိုင်ပေ။ သို့သော်လည်း မြန်မာနိုင်ငံတွင်

[၇၆] ပုဒ်မ ၄၄၁၊ မြန်မာနိုင်ငံ ရာဇသတ်ကြီး၊ အိန္ဒိယအက်ဥပဒေ ၄၅၊ ၁၈၆၀ – ခုနှစ်

မြေယာပြုပြင်ပြောင်းလဲရေးသည် အထူးသဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်က အငြင်းပွားဖွယ် ခေါင်းစဉ်တစ်ခု ဖြစ်ခဲ့သည်။ လက်ရှိတွင် "ပွင့်လင်းလာသော" မြန်မာ့စီးပွားရေးသည် ကုမ္ပဏီများနှင့် တစ်ဦးတစ်ယောက်ချင်းစီအား မြေယာပမာဏ များစွာဝယ်ယူ ရရှိစေနိုင်သည်။ ယင်းသည် မြေယာပိုင်ဆိုင်မှုအတွက် ဥပဒေအရ တရားဝင်ဖြစ်အောင် ဆောင်ရွက်မှုများဖြစ်ပေါ်လာစေပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများအတွက် ကာကွယ်မှုများပေးရန် လုံလောက်ခြင်း မရှိသောကြောင့် အကြီးအကျယ်ဝေဖန်မှုများ ဖြစ်ပေါ်ခဲ့သည်။

လတ်တလောလယ်ယာမြေနှင့် (မြေလွတ်မြေရိုင်း) ဥပဒေများ အပါအဝင် လက်ရှိတရားဝင် သတ်မှတ်ချက်များသည် ယေဘူယျအားဖြင့် "အများပြည်သူ အကျိုးစီးပွား" အတွက် လယ်ယာမြေများ သိမ်းယူခွင့်ပြုခြင်းသာဖြစ်သည်။ ထပ်မံပြီး မည်သည့်နည်းလမ်းနှင့်မျှ ဆောင်ရွက်နိုင်ရန်မရှိခြင်းနှင့် ကန့်သတ်ချက်များစွာ ရှိနေခြင်းက ယင်းလုပ်ငန်းစဉ်ကို အလွဲသုံးစားပြုမှု များစွာ ဖြစ်ပေါ်လာစေသည်။[၇၇] အထူးသဖြင့် လက်ရှိတရားဥပဒေဖွဲ့စည်းမှုတွင် ဖါးမဦးချ မြေယာပိုင်ဆိုင်ခွင့်နှင့် "လုံလောက်သော ထိန်းသိမ်းစောင့်ရှောက်မှုမရှိပဲ မြေယာပမာဏများစွာ ခွဲဝေ ချထားခြင်းကိုအားပေးသော" လက်ရှိစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒပြန်လည်သုံးသပ်မှုတို့ကို အသိအမှတ် မပြုပေ။[၇၈] ထို့အပြင် ၁၈၉၄-ခုနှစ် မြေသိမ်းမှုအက်ဥပဒေအရ "ပြည်သူ့ကောင်းဖို့" မြေယာရရှိရန်အတွက် အသုံးပြုခဲ့သော အစိုးရ စီမံကိန်းများအတွက် မြေယာများ သိမ်းယူခြင်းနှင့် အတင်းအဓမ္မပြန်လည်နေရာချထားခြင်းတို့က နိုင်ငံတကာစံနှုန်းများနှင့် ကောင်းစွာပြည့်မီခြင်း မရှိပေ။[၇၉] ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြင့် တရားစွဲဆို

[၇၇] တာဝန်သိစီးပွားရေး လုပ်ငန်းများအတွက် မြန်မာ့ဗဟိုဌာန၊ (၂၀၁၅)။ မြေယာပြဿနာများ အကျဉ်းချုပ် တတမ်း။ :http://www.myanmar-responsiblebusiness.org/news/briefing-paper-land-issues-myanmar.html

[၇၈] OECD (2014). စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒပြန်လည်သုံးသပ်ခြင်း။ မြန်မာနိုင်ငံ၊ http://www.oecd.org/daf/inv/investment-policy/Myanmar-IPR 2014.pdf

[၇၉] ယင်းခေါင်းစဉ်နှင့်ပတ်သက်၍ အပြည့်အစုံကြည့်ရန်မှာ - "အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု (IFC) (2012) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ အတွက် စံညွှန်းညီဆောင်ရွက်ချက်များ။ http://www.ifc.org/wps/wcm/ connect/c8f524004a73daeca09 afdf998895a12/I FC_Performance_Standards.pdf?MOD=AJPERES

ခံကြရသည့်ပုဂ္ဂိုလ်များစွာမှာ ပိုင်ဆိုင်မှုအတွက် နိုင်လုံသောအထောက်အထားရှိသော နေရာများသို့ ဝင်ရောက်ခဲ့ကြသောကြောင့်ဖြစ်သည်။

ရာဇဝတ်မကင်းသော ကျော်နင်းမှုပါ စည်းမျဉ်းစည်းကမ်းများ သုံးစွဲကာ သတင်းသမားများကို အရေးယူခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် သတင်းသမားနှစ်ဦး အစိုးရတာဝန်ရှိသူတစ်ဦးအား အစိုးရအဆောက်အအုံအတွင်း တွေ့ဆုံမေးမြန်းမှု ပြုလုပ်ပြီး နောက်ရာဇဝတ်မကင်းသော ကျော်နင်းမှုအတွက် အပြစ်ရှိကြောင်း တွေ့ရှိသည်ဟုဆိုပြီး နောက်တွင် တရားစွဲခံခဲ့ကြရသည်။ သတင်းသမားများသည် ထောင်ဒဏ်နှစ်နှစ်တွင် သုံးလပြစ်ဒဏ်ကျခံရပြီးနောက်တွင် လွှတ်မြောက်လာခဲ့ကြသော်လည်း သူတို့၏ပြစ်မှုမှာ တရားသေလွှတ်ခြင်းမျိုး မဟုတ်ပေ။[၈၀] ယင်းဥပဒေကို အခြားအမှုထစ်ခုတွင် အသုံးပြုခဲ့သည်မှာ ရှေ့နေတစ်ဦးက သူမနှင့် တွေ့ဆုံမေးမြန်းမှုတွင် စိတ်ပြီမြင်မှုဖြစ်ပေါ်ပြီးနောက် သတင်းသမားအား အမှုဖွင့်ခဲ့ရာတွင် ယင်းဥပဒေကို အသုံးပြုခဲ့သည်။ ယင်းသတင်းသမားသည် ထောင်ဒဏ်သုံးလချမှတ်ခံခဲ့ရသည်။[၈၁]

## ဘာသာတရားပုတ်ခတ်စော်ကားခြင်း၊ ပုဒ်မ ၂၉၅ – ၂၉၈

> ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နေထိုင်သော လူတစ်စား၏ ဘာသာရေးစိတ်ကိုနာကြည်းစေရန် တမင်မသမာသောအကြံဖြင့် မည်သူမဆို၊ စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ ထိုလူတစ်စား ကိုးကွယ်သည့် ဘာသာသာသနာကို သော်လည်းကောင်း၊ ဘာသာသာသနာရေးယုံကြည်မှုကိုသော်လည်းကောင်း၊ စော်ကားလျှင် သို့တည်းမဟုတ် စော်ကားရန်အားထုတ်လျှင် ထိုသူကိုနှစ်နှစ်ထိထောင်ဒဏ် တစ်မျိုးဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ် ရမည်။[၈၂]

---

[၈၀] Watson, A. (4 July 2014). ဒီဗွီဘီသတင်းထောက် ဇော်ပေလွှတ်ပြီ၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ Retrieved from https://www.dvb.no/news/dvb-journalist-zaw-pe-freed-burma-myanmar/42043

[၈၁] Associated Press (7 January 2014). ထောင်ကျသတင်းထောက်များအတွက် မြန်မာဂျာနယ်လစ်များ ဆန္ဒထုတ်ဖော်၊ The Guardian. Retrieved from:http://www.theguardian.com/world/2014/jan/ 07/burmese-journalists-protest-ma-khine-jail-term

[၈၂] ပုဒ်မ ၂၉၅ (က)၊ မြန်မာနိုင်ငံရာဇသတ်ကြီးဥပဒေ၊ အိန္ဒိယအက်ဥပဒေ ၁၈၆၀

နိုင်ငံတကာစံနှုန်းအရ အမုန်းတရား တိုးပွားစေပြီး ခွဲခြားဆက်ဆံမှုများကို အားပေးသော ဘာသာရေးအဖွဲ့အစည်းများကို အကာအကွယ်ပေးသည့် ဘာသာရေး ပုတ်ခတ်စော်ကားခြင်း ဥပဒေမျိုးမှာ တရားမဝင်ပေ။ ဘာသာရေးပုတ်ခတ် စော်ကားခြင်း ဥပဒေကို လျော်ကန်စွာအဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်း ပြဿနာတစ်ရပ်ရှိနေပါသည်။ လူများစုကိုးကွယ်သော ဘာသာတရားကို အခြားဘာသာတရားများထက် သာလွန်အောင် အားပေးကြရာတွင် အဆိုပါဥပဒေပုဒ်မများကို အသုံးပြုကြသည်။[၆၃] မြန်မာနိုင်ငံတွင် လူအများစိတ်ဝင်စားမှု မြင့်တက်နေသော ဖြစ်ရပ်နှစ်ခုတွင်လည်း လက်ရှိအသုံးပြုနေသောဘာသာတရားကို ပုတ်ခတ်စော်ကားခြင်းဥပဒေကို သုံးစွဲသွားသည်မှာ လက်သင့်ရာရွေးချယ်ပြီးပြစ်မှုစီရင်သွားသကဲ့သို့ အခြေအနေ ဖြစ်နေပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် လူမှုကွန်ရက်စာမျက်နှာဖြစ်သော ဖေ့စ်ဘွတ်ခ်ပေါ်တွင် ဘားဆိုင်အရောင်းမြှင့်တင်ရေး ပိုစ်တစ်ခုအဖြစ် ဗုဒ္ဓရုပ်ထုကို နားကြပ်တပ်ဆင်ပေးထားသည့် ရုပ်ပုံကိုအသုံးပြုခဲ့သည်။[၆၄] ဘားဆိုင်၏မန်နေဂျာ (နယူးဇီလန်နိုင်ငံသား)နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် မြန်မာနိုင်ငံသားနှစ်ဦး တရားစွဲဆိုခံရပြီး နောက်ပိုင်းတွင် ဘာသာတရား ပုတ်ခတ်စော်ကားခြင်း ဥပဒေအရ ထောင်ဒဏ်နှစ်နှစ်ခွဲ အပြစ်ဒဏ်ခံရသည်။ ၂၀၁၆ ဇန်နဝါရီလတွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ရပြီး ပြန်လည်လွတ်မြောက် လာခဲ့သည်။[၆၅]

၂၀၁၅ ခုနှစ် ဇွန်လတွင် ထင်ရှားသော ဆောင်းပါးရှင် တစ်ဦးဖြစ်သည့်

---

[၆၃] ဥပဒေနှင့် ဒီမိုကရေစီစင်တာ (၂၀၁၄)။ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်၊ အကျဉ်းချုပ်ဖော်ပြချက်၊ http://www.mediasupport.org/publication/briefing-note-series-freedom-expression/ မှ ကောက်နုတ်ဖော်ပြသည်။

[၆၄] အေအီ (၁၂ ဒီဇင်ဘာ ၂၀၁၄)။ ဗုဒ္ဓဘားကြော်ငြာခြင်းအတွက် မန်နေဂျာအားထိန်းသိမ်း။ မြန်မာတိုင်း(မ်)၊ http://www.mmtimes.com/index.php/national-news/12524-bar-managers-held-at-insein- over-buddha-furore.html နှင့် Ferrie.J,Mying, A.W (၁၇ မတ်လ ၂၀၁၅) ပါ ဘာသာရေး စော်ကားမှုဖြင့် နယူးဇီလန်နိုင်ငံသားဘားမန်နေဂျာနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်အား မြန်မာတရားရုံးမှ ထောင်ဒဏ်ချမှတ်၊ ရိုက်တာသတင်းဌာန၊ http://www.reuters.com/article/2015/03/17/us-myanmar-religion-idUSKBNOMD0O120150317 မှ ထုတ်နုတ်တင်ပြသည်။

[၆၅] Long, K. (၂၉ ဇန်နဝါရီလ ၂၀၁၆) ပါ "လွတ်ငြိမ်းချမ်းသာခွင့် ရရှိပြီးနောက် ဖိလစ်ဘလက်ဝုဒ် မြန်မာနိုင်ငံမှထွက်ခွာ" ၊ မြန်မာတိုင်း(မ်) http://www.mmtimes.com/index/php/ nationalnews/ 18731- phil-blackwood-leaves-myanmar-after-being-released.html

စာရေး ဆရာထင်လင်းဦးသည်လည်း ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော စာပေဟောပြောပွဲတွင် ၎င်း၏ ပြောကြားချက်များကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်ကျခံခဲ့ရသည်။ ဘာသာရေးဆိုင်ရာ ကွာခြားချက်များကို သဘောထားကြီးခြင်းနှင့် နိုင်ငံတွင်း ဗုဒ္ဓဘာသာအစွန်းရောက် အမျိုးသားရေးဝါဒများ တိုးပွားလာခြင်းနှင့်ပတ်သက်၍ ၎င်းက အောက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြတ်စွာဘုရားက မြန်မာလူမျိုးမဟုတ်ဘူး၊ ကိုယ့်ရဲ့အမျိုးကိုချစ်လျှင် ဘုရားကို ကိုးကွယ်ဖို့မလိုဘူး- - - - - - -"

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မြန်မာဘာသာဖြင့် အတိုကောက် မဘသ)သည် အဆိုပါတရားစွဲဆိုမှုနှစ်ခုလုံး၏ နောက်ကွယ်တွင် အားပေးအားမြှောက် ပြုလုပ်နေသကဲ့သို့ [၈၆] ထိုဘာသာတရားပုတ်ခတ် စော်ကားခြင်း ဥပဒေများထက်သန်စွာ အသုံးပြုရန်လည်း ဒေသတွင်းတရားရုံးများကို ဆက်လက်၍ ဖိအားပေးသွားနိုင်ဖွယ် အလားအလာများရှိနေပါသည်။

**ရှင်းလင်းချက် ၂။ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ)**

၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်သည် မြန်မာပြည်အနှံ့ အုပ်စုလိုက်လူထုအုံကြွမှုများနှင့် မွတ်ဆလင်ဆန့်ကျင်ရေး လှုပ်ရှားမှုများ လှိုင်းတံပိုး သဖွယ် ထကြွလာသောနှစ်များ ဟုဆိုနိုင်ပေသည်။ အဆိုပါ ဖြစ်ရပ်များသည် အစွန်းရောက် အမျိုးသားရေးဝါဒကို ဖြစ်ပေါ်စေပြီး "၉၆၉" ဟု အမည်တွင်သော မွတ်ဆလင်ဆန့်ကျင်ရေးလှုပ်ရှားမှု ပေါ်ထွန်းစေခဲ့သည်။ အဆိုပါအဖွဲ့အစည်းကို တန်ခိုးသြဇာသက်ရောက်သော ဗုဒ္ဓဘာသာဘုန်းကြီးများက ဦးဆောင်သော်လည်း ၎င်းတွင် ကောင်းမွန်ရှင်းလင်းသော ဖွဲ့စည်း တည်ဆောက်ပုံနှင့် ခေါင်းဆောင်မှု စနစ်များမရှိပေ။

---

[၈၆] Lone,W.DinmoreK , (၁၉ မတ်လ ၂၀၁၅) ပါ "ဘာသာတရားစော်ကားခြင်းဥပဒေ၏ အခန်းကဏ္ဍ သစ်တစ်ရပ်" မြန်မာတိုင်း(မ်) http://www/mmtimes.com/index.php/in-depth/13606-religious- defamation-law-takes-on-new-rule-html

၂၀၁၄ ခုနှစ်တွင် "၉၆၉" လှုပ်ရှားမှုမှ မဘသဟူ၍ ပေါ်ပေါက်လာခဲ့သည်။ စတင်ဖွဲ့စည်းသည့် အချိန်မှစတင်ပြီး ၎င်း၏ဩဇာသက်ရောက်မှုမှာလည်း သိသိသာသာတိုးတက်လာခဲ့သည်။ ၎င်းအဖွဲ့အစည်း၏ အဖွဲ့ဝင်အင်အား အတိအကျကို မသိရှိသော်လည်း နိုင်ငံတစ်ဝှမ်း ရုံးဌာနပေါင်း (၂၅၀) နီးပါး ဖွင့်လှစ်နိုင်ခဲ့သည်။ တစ်လ နှစ်ကြိမ်ထုတ် မဂ္ဂဇင်းကို စောင်ရေ (၅၀၀၀၀) ထိ ထုတ်ဝေလျက်ရှိပြီး ၎င်းအဖွဲ့အစည်း၏ တရားတော်များကို နိုင်ငံတွင် အကြီးဆုံး ရုပ်သံလွှင့်ဌာနတစ်ခုဖြစ်သည့် စကိုင်းနက် (Skynet) မှ အချိန်မှန်ထုတ်လွှင့်ပေးလျက်ရှိသည်။ [၅၇]

မဘသအဖွဲ့သည် အရေးပါသော နိုင်ငံရေးအာဏာကိုလည်း လက်ကိုင်ထားသည်။ အဆိုပါအဖွဲ့သည် အမျိုးစောင့် ဥပဒေကြမ်းဟု ခေါ်တွင်သော ဥပဒေကြမ်းလေးခုကိုလည်းရေးဆွဲခဲ့ရာ လွှတ်တော်မှ သဘောတူခွင့်ပြုခဲ့ပြီး ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ခဲ့သည်။ အဆိုပါဥပဒေသည် မွတ်ဆလင်ဆန့်ကျင်ရေးနှင့် အမျိုးသမီးများ၏လက်ထပ်ခွင့် ဆိုင်ရာအခွင့်အရေးတို့ကို တရားဝင်ခွဲခြားမှု ဖြစ်ပေါ်စေသည်ဟု နိုင်ငံတကာ အဖွဲ့အစည်းများမှ ဝေဖန်ခဲ့ကြသည်။

အဆိုပါ မဘသအဖွဲ့အစည်းသည် မွတ်ဆလင်များပိုင်ဆိုင်သော စီးပွားရေးများကို သပိတ်မှောက်ရာတွင်လည်း ဦးစီးဦးဆောင် ပြုခဲ့ကြသည်။ အထင်ရှားဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးတွင် မွတ်ဆလင်ပိုင် အမဲသားလုပ်ငန်းများကို ဦးတည်ခဲ့ကြသည်။ ထိုအဖွဲ့အစည်းသည် အမဲသားမစားရေးလှုံ့ဆော်မှုများပြုလုပ်ခဲ့ကြပြီး ဒေသအာဏာပိုင်အဖွဲ့အစည်းများထံမှ သားသတ်ရုံလိုင်စင်အားလုံးကို ဝယ်ယူရန် ငွေကြေးရန်ပုံငွေများ ကောက်ခံစုဆောင်းခဲ့ကြသည်။ အဆိုပါ ပြုလုပ်ချက်များကြောင့် ဧရာဝတီတိုင်းဒေသကြီးမှ မွတ်ဆလင်ပိုင် သားသတ်ရုံ ဒါဇင်များစွာ ပိတ်သိမ်းခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ [၅၈]

[၅၇] McLaughlin, T. Zaw H.Y. (၂စက်တင်ဘာ ၂၀၁၅) ပါ "မွတ်ဆလင်ဆန့်ကျင်ရေး ဗုဒ္ဓဘာသာဘုန်းတော်ကြီးအဖွဲ့မြန်မာနိုင်ငံတွင်နိုင်ငံရေးအာဏာရရှိ"၊ ရိုက်တာသတင်းဌာန၊ http://www.huggingtonpost. com/entry/anti-muslim-buddhist-group-gains-political-clout-in- myanmar 55e74067e4b0b7a9633b53fb မှထုတ်နှုတ်တင်ပြပါသည်။

[၅၈] Win, S (၁၇ စက်တင်ဘာ ၂၀၁၅) ရက်စွဲပါ "ဌာနဆိုင်ရာအကူအညီများဖြင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ မွတ်ဆလင်များ၏ စီးပွားရေးလုပ်ငန်းများအား ပစ်မှတ်ထား"၊ ဧရာဝတီသတင်းဌာန၊ http://www.mmtimes.com/index/php/nationalnews/18731-phil-blackwood- leaves-myanmar-after-being-released.html မှထုတ်နှုတ်တင်ပြပါသည်။

သို့သော် ဘာသာတရားပုတ်ခတ်စော်ကားခြင်း ဥပဒေကိုမူ မဘသနှင့် ၄င်းအဖွဲ့ကိုအားပေးသူများ၏ အစွန်းရောက်အမုန်းစကား ပြောဆိုရေးသားချက်များကိုမူ အရေးယူခြင်းမရှိပေ။ အချို့ထင်ရှားကျော်ကြားသော ဘုန်းကြီးများမှာ (အထူးသဖြင့် မဘသ ခေါင်းဆောင် ဦးဝီရသူ) အစွန်းရောက်အမုန်းစကား ဝေဖန်ချက်များကြောင့် ထင်ရှားသည်။ ၄င်းနှင့် အခြားဝါကြီးဘုန်းကြီးများမှာ မွတ်ဆလင်များနှင့် ပတ်သက်သည့် စော်ကားရေးသားချက်များကို လူမှုကွန်ယက်ဖြစ်သော ဖေ့စ်ဘွတ်ခ်တွင် ပုံမှန်ရေးသားလေ့ရှိသည်။ [၈၁]

## လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်ကိုအဟန့်အတားဖြစ်စေသည့်အခြားသော ဥပဒေများ

### အရေးပေါ်စီမံမှုအက်ဥပဒေ* (ပုဒ်မ ၅)

စစ်အုပ်ချုပ်ရေးပုံစံအမျိုးမျိုးသည် ဖိနှိပ်ချုပ်ချယ်မှုကို ဦးတည်စေသော ဥပဒေအမွေများထားရစ်ခဲ့စေရာ အများစုမှာ နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် စပ်ဆိုင်သည်များဖြစ်သည်။ ၁၉၅၀ အရေးပေါ် ထုတ်ပြန်ကြေညာချက် ဥပဒေ ပုဒ်မ ၅ သည် အစိုးရအားဝေဖန်ပြောဆိုချက်များကို တားမြစ်ရန်အတွက် ယခင်ကာလများတွင် အသုံးပြုခဲ့သော ပုဒ်မဖြစ်သည်။ အဆိုပါဥပဒေတွင် နိုင်ငံတော် လုံခြုံရေးနှင့် စပ်ဆိုင်သည့် အပိုဒ်ငယ် ၁၄ ခုပါဝင်သည်။ အဆိုပါ အပိုဒ်ငယ်များထဲမှ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်စေသည့် အပိုဒ်ငယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

အောက်ပါ အချက်အလက်များမှ မည်သည့်အချက်ကိုမဆို ကျူးလွန်သူများအား ထိုဥပဒေအရ အပြစ်ဒဏ် ထိုက်သင့်စေရမည် –

(က) ပြည်ထောင်စုလက်နက်ကိုင်စစ်တပ် အစည်းအရုံးများက သို့တည်းမဟုတ် အစိုးရအရာထမ်းအမှုထမ်းများက အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်သော်၎င်း။

---

[၈၁] အမျိုးသားရေးဝါဒီဘုန်းတော်ကြီး ဦးဝီရသူ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာ။ http://www.facebook.com/pages/Wira-Thu/568228566538397?fref=ts

* ၂၀၁၆ခုနှစ် ဧပြီလ ၂၇ ရက် တွင် အဆိုပါဥပဒေကို ရုတ်သိမ်းခဲ့သည်။

စည်းကမ်းဖီဆန်ရန်သော်၎င်း၊ သစ္စာမဲ့ရန်သော်လည်းကောင်း၊ ထိုသူတို့ သစ္စာစောင့်ထိန်းမှု၊ စိတ်ဓာတ်တက်ကြွမှု၊ စည်းကမ်းသေဝပ်မှု၊ ကျန်းမာမှု၊ သို့တည်းမဟုတ် ဝတ်တရား (ဝတ္တရား) ဆောင်ရွက်မှုကို ယုတ်လျော့စေရန်၊ ထိခိုက်စေရန်၊ တားမြစ်စေရန်၊ အနှောင့်အယှက်ပြုစေရန်၊ ပျက်စီးစေရန် ကြံရွယ်လျက် တစ်ခုခု လုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်ရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဃ) အများပြည်သူတို့အား သို့တည်းမဟုတ် ပြည်သူတစုအား အထိတ်တလန့်ဖြစ်စေရန် ကြံစည်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင်၊

(င) မမှန်ဟု သိလျက်နှင့် သို့တည်းမဟုတ် မမှန်ဟု ယုံကြည်လောက်အောင် အကြောင်းရှိလျက်နှင့် မမှန်သတင်းလွှင့်ရန် ကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဈ) နိုင်ငံတော်၏ဘဏ္ဍာလဘ္ဘသော်၎င်း၊ အစိုးရချေးယူငွေ့ဒ္ဓသော်၎င်း၊ အစိုးရ၏ အာမခံ၌သော်၎င်း၊ ပြည်ထောင်စု နိုင်ငံတစ်ဝှန်း (ဝှမ်း) လုံး၌ ဖြစ်စေ၊ တစိတ်တဒေသ၌ဖြစ်စေ၊ တရားဝင်ငွေစက္ကူ၌သော်၎င်း၊ ဒင်္ဂါး၌သော်၎င်း၊ ပြည်သူတို့၏ အယုံအကြည်ပျက်ပြားစေရန်၊ သို့တည်းမဟုတ် နိုင်ငံတော်ငြိမ်ဝပ် ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်စိမ့် သောငှါ(ငှာ) အစိုးရက ပြုလုပ်သော် ဘဏ္ဍာရေး ဆောင်ရွက်ချက်အောင်မြင်မှုကိုဖြစ်စေ၊ စီမံချက်အောင်မြင်မှုကိုဖြစ်စေ၊ ထိခိုက်စေရန် ကြံရွယ်၍ တခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်လာစေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊ [၉၁]

(ည) ပြည်ထောင်စု၏ လုံခြုံရေးကိုသော်၎င်း၊ ငြိမ်ဝပ်ပိပြားမှုပြန်လည် ထူထောင်ရေးကိုသော်၎င်း၊ ထိခိုက်စေရန် အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူ၏ သို့တည်းမဟုတ် ပြည်သူတစု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ဖေါက်လွှဲဖေါက်ပြန်ဖြစ်စေရန် ကြံရွယ်၍တစ်ခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိ သော အမှုကိုပြုလျှင်၊

---

[၉၁] ပုဒ်မ ၅ (က)၊ (ဃ)၊ (ဈ)၊ အရေးပေါ်စီမံခန့်ခွဲမှု အက်ဥပဒေအမှတ် ၁၇ /၁၉၅၀

အဆိုပါဥပဒေ၏ ပုဒ်မ-၅ မှ ရာဇသတ်ကြီးဥပဒေ၏ ပုဒ်မ-၅၀၅ ကို ပြန်လည်ပြင်ဆင်ထားခြင်းဖြစ်ပြီး ထောင်ဒဏ်ခုနစ်နှစ် နှင့် ငွေဒဏ် ဖြစ်သည့် ပိုမိုကြီးလေးသော ပြစ်ဒဏ်များကို ထည့်သွင်းဖော်ပြထားသည်။ အစကနဦးတွင် အဆိုပါ ဥပဒေကို မွန်းတည့်နေ ဂျာနယ်မှ မီဒီယာသမားများကို တရားစွဲဆိုရာတွင် အသုံးပြုခဲ့ပြီး နောက်ပိုင်းတွင်မှ ပုဒ်မ -၅၀၅ အောက်သို့ အစားထိုးပြောင်းလဲ တရားစွဲဆိုခဲ့သည်။[၉၀]

## အထူးလျှို့ဝှက်ချက်များအက်ဥပဒေ

၁၉၂၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အထူးလျှို့ဝှက်ချက်များ အက်ဥပဒေသည် လွတ်လပ်စွာ ဖော်ထုတ်ရေးသားပြောဆိုခွင့်ကို အဟန့်အတားဖြစ်စေပြီး လတ်တလော အချိန် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင်လည်း သတင်းသမားများအား ဟန့်တားရန် အသုံးပြုခဲ့သည်။ အဆိုပါဥပဒေအရ ယူနတီဂျာနယ်မှ အမှုဆောင်အရာရှိချုပ်နှင့် သတင်းထောက် လေးဦးတို့အား လျှို့ဝှက်ဓာတုလက်နက်စက်ရုံသတင်း မှားယွင်းရေးသားမှုဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခဲ့သည်။[၉၁] အဆိုပါပြစ်ဒဏ်ချမှတ်မှုကြောင့် မြန်မာအစိုးရသည် ပြည်တွင်းမီဒီယာအဖွဲ့အစည်းများ သာမက သတင်းသမားများ ကာကွယ်ရေးကော်မတီ ( CPJ ) နှင့် အပြည်ပြည်ဆိုင်ရာ အရေးပေါ်ဆောင်ရွက်ရေး အခြားဒီမိုကရေစီ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဝေဖန်ပြစ်တင်မှုကို ခံခဲ့ရသည်။ ဥပဒေတွင်းရှိ ဆက်နွယ်သော ကောက်နုတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

> မည်သူမဆိုနိုင်ငံ၏လုံခြုံရေး သို့မဟုတ် အကျိုးစီးပွားကိုထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့် ပိတ်ပင်တားမြစ်သည့် နေရာတစ်ခုခုကို ချဉ်းကပ်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း၊ ကျော်ဖြတ်ခြင်းများပြုလုပ်လျှင် သို့မဟုတ် ထိုနေရာ

[၉၀] Zaw, H. N. Nyein (၄ ဩဂုတ်လ ၂၀၁၄) ရက်စွဲပါ "သတင်းသမား (၅) ယောက်ပါဝင်သည့်အမှုအား ပြစ်ဒဏ်လျှော့ပေါ့ရန် တရားရုံးလက်ခံ"၊ ဧရာဝတီသတင်းဌာန၊ http://www.irrawaddy.org/burma/court-accepts-charges-5members-journal.html ထုတ်နုတ်တင်ပြသည်။

[၉၁] Aung, S. Hinshelwood, C.၏ (၁၁ ဇူလိုင် ၂၀၁၄) ရက်စွဲပါ "ယူနတီဂျာနယ်အရေး ပြည်တွင်း၊ ပြည်ပမှ ပြင်းပြင်းထန်ထန်ကန့်ကွက်"၊ ဒီမိုကရက်တစ် မြန်မာ့အသံ၊ http://www.dvb.co/news/unity-verdict-slammed-at-home-and-abroad-burma-myanmar/42232 ထုတ်နုတ်တင်ပြသည်။

အနီးနားတွင် ရှိနေလျှင် သို့မဟုတ် ထိုနေရာသို့ ဝင်ရောက်လျှင် ထိုပြစ်မှုကျူးလွန်သူအား တစ်ဆယ့်လေးနှစ်အထိ ထောင်ဒဏ်၊ အခြားအမှုများဖြစ်လျှင် သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။[၉၃]

## ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေ

လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ဟူသည် ပြည်သူများအနေဖြင့် ၎င်းတို့၏ထင်မြင်ချက်၊ ယုံကြည်ချက်နှင့် ခံယူချက်များကို ထုတ်ဖော်ပြောဆိုနိုင်သည့် စွမ်းရည်အပြင် ပြည်သူများ၏ရှေ့မှောက်တွင် ထိုသို့လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုနိုင်သည့်အရည်အသွေးပေါ်တွင်လည်း မူတည်သည်။ ပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်၏ပုဒ်မ (၂၁) တွင် ဖော်ပြထားသည်မှာ

> ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကို အသိအမှတ် ပြုသင့်သည်။ ဒီမိုကရေစီ အသိုက်အဝန်းတွင် လိုအပ်သော နိုင်ငံတော်လုံခြုံရေး (သို့မဟုတ်) ပြည်သူ လူထုလုံခြုံရေး၊ အမိန့် ညွှန်ကြားချက်များ၊ ပြည်သူလူထု ကျန်းမာရေး (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) အခြားတစ်ဦးဦး၏ လွတ်လပ်မှုနှင့် အခွင့်အရေးကို ကာကွယ်ပေးရန် အချက်များနှင့် ဥပဒေအရပြဋ္ဌာန်းထားသော အချက်အလက်များမှ အပ အဆိုပါဥပဒေတွင် တားမြစ်ဟန့်တားချက်များမရှိစေရ။[၉၄]

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများအား လက်နက်ကိုင်ဆောင်မှုမပါဘဲ ငြိမ်းချမ်းစွာ စုစည်းလှည့်လှည်ခွင့်ကို ခွင့်ပြုပေးထားသော်လည်း အခြားသော ပြည်တွင်းဥပဒေများမှ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကို ကန့်သတ်နေသဖွယ် ဖြစ်နေပါသည်။ ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သည့်အချိန်မှစတင်ပြီး ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ဆန္ဒပြသူများအား ဖမ်းဆီးအကျဉ်းချရန် အများဆုံး အသုံးပြုခဲ့သည်။

---

[၉၃] ပုဒ်မ ၃၊ အထူးလျှို့ဝှက်ချက်များအက်ဥပဒေ၊ အိန္ဒိယအက်ဥပဒေ အမှတ်စဉ် ၁၉ / ၁၉၂၃၊ ၂ ဧပြီ ၁၉၂၃

[၉၄] ကုလသမဂ္ဂအထွေထွေညီလာခံကြေညာချက် ၂၂၀၀က (၂၁)၊ ၁၆ ဒီဇင်ဘာ ၁၉၆၆၊ ၂၃ မတ် ၁၉၇၆ တွင် စတင်အသက်ဝင်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလထိ နိုင်ငံရေးအကျဉ်းသားပေါင်း (၁၂၈) ယောက် အနက် (၅၄) ယောက်မှာ အဆိုပါဥပဒေဖြင့် ဖမ်းဆီးအရေးယူခံရခြင်းဖြစ်သည်။ ထို့အပြင် ၎င်းဥပဒေအရ ဖမ်းဆီးခံရပြီး တရားရင်ဆိုင်ရန် စောင့်ဆိုင်းနေသူများလည်း ရာနှင့်ချီ ရှိနေပါသည်။ အဆိုပါ စောင့်ဆိုင်းနေသူများတွင် ယခင်ဖော်ပြခဲ့သော ဆန္ဒပြပွဲမှ ကျောင်းသား၊ ကျောင်းသူ (၄၉)ဦး ပါဝင်ပါသည်။ ပြည်သူလူထုအနေဖြင့် ဆန္ဒပြလိုပါက မြို့နယ် ရဲတပ်ဖွဲ့ အကြီးအကဲထံသို့ ခွင့်ပြုချက်ကို (၅) ရက်ကြိုတင် တင်ပြရန် အဆိုပါအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ အက်ဥပဒေ၏ ပုဒ်မ - ၅ သည် မြို့နယ် ရဲတပ်ဖွဲ့ အကြီးအကဲကို မည်သည့်ဆန္ဒပြမှု အမျိုးအစားကို လုပ်သင့်သည်၊ မလုပ်သင့် သည်ကိုကိုယ်ပိုင်စဉ်းစား ဆုံးဖြတ်ပိုင်ခွင့်ပေးထားသည့်အပြင် ခွင့်ပြုချက်ကို ငြင်းဆန်ရန်လည်း အခွင့်အာဏာပေးထားပါသည်။ ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြပါက ထောင်ဒဏ်တစ်နှစ်နှင့် အထက်ဖြစ်စေ၊ ဒဏ်ကြေးဖြစ်စေ၊ (သို့မဟုတ်) ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ချမှတ်နိုင်သည်။ ထိုဥပဒေအား ဆက်လက်အသုံးပြုနေမှုကို ပြည်တွင်းအဖွဲ့အစည်းများအပြင် နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းများကပါ ပြင်းပြင်းထန်ထန် ဝေဖန်လျက်ရှိသည်။ အဆိုပါ ဥပဒေအား ပိုမိုလက်သင့်ခံနိုင်စေရန်အလို့ငှာ အစိုးရသည် ၂၀၁၄ ဇူလိုင်လတွင် ပြင်ဆင်ချက် ပြုလုပ်ခဲ့ပြီး ထောင်ဒဏ်ကို တစ်နှစ်ကာလမှ ခြောက်လထိ လျှော့ချခဲ့သည်။ ပြင်ဆင်ချက်တွင် ဥပဒေ၏ ပုဒ်မ - ၅ သည်လည်း ပြောင်းလဲသွားခဲ့ရာ သတ်မှတ်ချက်များနှင့်အညီ ဆန္ဒပြခွင့်ကိုလျှောက်ထားလာပါက ရဲတပ်ဖွဲ့ အကြီးအကဲအနေဖြင့် ငြင်းပယ်ပိုင်ခွင့်မရှိတော့ပေ။ သို့သော်သဘောတူခွင့်ပြုချက်အတွက် ကန့်သတ်မိန့်များမရှိသော်လည်း

ပုဒ်မ ၄၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့် အက်ဥပဒေ၊ အမှတ်စဉ် ၁၅/ ၂၀၁၁၊ ၂ ဒီဇင်ဘာ ၂၀၁၁

ပုဒ်မ ၁၈ (ယင်း)

ပုဒ်မ ၄၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကို ပြင်ဆင်သည့်ဥပဒေ၊ ၂၄ ဇွန် ၂၀၁၄ ရက်စွဲပါ အမှတ်စဉ် ၂၆ / ၂၀၁၄

စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ဖော်ပြထားခြင်း မရှိသော်လည်း ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေပုဒ်မ - ၁၆ တွင် "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ခြင်းမပြုပါက ဆန္ဒပြခွင့်ကို မငြင်းဆန်သင့်ပါ" ဟူ၍ ဖော်ပြထားရှိပါသည်။

ဆန္ဒပြမှုများပြုလုပ်ရန် ခွင့်ပြုမိန့်သည် ဒေသဆိုင်ရာအာဏာပိုင်များအပေါ် မူတည်နေဆဲပင်ဖြစ်သည်။[၉၉]

အဆိုပါဥပဒေကို သတင်းသမားများ အကြမ်းဖက် ဆက်ဆံခံရမှုကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြမှုများတွင် အသုံးပြုခဲ့သည်။ တပ်မတော်ကြောင့် သတင်းထောက် အောင်ကျော်နိုင် သေဆုံးခဲ့ခြင်းအပေါ် တက်ကြွလှုပ်ရှားသူ မိုးထွေး ဆန္ဒပြခဲ့ရာ၌ ခွင့်ပြုချက်မရှိ ဆန္ဒပြသည့်အတွက် ရဲတပ်ဖွဲ့က ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ၎င်းအား ဖမ်းဆီးခဲ့သည်။[၁၀၀] ရဲတပ်ဖွဲ့အနေဖြင့် သတင်းသမားများအပေါ်ကျူးလွန်သည့် ပြစ်မှုများအတွက် ပြစ်ဒဏ်မခံရဘဲ လွတ်ကင်းနေခြင်းကို အဆုံးသတ်ရေး အပြည်ပြည်ဆိုင်ရာနေ့အတွက် ဆုတောင်းပွဲပြုလုပ်ရန် ဦးဆောင်သည့် သတင်းသမားတစ်ဦးအားလည်း အဆိုပါဥပဒေအရ ဖမ်းဆီးအရေးယူခဲ့သည်။ ဆန္ဒပြမှုအား ခွင့်ပြုမိန့်ကျသော်ငြားလည်း ပါဝင်သူများအနေဖြင့် ခွင့်ပြုမိန့်တွင် မပါဝင်သည့် နေရာများသို့ သွားရောက်ကျင်းပပါက ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေ ပုဒ်မ –၁၉ ကို ချိုးဖောက်ခြင်းဖြစ်သည်။[၁၀၁] အဆိုပါ ဥပဒေပြဋ္ဌာန်းလိုက်သည့် အချိန်မှစတင်၍ တပ်မတော်နှင့်

---

[၉၉] Aung. S. Y. ၏ (၁၂ဇက်တင်ဘာ ၂၀၁၄) ရက်စွဲပါ "ဆန္ဒပြခွင့် ဥပဒေတွင်း မရှင်းလင်းသော ပြင်ဆင်ချက်များကြောင့် ဖမ်းဆီးခံရမှုများ ရှိနေ"၊ ဧရာဝတီသတင်းဌာန၊ http://www.irrawaddy.org/ burma/ arrests-go-unabated-unclear-amendment-burma-protest-law.html မှ ထုတ်နှုတ်တင်ပြပါသည်။
Zaw, H. N. ၏ (၂၁ဖေဖော်ဝါရီ ၂၀၁၄) ရက်စွဲပါ "ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြခြင်းအား ပြစ်ဒဏ်ချမှတ်မှုကို ဆက်လက်ထားရှိမှု ဝေဖန်ခံရ"၊ ဧရာဝတီသတင်းဌာန၊ http://www.irrawaddy.org/burma/proposal-halve-prosion-terms-unauthorized-protest-draws-criticism.html

[၁၀၀] Aung. S. Y. ၏ (၂၁ အောက်တိုဘာ ၂၀၁၄) ရက်စွဲပါ "သတင်းသမားအသတ်ခံရမှုနှင့် ပတ်သက်ပြီး ဆန္ဒထုတ်ဖော်သူအား ရဲတပ်ဖွဲ့ဖမ်းဆီး"၊ ဧရာဝတီသတင်းဌာန၊ http://www.irrawaddy.org/burma/police-charge-activists-protest-journalists-killing.html မှ ထုတ်နှုတ်တင်ပြပါသည်။

[၁၀၁] Mann,Z. ၏ (၂၁ နိုဝင်ဘာ ၂၀၁၄) ရက်စွဲပါ "တရားမဝင်ဆုတောင်းခြင်းနှင့် ပတ်သက်ပြီး သတင်းသမား(၂၀)ကျော် တရားရင်ဆိုင်နိုင်ဖွယ်ရှိ"၊ ဧရာဝတီသတင်းဌာန၊ http://www.irrawaddy.org/burma/20-journalists-may-face-charges-unlawful-prayer-service.html မှ ထုတ်နှုတ်တင်ပြပါသည်။

လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများ၊[၁၀၂] အလုပ်သမားအရေး၊[၁၀၃] မီတာခနှုန်းထားများ[၁၀၄] အပြင် လမုပင်များစိုက်သည့်ကိစ္စရပ်များ စသည့်များစွာသော ဆန္ဒပြမှုများသည် ပဋိပက္ခအသွင် တင်းမာလာလျက် ရှိပါသည်။[၁၀၅]

ငှင်းဥပဒေအရ အရေးယူခံရသော ပြည်သူများအနေဖြင့် အမြင့်ဆုံး ပြစ်ဒဏ်များကိုချမှတ်ခြင်းမခံရဘဲ လအနည်းငယ်သာ သက်တမ်းရှိထောင်ဒဏ်များနှင့် ငွေဒဏ်အနည်းငယ်သာ ပြစ်ဒဏ်စီရင်ခြင်းခံရလေ့ရှိသည်။[၁၀၆] သို့သော်အဆိုပါဥပဒေကို ဆက်လက်တည်ရှိစေပြီး အသုံးပြုလျက်ရှိနေပါက မြန်မာပြည်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်များအတွက် အကြီးမားဆုံး တရားဥပဒေဆိုင်ရာ အဟန့်အတားများ ရှိနေဦးမည် ဖြစ်ပါသည်။

## ဆက်သွယ်ရေးဥပဒေ

၂၀၁၃ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သော ဆက်သွယ်ရေးဥပဒေသည် ဆက်သွယ်ရေး နယ်ပယ်တွင် များစွာလိုအပ်လျက်ရှိသော ဥပဒေဆိုင်ရာ ရှင်းလင်းတင်ပြချက်များနှင့် ပြုပြင်ပြောင်းလဲမှုများကို ဖြည့်စွမ်းပေးနိုင်စွမ်း ရှိသော်လည်း

---

[၁၀၂] O'Toole, B. ၏ (၂၇ နိုဝင်ဘာ ၂၀၁၃) ရက်စွဲပါ "ငြိမ်းချမ်းရေးအတွက် ဆန္ဒပြလမ်းလျှောက်သည့် ခေါင်းဆောင်ဒဏ်ငွေရိုက်ခံရ"၊ မြန်မာတိုင်း(မ်)။ http://www.mmtimes.com/index.php/national-news/8880-peace-march-organisers-fined-but-unrepented မှထုတ်နုတ်တင်ပြသည်။

[၁၀၃] Htwe, K. ၏ (၂၉ နိုဝင်ဘာ ၂၀၁၃) ရက်စွဲပါ "တော်ဝင်စက်ရုံလုပ်သားများပုဒ်မ -၁၈ အရအရေးယူခံရ"၊ ဒီမိုကရက်တစ်မြန်မာ့အသံ။ http://www.mmtimes.com/index.php/national-news/8880-peace-march-organisers-fined-but-unrepented မှထုတ်နုတ်တင်ပြသည်။

[၁၀၄] Htwe, K. ၏ (၁၈ ဧပြီ ၂၀၁၄) ရက်စွဲပါ "လျှပ်စစ်ခေတ်အားစနစ်ကို ဆန္ဒပြခဲ့သည့် မန္တလေးမှ အဖွဲ့များ တရားရင်ဆိုင်နိုင်ရှုယ်ရှိ"၊ ဧရာဝတီသတင်းဌာန။ http://www.irrawaddy.org/burma/electricity-hike-opponents-face-charges-illegal-mandalay-protest-html မှထုတ်နုတ်တင်ပြသည်။

[၁၀၅] Zin,S.T. ၏ (၂၄ ဇက်တင်ဘာ ၂၀၁၄) ရက်စွဲပါ "လမုပင် စိုက်ပျိုးခြင်းဟာလည်း တရားရုံးစည်းမျဉ်းစည်းကမ်းအရ တရားမဝင်ဆန္ဒပြမှုဖြစ်လာ"၊ ဧရာဝတီသတင်းဌာန။ http://www.irrawaddy.org/burma/mangrove-planting-now-illegal-protest-court-rules.html မှထုတ်နုတ်တင်ပြသည်။

[၁၀၆] O'Toole, B. ၏ (၂၇ နိုဝင်ဘာ ၂၀၁၃) ရက်စွဲပါ "ငြိမ်းချမ်းရေးအတွက် ဆန္ဒပြသူများအားဖမ်းဆီး"၊ မြန်မာတိုင်း(မ်) http://www.mmtimes.com/index.php/national-news/8880-peace-march-organisers-fined-but-unrepentant.html မှ ထုတ်နုတ်တင်ပြသည်။

အဆိုပါ ဥပဒေ၏ ပုဒ်မ - ၆၆(ဃ)၌ အွန်လိုင်းတွင် ရေးသားသော အကြောင်းအရာများတွင် အသရေဖျက်မှုအတွက် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ - ၆၆ (ဃ) တွင် ဤကဲ့သို့ပြဋ္ဌာန်းထား ပါသည်။

> မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် - ဆက်သွယ်ရေး ကွန်ယက် တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ် တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင် အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) နှင့် မစပ်ဆိုင်သော အကြောင်းအရာများပင်ဖြစ်သော်လည်း ပြည်သူလေးဦးအား ထိုပုဒ်မဖြင့် တရားစွဲဆိုခဲ့သည်။ ဖြစ်ရပ် လေးခုအနက် သုံးခုမှာ တရားစွဲဆိုခံရသူသည် လူမှုကွန်ယက်စာမျက်နှာ ဖေ့စ်ဘွတ်ခ်တွင် သမ္မတနှင့် တပ်မတော်အား အကြည်ညို ပျက်စေသောအကြောင်းအရာများကို ရေးသားတင်ပြသည့်အတွက် တရားစွဲဆိုခံရခြင်း ဖြစ်သည်။ အဆိုပါအမှုအခင်းများကို တပ်မတော်နှင့် ရဲတပ်ဖွဲ့ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့ကိုယ်တိုင်ကိုင်တွယ်ခဲ့သည်။[၁၀၇] ထိုသုံးယောက်အနက်နှစ်ယောက်မှာပြစ်မှုထင်ရှား

---

[၁၀၇] Konstantinidis, A. ၏ (၂၉ဒီဇင်ဘာ ၂၀၁၅) ရက်စွဲပါ "ဖေ့စ်ဘွတ်ခ်မှ ရေးသားချက်ကြောင့် အမျိုးသမီး တစ်ဦး ထောင်ခြောက်လကျ" ရိုက်တာသတင်းဌာန။ http://www.rt.com/news/327262-myanmar-facebook-comment-jail မှထုတ်နုတ်ဖော်ပြထားသည်။
Zin, S.T. ၏ (၁၃ အောက်တိုဘာ ၂၀၁၅) ရက်စွဲပါ စစ်တပ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ ထမီအား နှိုင်းယှဉ်ဖော်ပြထားသည့် ဓာတ်ပုံတင်မိသောကြောင့် အမျိုးသမီးတစ်ဦး ထောင်ဒဏ် (၅) နှစ် ချမှတ်ခံရ။ ဧရာဝတီသတင်းဌာန။ hhttp://www.irrawaddy.org/burma/woman-face-5-years-over -photo-likening-army-grab-to-suu-kyis-dress.html မှထုတ်နုတ်ဖော်ပြထားသည်။
Tha, K.P. ၏ (၁၅ အောက်တိုဘာ ၂၀၁၅) ရက်စွဲပါ "တပ်မတော်အား အသရေဖျက်မှုကြောင့် ကချင် တက်ကြွလှုပ်ရှားသူ၏ အမျိုးသားဖမ်းဆီးခံရ"၊ ဧရာဝတီသတင်းဌာန။ http://www.irrawaddy.org/burma/kachin-activists-husband-arrested-over-facebook-post-said-to-defame-army.html မှ ထုတ်နုတ်ဖော်ပြထားသည်။
Tha, K.P. ၏ (၂၁ အောက်တိုဘာ ၂၀၁၅) ရက်စွဲပါ "အသရေဖျက်မှုများအား တရားစွဲဆိုမှုများ မြင့်တက်လာ"၊ ဧရာဝတီသတင်းဌာန။ http://www.irrawaddy.org/burma/brad-on-the-run-dodging-defamation -over-risque-rhyme-html မှ ထုတ်နုတ်ဖော်ပြထားသည်။

စီရင်ခံရပြီး ထောင်ဒဏ်ခြောက်လ ချမှတ်ခံရသည်။[၁၀၈] သုံးယောက် မြောက်မှာမူ တရားရင်ဆိုင်နေရဆဲ ဖြစ်သည်။[၁၀၉]

## အသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် စပ်ဆိုင်သောဥပဒေ

အပြည်ပြည်ဆိုင်ရာ ပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာပဋိဉာဉ်၏ ပုဒ်မ ၂၂ အရ ပြည်သူပြည်သားများသည် အသင်းအဖွဲ့များဖွဲ့စည်းခွင့်နှင့် ပါဝင်ပူးပေါင်းပိုင်ခွင့် ရှိသည်။ တရားဝင်ဖွဲ့စည်းခွင့်ရှိသည့် အသင်းအဖွဲ့များအနေဖြင့် အစိုးရထံမှ ခွင့်ပြုချက်တောင်းခံရန် လိုအပ်ခြင်းသည် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကို သွယ်ဝိုက်သောအားဖြင့် ပိတ်ပင်တားဆီးနေသဖွယ်ဖြစ်ပြီး နိုင်ငံတကာစံနှုန်းများနှင့်လည်း ကိုက်ညီမှုမရှိပါ။ အသင်းအဖွဲ့တစ်ခုဖွဲ့စည်းကြောင်း မှတ်ပုံတင်ရာတွင် အဆိုပါအသင်းအဖွဲ့ဖွဲ့စည်းခွင့် ခွင့်ပြုမိန့်ကို တောင်းခံခြင်းထက် အသင်းအဖွဲ့ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း အစိုးရအားသိစေရန် အကြောင်းကြားခြင်းသဖွယ် ဖြစ်သည်။ အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေဟု အများခေါ်ဝေါ်သုံးနှုန်းကြသော အသင်း အဖွဲ့ ဥပဒေသစ်ကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဥပဒေသစ် သည် ၎င်းအရင် ပြဋ္ဌာန်းခဲ့သော ၁၉၈၈ ခုနှစ် အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုများ အများအပြားပါဝင်လာသည်ဟု ဆိုနိုင်သည်။ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရအသင်းအဖွဲ့ ဖွဲ့စည်းပါက အစိုးရထံတွင် မှတ်ပုံတင်ခြင်း

---

[၁၀၈] Frontier Myanmar (၂၂ဇန်နဝါရီ ၂၀၁၆) "ဖေ့စ်ဘွတ်ခ်အရေးအသားကြောင့် ခွန်ဂျာလီထောင်ဒဏ်ခြောက်လ ကျခံရမည်။" http://www.frontiermyanmar.net/en/news/facebook-post-lands-patrick-khum-jaa-lee-six-month-prison-sentence မှ ထုတ်နုတ်တင်ပြထားသည်။

[၁၀၉] ဧရာဝတီ မြောက်အမှုမှာ အရပ်ဖက်လူမှုအဖွဲ့ အစည်းခေါင်းဆောင်တစ်ဦးက ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အရာရှိတစ်ဦးအား အတိုက်အခံ ခေါင်းဆောင်၏ ဓာတ်ပုံကို ဝတ်လစ်စလစ်လုပ်ခြင်းဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ကြံ့ခိုင်ရေးပါတီမှ အရာရှိမှာမူ တရားရင်ဆိုင်ပြီး မကြာမီ ပြန်လည်လွတ်မြောက်ချမ်းသာခွင့်ရသောကြောင့် အဆိုပါအကြောင်းအရာနှင့် ပတ်သက်ပြီး သုတေသနပညာရှင်များ ရှာဖွေနိုင်ခြင်း မရှိပါ။ Zin, S. T. ၏ (၃ နိုဝင်ဘာ ၂၀၁၅) ရက်စွဲပါ "ဒေါ်အောင်ဆန်းစုကြည်၏ ပုံများအား ဝတ်လစ်စလစ်ဓာတ်ပုံများအဖြစ် ပြုလုပ်ထားသော ပါတီမှအရာရှိတစ်ဦးအား အာမခံဖြင့်လွှတ်" http://www.irrawaddy.com/election/news/usdp-official-charged-over-fake-suu-kyi-nude-photo-released-on-bail မှ ထုတ်နုတ်တင်ပြသည်။

ပြုလုပ်ရန်လိုအပ်ပြီး မတရားသင်းတွင် ပါဝင်ပတ်သက်နေပါက ပြစ်မှုဆိုင်ရာ တရားစီရင်ခြင်း ခံရမည်ဖြစ်ပါသည်။[၁၁၀] လက်ရှိပြဋ္ဌာန်းထားသော ဥပဒေတွင်မှ မှတ်ပုံတင်ထားခြင်း မရှိသော အသင်းအဖွဲ့များနှင့် သက်ဆိုင်သည့် စည်းမျဉ်း စည်းကမ်းများကို လျှော့ပေါ့ပေးခဲ့သည်။ ယခင်ဥပဒေအဟောင်းကျင့်သုံးနေစဉ်အတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းအများစုသည်လည်း မှတ်ပုံတင်ခြင်းမရှိခဲ့သည့်အတွက် အဆိုပါပြင်ဆင်ချက်မှာ လက်ရှိအခြေအနေနှင့် ဆီလျော်ပေသည်။ သို့သော် ယခု ဥပဒေသစ်တွင်လည်း အသင်းအဖွဲ့များဖွဲ့စည်းလိုပါက အစိုးရမှ ဖွဲ့စည်းထားသည့် မှတ်ပုံတင်ရေးကော်မတီတွင် သွားရောက်လျှောက်ထားရမည်ဖြစ်ပြီး တရားဥပဒေ စိုးမိုးမှုနှင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်ပါက လျှောက်ထားသည်ကို ပယ်ဖျက်နိုင်သည်။[၁၁၁] အဆိုပါ ဥပဒေသစ်သည်လည်း ၁၉၀၈ ခုနှစ် မတရားသင်း အက်ဥပဒေကို ရုပ်သိမ်းရန် အကောင်အထည်မဖော်နိုင်ပေ။

## မတရားသင်းအက်ဥပဒေ

မတရားသင်းအက်ဥပဒေအရ မည်သည့်အဖွဲ့အစည်းကိုမဆို မတရားသင်း အဖြစ် သမ္မတက တစ်ဖက်သတ် ကြေညာချက် ထုတ်ပြန်ခွင့် ရှိသည်။[၁၁၂] မတရားသင်းတွင် မည်သည့်နည်းလမ်းဖြင့်မဆို ပါဝင်ပတ်သက်ခြင်းဖြစ်စေ သို့မဟုတ် ကူညီထောက်ပံ့ခြင်းဖြစ်စေ ထောင်ဒဏ်နှစ်နှစ်မှ သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။[၁၁၃] မတရားသင်းတွင် ကိုယ်တိုင်အားဖြင့် စီမံခန့်ခွဲသည် သို့တည်းမဟုတ် စီမံခန့်ခွဲသည်ကို ကူညီသည်တွင် ထောင်ဒဏ်(၃) နှစ် မှ (၅) နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်စီရင်နိုင်သည်။[၁၁၄] အက်ဥပဒေ၏ပုဒ်မများမှာ ထည့်သွင်း

---

[၁၁၀] ပုဒ်မ ၃၊ ၆၊ ၇၊ မတရားသင်းဖွဲ့စည်းခြင်းနှင့် ပတ်သက်သည့် ဥပဒေ၊ အမှတ်စဉ် ၆ / ၁၉၈၈၊ ၃၀ စက်တင်ဘာ ၁၉၈၈

[၁၁၁] ပုဒ်မ ၈၊ အဖွဲ့အစည်းများဥပဒေ၊ အမှတ်စဉ် ၃၁ / ၂၀၁၄၊ ၁၈ ဇူလိုင် ၂၀၁၄

[၁၁၂] ပုဒ်မ ၁၆၊ မတရားသင်းများ အက်ဥပဒေ၊ အိန္ဒိယအက်ဥပဒေ၊ အမှတ်စဉ် ၁၄ / ၁၉၀၈၊ ၁၁ ဒီဇင်ဘာ ၁၉၀၈

[၁၁၃] ပုဒ်မ ၁၇ (က) (ယင်း)

[၁၁၄] (ယင်း)

ဖော်ပြထားသည့်အရ သမ္မတသည် အဆိုပါအသင်းများ၏ ပိုင်ဆိုင်မှုနှင့် အကျိုးအမြတ်များအား နိုင်ငံတော်ပိုင်အဖြစ် ကြေညာနိုင်သည့် အမိန့်အာဏာကို လက်ဝယ်ပိုင်ဆိုင်ခွင့် ပေးထားသည်။[၁၈၅]

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ

လက်ရှိထုတ်ပြန် ပြဋ္ဌာန်းလိုက်သော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေတွင် ၄င်း၏ရှေ့က ထုတ်ပြန်ခဲ့ဖူးသော ၁၉၆၂ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေထက် များစွာသော တိုးတက်ပြောင်းလဲမှုများ ပါဝင်လာသည်။ အထင်ရှားဆုံးသာဓကမှာ ဆင်ဆာစနစ်မရှိတော့ခြင်းပင် ဖြစ်သည်။ ထို့ပြင် ဥပဒေပါ စည်းကမ်းချက်များကို ဖောက်ဖျက်ရာတွင်လည်း ပြစ်ဒဏ်စီရင်မှုများ မရှိတော့ပေ။ သို့သော် ပုဒ်မ (၈) တွင်မူ မည်သည့် ပုံနှိပ်မီဒီယာအမျိုးအစားများ ထုတ်ဝေနိုင်သည်နှင့် ပတ်သက်၍ တိကျသေချာသော ကန့်သတ်ချက်များ မဖော်ပြထားပေ။ အကြောင်းအရာများစွာရှိသည့်အနက် ပုံနှိပ်ထုတ်ဝေသူ သို့မဟုတ် ထုတ်ဝေရေးလုပ်ငန်းရှင်တစ်ဦးသည် အောက်ပါအကြောင်းအရာများကို ထုတ်ဝေခွင့်မရှိပါ။

> နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူလွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်း။[၁၈၆]

အထက်တွင် ဖော်ပြပြီးဖြစ်သည့် ဥပဒေများကဲ့သို့ မပြင်းထန်သော်လည်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ ပုဒ်မ (၅)တွင် ဖော်ပြထားသော ကန့်သတ်ချက်များသည်မြန်မာနိုင်ငံတွင်းရှိပုံနှိပ်ထုတ်ဝေသူများအတွက် လွတ်လပ်စွာ

---

[၁၈၅] မတရားသင်းဥပဒေ၏ ပုဒ်မ ၁၇ (င)တွင် "ငွေကြေး၊ လုံခြုံမှုနှင့် ငွေကြေးတောင်းခံမှု" တို့၏ ပြစ်ဒဏ်ကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ အခြား ကိစ္စရပ်များအတွက် ပြစ်ဒဏ်များအပေါ် စည်းမျဉ်း စည်းကမ်းများအပြင် ၎င်းအက်ဥပဒေ၏ အခြားအပိုင်းအများအပြားတွင်လည်း စုံစမ်းမေးမြန်းမှု လုပ်ငန်းစဉ်များနှင့် ပြစ်ဒဏ်များကို ထည့်သွင်းဖော်ပြထားသည်။

[၁၈၆] ပုဒ်မ ၈ (စ)၊ ပုံနှိပ်ခြင်းနှင့်စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ အမှတ်စဉ် ၁၃/၂၀၁၄၊ ၁၄ မတ်လ ၂၀၁၄

ဖော်ထုတ်ရေးသားပြောဆိုခွင့်အပေါ် ကြီးစွာသောကန့်သတ်ချက်များ ဖြစ်နေသည့် အပြင် ၄င်းတို့အတွက် မိမိတို့ကိုယ်တိုင်တာဝန်ယူ၍ ရေးသားဖော်ပြရန် တွန်းအား ပေးနေသည့်သဖွယ် ဖြစ်လာနိုင်ပါသည်။

## (ယ) ဆင်ဆာစနစ်

### ၁.၁၁ မီဒီယာသည် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ ဆင်ဆာစနစ် ကျင့်သုံးရမည့် အကြောင်းအရာ တစ်ခု မဟုတ်ပါ။

မီဒီယာတွင် ဆင်ဆာစနစ်ရှိခြင်းသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့နှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်၏ ပုဒ်မ (၁၉) ကို ချိုးဖောက်လိုက်ခြင်း ဖြစ်သည်ဟု အများကလက်ခံထားပြီးဖြစ်ပါသည်။ မကြာသေးမီ အချိန်ကာလအထိ မြန်မာနိုင်ငံသည် ဆင်ဆာစနစ်ကျင့်သုံးလျက်ရှိသော ကမ္ဘာ့နိုင်ငံအနည်းစု စာရင်းတွင် ပါဝင်လျက်ရှိခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဆင်ဆာအဖွဲ့သည် ပုံနှိပ်မီဒီယာများ ထုတ်ဝေခြင်းမပြုမီ ပြန်လည်စစ်ဆေးပြီး ဆင်ဆာဖြတ်တောက်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်တွင် ဆင်ဆာအဖွဲ့သည် ပုံနှိပ်မီဒီယာတွင် ကျင့်သုံးသော ဆင်ဆာစနစ်ဖျက်သိမ်းလိုက်သည့် အချိန်မှစ၍ မြန်မာ့မီဒီယာကဏ္ဍ တမုဟုတ်ချင်း တိုးတက်ပြောင်းလဲ လာခဲ့သည်။[၁၀၇] ၂၀၁၃ – ခုနှစ် ဇန်နဝါရီလတွင် ပုံနှိပ်ရေးနှင့် စာပေ စိစစ်ရေးအဖွဲ့ကိုပါ ဖျက်သိမ်းခဲ့သည်။[၁၀၈] ထိုအချိန်တွင် ၁၉၆၂ ခုနှစ် ဥပဒေသည် တရားဝင် ထုတ်ပြန်ထားလျက် ရှိနေသေးသော်လည်း ဆင်ဆာအဖွဲ့၏ ပါဝင် ဆောင်ရွက်မှု မရှိသည့်အတွက် အဆိုပါဥပဒေသည်လည်း အသက်ကင်းမဲ့လျက် ဖြစ်ခဲ့သည်။ ထို့နောက် ၂၀၁၄ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပေါ်ပေါက်လာခြင်းနှင့်အတူ ၁၉၆၂ ပုံနှိပ်ဥပဒေသည်လည်း ကွယ်ပျောက်ခဲ့ရသည်။

---

[၁၀၇] Htun, Y. ၏ (၁၉ အောက်တိုဘာလ ၂၀၁၂) ရေးသားချက် "မြန်မာနိုင်ငံအစိုးရက ပြည်တွင်းမီဒီယာများ အတွက် ဆင်ဆာစနစ်ကိုဖျက်သိမ်းလိုက်" ၊ ဟဖ်ပိုသတင်းဌာန။ http://www.huffingtonpost.com/ 2012/08/20/myanmar-ends-censorship_n_1808780.html မှ ထုတ်နုတ်တင်ပြသည်။

[၁၀၈] မဇ္ဈိမသတင်းဌာန ( ၂၅ ဇန်နဝါရီ ၂၀၁၃ ) "မြန်မာနိုင်ငံတွင် ဆင်ဆာအဖွဲ့ကိုဖျက်သိမ်း" ၊ စာရေးသူ။ http://archive-1.mizzima.com/news/media/8792-burma-dissolves-censorship-board မှ ထုတ်နုတ်တင်ပြသည်။

ယခင်ကျင့်သုံးခဲ့သော ဆင်ဆာစနစ် မရှိတော့သည့်အချိန်မှ စတင်၍ သတင်းစာများအနေဖြင့် အစိုးရအားလွန်ကဲစွာ ဝေဖန်ထားသော ဆောင်းပါးများအား ပုံနှိပ်ဖော်ပြ နိုင်လာသည်။ ယခင်ဆင်ဆာစနစ်ကြောင့် ဖော်ပြခွင့်မရှိခဲ့သည့် တပ်မတော်နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ မြေယာသိမ်းမှုများနှင့် တိုင်းရင်းသား ပဋိပက္ခများသည်လည်း ယခုကာလတွင် အများစိတ်ဝင်တစား စောင့်ကြည့်ဖတ်ရှုရသည့် အကြောင်းအရာများ ဖြစ်လာသည်။ အချို့ သတင်းစာများသည် သမ္မတ ဦးသိန်းစိန်အား တိုက်ရိုက်ဝေဖန်ရေးသားသော အရေးအသားများ ထည့်သွင်းခဲ့သည်။ ယခုအကဲဖြတ် လေ့လာမှုမှတ်တမ်းအတွက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ အဖွဲ့ဝင်တစ်ဦးနှင့် အင်တာဗျူးရာတွင် ၎င်းသည် "မည်သည့်အကြောင်းအရာကိုမဆို ဝေဖန်ပိုင်ခွင့်ရှိနေပြီ" ဟုဖြေဆိုခဲ့သည်။

ဆင်ဆာစနစ်ကို ဖျက်သိမ်းလိုက်ခြင်းသည် အစိုးရအား ဝေဖန်ရန် တံခါးဖွင့်ပေးလိုက်သကဲ့သို့ ဖြစ်လာလျက်ရှိရာ မည်သည့်အကြောင်းအရာများကို ပုံနှိပ်ထုတ်ဝေနိုင်သည်ဆိုသည့် တိကျသေချာစွာ သတ်မှတ်ထားမှုများကိုလည်း ပယ်ဖျက်လိုက် သကဲ့သို့ဖြစ်နေပေသည်။ ယခင်ဆင်ဆာစနစ်တွင် အစိုးရဘက်မှ တည်းဖြတ်ရေးအဖွဲ့သည် ထည့်သွင်းသင့်သည်ဟု ၎င်းတို့ ထင်မြင်ယူဆသော အကြောင်းအရာများကို တည်းဖြတ်ထည့်သွင်း ဖော်ပြခွင့်ပြုခဲ့သည်။ ယခုအခါတွင်မူ အဆိုပါတာဝန်မှာ အယ်ဒီတာများအပေါ်တွင် လုံးလုံးလျားလျား ကျရောက်လာပြီ ဖြစ်သည်။ အစိုးရအား မည်သည့်အတိုင်းအတာအထိ ဝေဖန်နိုင်သည်ဟူသည့် စံနှုန်းများပြောင်းလဲနေသောကာလနှင့်အတူ မြန်မာနိုင်ငံရှိ သတင်းသမားများအတွက် သတင်းများကို မှန်မှန်ကန်ကန်နှင့် ကျွမ်းကျင်မှုရှိရှိရေးသားနိုင်စေရန် သင်တန်းများ နည်းပါးနေသည့်အတွက် ထိုကဲ့သို့ မိမိသတင်းကိုမိမိကိုယ်တိုင် တာဝန်ယူတည်းဖြတ်ရမည့်တာဝန်မှာ သတင်းသမားများအတွက် ကြီးလေးသည့် တာဝန်တစ်ခုပင် ဖြစ်နေပေသည်။

နိုင်ငံအတွင်း ဖြန့်ဖြူးခွင့်ရရှိသော နိုင်ငံခြားမီဒီယာ အများစုမှာလည်း ဆင်ဆာစနစ် ကင်းလွတ်ပြီးဖြစ်ပါသည်။ သို့သော် အများစုထောက်ပြ ဝေဖန်ခဲ့ကြသော ခြွင်းချက်တစ်ခုမှာ ၂၀၁၃ ခုနှစ် ဇူလိုင် (၁) ရက်နေ့ထုတ်ဝေသော တိုင်းမ်မဂ္ဂဇင်းကို တားမြစ်ပိတ်ပင်ခဲ့ခြင်းပင် ဖြစ်သည်။ မဂ္ဂဇင်း၏ မျက်နှာဖုံးတွင် အမျိုးသားရေးဝါဒီ

ဘုန်းကြီး ဦးဝီရသူ၏ရုပ်ပုံကို ထည့်သွင်းဖော်ပြထားပြီး ခေါင်းစဉ်အား "ဗုဒ္ဓဘာသာဝင် အကြမ်းဖက်သမား၏ ရုပ်ပုံ" ဟူ၍ ရေးသား ဖော်ပြထားသည်။ ထို မဂ္ဂဇင်း မျက်နှာဖုံး အကြောင်းအရာနှင့် ပတ်သက်၍ အငြင်းပွားမှုများ ပြင်းထန်လာသောကြောင့် အဆိုပါ မဂ္ဂဇင်းအား တင်သွင်းဖြန့်ချိသူ အင်းဝစာပေတိုက်သည် ၎င်းမဂ္ဂဇင်းအား ဖြန့်ချိခြင်းကို ရပ်တန့်ခဲ့သည်။ နောက်ရက်တွင်မှ အစိုးရက အဆိုပါစာအုပ်အား ရောင်းချရန်၊ ဖြန့်ချိရန် သို့မဟုတ် ပိုင်ဆိုင်ထားရန် တရားမဝင်သော စာအုပ်အဖြစ် ကြေညာခဲ့သည်။[၁၁၉] ၎င်း ကြေညာချက်မှာ အရေးပေါ် အခြေအနေကာလတွင် ဗဟို စီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ အဟန့်အတားမဲ့ အပြုအမူသည် မီဒီယာဥပဒေ သို့မဟုတ် ပြန်ကြားရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ဆောင်မှုများပြင်ပဖြစ်သော အစိုးရအဖွဲ့အစည်းများသည် မီဒီယာဆင်ဆာစနစ်တွင် ပါဝင် ပတ်သက်လာခြင်းပင် ဖြစ်သည်။

အရေးပေါ်ကာလအတွက် ဗဟိုစီမံခန့်ခွဲမှုကော်မတီကို နိုင်ငံတော်သမ္မတ၏ အမိန့်စာအမှတ် ၃၄/၂၀၁၄ အရ စတင်အသက်သွင်းခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အမိန့်စာတွင် ပဋိပက္ခများ ထိန်းချုပ်ရေးနှင့် စပ်ဆိုင်သည့် အဆိုပါ ကော်မတီ၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များနှင့် ပတ်သက်သော အချက်အလက်အနည်းငယ်သာ ဖော်ပြထားသည်။[၁၂၀] အမိန့်စာတွင် မီဒီယာဆင်ဆာစနစ်နှင့် ပတ်သက်သည့် ဖော်ပြချက်အပြင် ကော်မတီ၏ အမိန့်အာဏာ အတိုင်းအတာကိုလည်း ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပေ။ အထက်ပါဖြစ်ရပ်သည် သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေများ ပြဋ္ဌာန်းခြင်းမရှိသေးခင် ဖြစ်ပွားခဲ့သည့်အတွက် အရေးပေါ်ကာလအတွက် ဗဟိုစီမံခန့်ခွဲမှုကော်မတီသည် အဆိုပါဥပဒေများထက် ပို၍ အရေးပါသည်လားဆိုသည်မှာ စဉ်းစားချင့်ချိန်စရာ ဖြစ်နေပေသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ တင်သွင်းဖြန့်ချိသူ လုပ်ငန်းရှင်သည် ဖြန့်ချိမည့်

---

[၁၁၉] Zaw, H.N. Vrieze. ၏ (၂၆ ဇွန်လ ၂၀၁၃) ရက်စွဲပါ "အစိုးရက တိုင်းမ်မဂ္ဂဇင်းအား တားမြစ်လိုက်၊ ဒေသတွင်းမီဒီယာများ စိုးရိမ်စိတ်မြင့်တက်"၊ ဧရာဝတီသတင်းဌာန။ http://www.irrawaddy.org/media/govt-bans-time-magazine-issue-raising-concernis-among-local-media.html မှ ထုတ်နှုတ်တင်ပြပါသည်။

[၁၂၀] အရေးပေါ်ကာလအတွက် ဗဟိုစီမံခန့်ခွဲမှု ကော်မတီ၊ အမှတ်စဉ် ၃၄/၂၀၁၃၊ ၃၀ မတ်လ ၂၀၁၃ http://myanmarpresidentoffice.info/en/?q=briefing-room/notifications/2013/04/01/id-1858

ပုံနှိပ်စာပေ၏ အကြောင်းအရာ၊ အမျိုးအစားနှင့် အရေအတွက် စသည့် အချက်အလက်များကို ပြန်ကြားရေးဝန်ကြီးဌာနအား အကြောင်းကြားရသည်။ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် တင်သွင်းဖြန့်ချိခွင့်ကို တားဆီးပိတ်ဆို့နိုင်သည့် အခွင့်အာဏာမရှိပေ။

ဆင်ဆာစနစ်ဆိုသည်မှာ လိုင်စင်မှတ်ပုံတင်ခြင်းကို ကန့်သတ်ထားသည့် ပုံစံတစ်မျိုးအဖြစ် သိသာထင်ရှားလှပေသည်။ လိုင်စင်မှတ်ပုံတင် ပြုလုပ်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်အသေးနှင့် သင့်လျော်သော လှိုင်းနှုန်းစဉ် ခွဲဝေချထားပေးခြင်းတို့ လိုအပ်သော ရုပ်သံလွှင့်စနစ်နှင့် မတူညီသည်မှာ ပုံနှိပ်မီဒီယာများကို လိုင်စင်မှတ်ပုံတင်ခြင်းပြုလုပ်ရန် နိုင်ငံတကာစံချိန်စံနှုန်းနှင့် တွက်ချက်ရန်မလိုအပ်ပေ။ ပုံနှိပ်မီဒီယာအား လိုင်စင်မှတ်ပုံတင်ခြင်း ပြုလုပ်သည် ဆိုသည်မှာ ကမ္ဘာ့နိုင်ငံအများစုတွင် ဆင်ဆာစနစ် ပုံစံတစ်ခုအဖြစ် အသုံးပြုခြင်းဖြစ်ပြီး တရားဝင် အကျိုးအမြတ်များ သို့မဟုတ် ရည်ရွယ်ချက်များအတွက် ထားရှိအသုံးမပြုပေ။

လိုင်စင်မှတ်ပုံတင်ခြင်းဟူသည်တရားဝင်မဟုတ်သော်လည်း မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သီးသန့်မှတ်ပုံတင်ရန် လိုအပ်သောစံချိန်စံနှုန်းများ သတ်မှတ်ထားသည်မှာ ကျိုးကြောင်းဆီလျော်မှု ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ - ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ ပုံနှိပ်ထုတ်ဝေသူများ အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရန်လိုအပ်သည်။ လက်တွေ့တွင်မူ အဆိုပါလုပ်ငန်းစဉ်သည် အတားအဆီး၊ အကန့်အသတ်များသည်ဟု မဆိုနိုင်ပေ။ အယ်ဒီတာများနှင့် ပုံနှိပ်မီဒီယာမန်နေဂျာများ၏ အဆိုအရ အဆိုပါမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှာ အခြားမည်သည့် ဝန်ပိစေသော စံနှုန်းတားများ သို့မဟုတ် မဖော်ပြထားသော ငွေကြေးကောက်ခံမှုများမရှိဘဲ ရိုးစင်းလွယ်ကူသော လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်းဥပဒေ၏ ပုဒ်မ (၈) တွင်လည်း မည်သည့် ပုံနှိပ်မီဒီယာ အမျိုးအစားများ ပုံနှိပ်ထုတ်ဝေနိုင်သည်ကို ရှင်းလင်းစွာဖော်ပြထားရှိခြင်းမပြုဘဲ ကန့်သတ်ချက်များမှာလည်း မတိကျပေ။

ပုံနှိပ်မီဒီယာကဏ္ဍတွင် ဆင်ဆာစနစ်မရှိတော့သော်လည်း ရုပ်ရှင်နယ်ပယ်တွင်မူ ဆင်ဆာစနစ် တည်ရှိနေဆဲဖြစ်သည်။ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့်

ဗီဒီယို ဥပဒေအရ မြန်မာပြည်တွင် ရိုက်ကူးထုတ်လုပ်သော သို့တည်းမဟုတ် မြန်မာပြည်တွင်း တင်သွင်းဖြန့်ချိသော ရုပ်ရှင်ကားများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းထားသော ဗီဒီယိုဆင်ဆာအဖွဲ့က စိစစ်ရမည်ဟူ၍ ဖော်ပြထားသည်။ ရုပ်ရှင်တစ်ကားအနေဖြင့် အများပြည်သူသို့ မပြသခင်တွင် ဆင်ဆာအဖွဲ့၏ ရုပ်ရှင်ဆင်ဆာလက်မှတ်ရရှိပြီး ဖြစ်ရမည်။ ထို့ပြင် အဆိုပါဥပဒေသည် ရုပ်ရှင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ရုပ်ရှင်အစည်းအရုံးသို့ လိုင်စင်မှတ်ပုံတင်ရန်လည်း ဖော်ပြထားသည်။[၁၂၅] ရုပ်ရှင်လုပ်ငန်းအား ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မဟုတ်သည့်အတွက် အဆိုပါအစည်းအရုံးသည် အစိုးရအုပ်ချုပ်မှုမှ ကင်းလွတ်သော အမှီအခိုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်၊ မဖြစ်သည်မှာ မတိကျ၊ မသေချာပေ။ ရုပ်ရှင်ကားများအား ပြည်သူလူထုထံ ပြသရာတွင်လည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ခွင့်ပြုချက်ချထားပေးသော ရုပ်ရှင်ရုံလိုင်စင်အား လျှောက်ထားရမည်ဖြစ်သည်။

ရုပ်ရှင်လုပ်ငန်းဥပဒေတွင် ထားရှိချမှတ်ထားသော ရည်ရွယ်ချက်များမှာ များပြားပြီး အစိုးရအား ဆန့်ကျင်သော သဘောထားများပါဝင်သည့် မည်သည့် ရုပ်ရှင်ကားကိုမဆို ဆင်ဆာပြုလုပ်နိုင်အောင်ထားရှိပြဋ္ဌာန်းထားသော စကားရပ်များ ပါဝင်ပါသည်။ ဥပဒေတွင် " မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးကိုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူပြုစေမည့် ဗီဒီယိုတိပ်ခွေများ ပေါ်ထွန်းလာစေရန်" ဟူ၍ ဖော်ပြပါရှိပါသည်။[၁၂၆] အဆိုပါ ဥပဒေတွင် ဖောက်ဖျက်သူများ အတွက်လည်း ပြစ်မှုဆိုင်ရာ စီရင်ချက်များ ပြဋ္ဌာန်းထားရှိပါသည်။ ဗီဒီယိုလုပ်ငန်းလိုင်စင် မရှိဘဲ လုပ်ကိုင်ဆောင်ရွက် နေသည်ဖြစ်စေ သို့မဟုတ် ဗီဒီယိုဆင်ဆာလက်မှတ် မပါရှိဘဲ ပြသပါက ထောင်ဒဏ် (၁) နှစ်နှင့် ငွေဒဏ် ချမှတ်နိုင်သည်။[၁၂၇] ထို့အတူ ရုပ်ရှင်ကားအား လိုင်စင်မရှိဘဲ အများပြည်သူသို့ ပြသပါက ထောင်ဒဏ်(၆)လနှင့် ငွေဒဏ် ချမှတ်နိုင်သည်။[၁၂၈] ရုပ်ရှင်ဆိုသည်မှာ ဖော်ထုတ်ပြသခြင်း ပုံစံတစ်မျိုးအပြင် လူ့အဖွဲ့အစည်းသို့

[၁၂၅] ဥပဒေအရလိုင်စင်မှတ်ပုံတင်၍၊ လုပ်ပိုင်ခွင့်သက်တမ်းတိုးခြေနှင့် နောက်ကျခြေတို့မှ ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိဘဲ အဆိုပါအခကြေးငွေများမှာ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ဖြစ်သည်။

[၁၂၆] ပုဒ်မ ၃ (ခ) (ဂ)၊ ရုပ်ရှင်ဥပဒေ၊ အမှတ်စဉ် ၈/၉၆၊ ၂၉ ဇူလိုင် ၁၉၉၆

[၁၂၇] ပုဒ်မ ၃၃ (ယင်း)

[၁၂၈] ပုဒ်မ ၃၄ (ယင်း)

သတင်းများပေးပို့ခြင်း အဓိပ္ပာယ်လည်းသက်ရောက်သည့်နည်းတူ ရုပ်ရှင်နယ်ပယ်အား ဆင်ဆာစနစ်ထားရှိခြင်းသည် လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်နှင့် စပ်ဆိုင်သည့် နိုင်ငံတကာ စံချိန်စံနှုန်းများအား ဖောက်ဖျက်ခြင်းပင်ဖြစ်သည်။

သို့သော် မီဒီယာနယ်ပယ်အတွင်း ပြောင်းလဲမှုများသည်လည်း အလွန်လျင်မြန်စွာ ဖြစ်ပေါ်နေသော်လည်း မြန်မာနိုင်ငံအတွင်း ဥပဒေများကို ပြန်လည်ပြုပြင်မှုများသည် ပြည်သူနှင့် အစိုးရတို့၏ သဘောထားခံယူချက်များနှင့် လိုက်လျောညီထွေမှု မရှိသေးပါ။ ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်သော ဘုန်းကြီးများကို တပ်မတော်က နှိမ်နင်းမှုပါဝင်သည့် ဗီဒီယိုရိုက်ကွက်များပါဝင်သော "Burma VJ" နှင့် "Click in Fear" ရုပ်ရှင်ဇာတ်လမ်းများသည်လည်း ယခင်တားမြစ်ပိတ်ခံရသည်မှ ယခုအချိန်တွင် အများပြည်သူကြည့်ရှု ရယူနိုင်ပြီဖြစ်ပါသည်။[၁၂၈] အမှန်အားဖြင့် ရုပ်ရှင်နယ်ပယ်သည် ယခင်နှစ်ကာလများကထက် လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ကို သိသိသာသာ ရရှိလာသော်လည်း အဆိုပါလွတ်လပ်မှု အသစ်များကို ကျောထောက်နောက်ခံပြုနိုင်မည့် လက်ရှိဖြစ်ပေါ်နေသော လူမှုရေးစံနှုန်းများနှင့် လိုက်ဖက်ညီသော ခေတ်မီဥပဒေသစ်များ မပြဋ္ဌာန်းနိုင်သေးပေ။

## ၁.၁၂ နိုင်ငံတော်အနေဖြင့် ထိရှလွယ်၍ အန္တရာယ်များသော အင်တာနက်အကြောင်းအရာများအား ပိတ်ဆို့ခြင်း၊ သို့မဟုတ် စစ်ဆေးခြင်းမပြုလုပ်ရပါ

၂၀၁၂ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ၏ အင်တာနက်ဆင်ဆာစနစ်အား သိသိသာသာ ဖယ်ရှားပစ်နိုင်ခဲ့သည်။ ထိုအချိန်တွင် ပွင့်လင်းအင်တာနက် အစီရင်ခံစာအရ အင်တာနက်အကြောင်းအရာ စစ်ဆေးခြင်းလုပ်ငန်းကို လုပ်ဆောင်ခဲ့ရာ ဝက်ဘ်ဆိုဒ်ပေါင်း (၅၄၁) ခုတွင် နိုင်ငံရေးအကြောင်းအရာများပါဝင်သည့် ဝက်ဘ်ဆိုဒ် (၅)ခုသာ ပိတ်ပင်ခံခဲ့ရသည်။[၁၂၉] ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဝက်ဘ်ဆိုဒ်အားလုံး

[၁၂၈] Harris, M. (၂၀၁၃) ၏ "မြန်မာ့အကူးအပြောင်းကာလ လွတ်လပ်စွာဖော်ထုတ်ပြသခွင့်"၊ X indexhttps://www.indexoncensorship.org/wp-content/uploads/2013/07/Burma-Freedom-of-Expression-in-Transition.pdf မှ ထုတ်နှုတ်တင်ပြသည်။

[၁၂၉] Poetranto, (၂၀၁၂ အောက်တိုဘာလ ၂၃) မြန်မာနိုင်ငံတွင်းရှိသတင်းအချက်အလက် ထိန်းချုပ်မှုများ လက်ရှိအခြေအနေ၊ ပွင့်လင်းကွန်ယက် အဖွဲ့အစည်း၊ https://opennet.net/blog/2012/10/update-information-controls-burma မှ ထုတ်နှုတ်တင်ပြသည်။

(၄၅၁) ခုလုံးကို သုံးစွဲနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်း အချိန်တွင်မူ ညစ်ညမ်း ဓာတ်ပုံများနှင့် မူးယစ်ဆေးဝါးများနှင့် စပ်ဆိုင်သည့် အကြောင်းအရာများပါဝင်သော ဝက်ဘ်ဆိုဒ်များကိုပါ ပိတ်ပင်ခြင်း မရှိတော့ပေ။[၃၂၅] အင်တာနက် ဆင်ဆာစနစ်ကို ဖျက်သိမ်းလိုက်ခြင်းသည် ကောင်းမွန်သော တိုးတက်မှုတစ်ခု ဖြစ်သော်လည်း ဆက်သွယ်ရေးကဏ္ဍနှင့် အင်တာနက်အသုံးပြုမှုကို ထိန်းချုပ်ထားသော လက်ရှိ ဥပဒေများသည် အင်တာနက်အကြောင်းအရာများနှင့် အင်တာနက် အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များရရှိနိုင်မှုအပေါ် ထိန်းချုပ်နိုင်သည့်အာဏာကို အစိုးရအား အခွင့်ပေးထားသည်။

၁၉၉၆ ခုနှစ် ကွန်ပျူတာ ပညာဖွံ့ဖြိုးရေးဥပဒေအရ ကွန်ပျူတာအားလုံးနှင့် ကွန်ပျူတာဆက်သွယ်မှုများအား မှတ်ပုံတင်ခြင်း ပြုလုပ်ရန်လိုအပ်သည်။ အဆိုပါ မှတ်ပုံတင်ခြင်းလုပ်ရန် ပျက်ကွက်ပါက ထောင်ဒဏ် (၁၅) နှစ်နှင့် အထက်အထိ ချမှတ် စီရင်နိုင်သည်။ တစ်ကိုယ်ရေသုံးပြုသည့် ကွန်ပျူတာများနှင့် အင်တာနက် တပ်ဆင်ထားသည့် ဖုန်းများသည် ထိုဥပဒေလက်အောက်တွင် ကန့်သတ်ထား သော်လည်းအဆိုပါ ကိရိယာများအားမှတ်ပုံတင်ခြင်းမရှိကြသည့်အပြင် တရားဥပဒေ အရကိုင်တွယ် ထိန်းချုပ်မှုလည်း နည်းပါးနေသေးသည်။ သို့သော် ၎င်းဥပဒေ ဆက်လက်တည်ရှိနေသည်နှင့်အမျှ တရားဥပဒေစိုးမိုးမှုသည်လည်း လက်သိပ်ထိုး တည်ရှိနေဦးမည် ဖြစ်သည်။ အကြောင်းအရာအားဖြင့်မူ တစ်ကိုယ်ရေသုံး ကွန်ပျူတာ သို့မဟုတ် အင်တာနက်ဖုန်း တပ်ဆင်ထားသော ဖုန်းကိုင်တွယ် အသုံးပြု သူများသည် မည်သည့်နည်းပညာကို သုံးစွဲသည်ဖြစ်စေ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေး ဥပဒေအရ ထောင်ဒဏ်ချမှတ် ခံရနိုင်သည်။ အဆိုပါ ဥပဒေ၏ ပုဒ်မ ၃၅ (က) နှင့် (ခ) တွင် ကွန်ပျူတာကွန်ယက်ပေါ်နှင့် ဆက်သွယ်ရေး နည်းပညာကို အသုံးပြု၍ သတင်း အချက်အလက်များကို ဖြန့်ဝေခြင်းနှင့် ပတ်သက်သည့် ပြစ်မှုဆိုင်ရာ စီရင်ချက်များနှင့် မရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများကို ယေဘုယျအားဖြင့် ဖော်ပြထားသည်။ ဥပဒေပါ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပါက ထောင်ဒဏ် (၅) နှစ်မှ (၁၇) နှစ်အထိ နှင့် ငွေဒဏ်ချမှတ် စီရင်နိုင်သည်။

---

[၃၂၅] လွတ်လပ်မှုစံအိမ် ( ၂၀၁၄ )၊ မြန်မာနိုင်ငံတွင်း ကွန်ရက်များ လွတ်လပ်မှု၊ စာရေးသူ၊ http://freedomhouse.org/sites/default/files/resources/Myanmar.pdf မှထုတ်နှုတ်တင်ပြသည်။

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေမည့်ပြုလုပ်ခြင်း။

(ခ) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေမှာလည်း အလားတူ တင်းကျပ်လှသည်။ အဆိုပါ ဥပဒေတွင် မရှင်းလင်းသော၊ အမျိုးသားရေး အသုံးအနှုန်းများနှင့် ပြင်းထန်သော ပြစ်မှုဆိုင်ရာစီရင်ချက်များ ပါဝင်ပါသည်။ ပုဒ်မ - ၃၃ အရ အောက်ပါအချက်များကို ဥပဒေနှင့် မလွတ်ကင်းဟု သတ်မှတ်ပြဋ္ဌာန်း ထားသည်။

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့်ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

(ခ) နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

အဆိုပါ ဥပဒေပါအကြောင်းအရာများကို ချိုးဖောက်ပါက ချိုးဖောက်သူသည် ထောင်ဒဏ် ( ၅) နှစ်မှ (၇) နှစ်အထိ ပြစ်ဒဏ် ချမှတ်စီရင် ခံရနိုင်သည်။ [၁၂၈] အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအား ယခင်ကာလများတွင်

[၁၂၈] အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ၂၀၀၄ တွင် ထောင်ဒဏ် (၇) နှစ်မှ (၁၄) နှစ်ထိ ကနဦး ပါဝင်သည်။ သို့သော် ၂၀၁၃ – ခုနှစ်တွင် ပြင်ဆင်ခဲ့မှုကြောင့် ထောင်ဒဏ် (၅) နှစ်မှ (၇) နှစ် အထိ လျော့ကျသွားသည်။

အသုံးများခဲ့ပြီး အထူးသဖြင့် ၂၀၀၇ ခုနှစ် ရွှေဝါရောင် တော်လှန်ရေးအတွင်း ဘလော့ဂါများကို ဖမ်းဆီးရာတွင် အသုံးပြုခဲ့သည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ အမိန့်အာဏာအောက်တွင် ရောက်သွားပြီးနောက် သတင်းဝက်ဘ်ဆိုဒ်များ၏ အကြောင်းအရာ အချို့မှာလည်း  ကန့်သတ်ချက်များ ကြုံတွေ့ ခဲ့ရသည်။ ထို ကန့်သတ်ချက်များမှာလည်း ပုံနှိပ်ဥပဒေ ၏ ပုဒ်မ – ၈ အရ ပုံနှိပ်ထုတ်ဝေခြင်းများကို ကန့်သတ်သည့်နည်းတူပင် ဖြစ်ခဲ့သည်။

သတင်းသမားများ၏ အီးမေးလ်အကောင့်များနှင့် မီဒီယာဝက်ဘ်ဆိုဒ်များကို ရယူ နှောင့်ယှက်ခြင်းမှာလည်း ပုဂ္ဂလိကအွန်လိုင်း သတင်းအချက်အလက်များ လုံခြုံရေးအတွက် မေးခွန်းသဖွယ် ဖြစ်လာခဲ့သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် သတင်းသမားအများစုသည် ၎င်းတို့၏ အီးမေးလ်အကောင့်များအား "နိုင်ငံတော်မှ ပြုလုပ်သော" (State Sponsored attacks) တိုက်ခိုက်မှုများမှ တဆင့် ရယူ နှောင့်ယှက်နေသည်ဟု ဂျီမေးလ်မှ သတိပေးချက်များ ရရှိခဲ့သည်။[၃၉] ထိုကဲ့သို့ အထောက်အထား မခိုင်လုံဖြစ်နေစဉ်တွင် တစ်ကိုယ်ရေသုံး အကောင့်များအား အစိုးရမှ ရရှိနိုင်မှုများသည် အင်တာနက်လုပ်ငန်းလိုင်စင် ရရှိသူများအပေါ် အစိုးရ၏ ပါဝင်ပတ်သက်မှု ကြီးထွားနေမှုများရှိသည်ဟူသည့် အထောက်အထားများ ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေး ဥပဒေ၏ ပုဒ်မ(၁၇) အရ လုပ်ငန်းလိုင်စင် ရရှိသူများသည် မိမိ၏ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းမှတဆင့် ထုတ်လွှင့်သော သို့မဟုတ် ဖမ်းယူသောသတင်း အချက်အလက်များ၊ အကြောင်းအရာများနှင့် သုံးစွဲသူပြည်သူတစ်ဦးချင်းစီ၏ လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုထားသည့် ကိစ္စမှအပ သက်ဆိုင်ခြင်း မရှိသူအား ထုတ်ဖော်အသိပေးခြင်း မပြုရပါ။ ထိုနည်းတူစွာပင် ဆက်သွယ်ရေး ဥပဒေတွင်အင်တာနက် လုပ်ငန်းလိုင်စင် ရရှိထားသူများမှတဆင့် အစိုးရအနေဖြင့် လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များအား ရယူနိုင်ခြင်း မရှိဟူသည့် အာမခံထားခြင်းမရှိပါ။ အဆိုပါ အကြောင်းအရာများအား ဥပဒေ၏ ပုဒ်မ (၄) - (င) တွင် ညွှန်းဆိုဖော်ပြထားပြီး ပုဒ်မ (၇၅) တွင် အတိအလင်း ဖော်ပြ ထားရှိပါသည်။

---

[၃၉] Fuller,T. (၁၀ ဖေဖော်ဝါရီ ၂၀၁၃)၊ "မြန်မာနိုင်ငံတွင်းရှိ သတင်းထောက်များ၏ အီးမေးလ်များ ရယူနှောင့်ယှက်ခြင်းခံရ"။ နယူးယောက်တိုင်း(မ်) http://www.nytimes.com/2013/02/11/world/asia/ journalists-e-mail-accounts-targeted-in-myanmar.html မှထုတ်နုတ်ထင်မြင်သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူ လုံခြုံရေးကိစ္စများအတွက် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသော ဆက်သွယ်ရေး ပစ္စည်းများကို ကြီးကြပ်နိုင်ရန်။ [၁၃၀]

နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောမည်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကို ဖဆိုရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာအဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြားဆောင်ရွက်နိုင်သည်။ [၁၃၁]

ဥပဒေ၏ ပုဒ်မ(၇၇) အရ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန်အခြေအနေပေါ်ပေါက်လာသည့်အခါ အစိုးရအဖွဲ့သည် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများအား ယာယီရပ်ဆိုင်းရေး သို့မဟုတ် ဆက်သွယ်ရေး ပစ္စည်းများကိုယာယီထိန်းချုပ် သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင်ရရှိသူများအား ညွှန်ကြားနိုင်သည့်အခွင့်အာဏာအား အစိုးရအဖွဲ့အစည်းသို့ပေးအပ်ထားသည်။ ၂၀၀၇ ခုနှစ်ရွှေဝါရောင် တော်လှန်ရေးအတွင်း တပ်မတော်အစိုးရက အင်တာနက်ရရှိမှုများကိုအစကနဦးတွင် လုံးဝဥဿုံ ဖြတ်တောက်ခဲ့ပြီး နောက်ပိုင်းတွင် ရက်သတ္တပတ်တော်တော်ကြာ တစိတ်တပိုင်း ဖြတ်တောက်ခဲ့သည်။ [၁၃၂] ကုလသမဂ္ဂ၊ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE)၊ အမေရိကန်ပြည်ထောင်စုများအဖွဲ့ (OAS) နှင့် လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင်တို့က ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အင်တာနက်နှင့်လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ပူးတွဲကြေညာစာတမ်းတွင် အဆိုပါလုပ်ရပ်များကို အပြည့်အဝ ပြစ်တင် ရှုတ်ချခဲ့သည်။

---

[၁၃၀] ပုဒ်မ ၄ (ဃ)၊ ဆက်သွယ်ရေးဥပဒေ ၂၀၁၃၊ အမှတ်စဉ် ၃၁/၂၀၁၃၊ ၈ အောက်တိုဘာလ ၂၀၁၃

[၁၃၁] ပုဒ်မ ၇၅ (ယင်း)

[၁၃၂] Crispin, S. (၁၂ ဇက်တင်ဘာလ ၂၀၀၇)။ "မြန်မာအင်တာနက်လုံခြုံမှု ဖနစ်ကျဆင်းသွားခြင်း"၊ အေးရှားတိုင်း(မ်) http://atimes.com/atimes/Southeast_Asia/II21Ae01.html မှ ထုတ်နုတ်တင်ပြသည်။

ၿငင်းကြေညာစာတမ်းတွင် ပြည်သူလူထု၏ အင်တာနက်ရယူသုံးစွဲမှုအား ဖြတ်တောက်ခြင်းကိုအများပြည်သူ ငြိမ်ဝပ်ပိပြားရေး သို့မဟုတ် နိုင်ငံတော်လုံခြုံရေးကိစ္စကြောင့်ဟု အကြောင်းပြချက်ပေး၍ မရနိုင်ပါဟု ဖော်ပြထားသည်။ [၃၇၇]

အချုပ်အားဖြင့် ဆိုရသော် ၂၀၁၂ ခုနှစ်မှ စတင်၍ အင်တာနက် အကြောင်းအရာများအပေါ် ကန့်သတ်ထားရှိမှုများမှာလည်းသိသာထင်ရှားစွာ လျော့နည်းလာခဲ့ပြီး အင်တာနက်သုံးစွဲသူများမှာလည်း အစိုးရအားဝေဖန်ထားသော အကြောင်းအရာများအား ကြည့်ရှုနိုင်သည့်အပြင် လူမှု ကွန်ယက်များပေါ်သို့လည်း တင်ပြနိုင်ကာ ပြစ်ဒဏ်များမှာလည်း နည်းပါးလာလျက်ရှိပါသည်။ သို့သော်လက်ရှိဖြစ်တည်နေသော အင်တာနက် လွတ်လပ်ခွင့်နှင့် သတင်း အချက်အလက်များ အနှောင့်အယှက်မရှိ လွတ်လပ်စွာ ရယူနိုင်ခြင်းပုံရိပ်မှာမူ လက်ရှိကျင့်သုံးနေသော တရားစီရင်ရေးဆိုင်ရာ ဘောင်ကန့်သတ်ချက်နှင့် လုံးလုံး လျားလျား ဆန့်ကျင်လျက် ရှိနေပေသည်။ နယ်ပယ်အတွင်းကျင့်သုံးမှုတ်လျော့ အနည်းငယ်သာရှိသော်လည်းပြင်းထန်သော ဥပဒေများမှာ တည်ရှိနေဆဲပင်ဖြစ်သည်။ ထို့ပြင် ဆက်သွယ်ရေး ဥပဒေသည် အင်တာနက် သုံးစွဲသူများ၏ တစ်ကိုယ်ရေသုံး အချက်အလက်များအား မကာကွယ်ပေးနိုင်သည့်နည်းတူ အရေးပေါ်စီမံခန့်ခွဲမှုဆောင်ရွက်ရမည့် အခြေအနေအတွင်း ဆက်သွယ်ရေး ကဏ္ဍများတွင် အစိုးရအဖွဲ့အစည်းများ ပါဝင်လွှမ်းမိုးမှုအား တားဆီးနိုင်ရန်မှာ မည်သို့မျှမစွမ်းဆောင်နိုင်ပေ။

[၃၇၇] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်ဆိုင်ရာပူးတွဲကြေညာစာတမ်း၊ ဇွန်လ ၂၀၁၁ တွင် ပြဋ္ဌာန်းသည်၊ ဥပဒေနှင့်ဒီမိုကရေစီအဖွဲ့၊ http://www.law-democracy.org/wp-content/uploads/201007/11.06.Joint- Declaration.Internet.pdf မှ ထုတ်နုတ်တင်ပြသည်။

## အခန်း (၁) အကြံပြုချက်များ

- မြန်မာနိုင်ငံသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တိုက်ရိုက်ဆက်စပ်သော နိုင်ငံတကာ ပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာပဋိညာဉ်အပါအဝင် ပုံစံမျိုးစုံဖြင့်လူမျိုးရေးခွဲခြားဆက်ဆံမှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် စသည့် နိုင်ငံတကာစာချုပ်များကို လက်မှတ်ရေးထိုးသင့်ပါသည်။
- လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့် (ပုဒ်မ ၃၅၄) နှင့် သတင်းအချက်အလက် ရယူသိရှိပိုင်ခွင့်ကို အာမခံပေးနိုင်မည့် ဥပဒေများပိုပြင်စွာ အကောင်အထည် ဖော်နိုင်စေရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သင့် ပါသည်။ ထိုအခွင့်အရေးများကို ပုံမှန်သုံးစွဲနေကျ ဥပဒေသုံးကာ မဟန့်တားသင့်ပေ။
- လိုအပ်လာပါက ထိုအခွင့်အရေးများကို ဟန့်တားမည့် မည်သည့်ဥပဒေကိုမဆို ရှင်းလင်းစွာဖော်ပြသင့်သည်။
- လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ကို ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်ရန် အလို့ငှာ နိုင်ငံအတွင်း အရေးပေါ်အခြေအနေကြေညာသည့်အခါတွင် ထည့်သွင်း စဉ်းစားရမည့် ခြွင်းချက် အခြေအနေ အများအပြားကို ထည့်သွင်း ရေးဆွဲ သင့်ပါ သည်။
- အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်သည့် တရားစီရင်ရေးသာလျှင် အများပြည်သူ အကျိုးအတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဟန့်တားထားသော ဥပဒေများကို သင့်တော်သလိုဆောင်ရွက်နိုင်ပေမည်။ အစိုးရသည်လွတ်လပ်စွာ တရား စီရင်နိုင်ရေးကို မြှင့်တင်သင့်ပြီး တရား စီရင်ရေး ကဏ္ဍအတွင်း လာဘ်ပေးလာဘ်ယူ ပြဿနာများကို ဖော်ထုတ်သင့်သည်။
- အစိုးရသည် ဥပဒေပြုပြင်ပြောင်းလဲရေး ကိစ္စများတွင် ပြည်သူ လူထုနှင့်အပြန် အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကျယ်ပြန့်သော အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် တိုက်ရိုက်ဆက်နွယ် သည့်ဥပဒေများ ပြုပြင်ပြောင်းလဲရေးတွင် ပြည်သူလူထု အနေဖြင့် ပိုမိုလိုလား တက်ကြွစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် မြှင့်တင်ပေးသင့်သည်။
- အစိုးရအနေဖြင့် နိုင်ငံတွင်းရှိမီဒီယာကဏ္ဍအတွင်း ပါဝင်ဆက်နွယ်နေသူများနှင့် တိုင်ပင်ဆွေးနွေးကာ သတင်းအချက်အလက် ရယူသိရှိပိုင်ခွင့် ဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန် ဆောင်ရွက်သင့်ပါသည်။

- မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် လူနေရာအရေးအတွက်ကန့်သတ်ထားသော အစိုးရ အခမ်းအနားပွဲများတွင် မည်သည့်မီဒီယာ အဖွဲ့အစည်းများကို တက်ရောက်ခွင့်ပြုသည်၊ မပြုသည်ကိုစည်းစားဆုံးဖြတ်ရာတွင်ပွင့်လင်းမြင်သာပြီး မျှတသော လုပ်ငန်းစဉ်များဖြင့် ရွေးချယ်လုပ်ဆောင်သင့်သည်။
- သတင်းသမားများ၏ လျှို့ဝှက်သတင်းရင်းမြစ်များကို ကာကွယ်စောင့်ရှောက်ရန် ဥပဒေကိုလည်း ပြဋ္ဌာန်းသင့် သည်။
- အရပ်ဖက်အဖွဲ့အစည်းများနှင့် လွှတ်တော်မှ ရုပ်သံလွှင့် မီဒီယာကောင်စီအဖွဲ့ဝင်များအမည်စာရင်း တင်သွင်းနိုင်ရန် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်သင့်သည်။ လွှတ်တော်နှစ်ရပ်လုံးသည် လိုအပ်သည့် အဖွဲ့ဝင် အရေအတွက်ကို ရွေးချယ်တင်ပြရန် တာဝန်ရှိသည်။
- ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီး ဥပဒေကို သိသာထင်ရှားသောပြောင်းလဲမှုများ ပြုလုပ်သင့်သည်။ ပြည်သူ့နှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်၏ ပုဒ်မ (၁၉) အပိုဒ်ခွဲ (၃) တွင် ထည့်သွင်းဖော်ပြထားသကဲ့သို့ တရားစီရင်ရေးဆိုင်ရာအကျိုးစီးပွားနှင့် ၎င်းကိုကာကွယ်ရန် လိုအပ်လာပါက လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်တွင် အရိုးသောအကြောင်းအရာများကို ဥပဒေဖြင့် ကန့်သတ်သင့်ပါသည်။
- အမုန်းတရားများကို လှုံ့ဆော်ပေးနေသည့် ဘာသာရေးအုပ်စုများကို အလွန်အကျူး အကာအကွယ်ပေးနေသော ရာဇသတ်ကြီးဥပဒေ ပြဋ္ဌာန်းချက်ထဲရှိ ဘာသာသာသနာ၊ ဘာသာသာသနာရေး ယုံကြည်မှုကို စော်ကားသည့် ဥပဒေအားလည်း ပယ်ဖျက်သင့်သည်။
- အသရေဖျက်မှုအား ရာဇသတ်ကြီး ဥပဒေထဲမှ ပယ်ဖျက်သင့်ပြီး တရားမမှု ဥပဒေအောက်တွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြင်ဆင်သတ်မှတ်သင့်သည်။
- အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြခြင်းနှင့်ခွင့်ပြုချက်မရှိသော ဧရိယာများထဲတွင် ဆန္ဒပြခြင်းများအတွက် ပြစ်မှုစီရင်ချက်များအားပယ်ဖျက်ရန်အလို့ငှာ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဥပဒေအောက်ရှိ ပုဒ်မ(၁၈) နှင့် (၁၉) တို့ကိုပြင်ဆင်သင့်ပါသည်။
- ၁၉၀၈ ခုနှစ် မတရားသင်းအက်ဥပဒေအား ရုပ်သိမ်း သင့်သည်။ သို့မှသာ အဖွဲ့အစည်း တစ်ခုအား မတရားသင်းအဖြစ် ခြွင်းချက်မရှိ ကြေညာပိုင်ခွင့် သမ္မတထံတွင် ရှိနိုင်တော့မည် မဟုတ်ပေ။

- အစိုးရ၏ အဆောက်အအုံ၊ ပိုင်နက်နေရာများနှင့် လျှို့ဝှက်အပ်သော သတင်း အချက်အလက်များအား ရယူသိရှိပိုင်ခွင့်ကို တားမြစ်ထားသော ၁၉၂၃ ခုနှစ် နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေအား နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီမှု ရှိအောင် ပြင်ဆင်သင့်သည်။
- မည်သည့် ပုံနှိပ်မီဒီယာသည် ပုံနှိပ်ထုတ်ဝေခွင့် ရသည်၊ မရသည်ကို ကန့်သတ် ထားသော ပုဒ်မ (၈) ကို ပယ်ဖျက်ရန် အလို့ငှာ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအား ပြင်ဆင်သင့်သည်။
- အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေတွင် ဖော်ပြထားရှိသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဟန့်တားနိုင်သည့် ကန့်သတ်ချက်များကို လျှော့ချသင့်သည့်အပြင် ထိုကန့်သတ်ချက်များအား ချိုးဖောက်ပါက ရရှိမည့် ပြစ်ဒဏ်စီရင်ချက်များကိုလည်း ပယ်ဖျက်သင့်သည်။
- ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်မှသာလျှင် အင်တာနက်တပ်ဆင် အသုံးပြုထားသောပစ္စည်း ကိရိယာများအား မှတ်ပုံတင်သွင်းခြင်း လုပ်ငန်းများကို တရားဝင် လုပ်ဆောင်ရန် မလိုအပ်တော့ပေ။ ထိုနည်းတူစွာပင် အဆိုပါ ဥပဒေ တွင် ပါဝင်သော လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ကို ဟန့်တားနိုင်သည့် ကန့်သတ်ချက်များကို လျှော့ချသင့်သည့်အပြင် ထို ကန့်သတ်ချက်များအား ချိုးဖောက်ပါက ရရှိမည့် ပြစ်ဒဏ်ကိုလည်း ပယ်ဖျက်သင့်သည်။
- သတင်းအချက်အလက် နည်းပညာဥပဒေ ပုဒ်မ(၆၆) - (ဃ) တွင် ပြဋ္ဌာန်း ထားသော အသရေဖျက်မှုနှင့် စပ်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများကို ဖယ်ရှားနိုင်ရန်သာမက သတင်းအချက်အလက် ဆက်သွယ်ရေးဝန်ဆောင်မှု များကို အကြောင်းအရာ အမျိုးမျိုးကြောင့် ဖြတ်တောက်နိုင်သည် ဟူသည့် ပြဋ္ဌာန်းချက်များ ရှိနေခြင်းမှာ တားဆီးနိုင်ရန်အတွက် အဆိုပါ ဥပဒေအား ပြင်ဆင်သင့်သည်။
- မြန်မာ့ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နယ်ပယ်နှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ ဇာတ်ညွှန်းမူပြန်ရေးအား အဆင့်မြှင့်တင်ပေးသင့်သည်။

# အခန်း (၂)

## မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားသည့် အမျိုးအစားစုံလင်သော မီဒီယာများတွင်ပိုင်ဆိုင်မှုရှိသည့် စီးပွားရေးအနေအထားတစ်ခုနှင့် ပွင့်လင်းမြင်သာသောပိုင်ဆိုင်မှု

# အခန်း (၂)

## မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားသည့်အမျိုးအစားစုံလင်သော မီဒီယာများတွင် ပြိုင်ဆိုင်မှုရှိသည့် စီးပွားရေး အနေအထားတစ်ခု နှင့် ပွင့်လင်းမြင်သာသောပိုင်ဆိုင်မှု

### (က) မီဒီယာပါဝင်ပတ်သက်မှု

### ၂.၁. နိုင်ငံတော်အနေဖြင့် မီဒီယာဗဟုဝါဒ တိုးမြင့်လာစေရန်အလို့ငှာ အပြုသဘောဆောင်သော ဆောင်ရွက်ချက်များ လုပ်ဆောင်ရမည်။

#### ရုပ်သံလွှင့်မီဒီယာ

ရုပ်သံလွှင့် မီဒီယာကဏ္ဍတွင် ရုပ်သံလွှင့်သည့် လှိုင်းနှုန်းစဉ်များသည် အရေအတွက်အနည်းငယ်သာရှိသည်။ ဆိုလိုသည်မှာပထဝီဝင်အနေအထားအရ နယ်မြေတစ်ခုတွင် ရုပ်သံလွှင့်မီဒီယာလုပ်ငန်း အနည်းငယ်သာလုပ်ကိုင် ဆောင်ရွက်နိုင်သည်။ အဆိုပါအချက်မှာ အန်နာလော့ (Analog) စနစ်ဖြင့်ထုတ်လွှင့်သည့် ရုပ်သံလွှင့်မီဒီယာများအတွက် အခက်အခဲတစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ရပ်ရွာအခြေပြုစသည့် မတူကွဲပြားပြီး အမျိုးအစား စုံလင်သော မီဒီယာကဏ္ဍကို တိုးမြင့်စေရန်အလို့ငှာ ရုပ်သံလွှင့် လုပ်ငန်းများအတွက် လှိုင်းနှုန်းစဉ်များခွဲဝေသတ်မှတ်ပေးရန် အမှီအခိုကင်းသည့် အုပ်ချုပ်မှုအဖွဲ့အစည်းတစ်ခု လိုအပ်လျက်ရှိသည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ပြဋ္ဌာန်း လိုက်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေမပေါ်ပေါက်ခဲ့သေးသည့် အချိန်ကာလ နှောင်းပိုင်းများကမှ ရုပ်သံလွှင့်နယ်ပယ်ကဏ္ဍကို ၁၉၈၉ – ခုနှစ် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများဥပဒေအရ ထိန်းညှိခဲ့သည်။[၁၃၄] ထိုအကျိုးဆက်အားဖြင့် လက်ရှိတွင်

[၁၃၄] နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ၊ အမှတ်စဉ်၉ / ၁၉၈၉၊ ၃၁ မတ်လ ၁၉၈၉

ပြည်တွင်းရုပ်သံလွှင့်မီဒီယာများမှာ နိုင်ငံပိုင်လုပ်ငန်းများ သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများ ပူးပေါင်းလုပ်ကိုင်သော ဖက်စပ်လုပ်ငန်းများသာ ဖြစ်နေ ပေသည်။[၁၃၅] ဖက်စပ်လုပ်ကိုင်သူ ရုပ်သံလွှင့်မီဒီယာတစ်ခုချင်းစီသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သီးသန့်စာချုပ် ချုပ်ဆိုရသည်။[၁၃၆] ထိုသို့ ဖက်စပ်ရုပ်သံလွှင့်လုပ်ငန်းများနှင့် စာချုပ်ချုပ်ဆိုမှုမှာ နည်းလမ်းအားဖြင့်သာမက စီးပွားရေးပုံစံအနေအထားဖြင့်လည်း ပွင့်လင်းမြင်သာမှု မရှိသည့်အပြင် အစိုးရ သို့မဟုတ် တပ်မတော်နှင့် နီးစပ်သည့်ကုမ္ပဏီများသာ ဖက်စပ်လုပ်ကိုင်ခွင့် ရရှိခဲ့ကြသည်။[၁၃၇] အဆိုပါ စီးပွားရေးလုပ်ငန်းများ၏ ပိုင်ရှင်အချို့မှာမူ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပိတ်ဆို့မှုကို ရင်ဆိုင်နေရသည့် ပုဂ္ဂိုလ်များဖြစ်သည်။[၁၃၈] ထိုသို့ ပူးတွဲလုပ်ကိုင်သည့် အခြေအနေသတ်မှတ်ချက်အရ ရုပ်သံလွှင့်ကုမ္ပဏီများသည် ၎င်းတို့၏ပိုင်ဆိုင်မှုပုံစံ သို့မဟုတ် အကျိုးအမြတ်များကို အများပြည်သူလူထုအား ပွင့်လင်းမြင်သာမှုရှိရှိ ထုတ်ဖော်ရန် မလိုအပ်ပေ။

ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတွင် ပိုင်ဆိုင်မှု အနေအထားတွင်လည်း များစွာပါဝင်ပတ်သက်လာကြသည်။ လက်ရှိ အချိန်တွင်မူ ဖက်စပ်လုပ်ကိုင်သော ရုပ်မြင်သံကြား ထုတ်လွှင့်သည့် ကုမ္ပဏီ (၂) ခုရှိပါသည်။ ၎င်းတို့မှာ MRTV-4 နှင့် Skynet တို့ ဖြစ်သည်။ အဆိုပါ ရုပ်သံလွှင့်လုပ်ငန်းများ၏ ပုဂ္ဂလိက ဖက်စပ်လုပ်ကိုင်သူများမှာ Forever ဂရု(ပ်) နှင့် ရွှေသံလွင် အုပ်စုတို့ ဖြစ်ကြပါသည်။ ဖမ်မလီ

[၁၃၅] ဗွီအိုအေ၊ ဘီဘီစီ ဘာသာများနှင့် အာရ်အက်ဖ်အေစသည့် နိုင်ငံခြားရေဒီယိုအသံလွှင့်လုပ်ငန်းများဖြစ်သည်။ အဆိုပါ လုပ်ငန်းများသည် မြန်မာနိုင်ငံတစ်ဝှမ်း ရေဒီယိုလှိုင်းတိုဖြင့် ထုတ်လွှင့်သည်။ မြန်မာနိုင်ငံပြင်ပတွင် လုပ်ကိုင်ဆောင်ရွက်နေသောကြောင့် မြန်မာနိုင်ငံ၏ မီဒီယာစည်းမျဉ်း စည်းကမ်းများကို အလေးထား ဆောင်ရွက်ရန်မလိုပါ။

[၁၃၆] ညွန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား။ မြန်မာနိုင်ငံမီဒီယာ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း ကနဦးအလုပ်ရုံဆွေးနွေးပွဲ။ ၁၉ ဇန်နဝါရီ ၂၀၁၆

[၁၃၇] မြန်မာနိုင်ငံအတွင်း ဖက်စပ်လုပ်ကိုင်လျက်ရှိသော ရုပ်သံလွှင့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်းကို အခြေခံထားသည်။

[၁၃၈] ဥပမာအားဖြင့် ထူးကုမ္ပဏီသည် ပုဂံFM ၏ မိခင်ကုမ္ပဏီ ဖြစ်သည်။ ထူးကုမ္ပဏီလီမိတက်ကို ဦးတေဇပိုင်ဆိုင်ပြီး ၎င်းမှာ အမေရိကန်ပြည်ထောင်စု၏ အမည်မည်းစာရင်း ထည့်သွင်းခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုစာရင်းသွင်းခံရပါက အမေရိကကုမ္ပဏီများနှင့် စီးပွားရေးလုပ်ကိုင်ခွင့် တားမြစ်ထားသည်။ အမည်မည်းစာရင်း၏ စာမျက်နှာ - ၈၄၄ တွင်ကြည့်ပါ။ ၂၄ ဖွန်လ ၂၀၁၅ တွင် ဖော်ပြထားသည်။ ၂၆ ဖွန်လ ၂၀၁၅ တွင် ရှာဖွေရယူထားသည်။ http://treasury.gov/ofac/downloads/t11sdn.pdf မှ ထုတ်နှုတ်တင်ပြသည်။

အင်တာတိန်းမန့် (Family entertainment) မှာ အခြားရုပ်သံလွှင့် လုပ်ငန်းတစ်ခု ဖြစ်ပြီး လက်ရှိကာလတွင်မူ အစိုးရနှင့် Forever ဂရု(ပ်)တို့၏ စာချုပ်လက်အောက်တွင် တည်ရှိနေဆဲဖြစ်သည်။ နိုင်ငံပိုင်ရုပ်မြင်သံကြား အသံလွှင့်လုပ်ငန်းနှစ်ခုရှိပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ပြန်ကြားရေး ဝန်ကြီးဌာနမှ ထုတ်လွှင့်ဆောင်ရွက်ပြီး မြဝတီရုပ်မြင်သံကြားကိုမူ ကာကွယ်ရေးဝန်ကြီးဌာနကတာဝန်ယူ ထုတ်လွှင့်ပါသည်။ ရေဒီယိုအသံလွှင့် လုပ်ငန်းများပိုင်ဆိုင်မှု အခြေအနေမှာလည်း သိသာထင်ရှားစွာ တိုးတက်လာပါသည်။ ဖက်စပ်လုပ်ကိုင်သော FM အသံလွှင့်ဌာန (၆) ခုနှင့် နိုင်ငံပိုင် ရေဒီယို အသံလွှင့်လုပ်ငန်း (၂)ခုရှိပါသည်။ ရုပ်မြင်သံကြား အသံလွှင့်လုပ်ငန်းနှင့် တူညီသည်မှာ မြန်မာ့အသံရေဒီယိုကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူ ထုတ်လွှင့်ပြီး သဖင်အက်(ဖ်)အမ်ကိုမူ ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်လွှင့် ဆောင်ရွက်ခြင်းဖြစ်သည်။[၃၄၉]

ရုပ်သံလွှင့်နယ်ပယ်တွင် ရုပ်မြင်သံကြားနှင့် ရေဒီယိုလုပ်ငန်းများအား ပူးတွဲ ပိုင်ဆိုင်မှုများ များစွာပြုလုပ်လာကြသည်။ Forever Group မှာ MRTV-4, Channel 7, Family Entertainment ၊ မန္တလေး FM နှင့် ပဥ္စဝတီ FM တို့ အတွက် အစိုးရနှင့် ဖက်စပ်လုပ်ကိုင်သည့် အဖွဲ့အစည်းလုပ်ငန်းဖြစ်သည်။[၃၅၀] ထို့အတူ ရွှေသံလွင်ဂရု(ပ်) မှာလည်း စကိုင်းနက်တီဗီနှင့် ရွှေ FM တို့ အတွက် အစိုးရနှင့် ဖက်စပ်လုပ်ကိုင်သော အဖွဲ့အစည်း လုပ်ငန်းဖြစ်သည်။ ရွှေသံလွင် မီဒီယာဂရု(ပ်)၏ ပိုင်ရှင်မှာ ဦးကျော်ဝင်း ဖြစ်ပြီး[၃၅၁] ၎င်းသည်ပင် ဒီမိုကရေစီ တူဒေးနေ့စဉ် သတင်းစာ ထုတ်ဝေသော မြန်မာ သတင်း ကွန်ယက်၏ (၈၀) ရာခိုင်နှုန်းကို ပိုင်ဆိုင်သူဖြစ်သည်။[၃၅၂]

---

[၃၄၉] သဖင် FM အပြင် စီးတီး FM သည်လည်း ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ FM တစ်ခု မဟုတ်ပေ။ ၎င်းသည် ရွှေနေပြည်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးလုပ်ငန်းစဉ် အဆင့်ဆင့်အရ လိုင်စင်မှတ်ပုံတင်ရသည်။ စီးတီး FM ၏ အမှုဆောင်အရာရှိနှင့်တွေ့ဆုံမေးမြန်းခြင်း။ ၅ ဇက်တင်ဘာ ၂၀၁၄

[၃၅၀] မန္တလေး FM မှမန်နေဂျာနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၆ ဖေဖော်ဝါရီလ ၂၀၁၅

[၃၅၁] The Irrawaddy, JULY, 2000 - VOLUME 8 NO.7, Burmese Tycoons Part II, http://www2.irrawaddy.com/article.php?art_id=1924

[၃၅၂] ရန်ကုန်မီဒီယာဂရု(ပ်)စီအီးအိုနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၂၅ ဩဂုတ်လ ၂၀၁၄

လတ်တလော ပြဋ္ဌာန်းလိုက်သော ၂၀၁၅ - ခုနှစ် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၏ အကျိုးဆက်များကို မတွေ့မြင်ရသေးသော်လည်း ဥပဒေ၌ ရေရှည်တွင် ရုပ်သံလွှင့်နယ်ပယ်အတွင်း ဗဟုဝါဒ တိုးမြင့်လာစေရန်အတွက် ဆောင်ရွက်နိုင်မည့် ကတိကဝတ်ပြုချက်များပါဝင်ပါသည်။ အဆိုပါဥပဒေ၏ ပုဒ်မ ၄( ဃ)တွင် "တရားမျှတစွာယှဉ်ပြိုင်မှုနှင့် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒကို မြှင့်တင်ရန်" ဟူသည့် ဖော်ပြချက်ပါဝင်သည်။ ပုဒ်မ (၅၀) အရ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အနေဖြင့်ဖြစ်စေ၊ စီးပွားရေး အဖွဲ့အစည်းတစ်ခု အနေဖြင့်ဖြစ်စေ ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း လုပ်ငန်းနှင့် ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်း တစ်ခုစီထက်ပို၍ ပိုင်ဆိုင်ခွင့်မပြုပါ။ ထို့ပြင် ပုဒ်မ ၅၁ အရလည်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုရုန် တစ်ခုတွင် ပုဂ္ဂလိက သတင်းစာလုပ်ငန်းကို ဖြစ်စေ၊ ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ဖြစ်စေ ပူးတွဲပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ တားမြစ်ထားပါသည်။ ရုပ်သံလွှင့်ဥပဒေတွင် မီဒီယာတိုက် အမျိုးအစားအစုံပေါ်တွင် မူတည်ပြီး ခွဲခြား သတ်မှတ် ထားပါသည်။ ဥပဒေ၏ ပုဒ်မ ၄ (ခ) တွင် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း၊ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ဌာနပိုင်ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ညီညွတ်မျှတစွာ ဖွံ့ဖြိုး တိုးတက်ရေး သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဥပဒေ၏ ပုဒ်မ ၅၇ အရ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာကောင်စီသည် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် အားပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် ရိုးရှင်းလွယ်ကူသည့် လိုင်စင် ဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားသည်။ သို့သော် နိုင်ငံပိုင် ရုပ်သံမီဒီယာလုပ်ငန်းများကို အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းအသွင်ကူးပြောင်းနိုင်ရေး အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်လိုအပ်ပါသည်။ အသစ်ပြဋ္ဌာန်းလိုက်သောရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာဥပဒေတွင် "ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများ" ဟူသည့် ရည်ညွှန်းချက်များ ပါရှိနေဆဲပင်ဖြစ်သည်။

## ပုံနှိပ်မီဒီယာ

၂၀၁၄ ခုနှစ် မတ်လတွင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့ပြီးနောက် ပုံနှိပ်မီဒီယာတွင် ဆင်ဆာစနစ်နှင့် လိုင်စင်မှတ်ပုံတင်ခြင်း မှာလည်း ပပျောက်ခဲ့သည်။ ဆင်ဆာစနစ် ဖျက်သိမ်းနိုင်ခဲ့ခြင်းကြောင့် နေ့စဉ်ထုတ် သတင်းစာများ အများအပြား ထုတ်ဝေနိုင်လာခဲ့သည်။ [၁၄၃] အဆိုပါ ဥပဒေပြဋ္ဌာန်း ပြီးနောက်မကြာမီတွင် မြန်မာဘာသာဖြင့် ပုဂ္ဂလိက နေ့စဉ်သတင်းစာ (၂၀) မျိုး နှင့် မြန်မာဘာသာဖြင့် ထုတ်ဝေသော နိုင်ငံပိုင်သတင်းစာ (၄) မျိုးတို့သည် အသစ် ပြဋ္ဌာန်းလိုက်သော ပုံနှိပ်ခြင်းနှင့် စာအုပ်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ မှတ်ပုံ တင်ခဲ့ကြသည်။ ပုံနှိပ်ထုတ်ဝေခြင်း ဥပဒေသည် မီဒီယာဗဟုဝါဒ ဖြစ်ပေါ်စေရေးတွင် ဥပဒေဆိုင်ရာ အခက်အခဲ၊ အတားအဆီးများကို ပယ်ဖျက်နိုင်ခဲ့သော်ငြားလည်း အစိုးရပိုင် မီဒီယာတည်ရှိမှုသည် မမျှတသော စီးပွားရေးဈေးကွက်ကို ဖြစ်ပေါ်စေပြီး အစိုးရ၏ မီဒီယာပိုင်ဆိုင်မှုကို သွယ်ဝိုက်မြှင့်တင်ပေးနေသည့်သဖွယ် ဖြစ်နေပါသည်။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများသည် နိုင်ငံပိုင် အကြီးမားဆုံး ပုံနှိပ်မီဒီယာ လုပ်ငန်းကြီး နှစ်ခု ဖြစ်သည်။ [၁၄၄] လက်ရှိ အနေအထားအရ အဆိုပါ သတင်းစာ (၂) စောင်မှာ စောင်ရေပေါင်း (၁၃၈,၇၅၆) နှင့် (၁၈၀,၀၀၀) စောင်စီ အသီးသီး ရှိနေကြပြီး ပုံနှိပ်မီဒီယာ နယ်ပယ်တွင် ဈေးကွက်ကို ဦးဆောင်နေကြပါသည်။ [၁၄၅] ပုံနှိပ်မီဒီယာတွင် အခြားဦးဆောင်သူများမှာ ရန်ကုန်အခြေစိုက် ဂျာနယ်များဖြစ်ကြပြီး အများစုမှာ ပုံနှိပ်ထုတ်ဝေခြင်း ဥပဒေမပေါ်ပေါက်မီကပင် တည်ရှိနေသော မီဒီယာ လုပ်ငန်းများ ဖြစ်သည်။ မီဒီယာနယ်ပယ်အတွင်း ထိုကဲ့သို့ မမျှတသော ယှဉ်ပြိုင်မှု

---

[၁၄၃] ယခင်ဆင်ဆာစနစ်အရ ဆင်ဆာအဖွဲ့များသည် နေ့စဉ်သတင်းစာ ထုတ်ဝေနိုင်ရန်အတွက် အကြောင်းအရာများကို အချိန်မီမတည်းဖြတ်နိုင်ပါ။

[၁၄၄] စောင်ရေနည်းပါးသည့် နိုင်ငံပိုင် နေ့စဉ်ထုတ်သတင်းစာ (၂) စောင်ရှိသည်။ ၎င်းတို့မှာ ကာကွယ်ရေး ဝန်ကြီးဌာနမှထုတ်ဝေသော မြဝတီနေ့စဉ်သတင်းစာနှင့် ရတနာပုံနေ့စဉ်သတင်းစာတို့ဖြစ်သည်။

[၁၄၅] ကြေးမုံသတင်းစာ၏အယ်ဒီတာနှင့် သတင်းထောက်ချုပ်တို့နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဇူလိုင်လ ၂၀၁၅

များကြောင့် ကနဦးမှတ်ပုံတင်ခဲ့သော နေ့စဉ်ထုတ်သတင်းစာ(၂၀) မျိုးတွင် (၇)မျိုးသည်သာ ယနေ့တိုင်ထုတ်ဝေနေဆဲဖြစ်သည်။[၁၄၆] နောက်ပိုင်းကာလတွင် မှတ်ပုံတင်ပြီး ထုတ်ဝေခဲ့သော နေ့စဉ်ထုတ် သတင်းစာ (၃) မျိုး အပါအဝင် မြန်မာဘာသာဖြင့် ထုတ်ဝေသော နေ့စဉ်ထုတ် သတင်းစာ (၁၀) မျိုးအထိ ရှိနေပြီဖြစ်သည်။[၁၄၇]

## မီဒီယာနှင့်မသက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ

လုပ်ငန်းနယ်ပယ်အသီးသီးတွင် ယှဉ်ပြိုင်မှုနှင့်မတူ ကွဲပြားသည့်အမျိုးစုံသော ပိုင်ဆိုင်မှု အနေအထားများရှိစေရန်အလို့ငှာ နိုင်ငံအများအပြားသည် လုပ်ငန်းနယ်ပယ် အတွင်းသီးသန့်ထုတ်ပြန်ထားသော ဥပဒေများအပြင် ကျယ်ပြန့်သော ယှဉ်ပြိုင်မှုပုံစံနှင့် လက်ဝါးကြီးအုပ်မှုကို ဆန့်ကျင်သည့်ဥပဒေများအပေါ် မှီခိုရသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာလွှတ်တော်တွင် ယှဉ်ပြိုင်မှု ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေသည် ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစားလုပ်ခြင်းတို့အတွက် ပထမဆုံးသော ဥပဒေ ပြဋ္ဌာန်းမှုပင် ဖြစ်သည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ပါက ပြစ်မှုအပေါ် မူတည်၍ ထောင်ဒဏ် (၃) နှစ်နှင့် ငွေဒဏ်များ စီရင်ချမှတ် နိုင်သည်။

ယှဉ်ပြိုင်မှု ဥပဒေကြမ်းသည် အပြုသဘောဆောင်သော တိုးတက်မှု တစ်ခုဖြစ်သော်လည်း အဆိုပါ ဥပဒေသည် "ဈေးကွက်လက်ဝါးကြီးအုပ်မှု" နှင့် "ဈေးကွက်အပေါ်ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစားလုပ်မှု" စသည့် အကြောင်းအရာများအတွက် အနက် ဖွင့်ဆိုထားခြင်း မရှိပေ။[၁၄၈] ဥပဒေသည် နိုင်ငံတွင်း နေထိုင်သူ သာမန်လူတန်းစားပြည်သူများ၏ နေ့တိုင်းစရိတ်ကိုလျှော့ချရန် ရည်ရွယ်ဆောင်ရွက်ရေး

---

[၁၄၆] ကျန်ရှိနေသေးသော ပုဂ္ဂလိကပိုင် နေ့စဉ်သတင်းစာ (၇) စောင်မှာ ပြည်ထောင်စု နေ့စဉ်၊ ပြည်မြန်မာ၊ 7Days, Daily Eleven, The Voice, Messenger နှင့် စံတော်ချိန် သတင်းစာတို့ ဖြစ်သည်။ နိုင်ငံပိုင်နေ့စဉ်သတင်းစာ (၄) စောင်မှာ ထုတ်ဝေလျက်ရှိသည်။

[၁၄၇] နောက်ကျမှတ်ပုံတင်ပြီး ယနေ့တိုင် ထုတ်ဝေနေသော ပုဂ္ဂလိက နေ့စဉ်သတင်းစာများမှာ ဒီမိုကရေစီတူဒေး၊ မန္တလေးအလင်းနှင့် မန္တလေးနေ့စဉ် သတင်းစာများဖြစ်သည်။

[၁၄၈] ဈေးကွက်လက်ဝါးကြီးအုပ်မှုကို သတ်မှတ်ဖော်ပြထားခြင်း မရှိသော်လည်း ဥပဒေ၏ ပုဒ်မ ၁၁ နှင့် (၁၂) တွင်မူ ဈေးကွက်ဝေစု၏ (၃၀) ရာခိုင်နှုန်းကျော်ကို ဈေးကွက်အပေါ် ထိန်းချုပ်မှု အဖြစ် သတ်မှတ်ထားသည်။

အတွက် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ထားရှိဖော်ပြထားသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း မိမိကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့် ပေးထားသည်။ ထို့အပြင် ဥပဒေအတွင်းဈေးကွက်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ညွှန်းဆိုချက် သို့မဟုတ် ထုတ်ကုန်ဈေးကွက်နှင့် ပထဝီဝင် အနေအထားအရ တည်ရှိသောဈေးကွက်အကြား ကွဲပြားခြားနားမှုကို ပြည့်စုံစွာဖော်ပြထားခြင်း မရှိပါ။ အဓိက သတိပြုရမည့်အချက်မှာ ယှဉ်ပြိုင်မှုဥပဒေသည် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးကိုလက်ဝါးကြီးအုပ်သွားမည့် အခြေအနေဆောင်ရွက်ချက်များအား တားဆီးရန်သာ ဖြစ်သည်။ အဆိုပါဥပဒေတွင် လက်ရှိဖြစ်ပေါ်နေသော လက်ဝါးကြီးအုပ်မှုများနှင့် အထူးသဖြင့် လုပ်ပိုင်ခွင့်အာဏာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နိုင်ငံပိုင်လုပ်ငန်းများ တည်ရှိနေမှုအား ပျောက်ပျက်သွားစေမည့် ဖော်ပြချက်များ မပါဝင်ပါ။

### ၂.၂။ နိုင်ငံတော်အနေဖြင့် မီဒီယာဗဟုဝါဒ တိုးမြင့်ရန်အတွက် စီမံချက်များ အလျဉ်းသင့်သလို ဆောင်ရွက်ပေးခြင်း၊

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအားစည်းစနစ်တကျ ပြဋ္ဌာန်းပြီးပါက အဆိုပါဥပဒေသည် ရေရှည်တွင် ရုပ်သံလွှင့်နယ်ပယ်အတွင်း ဗဟုဝါဒ တိုးမြင့်လာစေရန် ဆောင်ကြဉ်းပေးနိုင်ပါမည်။ အဓိကအားဖြင့် လိုင်စင်မှတ်ပုံတင်ခြင်းစနစ် အဆင့်ဆင့်ကိုလည်း ဥပဒေအောက်တွင် အကျိုးရှိစွာ အသုံးပြုလာနိုင်မည် ဖြစ်သည်။ လက်ရှိ လုပ်ကိုင်နေသော ရုပ်သံလွှင့် လုပ်ငန်းရှင်များသည်လည်း လုပ်ငန်းပုံစံအသစ်အရ ရုပ်သံလွှင့်ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း လုပ်ငန်းလိုင်စင် လျှောက်ထားရမည် ဖြစ်သည်။[၁၃၉] ထို့ပြင် ဥပဒေပါ ပုဒ်မ (၁၀၁) တွင် လက်ရှိတည်ရှိနေသော သဘောတူညီချက်များအား ပြင်ဆင်ချက်ပြုလုပ်ပြီး ဥပဒေသစ် ပြင်ဆင် ဆောင်ရွက်နိုင်ရန် သတ်မှတ် ပြဋ္ဌာန်းထားသည်။

---

[၁၃၉] ပုဒ်မ - ၁၀၀၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ အမှတ်စဉ် ၅၃ / ၂၀၁၅၊ ၂၈ ဩဂုတ်လ ၂၀၁၅

ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသည့် သဘောတူညီချက်များကို အများပြည်သူ အကျိုးစီးပွားနှင့် ၎င်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ၎င်းကိုက်ညီစေရန် လိုအပ်သည့်ပြင်ဆင်မှုများ ပြန်လည်ပြင်ဆင် ဆောင်ရွက်ရမည်။ [၁၅၀]

ရုပ်သံလွှင့် ဥပဒေသည် လတ်တလောအတွင်း ပြဋ္ဌာန်းလိုက်သည့် ဥပဒေဖြစ်သည့်အားလျော်စွာ ရုပ်သံလွှင့်နယ်ပယ်အတွင်း ၎င်း၏အကျိုးသက်ရောက်မှုကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သည်။ လက်ရှိအခြေအနေတွင်မူ ရုပ်သံလွှင့်နယ်ပယ်အတွင်း ဗဟုဝါဒမှာ နည်းပါးနေဆဲပင် ဖြစ်သည်။ ထိုနည်းတူစွာ ယှဉ်ပြိုင်မှုဥပဒေ၏ရေရှည်အကျိုး သက်ရောက်မှုမည်မျှရှိသည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။ လက်တွေ့နယ်ပယ်တွင် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းအများစုကို များစွာ အာရုံစိုက်လာကြပြီးဥပဒေကိုမူ ယခုအချိန်ထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်း မရှိကြပေ။ အကျိုးအမြတ်များစွာရရှိသော စီးပွားရေးနယ်ပယ်များကို နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ သို့မဟုတ် အစိုးရ၊ တပ်မတော်တို့နှင့် အဆက်အသွယ်ရှိသောမိသားစုပိုင် စီးပွားရေးကော်ပိုရေးရှင်းကြီးများနှင့် အစိုးရကြားဖက်စပ်လုပ်ကိုင်သော စီးပွားရေး လုပ်ငန်းများသာ ကြီးစိုးလျက် ရှိကြသည်။ [၁၅၁] လက်ရှိအချိန်ထိမူ ယှဉ်ပြိုင်မှုဥပဒေကို မီဒီယာနယ်ပယ်တွင် ဖြစ်ပေါ်လျက်ရှိသော ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များကို ဖျန်ဖြေပေးရန်အတွက် အသုံးပြုခြင်းမရှိသေးပါ။

[၁၅၀] ပုဒ်မ ၁၀၁ (ibid)

[၁၅၁] Larkin, S. (၂၀၁၂) "အပြောင်းအလဲကာလတွင်းမြန်မာပြည် မြန်ဆန်သော စက်မှုဖွံ့ဖြိုးမှုလား သို့မဟုတ် စက်မှုလုပ်ငန်းများကျဆင်းခြင်းလား" http://www.burmalibrary.org/docs12/Stuart_Larkin-Myanmar_at_the_Crossroads.pdf မှ ထုတ်နုတ်တင်ပြသည်။

## (ခ) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ရပ်ရွာအခြေပြုမီဒီယာများ အမျိုးအစားစုံလင်စွာ ပေါင်းစပ်ပါဝင်မှု

### ၂၃. နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ရပ်ရွာအခြေပြုမီဒီယာများ အမျိုးအစားစုံလင်စွာ ပေါင်းစပ်ပါဝင်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ထိထိရောက်ရောက် မြှင့်တင်ပေးရမည်။

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေတွင် အစိုးရပိုင်၊ ပုဂ္ဂလိကပိုင်၊ ရပ်ရွာအခြေပြုနှင့် ဌာနပိုင်မီဒီယာများ အမျိုးအစားစုံလင်စွာ ပေါင်းစပ်ပါဝင်မှုရှိစေရန် လိုအပ်သည်ဟု ရေးသားသတ်မှတ်ထားသည်။ ထို့ပြင် လှိုင်းနှုန်းစဉ်ခွဲဝေသတ်မှတ်ရေးအတွက်လည်း လိုအပ်သောအချက်များကိုပါ ထည့်သွင်းပြဋ္ဌာန်းထားသည်။ (တိုင်းတာချက် ၂၇ ကိုကြည့်ရန်) တိုင်းတာချက် ( ၂၂ ) တွင် ဖော်ပြထားသည့်နည်းတူ ရုပ်သံလွှင့်ဥပဒေ၏ သက်ရောက်မှုများကို လက်တွေ့ခံစားနိုင်ရန် အထူးသဖြင့် လိုင်စင်မှတ်ပုံတင်ခြင်းကဏ္ဍတွင် အချိန်ယူရမည် ဖြစ်သည်။ လက်ရှိကာလတွင်မူ ရုပ်သံလွှင့်လုပ်ငန်းများမှာ နိုင်ငံပိုင်ရုပ်သံလွှင့်လုပ်ငန်း သို့မဟုတ် နိုင်ငံတော်နှင့် ပုဂ္ဂလိက ကုမ္ပဏီများ ပူးတွဲလုပ်ကိုင်သော ဖက်စပ်ရုပ်သံလွှင့်လုပ်ငန်းများသာ ဖြစ်သည်။

အမျိုးအစားကဏ္ဍစုံလင်သော မီဒီယာဝန်းကျင်ဆိုသည်မှာ အမျိုးအစားကွဲပြားခြားနားမှုကိုလက်ခံပြီး တိုးမြှင့်ပေးနိုင်သော စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များအပေါ်မူတည်နေသည့်မျှမက အစိုးရ၏ မီဒီယာလုပ်ငန်းများအားလုံးအပေါ် မခွဲခြားဘဲ တန်းတူရည်တူရှိသည့် သဘောထားပေါ်လည်း မှီခိုလျက် ရှိပါသည်။ ဆိုလိုသည်မှာ မီဒီယာလုပ်ငန်းအားလုံး တန်းတူရည်တူ သတင်းအချက်အလက်များ ရယူသိရှိနိုင်မှုပင် ဖြစ်သည်။ လက်တွေ့နယ်ပယ်တွင်မူ နိုင်ငံပိုင်မီဒီယာသည် အစိုးရ၏ တရားဝင်ကြေညာချက်များကို ပထမဆုံးလက်ခံရရှိရာ နေရာတစ်ခုဖြစ်သည်။ အဆိုပါ နိုင်ငံပိုင် မီဒီယာများသည် အစိုးရ၏မူဝါဒများ၊ ဥပဒေများ၊ ကြေညာချက်များကို ဖြန့်ဝေပေးရာ မီဒီယာလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ထို့ပြင် အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေများကိုလည်း နိုင်ငံပိုင်ပုံနှိပ်မီဒီယာတွင် ထည့်သွင်းဖော်ပြခြင်း မရှိသေးသရွေ့ သက်ဝင်ဆောင်ရွက်နိုင်မှု မရှိဟူ၍ သတ်မှတ်ကြစမြဲဖြစ်သည်။ အစိုးရ၏ကန့်သတ်

ထားသောအခမ်းအနားများသို့ တက်ရောက်နိုင်ရန်အတွက် မီဒီယာလုပ်ငန်းများကို ရွေးချယ်ဖိတ်ကြားရာတွင် တိကျသေချာသော စနစ်မရှိသည့်အပြင် ရွေးချယ်ရာတွင်လည်း ဘက်လိုက်မှုများရှိနေသည်။

နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ရပ်ရွာအခြေပြုမီဒီယာများ အမျိုးအစားစုံလင်စွာ ပေါ်ထွန်းပါဝင်နိုင်မှုကို အလေးထားဆောင်ရွက်ရန်ဆိုသည့်တွင် နိုင်ငံတော်အနေဖြင့် လိုင်စင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ၌ ကန့်သတ်ချက်များ သို့မဟုတ် သတင်းမီဒီယာလုပ်ငန်းတစ်ခု စတင်ဆောင်ရွက်ရန် ငွေကြေးပမာဏအများအပြားပေးသွင်းရခြင်း စသည်တို့ကို ဖယ်ရှားပစ်ခြင်းပင် ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်း ဥပဒေပေါ်ပေါက်လာခြင်းနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်မီဒီယာများ လိုင်စင်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခြင်း မရှိတော့ပေ၊ ပုံနှိပ်ထုတ်ဝေခြင်း ဥပဒေအရ ပုံနှိပ်မီဒီယာများသည် ပြန်ကြားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရန် လိုအပ်သော်လည်း မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် စည်းကမ်းချက်များအရ ကန့်သတ်ချက်များ အများအပြားမရှိတော့ပေ။ ဥပဒေအရမူ လျှောက်ထားသူသည် လျှောက်ထားသည့် ပုံစံတစ်ရွက်ကို တင်ပြရမည်ဖြစ်ပြီး ၎င်းတို့၏ ရင်းနှီးမြှုပ်နှံသည့်ရင်းမြစ်၊ ပိုင်ဆိုင်မှု၊ အဖွဲ့အစည်းပုံစံနှင့် စီးပွားရေး စီမံချက်များကို ဖော်ပြပေးရမည် ဖြစ်သည်။[၃၅၂] ဝန်ကြီးဌာနသည်(၂၁)ရက်အတွင်း အကြောင်းပြန်ကြားပေးမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းအတွက် ၅၀၀၀၀ - ကျပ်[၃၅၃] (အမေရိကန် ဒေါ်လာ ၃၈ - ဒေါ်လာ)[၃၅၄] ပေးသွင်းရမည် ဖြစ်သည်။ ခွင့်ပြုချက် ရရှိပြီးပါက မှတ်ပုံတင် လက်မှတ်သည် (၅) နှစ်သက်တမ်း ဖြစ်သည်။[၃၅၅] ၎င်းစနစ်သစ်နှင့်အညီ မှတ်ပုံတင်ထားရှိသောပုံနှိပ်မီဒီယာတိုက်များ၏

[၃၅၂] ပုဒ်မ ၄ (ဂ) လုပ်ထုံးလုပ်နည်းဥပဒေများ၊ ပုံနှိပ်ခြင်းနှင့် စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ

[၃၅၃] ပုဒ်မ ၆ လုပ်ထုံးလုပ်နည်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့် စာအုပ်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ

[၃၅၄] ၁၈နိုဝင်ဘာလ ၂၀၁၆ ရက်နေ့အထိ ငွေလဲနှုန်းထား = (အမေရိကန် ၁ဒေါ်လာ = ၁၃၀၀ မြန်မာကျပ်)

[၃၅၅] ပုဒ်မ ၉ (က) လုပ်ထုံးလုပ်နည်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့် စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ

အဆိုအရ လုပ်ငန်းစဉ်မှာ မြန်ဆန်လွယ်ကူပြီး မှတ်ပုံတင်ကြေး ပမာဏမှာလည်း ကြီးမြင့်သည့် ပမာဏမဟုတ်ပါ။[၁၅၆]

## ၂.၄။အမှီအခိုကင်းပြီး ပွင့်လင်းမြင်သာသော အုပ်ချုပ်မှုစနစ်

တိုင်းတာချက် (၁.၆) နှင့် (၁.၇) တွင် ဖော်ပြထားရှိသည်နှင့် အညီ ရုပ်သံလွှင့်ဥပဒေသည် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ နှင့် အမျိုးသားရုပ်မြင်သံကြားကောင်စီ ဟူသည့် အုပ်ချုပ်မှု အဖွဲ့အစည်း (၂) ခု ပေါ်ပေါက်လာစေရန် ဦးတည်လျက် ရှိသည်။ ကောင်စီသည် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးခြင်းကိုတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကမူ ရုပ်မြင်သံကြားနှင့် အသံထုတ် လွှင့်ခြင်းလှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှုဆိုင်ရာစီမံချက်ကို ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်ညှိနှိုင်းရေးဆွဲထုတ်ပြန်ရန်အတွက်တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သည်။[၁၅၇] ထို့အပြင် ဥပဒေသည် လိုင်စင်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်အကြောင်း သိမှတ်ဖွယ်ရာဗဟုသုတများရရှိရန်နှင့် ပြည်သူများ ပါဝင်လာနိုင်စေရန် ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ဥပဒေ၏ပုဒ်မ(၄၉) အရ လိုင်စင် လျှောက်ထားသည့်အခါ လျှောက်ထားသူများသည် ယင်းအဖွဲ့အစည်း၏ ပိုင်ဆိုင်မှု ပုံသဏ္ဌာန်နှင့် အနေအထားကိုကောင်စီနှင့် အများပြည်သူထံသို့ လူထုဆက်သွယ်ရေး မီဒီယာများမှတဆင့် တင်ပြရမည်။ ပုဒ်မ (၆၀) တွင်မူ စီးပွားဖြစ် မဟုတ်သည့် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာ လူမှု အသိုက်အဝန်း၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် အစီအစဉ်များနှင့် မူဝါဒများကို

---

[၁၅၆] ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေသည် မီဒီယာဗဟုဝါဒဖြစ်ပေါ်မှုကို တားဆီးစေသည်ဟု တိုက်ရိုက်မပြောဆိုနိုင်သော်လည်း အဆိုပါ ဥပဒေတွင် မီဒီယာဗဟုဝါဒဖြစ်ပေါ်မှုကိုမြှင့်တင်ပေးနိုင်သည့် အခွင့်အလမ်းများ မပါရှိပါ။ ၎င်းဥပဒေတွင် လိုင်စင်လျှောက်ထားသူများ၏ ပိုင်ဆိုင်မှုပုံစံ သို့မဟုတ် အမြတ်ဝင်ငွေရင်းမြစ်များကို ပြည်သူအား ထုတ်ဖော်တင်ပြရန် နှင့် ပထဝီဝင် အနေအထားအရ နယ်မြေ ဒေသတစ်ခုတွင် ပုံနှိပ်မီဒီယာ အများအပြားပိုင်ဆိုင်မှုကို တားမြစ်စေသည့် စည်းမျဉ်း စည်းကမ်းများလည်းမပါရှိပါ။

[၁၅၇] ပုဒ်မ ၆ (ခ)၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ အမှတ်စဉ် ၅၃/ ၂၀၁၅၊ ၂၈ ဩဂုတ်လ ၂၀၁၅

ဆွေးနွေးညှိနှိုင်းရန်၊ အခက်အခဲများ၊ ပြဿနာများနှင့် ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းနည်းများကို စုပေါင်းညှိနှိုင်း သုံးသပ်ရန်နှင့် ဘဏ္ဍာရေးအခြေအနေ အပါအဝင် လုပ်ငန်း ဆောင်ရွက်ပြီးမြောက်မှု အစီရင်ခံစာများကို တင်ပြနိုင်ရန်၊ အဆိုပါလူမှု အသိုက်အဝန်းတွင် ပါဝင်သူများ၊ ကိုယ်စားလှယ်များ စုံညီပါဝင်သော အစည်းအဝေးပွဲများကိုအနည်းဆုံး တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပပေးရမည်ဟူ၍ ဖော်ပြထားပါသည်။

အဆိုပါ အုပ်ချုပ်မှုအဖွဲ့အစည်းများ အဆင့်ဆင့် ပေါ်ပေါက်လာခြင်းနှင့် ရုပ်သံလွှင့်ဥပဒေတွင်းရှိ ရုပ်သံလွှင့် လုပ်ငန်းများအတွက် စည်းကမ်းချက်များသည် ရုပ်သံလွှင့်နယ်ပယ်အတွင်း စည်းမျဉ်းစည်းကမ်းအရ ပွင့်လင်းမြင်သာမှုရှိစွာ ရေရှည်ဆောင်ရွက်နိုင်မည်ကို ညွှန်းဆိုနေသဖွယ်ရှိနေပါသည်။ အမျိုးသားရုပ်သံလွှင့်ကောင်စီအနေဖြင့်လည်း ယခင်ကာလများထက် ပိုမိုလွတ်လပ်ပြီး အမှီအခိုကင်းစွာ အုပ်ချုပ်မှုစနစ်များကို ဖော်ဆောင်လာနိုင်တော့မည် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကိုမူ အစိုးရဌာနဆိုင်ရာ အရာရှိများနှင့် ပါဝင်ဖွဲ့စည်းထားသည့်အတွက် လွတ်လပ်သော အဖွဲ့အစည်းဟူ၍ မသတ်မှတ်နိုင်သော်လည်း ထိုအဖွဲ့၏အခန်းကဏ္ဍမှာ နည်းပညာဆိုင်ရာနယ်ပယ်နှင့် ဆက်သွယ်ရေးဆိုင်ရာ အုပ်ချုပ်မှုမူဘောင်အတွင်း ရုပ်သံလွှင့်လုပ်ငန်းများပါဝင်ပတ်သက်နေမှုနှင့် စပ်ဆိုင်သည့် ကိစ္စရပ်များဆောင်ရွက်ရန်သာ ဖြစ်သည်။ အုပ်ချုပ်မှုစနစ်တွင် ဝင်စစ်အာဏာရှိသည်မှာ ကောင်စီသာဖြစ်သည်။ ကောင်စီ၏ အဖွဲ့ဝင်များကို သမ္မတမှ ရွေးချယ်ထားသည် ဖြစ်သော်ငြားလည်း ရုပ်သံလွှင့် လုပ်ငန်းဆိုင်ရာ လိုင်စင်မှတ်ပုံတင်ခြင်းအတွက် အရပ်သား ကောင်စီအဖွဲ့ဝင်များကို သတ်မှတ်တာဝန်ပေးခြင်းသည် အမှီအခိုကင်းစွာ အုပ်ချုပ်နိုင်မှုတွင် များစွာတိုးတက်မှု များ ရှိလာနိုင်မည်ဖြစ်သည်။

လက်ရှိ ဤသုတေသန မှတ်တမ်းရေးသားနေသည့် အချိန်ကာလအထိ ကောင်စီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကိုမူ မဖွဲ့စည်းနိုင်သေးပေ။ ယာယီအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီး ဌာနမှ တာဝန်ယူကာ ရုပ်သံလွှင့်နယ်ပယ်အား အုပ်ချုပ်လျက် ရှိပါသည်။ အဆိုပါ ပါဝင်သူများသည် အစိုးရဝန်ကြီးဌာနများ ဖြစ်သည့်အတွက် စည်းမျဉ်း စည်းကမ်းအရ လွတ်လပ်ပြီးအမှီခိုကင်းသော အုပ်ချုပ်မှု အဖွဲ့ အစည်း မဟုတ်ပေ။

## ၂၇။ ရပ်ရွာအခြေပြုမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရန် အလို့ငှာ နိုင်ငံတော်နှင့် အရပ်ဖက်အဖွဲ့အစည်းများ အလေးထား ဆောင်ရွက်ရမည်။

ရပ်ရွာအခြေပြု ရုပ်သံလွှင့်လုပ်ငန်းများမှာ ယနေ့ခေတ် အချိန်အထိ မြန်မာနိုင်ငံတွင် တည်ရှိနေခြင်း မရှိသော်လည်း ရုပ်သံလွှင့်ဥပဒေအရ အမျိုးသား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ကောင်စီဖွဲ့စည်းပြီး လိုင်စင်ထုတ်ပေး ခြင်းများစတင် ဆောင်ရွက်နိုင်လာပါက အဆိုပါ ရပ်ရွာအခြေပြု ရုပ်သံလွှင့်မီဒီယာ လုပ်ငန်းများပေါ်ပေါက်လာ မည်ဖြစ်သည်။ ဥပဒေ၏ပုဒ်မ (၅၇) အရ ရပ်ရွာအခြေပြု ရုပ်သံလွှင့်လုပ်ငန်းများ လိုင်စင်မှတ်ပုံတင်ခြင်းကို အလေးထား ကူညီထောက်ပံ့ ပေးရမည် ဖြစ်သည်။ ထိုပုဒ်မအရ ကောင်စီအနေဖြင့် ရပ်ရွာ အခြေပြု ရုပ်သံလွှင့် မီဒီယာလုပ်ငန်းများ အတွက်ရိုးရှင်းလွယ်ကူသော လိုင်စင်ဆိုင်ရာမူဝါဒနှင့် လုပ်ထုံး လုပ်နည်းများကို ရေးဆွဲထုတ်ပြန်ပေးရမည် ဖြစ်သည်။ သို့သော် ဥပဒေတွင် ရပ်ရွာ အခြေပြု ရုပ်သံလွှင့်မီဒီယာလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှုပုံစံ သို့မဟုတ် အခွန် ခွဲဝေမှုပုံစံများကိုမူ ဖော်ပြထားခြင်းမရှိပါ။

## (ဂ) လိုင်စင်ပြုလုပ်ခြင်းနှင့် လှိုင်းနှုန်းစဉ်ခွဲဝေသတ်မှတ်ခြင်း

## ၂၈။ နိုင်ငံတော်၏ လှိုင်းနှုန်းစဉ်ခွဲဝေသတ်မှတ်မှုဆိုင်ရာ စီမံချက်ကို ပြည်သူလူထု အကျိုးစီးပွားအတွက် သင့်တင့်လျောက်ပတ်စွာ အသုံးပြုဆောင်ရွက်နိုင်ရမည်။

လက်ရှိကာလ အချိန်အထိ မြန်မာနိုင်ငံတွင် လှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှု ဆောင်ရွက်ချက် စီမံကိန်းမှာ စနစ်တကျမရှိပါ။ ဆက်သွယ်ရေး၊ သတင်းအချက် အလက်နှင့် နည်းပညာဝန်ကြီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာနအား ရုပ်မြင် သံကြားနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လှိုင်းနှုန်းများ ပံ့ပိုး ကူညီပေး သည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ရွေးချယ်ခံ ဖက်စပ်လုပ်ကိုင်မည့် လုပ်ငန်းပါတနာများအား လှိုင်းနှုန်းများကို ဦးရာလူစနစ်ဖြင့် ပြန်လည်ခွဲဝေ သတ်မှတ်ပေးသည်။[၁၅၈] လှိုင်းနှုန်းများခွဲဝေသတ်မှတ်ခြင်း လုပ်ငန်းစဉ်မှာ

[၁၅၈] မြန်ကြားရေးဝန်ကြီးဌာန၊ မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၁၉ ဩဂုတ်လ

အစိုးရဌာနတွင်း ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စဖြစ်သောကြောင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ ပါဝင်ပတ်သက်မှု မရှိပါ။ အဆိုပါ ခွဲဝေသတ်မှတ်ခြင်းစနစ်တွင် လိုင်းနံပါတ်များအားခွဲဝေရာ၌ ပြည်သူလူထုအတွက် အကျိုးရှိရှိ သို့မဟုတ် မျှမျှတတ လုပ်ကိုင်ခြင်းမရှိပါ။

ရုပ်သံလွှင့်ဥပဒေအရ အမျိုးသားအဆင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လိုင်းနံပါတ်စဉ်စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ကို အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့က ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အဆိုပါ စီမံချက်သည် အပြုသဘောဆောင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်ခြင်းအဆင့်ဆင့်တွင် အရပ်ဖက်အဖွဲ့အစည်းများ ပါဝင်ပတ်သက်မှုကို ဖော်ပြထားခြင်းမရှိသည့်အပြင် ၎င်းစီမံချက်အား အများပြည်သူ သိရှိစေရန်အလို့ငှာ ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်ချက်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပေ။

## ၂.၇. နိုင်ငံတော်၏ လိုင်းနံပါတ်စဉ်ခွဲဝေသတ်မှတ်မှုဆိုင်ရာ စီမံချက်သည် အမျိုးအစားစုံလင်သော ပိုင်ဆိုင်မှု အနေအထားပုံစံနှင့် အကြောင်းအရာ ကဏ္ဍများ ပေါ်ပေါက်လာမှုကိုလည်း မြှင့်တင်ပေးရမည်။

ယခင်အကြောင်းအရာများတွင် ဖော်ပြခဲ့သည့်နည်းတူ မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့် လုပ်ငန်းများအတွက် စနစ်ကျသောလိုင်းနံပါတ်စဉ် ခွဲဝေသတ်မှတ်မှု ဆိုင်ရာစီမံချက် မရှိပါ။[၃၉၉] ထို့ပြင်မက လက်ရှိလုပ်ကိုင် ဆောင်ရွက်နေသော ရုပ်သံလွှင့်လုပ်ငန်းများမှာလည်း နိုင်ငံပိုင်သို့မဟုတ် နိုင်ငံတော်နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကြား ပူးပေါင်းလုပ်ကိုင်သော ဖက်စပ်လုပ်ငန်းများသာဖြစ်သည်။ လိုင်းနံပါတ်စဉ်များကို ခွဲဝေသတ်မှတ်ရာတွင်လည်း ဦးရာလူစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

[၃၉၉] သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများအား လိုင်းနံပါတ်စဉ်များကို သတ်မှတ်ပေးသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှတဆင့် ထိုလိုင်းနံပါတ်များကို ဖက်စပ်လုပ်ကိုင်သည့် ရုပ်သံလွှင့် လုပ်ငန်းများအား ဦးရာလူ စနစ်ဖြင့် ခွဲဝေချထားပေးသည်။

ရေရှည်ကာလတွင်မှ ရုပ်သံလွှင့်ဥပဒေသည် အမျိုးအစား စုံလင်သော ပိုင်ဆိုင်မှု အနေအထားပုံစံနှင့် အကြောင်းအရာကဏ္ဍမျိုးစုံ ပေါ်ပေါက်လာရေးအတွက် ပိုမိုထောက်ကူပေးနိုင်သည့် ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်မည်ဖြစ် သည်။ ရုပ်သံလွှင့်ဥပဒေ၏ ပုဒ်မ – ၅၆ အရ လှိုင်းနှုန်းစဉ်များ၏ (၂၀) ရာခိုင်နှုန်းအား ရပ်ရွာအခြေပြု ရုပ်သံလွှင့်လုပ်ငန်းများသို့ ခွဲဝေသတ်မှတ်ပေးရမည် ဖြစ်သည်။[၁၆၀] ထို့ပြင် အဆိုပါ ဥပဒေသည် ရုပ်သံလွှင့် လုပ်ငန်းလိုင်စင် ခွဲဝေသတ်မှတ်ရေး အတွက် စည်းမျဉ်းစည်းကမ်းများ ဖော်ပြထားရှိပါသည်။

ပုဒ်မ – ၃၅ (က) တွင် ဖော်ပြထားသည်မှာ လိုင်စင်လျှောက်ထားမှုနှင့် ပတ်သက်၍ လုပ်ငန်းပိုင်ဆိုင်မှု အရေအတွက်၊ ပိုင်ဆိုင်မှုပုံသဏ္ဍာန်နှင့် အနေအထား၊ အစီအစဉ်များ၏ အရည်အသွေးနှင့် အကြောင်းအရာ ပိုင်းဆိုင်ရာ မတူကွဲပြားမှုများအားတင်ဆက်နိုင်မှုစသည့် သတ်မှတ်ချက်များအား ထည့်သွင်းစဉ်းစားမည်ဟူ၍ ဖြစ်သည်။ ထို့ပြင်ပုဒ်မ – ၄၀ (ဂ) တွင်မှ လိုင်စင်သက်တမ်းတိုးပေးရန် လျှောက်ထားစဉ်ကာလအတွင်း လိုင်စင်သက်တမ်း တိုးပေးရန်မသင့်သည့် အများပြည်သူ အကျိုးစီးပွားနှင့်ဆန့်ကျင်သော အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ခြင်းတွေ့ရှိပါက ကောင်စီသည် လိုင်စင်သက်တမ်းတိုးပေးရန် ငြင်းပယ်နိုင်သည်ဟူ၍ ပါရှိသည်။

ရုပ်သံလွှင့်ဥပဒေတွင် ပြည်တွင်းမှထုတ်လုပ်သည့် အကြောင်းအရာများ များပြား တိုးတက်လာစေရန် ရုပ်သံလွှင့်လုပ်ငန်းများနှင့် ရုပ်သံလွှင့်လုပ်ငန်းရှင်များ၏ လိုအပ်ချက်ကိုလည်း ထည့်သွင်း ဖော်ပြထား ပါသည်။ ပုဒ်မ – ၆၄ (က) အရ ထုတ်လွှင့်သည့် ရုပ်သံလိုင်းစုစုပေါင်း၏ အနည်းဆုံး (၂၀) ရာခိုင်နှုန်းသည် ပြည်တွင်းထုတ်လုပ်မှု ဖြစ်ရမည်။ ထို့ပြင် ၆၄ (ခ)တွင်မှ ထုတ်လွှင့်သည့် အခပေးရုပ်သံလိုင်းစုစုပေါင်း၏ အနည်းဆုံး (၂၀) ရာခိုင်နှုန်းသည် အခမဲ့ ရုပ်သံလိုင်းများ ဖြစ်ရမည်ဟူ၍ ပါရှိသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖမ်းယူကြည့်ရှုနိုင်ရန် ဆောင်ရွက်သင့်သည်။ ပုဒ်မ – ၆၇ တွင် ရေဒီယို အသံထုတ်လွှင့်ခြင်း လုပ်ငန်းများတွင် ထုတ်လွှင့်သော အစီအစဉ်များ၏ (၇၀) ရာခိုင်နှုန်းသည်

---

[၁၆၀] ပုဒ်မ – ၅၆၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ အမှတ်စဉ် ၅၃ / ၂၀၁၅၊ ၂၈ ဩဂုတ်လ ၂၀၁၅

ပြည်တွင်းတွင်ထုတ်လုပ်သည့် အစီအစဉ်များဖြစ်ရမည်ဟူ၍ ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့်လိုင်းများမှ တစ်နေ့တာထုတ်လွှင့်သော အစီအစဉ်များ၏ အနည်းဆုံး (၃၀) ရာခိုင်နှုန်းသည် ပြည်တွင်းမှ ထုတ်လုပ်သော အစီအစဉ်များဖြစ်ရမည်။

### ၂.၈. လွတ်လပ်၍အမှီအခိုကင်းပြီး ပွင့်လင်းမြင်သာမှုရှိသည့် အုပ်ချုပ်မှုစနစ်

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပေါ်ပေါက်လာခြင်းသည် လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖြစ်ပေါ်လာစေရေးအတွက် ထင်ရှားသောဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သော်လည်း ၎င်းဥပဒေ၏အကျိုးသက်ရောက်မှုကိုမူ ယခုအချိန်ထိ မတွေ့ရှိရသေးပေ။ ထိုဥပဒေ၏ စည်းမျဉ်းများကိုလည်း မူကြမ်းရေးဆွဲခြင်း မရှိသေးပါ။ လက်ရှိအခြေအနေတွင် ရုပ်သံလွှင့်လုပ်ငန်းနယ်ပယ်ကို ပွင့်လင်းမြင်သာမှုရှိရှိအုပ်ချုပ်နေခြင်း မဟုတ်သကဲ့သို့ အစိုးရ၏ လောင်းရိပ်မှလည်း ကင်းလွတ်ခြင်း မရှိသေးဟု ဆိုရပေမည်။

## (ဃ) အခွန်စနစ်နှင့် စီးပွားရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ

### ၂.၉. နိုင်ငံတော်အနေဖြင့် မီဒီယာဖွံ့ဖြိုး တိုးတက်ရန်အတွက် အခွန်စနစ်နှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဘက်လိုက်မှု မရှိဘဲမျှတစွာ အသုံးပြုရမည်။

ကုန်သွယ်ခွန် ပေးဆောင်ရမှုမှာ အဓိကအခက်အခဲဖြစ်ကြောင်း ပုံနှိပ်မီဒီယာမန်နေဂျာများက ဆိုကြသည်။ ပုဂ္ဂလိက ပုံနှိပ်မီဒီယာ အားလုံးသည် ကုန်သွယ်ခွန် (၅) ရာခိုင်နှုန်း ပေးဆောင်ရသည်။ ထိုမကျေနပ်ချက်များမှာ အခွန်ပမာဏကြောင့်မဟုတ်ဘဲ အခွန်ပေးဆောင်ရခြင်းသည် အမြတ်ပေါ်မူတည်ခြင်းထက် အရောင်းပမာဏပေါ် မူတည်နေခြင်းကြောင့် ဖြစ်သည်။ စီးပွားရေး လုပ်ငန်းတွင် အမြတ်ငွေရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ အခွန်ငွေ ပေးဆောင်ရသည်။ အခွန်ငွေ ပေးဆောင်ရခြင်းကြောင့် အမြတ်အစွန်း နည်းပါးစေသည့်အပြင် ဘဏ္ဍာရေးအရ အသားတင်အရှုံးပေါ်မှုများလည်း ဖြစ်လေ့ရှိသည်။ မီဒီယာမန်နေဂျာများက ဝန်ခံကြ

သည့်မှာ မီဒီယာလုပ်ငန်းအတွင်း အချိုးစာနယ်ဇင်းများမှာ တရားဝင် မှတ်ပုံတင် ဖြန့်ချိလေ့မရှိပေ။ ထို့ကြောင့် ပုံနှိပ်မီဒီယာတိုက်များမှာ အခွန်ငွေ အနည်းငယ်သာ ပေးဆောင်ကြရသည်။ အကျိုးဆက်အားဖြင့် မြန်မာနိုင်ငံတွင် ပုံနှိပ်မီဒီယာ နယ်ပယ် အတွင်း စာနယ်ဇင်းစောင်ရေ အတိအကျ ကိန်းဂဏန်းရရှိရန် ခက်ခဲလာပါသည်။ နိုင်ငံပိုင်မီဒီယာများအနေဖြင့်လည်း ကုန်သွယ်ခွန်ပေးဆောင်ရပြီး ရာခိုင်နှုန်းမည်မျှ ပေးဆောင်ရသည်ကို ဤသုတေသနစာတမ်းတွင် လေ့လာ မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။[၁၆၁]

ရုပ်သံလွှင့်မီဒီယာမှာမူ ပုံနှိပ်မီဒီယာကဏ္ဍနှင့်မတူ၊ ကွဲပြားခြားနားပါသည်။ အစိုးရနှင့် ဖက်စပ်လုပ်ကိုင်သော ရုပ်သံလွှင့်လုပ်ငန်းများမှာ ပြန်ကြားရေးဝန်ကြီး ဌာနနှင့် သဘောတူစာချုပ်ချုပ်ဆိုအပြီး (၃) နှစ် အခွန်ကင်းလွတ်ခွင့်ကာလ ရရှိပါသည်။ အဆိုပါ ကာလအပြီးတွင် ၎င်းလုပ်ငန်းများသည် အမြတ်ငွေ၏ (၅) ရာခိုင်နှုန်းကို ပြန်ကြားရေး ဝန်ကြီးဌာနအား "ကုန်ကျငွေမျှဝေခြင်း" အဖြစ် ပေးဆောင်ပြီးအမြတ် ငွေ၏ (၇) ရာခိုင်နှုန်းကို ဒေသဆိုင်ရာ အစိုးရအား ပေးဆောင်ရပါသည်။[၁၆၂] မြန်မာနိုင်ငံတွင်း ပြဋ္ဌာန်းထားသော မီဒီယာ ဥပဒေတွင် အခွန်ပေးဆောင်မှုနှင့် ပတ်သက်၍ ဖော်ပြ ထားခြင်းမရှိပါ။

ပုံနှိပ်ထုတ်ဝေခြင်း ဥပဒေသည် မီဒီယာဗဟုဝါဒ ဖြစ်ပေါ်စေရေးတွင် ဥပဒေ ဆိုင်ရာအခက်အခဲ၊ အတားအဆီးများကို ပယ်ဖျက်နိုင်ခဲ့ သော်ငြားလည်း အစိုးရပိုင် မီဒီယာတည်ရှိမှုသည် မမျှတသော စီးပွားရေးဈေးကွက်ကို ဖြစ်ပေါ်စေပြီး အစိုးရ၏ မီဒီယာပိုင်ဆိုင်မှုကို သွယ်ဝိုက်မြှင့်တင်ပေးနေသည့်သဖွယ် ဖြစ်နေပါသည်။

---

[၁၆၁] ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာနေ့စဉ် သတင်းစာ၏ စီမံခန့်ခွဲမှု ဒါရိုက်တာနှင့် တွေ့ဆုံ မေးမြန်းခြင်း။ ဒီဇင်ဘာလ ၂၀၁၅၊ နိုင်ငံပိုင်မီဒီယာများလည်း ကုန်သွယ်ခွန်ကို ပေးဆောင်ရသည်၊ ရာခိုင်နှုန်းကိုမမှတ်မိပါဟူ၍ အဆိုပါတွေ့ဆုံမေးမြန်းမှုတွင် စီမံခန့်ခွဲမှု ဒါရိုက်တာကပြောကြား ခဲ့သည်။

[၁၆၂] ပတ္တမြားFM၏ လုပ်ငန်းဒါရိုက်တာနှင့် ၂၆ ဩဂုတ်လ ၂၀၁၄ ရက်နေ့ တွေ့ဆုံမေးမြန်းချက်မှ အချက်အလက်များကို အခြေခံထားသည်။ ရုပ်သံလွှင့်လုပ်ငန်းရှင်များသည် ကုန်သွယ်ခွန် ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းများကို မဖြေကြပေ၊ ထို့ကြောင့် ရေဒီယို အသံလွှင့် လုပ်ငန်းများ၏ ကုန်သွယ်ခွန်ပေးဆောင်ရမှုမှာ တပြေးညီအားလုံး သတ်မှတ်ထားသည် သို့မဟုတ် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ချုပ်ဆိုသည့်စာချုပ်ပေါ်မူတည်၍ ကွာခြား မှုရှိသည်ကို ရှင်းလင်းစွာမသိနိုင်ပါ။

တွေ့ဆုံမေးမြန်းမှုများစွာ ပြုလုပ်ခဲ့ရာတွင် အကျိုးအမြတ်များစွာ ရှိနေသည့် နိုင်ငံပိုင်မီဒီယာနှင့်ယှဉ်ပြိုင်ရသည်မှာ ကြောက်မက်ဖွယ်ကောင်းသောစိန်ခေါ်မှု တစ်ခုဖြစ်သည်ဟူ၍ ပုံနှိပ်မီဒီယာပိုင်ရှင်များ ထုတ်ဖော်ပြောကြားကြသည်။ ပထမအချက်မှာ နိုင်ငံတော်အနေဖြင့် ၎င်း၏ ကိုယ်ပိုင်ဖြန့်ချိရေးစနစ်ထားရှိပြီး နိုင်ငံအနှံ့အပြားတွင် အစိုးရ၏ ကိုယ်ပိုင်ပုံနှိပ်စက်များ ရှိသည်။ ထိုအချက်ကပင် ပုဂ္ဂလိက မီဒီယာတိုက်များထက် နယ်မြေဒေသအလိုက် စောင်ရေများပိုမိုရရှိနိုင်သည်။ ဒုတိယအချက်မှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှာ စောင်ရေအများအပြား ဖြန့်ဝေသော နိုင်ငံပိုင်မီဒီယာများတွင်သာ ကြော်ငြာထည့်သွင်းလိုကြသည်။ ပုံနှိပ်မီဒီယာ မန်နေဂျာများနှင့် တွေ့ဆုံမေးမြန်းမှုတွင် ပုဂ္ဂလိကမီဒီယာများအနေဖြင့် ကြော်ငြာအမြတ်အစွန်းရရှိရန် ခက်ခဲကြောင်းနှင့် ၎င်းတို့မှာ ရုံဖန်ရံခါ လျှော့ဈေးဖြင့် ကမ်းလှမ်းလေ့ရှိကြောင်း ပြောကြားကြသည်။ ထို့ပြင် သာရေး၊ နာရေး သို့မဟုတ် အိမ်ခြံမြေလုပ်ငန်းစသည့် အခြားပုဂ္ဂလိကကြော်ငြာများကို နိုင်ငံပိုင်မီဒီယာများတွင် ထည့်သွင်းမကြော်ငြာပါက တရားဝင်မဖြစ်ဟူသည့် ယူဆချက်မှာ ပြည်သူများတွင် ရှိနေသေးကြောင်း ၎င်းတို့က ထပ်လောင်း ပြောကြားခဲ့ပါသည်။[၁၆၃] တတိယအချက်မှာ အစိုးရဌာနများနှင့် စပ်ဆိုင်သည့် ကြော်ငြာအားလုံးနီးပါးကိုလည်း နိုင်ငံပိုင်မီဒီယာတွင် ထည့်သွင်းကြော်ငြာလေ့ရှိသည်။ ထိုအစိုးရကြော်ငြာများမှာ ပုဂ္ဂလိကမီဒီယာများ လက်လွှတ်လိုက်ရသည့်အဓိက ဝင်ငွေရရှိရာရင်းမြစ်တစ်ခုလည်း ဖြစ်သည်။ စတုတ္ထအချက်မှာမူ နိုင်ငံပိုင်ပုံနှိပ်မီဒီယာများမှာ နိုင်ငံတော်မှငွေကြေးခွဲဝေထောက်ပံ့ပေး ထားသောကြောင့် အရှုံးနှင့်ရင်ဆိုင်ရသော်လည်း ဆက်လက်ရှင်သန်နိုင်သည်။

## (င) ကြော်ငြာကဏ္ဍာ

### ၂၁၀။ နိုင်ငံတော်အနေဖြင့် ကြော်ငြာမူဝါဒကို ခွဲခြားသတ်မှတ်ခြင်းမပြုလုပ်ရပါ။

ဤသုတေသနစာတမ်းသည် အစိုးရကြော်ငြာများထည့်သွင်းဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများကို ရှာဖွေဖော်ပြနိုင်ခြင်းမရှိပါ။ လက်တွေ့နယ်ပယ်တွင်မူ အစိုးရကြော်ငြာအများစုသည် နိုင်ငံပိုင် မီဒီယာများတွင်သာ ဖော်ပြလေ့ ရှိသည်။ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်

---

[၁၆၃] Tomorrow ဂျာနယ်မှ မန်နေဂျာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၉ ဒီဇင်ဘာလ ၂၀၁၄၊

ဒေါ်သီတာတင်၏အဆိုအရ အစိုးရကြော်ငြာများကို နိုင်ငံပိုင်သတင်းစာများတွင်သာ ထည့်သွင်းကြေညာရမည်ဟူသည့် အထူးသတ်မှတ်ထားသည့် မူဝါဒမရှိပါ။[၁၆၄] တွေ့ဆုံမေးမြန်းမှုများစွာ ပြုလုပ်ပြီးသည့်နောက် တွေ့ရှိရသည်မှာ ပုဂ္ဂလိက မီဒီယာများတွင် ထည့်သွင်းကြော်ငြာထားသည့် အစိုးရကြော်ငြာများမှာ ပမာဏ အနည်းငယ်သာရှိပါသည်။ အဆိုပါဖြစ်ရပ်မှာ ပုဂ္ဂလိကမီဒီယာများအတွက် အဓိက ဝင်ငွေရရှိရာရင်းမြစ်ကို လက်လွှတ်ရသည့်အပြင် နိုင်ငံပိုင်မီဒီယာများ၏ ဈေးကွက် အတွင်းလက်ဝါးကြီးအုပ် စိုးမှုကိုလည်း ဆက်လက်တည်တံ့နေအောင် ပြုလုပ် နေသကဲ့သို့ ဖြစ်နေပါသည်။

## ၂.၁၁. မီဒီယာနယ်ပယ်အတွင်း ထိရောက်မှုရှိသော စည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်ထားသည့် ကြော်ငြာကဏ္ဍ

၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် မည်သည်တို့ကို ထည့်သွင်းကြော်ငြာနိုင်သည်ကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ ပါဝင်သော "တာဝန်သိမီဒီယာအတွက် ကြော်ငြာမူဝါဒ" ဟူသည့် မူဝါဒတစ်ခု ပြဋ္ဌာန်းပေးခဲ့ပါသည်။ မူဝါဒအရ ကြော်ငြာများတွင် ညစ်ညမ်းသောစကား အသုံး အနှုန်းများ၊ ပုံများ အသုံးပြုခြင်း ကို ကန့်သတ်ထားသည့်အပြင် ဈေးနှုန်းအတိအကျ ပရိုမိုးရှင်းအစီအစဉ်များနှင့် ကုန်ပစ္စည်း၏ကောင်းကျိုးများကို ကြော်ငြာတွင် မှန်ကန်စွာ ဖော်ပြရမည်ဖြစ်သည်။ ထို့ပြင်ကြော်ငြာခြင်းမပြုမီ ကျန်းမာရေးဝန်ကြီးဌာနနှင့် စစ်ဆေးအတည်ပြုထားသော ကုန်ပစ္စည်း၏ ကျန်းမာရေးဆိုင်ရာထောက်ခံချက်ရှိရန် အထူးအရေးကြီးကြောင်းမူဝါဒတွင် ဖော်ပြထားပါသည်။ ထို့နည်းတူစွာ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ကြော်ငြာများသည်လည်း လုပ်ငန်းနှင့် ပတ်သက်သည့် အန္တရာယ်များနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်လည်ရရှိမည့် ပမာဏကိုလည်း ဖော်ပြရမည်ဖြစ်ကြောင်း သတ်မှတ်ထားပါသည်။ ထို့ပြင်ဆက်လက်ဖော်ပြထားသည်မှာ ကြော်ငြာပုံစံသည် သတင်းပုံစံနှင့် ရှင်းလင်းစွာမတူကွဲပြား နေရမည်ဖြစ်သည်။[၁၆၅]

---

[၁၆၄] ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၅ မေလ ၂၀၁၅

[၁၆၅] ကြော်ငြာစည်းမျဉ်းစည်းကမ်းများ (၂၀၁၅)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ http://www.loc.gov/lawweb/servlet/lloc_news?disp3_l205403904_text ထုတ်နှုတ်တင်ပြသည်။

ကြော်ငြာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် နိုင်ငံပိုင်ပုံနှိပ်မီဒီယာများအတွက် သတ်မှတ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစည်းမျဉ်း စည်းကမ်းများကို ၎င်း၏ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားရှိထားသည့်အတွက် ပုဂ္ဂလိက ပုံနှိပ်မီဒီယာများအနေဖြင့် ထိုအချက်များကို မဖြစ်မနေလိုက်နာရမည် မဟုတ်ဘဲ လိုက်နာလိုပါက လိုက်နာနိုင်ပါသည်။[၁၆၆]

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေတွင် ကြော်ငြာကဏ္ဍနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများပါဝင်ပါသည်။ ဥပဒေ၏ ပုဒ်မ ၆၂ (က) အရ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာကြော်ငြာများကို နေ့စဉ်ထုတ်လွှင့်ချိန်အတွင်း တစ်နာရီလျှင် အများဆုံး ၁၂ မိနစ်နှုန်းဖြင့် ထုတ်လွှင့်နိုင်သည်။[၁၆၇]

[၁၆၆] သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အီးမေးလ် ဆက်သွယ် မေးမြန်းချက်၊ ၁၉ ဖေဖော်ဝါရီလ ၂၀၁၆

[၁၆၇] ပုဒ်မ ၇၂ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ အမှတ်စဉ် ၅၃/၂၀၁၅၊ ၂၈ ဩဂုတ်လ ၂၀၁၅

## အခန်း (၂) အကြံပြုချက်များ

- နိုင်ငံပိုင်ရုပ်သံလွှင့်မီဒီယာများကို အများပြည်သူဝန်ဆောင်မှု (သို့မဟုတ်) ပုဂ္ဂလိက ရုပ်သံလွှင့်လုပ်ငန်းများအဖြစ် ပြောင်းလဲသင့်ပြီး နိုင်ငံပိုင်မီဒီယာကို တည်ရှိခွင့်ပေးထားသည့် ပြဋ္ဌာန်းချက်များကိုလည်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေမှ ပယ်ဖျက်သင့်သည်။
- ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရပ်ရွာအခြေပြု ရုပ်သံလွှင့်လုပ်ငန်းများအား ယာယီလိုင်စင်များ ချမှတ်ပေးသင့်သည်။ သို့မှသာ ထိုလုပ်ငန်းများသည် အမျိုးသားရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ကောင်စီဖွဲ့စည်းခြင်းနှင့် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ မူကြမ်းရေးဆွဲခြင်းမပြုမီ လုပ်ငန်းများကြိုတင် ဆောင်ရွက် နိုင်မည်ဖြစ်သည်။
- ရုပ်သံလွှင့်လုပ်ငန်းနယ်ပယ်တွင် အုပ်ချုပ်မှုအစီရင်ခံစာအား ဤအခန်းပါ အညွှန်းကိန်းများကိုအသုံးပြု၍ အရပ်ဖက်အဖွဲ့အစည်းနှင့် သို့မဟုတ် မီဒီယာ ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ပတ်သက်နေသူများနှင့်အတူ ရုပ်သံလွှင့်ဥပဒေ ပြဋ္ဌာန်းပြီး ပထမနှစ်ပတ်လည်အတွင်း ဆောင်ရွက်သင့်ပါသည်။
- ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများ ရေးဆွဲရာတွင် ရုပ်သံလွှင့် လုပ်ငန်းရှင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများ ပါဝင်လာနိုင်စေရန် အခွင့် အလမ်းများဖန်တီးပေးသင့်ပါသည်။ ဆက်လက်၍လည်း ထိုလုပ်ထုံးလုပ်နည်း ဥပဒေများတွင် အနာဂတ်ကာလနှင့် လက်ရှိကာလရှိ မီဒီယာ ပိုင်ဆိုင်မှု လွှန်ကဲနေမှုအားထိန်းချုပ်ပေးနိုင်ရန် လက်တွေ့ကျကျအသေးစိတ် စည်းမျဉ်း စည်းကမ်းများပါဝင်ပြဋ္ဌာန်းပေးရန်လိုအပ်သည်။
- အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့သည်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လိုင်းနှုန်းစဉ်စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ကို ရုပ်သံလွှင့်လုပ်ငန်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပြီး ယင်းစီမံကိန်းနှင့် စီမံကိန်းပါ အချက်အလက်များကို အများပြည်သူသိရှိစေရန် တိုးမြှင့် ဆောင်ရွက်သင့်သည်။

- ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီသည် မီဒီယာမျိုးစုံတွင် အစိုးရကြော်ငြာများ မျှမျှတတနှင့် ဘက်လိုက်မှုမရှိဘဲ ထည့်သွင်းဖော်ပြနိုင်ရန် လမ်းညွှန်ချက်များ ချမှတ်သင့်သည်။
- ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သင့်သည်။ သို့မှသာ ပုံနှိပ်ထုတ်ဝေခြင်းဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုထံသို့ တိုက်ရိုက် သို့မဟုတ် မီဒီယာစည်းမျဉ်းစည်းကမ်း ထိန်းချုပ်ရေးအဖွဲ့မှတဆင့် ဖြန့်ဝေနိုင်ပါသည်။
- အစိုးရသည် မီဒီယာနှင့် ရပ်ရွာအခြေပြုအသံလွှင့်လုပ်ငန်းများကို တက်ကြွစွာ ပံ့ပိုးပေးနိုင်သည့် အခွန်မူဝါဒကို ထည့်သွင်းစဉ်းစားသင့်ပါသည်။
- မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီသည် ပုဂ္ဂလိက မီဒီယာများအတွက် ကြော်ငြာဆိုင်ရာကျင့်ဝတ် သို့မဟုတ် ကြော်ငြာနှင့်ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းပေးသင့်ပြီး ထိုစည်းမျဉ်းစည်းကမ်းများကို ပုဂ္ဂလိကမီဒီယာတိုက်များ သိရှိသတိပြုမိစေရန် ဆောင်ရွက်ပေးသင့်သည်။

# အခန်း (၃)

## ဒီမိုကရေစီကျသော
## ရေးသားပြောဆိုမှုများအတွက်
## မီဒီယာကို ပလက်ဖောင်း တစ်ခုအဖြစ်အသုံးပြုခြင်း

# အခန်း (၃)

## ဒီမိုကရေစီကျသော ရွေးကောက်ပွဲ သင်ခန်းစာ

## ဒီမိုကရေစီကျသော ရေးသားပြောဆိုမှုများအတွက် မီဒီယာကို ပလက်ဖောင်း တစ်ခုအဖြစ်အသုံးပြုခြင်း

### (က) လူ့အဖွဲ့အစည်း၏ မတူကွဲပြားစုံလင်မှုများကို ထင်ဟပ်သောမီဒီယာ

### ၃.၁ ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ရပ်ရွာအခြေပြုမီဒီယာတို့သည် နိုင်ငံတော်အတွင်း နေထိုင်သူအစုအဖွဲ့အားလုံး၏ အကျိုးကိုသယ်ပိုးခြင်း

မြန်မာနိုင်ငံသည် အကျယ်အဝန်းအရ အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ သည် အပူပိုင်းသစ်တောများနှင့် ကမ်းရိုးတန်းဒေသများမှမိုးနည်း၍ခြောက်သွေ့သော မြေနိမ့်မြေပြန့်ဒေသများထိ ဒေသအလိုက် ရာသီဥတု အမျိုးအစား ကွဲပြားစွာခံစားရရှိသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားသည် တိုင်းရင်းသားများ ကွဲပြားမှုအလိုက် အသွင်ကွဲပြားထူးခြားစွာတည်ရှိပါသည်။ လူဦးရေ ၅၁ သန်း ကျော်ရှိသော မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားသည့် တိုင်းရင်းသား ၁၃၅မျိုးနှင့်[၁၆၈] ဘာသာစကား၁၁၇မျိုး[၁၆၉] ရှိကြောင်းဖော်ပြထားသည်။မီဒီယာအနေဖြင့် လူမှုအဖွဲ့အစည်းအလွှာအားလုံးကလိုအပ်နေသောသတင်းအချက်အလက်များကို ဘာသာစကားအမျိုးမျိုးကိုအသုံးပြုပြီး အကြောင်းအရာ စုံစုံလင်လင်နှင့်

---

[၁၆၈] Smith, M. (1994). မြန်မာနိုင်ငံရှိ တိုင်းရင်းသားအုပ်စုများ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီနှင့် လူ့အခွင့် အရေး။ Human rights series. Anti-Slavery International. Retrieved from: http://www.ibiblio.org/obl/docs3/Ethnic Group in Burma.ocr.pdf

[၁၆၉] မြန်မာနိုင်ငံတွင် စာရင်းပြုစုထားသည့်တိုင်းရင်းသားတစ်မျိုးစီ၏ ဘာသာစကား အမျိုးအစားပေါင်း ၁၁၈ မျိုး ရှိသည်။ ၎င်းတို့အနက် ၁၁၇ မျိုးသည် အသုံးပြုလျက်ရှိပြီး တစ်မျိုးမှာပျောက်ကွယ်သွားပြီ ဖြစ်သည်။ အသုံးပြုလျက်ရှိသော ဘာသာစကားများအနက် ၁၁မျိုးမှာအများဆုံးအသုံးပြုပြီး၊ ၃၄ မျိုးသည်ဖော်ထုတ် နေဆဲဖြစ်သည်။ ၄၉မျိုးသည် အခိုင်အမာ တည်ရှိနေပြီး ၂၀မျိုးသည် အခက်အခဲ များနှင့်ရင်ဆိုင်နေရသည့် အပြင်၊ ၃ မျိုးမှာ ပျောက်ကွယ်လုနီးပါးဖြစ်သည်။Paul, L. M. Simons, G. F. and Fenning, C.D.(eds). 2015. Ethnologue: Languages of the World. Retrieved from: http://www.ethnologue.com

မီဒီယာပြုပြင် ပြောင်းလဲရေးအစီအစဉ်များ ရေးဆွဲခဲ့သော်လည်း ထိုဖွံ့ဖြိုးတိုးတက်မှုများကို အချိန်ယူမြှင့်တင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ မီဒီယာလုပ်ငန်းများအနေဖြင့် ရေရှည်ပြောင်းလဲမှုအတွက် စတင်နေပြီဟုသဘောပေါက် နားလည်ထားရမည် ဖြစ်သည်။

## ပုံနှိပ်မီဒီယာ

ယနေ့ခေတ်အခြေအနေအရ ပုံနှိပ်မီဒီယာသည် လူမှုအဖွဲ့အစည်း အလွှာအသီးသီး၊ အထူးသဖြင့် ဆင်းရဲချို့တဲ့သူလူတန်းစားနှင့် ကျေးလက်နေထိုင်သူအများစုတို့၏ လိုအပ်သည့်သတင်းအချက်အလက်များကို လုံလောက်စွာမပံ့ပိုးနိုင်ပါ။ နိုင်ငံ၏လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံအားနည်းမှုကြောင့် ပုံနှိပ်မီဒီယာဖြန့်ချိမှုသည် မြို့ကြီးများနှင့် အနီးပတ်ဝန်းကျင်ဒေသများအထိသာ အများဆုံးကန့်သတ်ထားသည်။ လူဦးရေ ၅၁.၅သန်း နေထိုင်သော မြန်မာနိုင်ငံတွင် နိုင်ငံပိုင်ပုံနှိပ်မီဒီယာနှစ်ခုဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံ သတင်းစာသည် ပုံနှိပ်မီဒီယာအားလုံးတွင်ဖြန့်ချိသောစောင်ရေ ၁၃၈၇၅၆ နှင့် ၁၈၀၀၀၀ အသီးသီးဖြင့် စောင်ရေ အများဆုံးဖြစ်သည်။ ထိုသတင်းစာများသည် မြန်မာဘာသာစကားတစ်မျိုးတည်းဖြင့် ထုတ်ဝေသော သတင်းစာများ ဖြစ်သည်။ ကျေးလက်တွင်နေထိုင်သူ အများစုသည် ပုံနှိပ်မီဒီယာကို ဖတ်ရှုခြင်းမရှိပါ။ ပုံနှိပ်သတင်းစာများသည် ကျေးလက်ပြည်သူတို့၏ နေ့စဉ်ဝင်ငွေ နှင့် နှိုင်းယှဉ်လျှင်ဈေးနှုန်း ကြီးမြင့်ရုံသာမက ၎င်းတို့ထံသတင်းစာရောက်ရှိသော အချိန်မှာ ရက်လွန်နောက်ကျနေသောကြောင့်လည်းဖြစ်သည်။ တိုင်းရင်းသားပုံနှိပ်မီဒီယာများသည် ဘာသာစကားမျိုးစုံနှင့် သတင်းအချက်အလက်များ ပုံနှိပ်ဖော်ပြနိုင်ရန် အရှိန်အဟုန်ဖြင့် စတင်ခဲ့သည်။ သို့သော်လည်း တိုင်းရင်းသား မီဒီယာများသည် ၎င်းတို့ဒေသတစ်ခုတည်းဖြန့်ဝေရန်စောင်ရေ ၁၀၀ လောက်သာ ကန့်သတ်ထုတ်ဝေနိုင်သည်။ အသုံးစရိတ်နှင့် အရည်အသွေး ကန့်သတ်ချက်များကြောင့် ၎င်းတို့၏ ကိုယ်ပိုင်အကြောင်း အရာအချက်အလက်များ ဖော်ပြခြင်းထက် ခေတ်ပေါ်ဂျာနယ်များမှ သတင်းများကိုဘာသာပြန်၍ တိုင်းရင်းသား ပုံနှိပ်သတင်းစာများ ပြန်လည် ထုတ်ဝေရန် စုပေါင်းလုပ်ဆောင်ကြရသည်။ တိုင်းရင်းသားမီဒီယာများ၏တင်ပြမှုများသည် လူနည်းစု

တိုင်းရင်းသား စာဖတ်ရှုသူများအတွက် သတင်းအချက်အလက်ရင်းမြစ်တစ်ခု အဖြစ်ဖော်ပြပေးနိုင်သော်လည်း ၎င်းတို့တင်ပြရာတွင် ပါဝင်သော အကြောင်းအရာများသည်တိုင်းရင်းသားလူမျိုးစု တစ်ခုလုံးအတွက်သိသာထင်ရှားလောက်အောင် ထူးခြား ကွဲပြားခြင်းမရှိပေ။[၁၇၉]

## ရုပ်သံလွှင့်မီဒီယာ

မြန်မာနိုင်ငံသည် ကျေးလက်ဒေသတွင် နေထိုင်သောလူဦးရေ ၇၀% နှင့်အတူ စိုက်ပျိုးမြေ အများဆုံးရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။[၁၈၀] နိုင်ငံတွင်း နေထိုင်သူ အများ စုသည် ၎င်းတို့အတွက် လိုအပ်သော သတင်းအချက်အလက် နှင့် ဖျော်ဖြေတင်ဆက် မှု များအတွက် ရုပ်သံလွှင့်မီဒီယာကို အားထားကြသောကြောင့် ပုံနှိပ်မီဒီယာများ ဖြန့်ချိ သည့် စောင်ရေကန့်သတ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ မကြာမီက ပြဋ္ဌာန်းခဲ့သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဥပဒေသည် ပုဂ္ဂလိကပိုင်၊ ပြည်သူပိုင်၊ ရပ်ရွာအခြေပြု မီဒီယာများနှင့် နိုင်ငံပိုင်ရုပ်သံလုပ်ငန်းများကို ရပ်တည်ခွင့်ပေးလိမ့် မည်ဖြစ်သော်လည်း ထိုဥပဒေအရ ဖော်ပြပါမီဒီယာအဖွဲ့ကြီးများ၏ လုပ်ငန်းလိုင်စင် ရရှိရန်အတွက် တာဝန်ရှိသော ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ မီဒီယာကောင်စီသည် ယခု စာတမ်းရေးသားထုတ်ဝေသည့် အချိန်၌ မဖွဲ့စည်းရသေးပေ။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ရုပ်သံလွှင့်မီဒီယာအားလုံးသည် အစိုးရ နှင့် ပုဂ္ဂလိကကုမ္ပဏီများ အတွင်း နိုင်ငံပိုင် သို့မဟုတ် အစိုးရ နှင့်ပုဂ္ဂလိက ဖက်စပ်လုပ်ငန်းများဖြစ်ကြသည်။ ပုဂ္ဂလိကပိုင်၊ ပြည်သူပိုင် နှင့် ရပ်ရွာအခြေပြု ရုပ်သံလွှင့်မီဒီယာ ဟူ၍ မြန်မာနိုင်ငံတွင် ယခုတိုင်မရှိသေးပါ။

မြန်မာနိုင်ငံတွင် နိုင်ငံပိုင် ရုပ်သံလွှင့်မီဒီယာ နှစ်ခုရှိပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိမြန်မာ့ အသံနှင့် ရုပ်မြင်သံကြားအသံလွှင့်ဌာန (MRTV) နှင့် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ မြဝတီရုပ်မြင်သံကြားဌာန (MWD) တို့ဖြစ်သည်။ ထိုရုပ်သံလွှင့် မီဒီယာဌာနကြီး နှစ်ခုသည် ရုပ်မြင်သံကြားအစီအစဉ်နှင့် ရေဒီယို အသံလွှင့်ခြင်းတို့ကိုပါ လုပ်ဆောင်သည်။ မြန်မာ့အသံ ရေဒီယိုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနက လုပ်ကိုင်ဆောင်ရွက်ပြီး သတင်းဦးစားပေးထုတ်လွှင့်သောဌာနဖြစ်သည်။

---

[၁၇၉] Burma News International ၏အဖွဲ့ဝင်တစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း ၂၂ ဖေဖော်ဝါရီ ၂၀၁၅။

[၁၈၀] မြန်မာနိုင်ငံ လူဦးရေ နှင့် အိမ်ထောင်စုစာရင်း / သန်းခေါင်စာရင်း (၂၀၁၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။ Retrieved from: http://www.themimu.info/census-data

ရင်းဌာနသည် သတင်းထုတ်လွှင့်ခြင်းကို လွှင့်ချိန်၏၄၅% သတ်မှတ်ထားပြီး တစ်ရက်မှာ ၁၀ကြိမ် ထုတ်လွှင့်သည်။[၅၂] မြဝတီရုပ်မြင်သံကြားဌာနသည် သဖင် FM ရေဒီယို အသံလွှင့်အစီအစဉ်ကို လုပ်ဆောင်ပြီး သတင်းထုတ်လွှင့်ခြင်းကို တစ်ရက်လျှင် ၄ကြိမ်၊ စုစုပေါင်း (၁) နာရီထုတ်လွှင့်သည်။ ထိုအသံလွှင့် ဌာနများမှ ထုတ်လွှင့်သော သတင်းများ၏ သတင်းအရင်းအမြစ်သည် တပ်မတော်ပိုင် သတင်းစာများဖြစ်သော မြဝတီ နေ့စဉ်ထုတ်သတင်းစာ နှင့် ရတနာပုံနေ့စဉ်ထုတ်သတင်းစာများဖြစ်ပြီး ထိုသတင်းစာများတွင် ပုံနှိပ်ဖော်ပြထားသော သတင်းများဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၏ မြန်မာ့အသံရေဒီယိုအသံလွှင့်အစီအစဉ်သည် တိုင်းရင်းသားဘာသာစကားများဖြင့် သတင်းထုတ်လွှင့်ခြင်းကိုလည်းလုပ်ဆောင်သည်။ မြန်မာ့အသံသည် ရေဒီယို ထုတ် လွှင့်မှုဌာနကို မြန်မာနိုင်ငံမြောက်ပိုင်း အသံလွှင့်ဌာနနှင့် တောင်ပိုင်း ထုတ်လွှင့်မှုဌာနဟူ၍ (၂)မျိုး ခွဲခြားထားသည်။ထိုဌာနနှစ်ခုစလုံးသည် ၎င်းတို့တည်ရှိရာ ပထဝီဝင် အနေအထားအရ အသုံးများသည့် တိုင်းရင်းသား ဘာသာစကားဖြင့် သတင်းထုတ်လွှင့်သည်။မြန်မာနိုင်ငံမြောက်ပိုင်းရှိ သတင်းထုတ်လွှင့်ဌာနသည် တိုင်းရင်းသား ဘာသာစကား (၉)မျိုးဖြင့် တစ်နေ့ကို ၁၅နာရီ ထုတ်လွှင့်ပြီး တောင်ပိုင်းရှိ သတင်း ထုတ်လွှင့်ဌာနသည် တိုင်းရင်းသား ဘာသာစကား (၈)မျိုးဖြင့် တစ်နေ့ကို (၁၃)နာရီထုတ်လွှင့်သည်။[၅၃]

မြန်မာနိုင်ငံတွင် အစိုးရနှင့် ပုဂ္ဂလိက ဖက်စပ် အသံလွှင့်ဌာန (၇)ခုလည်း ရှိပါသည်။ သတင်းအချက်အလက် များ ကျယ်ပြန့်စွာ လက်ခံရရှိနိုင်ရန် ပြန်ကြားရေး ဝန်ကြီးဌာနသည် စီးပွားရေးဆိုင်ရာအကျိုးအမြတ်များအတွက်မဟုတ်ပဲ ဖက်စပ် ရေဒီယိုအသံလွှင့်လုပ်ငန်းတစ်ခုချင်းစီကို သတ်မှတ်ထားသော နယ်မြေဧရိယာအလိုက် ထုတ်လွှင့်ရန် လိုင်စင်များ ခွဲပေးခဲ့သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ဝေးလံသောဒေသများတွင် သတင်းအချက်အလက်များလက်ခံရရှိမှု တိုးတက်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ တိုင်းနှင့် ပြည်နယ် (၁၄) ခုအနက်၊ တိုင်းနှင့်ပြည်နယ် နှစ်ခု (သို့မဟုတ်) သုံးခုတွင် ဖက်စပ်အသံလွှင့် လုပ်ငန်းတစ်ခုစီကို

[၅၂] ပြန်ကြားရေးဝန်ကြီးဌာန ၊ မြန်မာ့အသံ နှင့်ရုပ် မြင်သံကြားဌာန၏ ညွှန်ကြားရေးမှူး၏ "ရပ်ရွာ အခြေပြု ရေဒီယို နှင့် တိုင်းရင်းသား အသံများ" ဆိုသည့် ခေါင်းစဉ် နှင့် တင်ပြဆွေးနွေးခြင်း၊၊ တတိယ အကြိမ်မြောက် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ၊ ၁၈ စက်တင်ဘာ ၂၀၁၄၊

[၅၃] မြန်မာ့အသံ နှင့်ရုပ် မြင်သံကြားဌာန ညွှန်ကြားရေးမှူးနှင့် အီးမေးလ် ဆက်သွယ် မေးမြန်းခြင်း၊၊ ၁၀ ဇန်နဝါရီ ၂၀၁၆၊

ထုတ်လွှင့်စေခဲ့သည်။ ထိုအသံလွှင့်ဌာနများသည် ၎င်းတို့ထုတ်လွှင့်ရန် သတ်မှတ်ပေးထားသည့်နယ်မြေ၏ အဓိကကျသောတိုင်းရင်းသားဘာသာစကားဖြင့် အချို့သောအကြောင်းအရာများကို နေ့စဉ်ထုတ်လွှင့်ပေးသည်။ အောက်ပါဇယားသည် ပုဂ္ဂလိကဖက်စပ်အသံလွှင့်လုပ်ငန်းများမှ ထုတ်လွှင့်သည့်အသံလွှင့်ဌာနအမည်၊ ထုတ်လွှင့်သောဇရိယာနှင့် တိုင်းရင်းသား ဘာသာစကားများကိုဖော်ပြထားသည်။

ဇယား – ၃။ ဖက်စပ်အသံလွှင့်လုပ်ငန်း၏ အသံလွှင့်ဇရိယာနှင့် တိုင်းရင်းသားဘာသာစကားများ[၁၅၅]

| ဖက်စပ်အသံလွှင့်လုပ်ငန်းများ | ထုတ်လွှင့်သည့်ဇရိယာ | ရည်မှန်းချက် တိုင်းရင်းသားဘာသာစကားအစီအစဉ် |
|---|---|---|
| ပဒုမ္မာဝတီ FM | ရောဝတီတိုင်း နှင့် ရခိုင်ပြည်နယ် | ရခိုင် |
| မန္တလေး FM | စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန် နှင့် ပဲခူးတိုင်းတစ်ဝိုက် နေပြည်တော်တိုင်းဒေသကြီး | မန္တလေး FM မှ မြန်မာဘာသာတစ်မျိုးတည်းဖြင့်ထုတ်လွှင့်သည်။ |
| ရွှေ FM | ပဲခူး၊ တနင်္သာရီ၊ မကွေး၊ မန္တလေး နှင့် စစ်ကိုင်းတိုင်း၊ ကရင်၊ မွန် နှင့် ရှမ်းပြည်တောင်ပိုင်း၊ နေပြည်တော်တိုင်းဒေသကြီး | ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း |
| ပတ္တမြား FM | စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန် နှင့် ပဲခူးတိုင်းဒေသကြီး ကချင်ပြည်နယ်၊ နေပြည်တော်တိုင်းဒေသကြီး | ကချင် |
| ချယ်ရီ FM | ရှမ်း၊ ကယား နှင့် မွန်ပြည်နယ်၊ ရန်ကုန်၊ မန္တလေး နှင့် စစ်ကိုင်းတိုင်း၊ နေပြည်တော်တိုင်းဒေသကြီး | ရှမ်း |
| ပုဂံ FM | မကွေး၊ စစ်ကိုင်း၊ မန္တလေး နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ နေပြည်တော်တိုင်းဒေသကြီး | ချင်း |

[၁၅၅] မြန်မာနိုင်ငံရုပ်သံဌာန၊ လိုင်းတိုရေဒီယိုအသံလွှင့်ခြင်းသည် နိုင်ငံခြားသတင်းဌာနများ၏ အမျိုးအစားတစ်ခုလည်းဖြစ်သည်။ ထိုဖက်စပ် အသံလွှင့်လုပ်ငန်းတွင် ဘီဘီစီ မြန်မာပိုင်းအသံလွှင့်ဌာန၊ ဗွီအိုအေနှင့် လွတ်လပ်သောအာရှအသံတို့ပါဝင်သည်။ ထိုရုပ်သံလွှင့် လုပ်ငန်းများသည် တရားဝင်အသိအမှတ် ပြုထားခြင်းမဟုတ်သောကြောင့် စိစစ်ခြင်းတွင် ထည့် သွင်းထားခြင်းမရှိပေ။ သို့သော်လည်း၎င်းတို့ကို မြန်မာနိုင်ငံတွင်သတင်းရစ်မြစ်တစ်ခုအဖြစ် ဖော်ပြကြသည်။ ၎င်းတို့ထုတ်လွှင့်မှုများကို နားထောင် သူအများစုသည်လူကြီးပိုင်းများဖြစ်ပြီး အထူးသဖြင့်တိုင်းရင်းသား လူနည်းစုများမှဖြစ်သည်။

[၁၅၆] ၂၀၁၄ ဇက်တင်ဘာလ ၁၈ ရက်နေ့ တွင် ကျင်းပသော တတိယအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၊ ညွှန်ကြားရေးမှူးဦးဇေယျာတင်ပြသော "ရပ်ရွာအခြေပြုရေဒီယိုနှင့် တိုင်းရင်းသားအသံများ" power မှ ထုတ်ယူဖော်ပြသည်/ မှတ်ချက်၊ City FM၊ သဇင် FM၊ မြန်မာ့အသံရေဒီယိုတို့သည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဖက်စပ် ပြုလုပ်ခြင်း မဟုတ် သောကြောင့်ထိုစာရင်းတွင်မပါဝင်ခြင်းဖြစ်သည်။

ရုပ်မြင်သံကြားထုတ်လွှင့်မှုသည် မြန်မာနိုင်ငံရှိ ပြည်သူများအတွက် သတင်းနှင့် သတင်းအချက်အလက်များ တိုက်ရိုက် လက်ခံရရှိနိုင်သော နောက်ထပ်ကြားခံ ဆက်သွယ်ရေးနည်းလမ်းတစ်ခု ဖြစ်သည်။ ဖက်စပ်ရုပ်သံ မီဒီယာများက နှစ်စဉ်ကြေး ပေး၍ ၎င်းတို့၏ထုတ်လွှင့်မှုအစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန်ဆောင်ရွက်ခဲ့သည်။ သို့သော် နိုင်ငံတွင်းနေထိုင်သူအများအပြားသည် နှစ်စဉ်ကြေးပေးရန် မတတ်နိုင်ပေ။ အထူးသဖြင့် ဝင်ငွေနည်းပါးသော ကျေးလက်ဒေသများတွင် အများစုသည် အခမဲ့ ထုတ်လွှင့်သောရုပ်သံလိုင်းများကိုသာ ကြည့်ရှုကြသည်။[၃၇၆] နိုင်ငံပိုင် မီဒီယာ (မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားဌာန နှင့် မြဝတီရုပ်သံလွှင့်ဌာန) နှစ်ခုစလုံးသည် အခမဲ့ထုတ်လွှင့်သော ရုပ်သံလိုင်းတစ်လိုင်းလွှင့်ပေးသည်။ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားဌာနသည် သတင်းဦးစားပေးထုတ်လွှင့်ပြီး ၎င်း၏ အခမဲ့ ရုပ်သံ လိုင်းမှ တစ်ရက်ကိုစုစုပေါင်း (၉) နာရီသတင်းထုတ်လွှင့်ပေးသည်။ မြဝတီအခမဲ့ထုတ်လွှင့်သော ရုပ်သံလိုင်းမှ တစ်ရက်လျှင် သတင်းကို (၆)ကြိမ် ထုတ်လွှင့်သည်။[၃၇၇] ဖက်စပ်ရုပ်သံလွှင့်ဌာနများ၏ အခမဲ့ရုပ်သံလိုင်းမှ သတင်းကို (၅) ကြိမ် ထုတ်လွှင့် ပေးသည်။ MRTV-4 ရုပ်သံလွှင့်ဌာန၏ MRTV-4 နှင့် Channel 7 အခမဲ့ ထုတ်လွှင့်သောရုပ်သံလိုင်းမှ အန်နာလော့ (Analog) နှင့် ဒစ်ဂျစ်တယ် (Digital) နည်းစနစ်ဖြင့် ထုတ်လွှင့်သည်။ ထိုရုပ်သံလွှင့်ဌာနမှ ဒစ်ဂျစ်တယ်နည်းစနစ်ဖြင့် အခမဲ့ ထုတ်လွှင့်သော ရုပ်သံလိုင်းနှစ်လိုင်းဖြစ်သည့် မဟာဗောဓိ ရုပ်သံလိုင်းနှင့် စာဖတ်သူတို့ ရုပ်သံလိုင်းကိုလည်း ထုတ်လွှင့်ပေးသည်။ မဟာဗောဓိရုပ်သံလိုင်းထုတ်လွှင့်မှု အစီအစဉ်သည် ဘာသာရေးဆိုင်ရာ တရားတော်များကဲ့သို့ ဗုဒ္ဓဘာသာနှင့် ဆက်စပ်သော အကြောင်းအရာများဖြစ်ပြီး စာဖတ်သူတို့ရုပ်သံလိုင်းထုတ်လွှင့်မှုအစီအစဉ်မှာ စာပေနှင့်ပတ်သက်သော အကြောင်းအရာများ ထုတ်လွှင့်ခြင်း ဖြစ်သည်။[၃၇၈]

---

[၃၇၆] DW Akademie (2015). မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသဘောတရားအမြင်အညွှန်း။ ရန်ကုန်၊ မြန်မာ။

[၃၇၇] မြဝတီရုပ်မြင်သံကြားဌာနမှ ဒိုက်ရိုက်တာကြီးတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၁ ဒီဇင်ဘာ ၂၀၁၅။

[၃၇၈] Forever Group. (n.d.) . Forever Group အခမဲ့ထုတ်လွှင့်သောရုပ်သံလိုင်း။ Retrieved from: http:www.forevergroup.com.mm/free-to-air.html

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနသည် ရေဒီယိုကဲ့သို့ပင် ရုပ်မြင်သံကြားသတင်း အစီအစဉ်တွင် တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်ရန်လည်း ကြိုးပမ်းခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တွင် တိုင်းရင်းသားအစီအစဉ်ကို စတင်ထုတ်လွှင့်ခဲ့ပြီး[၁၇၉] တစ်ရက်လျှင် နာရီပေါင်း (၁၇)နာရီ တိုင်းရင်းသားဘာသာ (၁၁) မျိုးဖြင့်သတင်းထုတ်လွှင့်သည်။[၁၈၀] ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် သတင်းများစုဆောင်းရရှိရန် နိုင်ငံတဝှမ်းရှိ (၁၃) နေရာတွင် သတင်းလက်ခံသည့်ဌာန များဖွင့်လှစ်ခဲ့သည်။[၁၈၁] တိုင်းရင်းသားအစီအစဉ်မှ နေ့စဉ်သတင်းထုတ်လွှင့်သည့် အချိန်ဇယားကို အောက်တွင်ဖော်ပြထားပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် လူနည်းစု တိုင်းရင်းသားအဖွဲ့အစည်းများကို သတင်းအချက်အလက်များပေးပို့ရန် တိုင်းရင်းသား အစီအစဉ်ကို တည်ထောင်ခြင်း သည်ငြိမ်းချမ်းရေးကို အစပျိုးခြင်း ဖြစ်သော်လည်း နယ်မြေအလိုက် ထုတ်လွှင့်သောအကြောင်းအရာကို ကန့်သတ်ထားသည်။ များသောအားဖြင့် ပညာရေးနှင့်ဆိုင်သော အကြောင်းအရာများကို အဓိက ထားသည်။ (ဥပမာ၊ တိုင်းရင်းသားရိုးရာဟင်းချက်နည်း)။ ထိုတိုင်းရင်းသားအစီအစဉ်သည် ဒီဂျစ်တယ်နည်းစနစ်ဖြင့် ထုတ်လွှင့်သော အစီအစဉ်ဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိသူမရှိသလို ကြည့်ရှုသူလည်းမရှိပေ။ ကျေးလက်ဒေသများတွင် နေထိုင်သော ပြည်သူများသည် ဒီဂျစ်တယ်နည်းစနစ်ဖြင့် ထုတ်လွှင့်သောအစီ အစဉ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် နည်းပညာ တတ်ကျွမ်းမှုမရှိသောကြောင့်အသုံးမပြုတတ်ကြပေ။ ထိုဒီဂျစ်တယ်လိုင်းကို ဖမ်းယူရန်ဒစ်ဂျစ်တယ်တီဗွီ သို့မဟုတ် DVB-T2 Set-top box (ကြားခံစက်တစ်မျိုး)ကဲ့သို့ စက်ပစ္စည်းများ လိုအပ်ပါသည်။[၁၈၂]

---

[၁၇၉] မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားသည် အခြားဒစ်ဂျစ်တယ်စနစ် ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းနှစ်ခုကိုလည်း စတင်လုပ်ဆောင်ခဲ့သည်။ တောင်သူလယ်သမားအစီအစဉ်ရုပ်သံလိုင်းကို နေ့စဉ် ၄ နာရီ ၄ကြိမ် ထုတ်လွှင့်ပြီး လွှတ်တော် အစီအစဉ် ရုပ်သံလိုင်းကို လွှတ်တော် အစည်း အဝေးများ ကျင်းပနေချိန် တစ်နေ့ ကို ၁၆နာရီ ထုတ်လွှင့်သည်။

[၁၈၀] ယင်း

[၁၈၁] မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာန မှ ညွှန်ကြားရေးမှူးနှင့် အီးမေးလ် ဆက်သွယ်ခြင်း၊ ၁၀ ဇန်နဝါရီ ၂၀၁၆။

[၁၈၂] DW Akademie (2015). မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသဘောတရားအမြင်အညွှန်း။ ရန်ကုန်၊ မြန်မာ။

ဇယား – ၄။ တိုင်းရင်းသားဘာသာစကားဖြင့် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ သတင်းထုတ်လွှင့်မှု အချိန်ဇယား[၁၀၃]

| အမှတ်စဉ် | ဘာသာစကား | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁ | စကောကရင် | ၀၆း၀၀ - ၀၇း၀၀ (၁ နာရီ) |
| ၂ | ပိုးကရင် (အနောက်) | ၀၇း၀၀ - ၀၈း၀၀ (၁ နာရီ) |
| ၃ | ပိုးကရင် (အရှေ့) | ၀၈း၀၀ - ၀၉း၀၀ (၁ နာရီ) |
| ၄ | ချင်း (လိုင်ဇို) | ၀၉း၀၀ - ၁၀း၀၀ (၁ နာရီ) |
| ၅ | ချင်း (ဇိုု) | ၁၀း၀၀ - ၁၁း၀၀ (၁ နာရီ) |
| ၆ | မွန် | ၁၁း၀၀ - ၁၃း၀၀ (၂ နာရီ) |
| ၇ | ရခိုင် | ၁၃း၀၀ - ၁၅း၀၀ (၂ နာရီ) |
| ၈ | ရှမ်း | ၁၅း၀၀ - ၁၇း၀၀ (၂ နာရီ) |
| ၉ | ဝ | ၁၇း၀၀ - ၁၉း၀၀ (၂ နာရီ) |
| ၁၀ | ကချင် | ၁၉း၀၀ - ၂၁း၀၀ (၂ နာရီ) |
| ၁၁ | ကယား | ၂၁း၀၀ - ၂၃း၀၀ (၂ နာရီ) |

ကျေးလက်ဒေသတွင် နေထိုင်သော ပြည်သူအများစုသည် နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနနှင့်ဖက်စပ်ရုပ်သံလွှင့် ဌာနများမှတိုက်ရိုက်ထုတ်လွှင့်သည့် သတင်းအစီအစဉ်များကို အဓိကအားထားကြည့်ရှုကြရသည်။ ဖက်စပ်ရုပ်သံလွှင့် ဌာနများသည် သတင်းပေးရန်နှင့် ပြန်ကြားပေးရန်ထက် ဖျော်ဖြေရေးအစီအစဉ်များကိုပိုမိုဦးစားပေးထုတ်လွှင့်ကြသည်။ ထိုရုပ်သံလိုင်းများမှတင်ပြသော သတင်းများမှာလည်း သတင်းရင်းမြစ်တစ်ခုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပုံမှန်ထုတ်လွှင့်သည့်သတင်း များကို ထုတ်လွှင့်ခြင်းဖြစ်သည်၊ ထိုအနေအထားမှာပင် အချို့သော ဖက်စပ်ရုပ်သံလွှင့် လုပ်ငန်းများသည် မိမိတို့၏ကိုယ်ပိုင်ထုတ်လုပ်သော အစီအစဉ်အချို့နှင့် လွတ်လပ်သော မီဒီယာ အဖွဲ့အစည်းများမှ ပေးပို့လာသော သတင်းများထုတ်လွှင့်ခြင်းကို စတင်လုပ်

[၁၀၃] ၂၀၁၄ ဇက်တင်ဘာ ၁၈ ရက်နေ့တွင်ကျင်းပသော တတိယအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး တင်ပြသော "ရုပ်ရှာအခြေပြုရေဒီယိုနှင့် တိုင်းရင်းသားအသံများ" ပါဝါပွိုင့်မှ ထုတ်ယူ ဖော်ပြသည်၊

ဆောင် လာကြသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှ တရားဝင်ထုတ်ဖော်ပြောကြားချက်အရ ယခုအခါ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သော သတင်းများ၏ ၆၀% နီးပါးသည် ပုဂ္ဂလိကမီဒီယာအဖွဲ့အစည်းများမှ ပေးပို့သောသတင်းများဖြစ်ကြောင်း သိရသည်။[၁၈၇]

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနသည် သတင်းများ၊ ပညာရေး နှင့်သတင်းအချက်အလက် များ ပြည်သူ တို့ထံ ပိုမို ကျယ်ပြန့်စွာရောက်ရှိစေရန် မြှင့်တင်နေသော်လည်း သတင်းရင်းမြစ်တစ်ခုတည်းက အထူးသဖြင့် အစိုးရ တစ်ခုတည်းက ထိန်းချုပ်ထားပါက မတူကွဲပြားသော လူ့အဖွဲ့အစည်းများက လိုအပ်သည့် သတင်းလိုအပ်ချက်များကို လုံလောက်စွာမပေးနိုင်ကြောင်း တွေ့ရသည်။ နိုင်ငံပိုင်မီဒီယာအဖြစ် ထင်ထင်ရှားရှား ရပ်တည်လျက်ရှိသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နိုင်ငံရေးအနှောင်အဖွဲ့ကင်းလွတ်သော၊ အစိုးရ၏အမိုးအကာကင်းသော အဖွဲ့အစည်းဟုပြော၍မရပေ။ အလားတူ ၎င်းတို့က သတင်းများ ပံ့ပိုးပေးနေသော ဖက်စပ်ရုပ်သံလုပ်ငန်းများကို အစိုးရ၏အမိုးအကာကင်းသော အဖွဲ့အစည်းအဖြစ်မယူဆနိုင်ပေ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို မြေယာသိမ်းမှုများ၊ ပြည်တွင်းစစ်ပွဲ များနှင့် အကျင့်ပျက်ခြစားမှုများကဲ့သို့ တားမြစ်ထားသော လူမှုရေးအကြောင်းအရာများကို ရှောင်လွှဲပြီး အစိုးရကို အကောင်းမြင်စေသည့် အကြောင်းအရာများသာ ထုတ်လွှင့်ပြသခြင်းကြောင့် ဘက်လိုက်တင်ပြသည်ဟု ပြည်သူက ရှုမြင်ကြသည်။[၁၈၈] အလားတူပင် မြဝတီရုပ်မြင်သံကြားဌာန နှင့် သဒင် FM ရေဒီယိုတို့သည် အများပြည်သူသိရှိရန် သတင်းရင်းမြစ်များ ထုတ်လွှင့်ပေးသော်လည်း ၎င်းဌာနများသည် တပ်မတော်၏လက်အောက်မှ မီဒီယာအဖွဲ့အစည်း ဖြစ်သောကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနထက်ပင် ပြည်သူများ၏ ယုံကြည်လက်ခံမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရသည်။[၁၈၉] ကြီးမား

---

[၁၈၇] မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူး၊ မီဒီယာဖွံ့ဖြိုးမှုတိုင်းတာချက်များ အတည်ပြုလက်ခံခြင်း အလုပ်ရုံဆွေးနွေးပွဲ၊ ၁၉ ဇန်နဝါရီ ၂၀၁၆။

[၁၈၈] DW Akademie (2015). မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသဘောတရားအမြင်အညွှန်း၊ Author. Yangon, Myanmar.

[၁၈၉] ယင်း

ကျယ်ပြန့်သော ရုပ်သံလွှင့်လုပ်ငန်းများနှင့် အစီအစဉ်ထုတ်လုပ်သူအများအပြား လိုအပ်လျက်ရှိပါသည်။ ထိုသို့သောအဖွဲ့အစည်းများတွင် ပုဂ္ဂလိကပိုင်၊ ပြည်သူပိုင်နှင့်ရပ်ရွာအခြေပြု ရုပ်သံမီဒီယာ လုပ်ငန်းများ ပါဝင်ရမည်ဖြစ်ပြီး ယခုလောလောဆယ် မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားခြင်းမရှိသေးပါ။ ထိုမီဒီယာ အဖွဲ့အစည်းများ ပေါ်ပေါက်လာပါက နိုင်ငံရေးနှင့် စီးပွားရေးအခနောင်အဖွဲ့များကင်းဝေးပြီး ရေရှည်တွင်ယှဉ်ပြိုင်မှု အားကြီးသည့် မီဒီယာဝန်းကျင်တစ်ခု ဖြစ်ထွန်းလာနိုင်ပါသည်။

## ၃.၂။ မီဒီယာအဖွဲ့အစည်းများသည် လုပ်ငန်းခွင်တွင် ဝန်ထမ်းခန့်ထားရာ၌ ကျား၊ မ၊ အသားအရောင် ခွဲခြားဆက်ဆံခြင်းမရှိသော စနစ်မျိုးကို ကျင့်သုံးခြင်း

သုတေသီများ မီဒီယာလုပ်ငန်းမန်နေဂျာများနှင့် တွေ့ဆုံဆွေးနွေးခြင်းတွင် မီဒီယာတိုက် အများစု သည် မိမိတို့၏ လုပ်ငန်းတွင် ဝန်ထမ်းခန့် ထားရာ၌ အမျိုးသမီးများ၊ တိုင်းရင်းသား လူနည်းစု အဖွဲ့အစည်းများဟူ၍ သိသိသာသာ ခွဲခြားဆက်ဆံသော မူဝါဒများ ရေးဆွဲထားခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။ သို့သော်လည်း မီဒီယာလုပ်ငန်းခွင်အတွင်း လူနည်းစုတိုင်းရင်းသားများနှင့် ကျား၊မ အချိုးအစားမညီမှု ကိစ္စရပ်များသည် ဘက်လိုက်မှု များကို ဆက်လက် ဖြစ်ပေါ်စေသည်။ ထိုသို့ဘက်လိုက်မှုများရှိနေခြင်းကြောင့် မီဒီယာ လုပ်ငန်းခွင်တွင် ဗမာလူမျိုး အများစုကိုကိုယ်စားပြုသော အမျိုးသားများကသာ အဓိကစီမံခန့်ခွဲရသော အကျိုးရလဒ် ဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံရှိမီဒီယာလုပ်ငန်းများတွင် ဆုံးဖြတ်ချက် ချပိုင်ခွင့်ရှိသော ရာထူးအဆင့်အတန်းကို အမျိုးသမီးဝန်ထမ်း အနည်းငယ်ကိုသာ တိုးမြှင့်ပေးသော်လည်း အမျိုးသမီးများသည် အလုပ်လုပ်သူဦးရေ၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သည်။[၁၈၇] မီဒီယာလုပ်ငန်းများတွင်အမျိုးသမီးဝန်ထမ်းအများစုသည်အလယ်အလတ် ရာထူးအဆင့် နှင့် အနိမ့်ဆုံး ရာထူးများသာ ရရှိပြီး အကြောင်းအရာများကို အင်္ဂလိပ်ဘာသာစကားဖြင့် ထုတ်ဝေသော မီဒီယာများ၊ မီဒီယာလုပ်ငန်းများနှင့် ရင်းနှီးစွာ

[၁၈၇] Fojo Media Institute (2015). မြန်မာမီဒီယာအခန်းကဏ္ဍတွင်ကျား၊မပါဝင်မှု၊ ရန်ကုန်နှင့်ပြင်ပ ဓနိယာများတွင်ပထမအကြိမ် လေ့လာခြင်း၊ Athour. Retrieved from: http://www.mediasupport.org/wp-content/uploads/2015/03/FOJO GENDER FINAL.pdff

ပတ်သက်ဆက်နွယ်မှုရှိသည့် အမျိုးသမီးအနည်းငယ်သာ ရာထူးကြီးနေရာတွင် လုပ်ကိုင်ကြရသည်။ ထိုရာထူးကြီးနေရာတွင် လုပ်ကိုင်ရသော အမျိုးသမီးများကိုယ်တိုင်ပင် အမိက အကြောင်းအရာများတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိပေ။ မကြာမီက မီဒီယာလုပ်ငန်းများ၏ ကျား၊ မ ခွဲခြားဆက်ဆံခြင်း နှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်အရ -

> "မြန်မာနိုင်ငံရဲ့ မီဒီယာလုပ်ငန်းကဏ္ဍနဲ့ ရင်ဘောင်တန်းလာနိုင်တာ သတင်းခန်းတွေထဲမှာ အမျိုးသမီးတော်တော်များများ အားတက်သရော လုပ်ကိုင်ဆောင်ရွက်နေတာကို ကြည့်တာနဲ့ သိနိုင်တယ်။ ဒါပေမယ့် မီဒီယာ လုပ်ငန်းခွင်မှာ ဆုံးဖြတ်ချက်ချပေးရတဲ့ နေရာမှာတော့ အမျိုးသားတွေသာသိသိသာသာလွှမ်းမိုးနေဆဲပဲ" [၁၀၈]

ထို့အပြင် မီဒီယာလုပ်ငန်းခွင်အတွင်း ရာထူးကြီးနေရာများတွင်လုပ်ကိုင်နေရသော အမျိုးသမီးများကို ပေါ့ပေါ့ပါးပါး အကြောင်းအရာများဖြစ်သော အလှအပရေးရာ၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဖျော်ဖြေမှု နှင့် ကျော်ကြားသောသတင်းများ လူကြိုက်များသည့် အနုပညာသတင်း စသည့်ကဏ္ဍများတွင် တာဝန်ချထားပေးလေ့ရှိသည်။ လတ်တလောဖြစ်ပျက်သော အရေးအခင်းများ၊ နိုင်ငံရေးနှင့်ပဋိပက္ခ အစရှိသော အကြောင်းအရာများကို အမျိုးသား သတင်းထောက်များအား ၎င်းတို့အထူးပြုသည့် သတင်းအမျိုးအစား အလိုက်တာဝန်ခွဲဝေပေးသည်။ [၁၀၉] သုတေသနပြုချက်အရ မီဒီယာလုပ်ငန်းခွင်တွင် အမျိုးသမီးများကိုများသောအားဖြင့် အိမ်ထောင်သည်မိခင်ဖြစ်သွားသည့်အချိန်တွင် အလုပ်ခန့်ထားမှုကန့်သတ်ချက်များရှိလာကြောင်း တွေ့ရပါသည်။

---

[၁၀၈] ယင်း

[၁၀၉] Article 19(2015), ဝိတ်ဆို့ခံထားရသော ကျား၊မရေးရာ၊ မြန်မာနိုင်ငံတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ကဏ္ဍများတွင် အမျိုးသမီးများ၏ အခွင့်အရေး၊ Athor. Retrieved from: http://www.article19.org/resources.php/resource/ 38032/ en/country-report:-censored-gender

မြန်မာနိုင်ငံရှိတိုင်းရင်းသားမီဒီယာများသည် လူနည်းစုတိုင်းရင်းသား အဖွဲ့အစည်းများကို ကောင်းစွာ ကိုယ်စား ပြုသည်။ ထိုတိုင်းရင်းသားမီဒီယာအဖွဲ့အစည်းများသည် ထုံးစံအတိုင်း လူနည်းစုတိုင်းရင်းသားများကသာ အဓိက ထား လုပ်ဆောင်ကြပြီး ထိုလူနည်းစုတိုင်းရင်းသားများ၏ ဘာသာစကားဖြင့် သတင်းအချက်အလက်များထုတ်လွှင့်ဖော်ပြ ပေးသည်။ သို့သော်လည်း တိုင်းရင်းသားမီဒီယာတိုက်များသည် မီဒီယာလုပ်ငန်းကြီးများတွင် ခန့်အပ်ထားသော စုစုပေါင်းဝန်ထမ်းအင်အား၏ နည်းပါးသောအချိုးအစားမျှလောက်သာရှိသည့် အသေးငယ်ဆုံး အဖွဲ့ အစည်းများဖြစ် သည်။

## ၆။ အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြားနှင့် အသံလွှင့်ပုံစံ

### ၆.၁။ ပြည်သူ့အကျိုးပြု မီဒီယာများ၏ရပ်တည်မျှော်မှန်းချက်များကို ဥပဒေဖြင့် ကောင်းစွာ ပြဋ္ဌာန်းကာ အာမခံချက် ပေးထားခြင်း

မြန်မာနိုင်ငံတွင်အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်း မရှိသော် လည်း ၂၀၁၄ ခုနှစ်တွင် ပြန်ကြားရေး ဝန်ကြီးဌာနသည် အများပြည်သူဝန်ဆောင်မှု မီဒီယာ ဥပဒေမူကြမ်း ရေးဆွဲခဲ့သည်။ ထိုအချိန်၌ ပြန်ကြားရေး ဝန်ကြီး ဌာနသည် ဥပဒေမူကြမ်းပါအချက်အလက်များကို ဝေဖန်အကြံပြုချက်များပေးရန် အရပ်ဖက် အဖွဲ့ အစည်း များနှင့် မီဒီယာအဖွဲ့ အစည်းများကို အလုပ်ရုံဆွေးနွေးပွဲ သို့တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။ ထိုဥပဒေမူကြမ်းတွင်ပါဝင်သော အခန်းပေါင်းများစွာနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် အထူးသဖြင့်ဥပဒေမူကြမ်းတွင် ပါဝင်သော အများပြည်သူ ဝန်ဆောင်မှု ပုံနှိပ်မီဒီယာအကြောင်းကို အများဆုံးဆွေးနွေးခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် အစိုးရသည် ထိုဥပဒေမူကြမ်းကို ရုတ်သိမ်းလိုက်သည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှုရုပ်သံလွှင့်လုပ်ငန်းသို့ ပြောင်းလဲရန်အတွက်  ထိုဥပဒေမူကြမ်းကို ပြန်လည်ရေးဆွဲရန် စီစဉ် ဆောင်ရွက်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၏ညွှန်ကြားရေးမှူး အဆိုအရ အများပြည်သူ ဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်း ကဲ့သို့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန အတွက် ပဋိညာဉ်တစ်ခု ရေးဆွဲခြင်းဖြစ်သည်။[၁၉၀] ထိုပဋိညာဉ်သည် မဟာဗျူဟာစီမံကိန်းများကို တာဝန်

[၁၉၀] မီဒီယာဖွံ့ဖြိုးမှု အဖွဲ့အစည်း DW Akadamie က ပဋိညာဉ် ရေးဆွဲခြင်း တွင် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ပေးခဲ့သည်။ သုတေသန စာတမ်းရေးသားနေသည့်အချိန်၌ သုတေသနပြုလုပ်သူများသည် လက်ရှိမူကြမ်းရေးဆွဲနေသော လုပ်ငန်းစဉ် ကိုရှာဖွေမပေးနိုင်ခဲ့ပါ။

ယူရသော အမှုဆောင်ကောင်စီနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၏ နေ့စဉ် လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ရသော ဒါရိုက်တာအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်းရန် ပြဋ္ဌာန်းပေးရမည်။[၃၉၁]

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနအနေဖြင့် အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းသို့ ပြောင်းလဲခြင်းလုပ်ငန်းစဉ်ကို တရားဝင်ဖော်ပြထားခြင်း မရှိသော်လည်း မူလကတည်းက ဤကဲ့သို့ရှေ့ဆက် ဆောင်ရွက်ရန်ရည်ရွယ်ထားပြီးသား ဖြစ်သည်။ ပြီးခဲ့သောနှစ်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် သတင်းခန်း တွင် တာဝန်ထမ်းဆောင်ရသည့် ၎င်းတို့၏ ဝန်ထမ်းများအား သင်တန်းပေးခြင်း၊ သတင်း ထုတ် လွှင့်မှုအစီအစဉ်များ တိုးမြှင့်ခြင်း၊ ထုတ်လုပ်မှု ကွန်ယက်ချဲ့ထွင်ခြင်းဖြင့် သတင်း တင်ဆက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၏ သတင်းထုတ်လွှင့်မှုအစီအစဉ်ကို လွန်ခဲ့သောနှစ်က ထုတ်လွှင့်ချိန် ၆၀% ထိ တိုးမြှင့်ခဲ့သည်။[၃၉၂] ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် မြန်မာ့အသံနှင့် ရုပ်မြင် သံကြားဌာနသည် တိုင်းရင်းသားရုပ်သံလိုင်း၊ တောင်သူလယ်သမားများ ရုပ်သံလိုင်း နှင့် လွှတ်တော်သတင်းများရုပ်သံလိုင်းဟူ၍ ဒီဂျစ်တယ်နည်းစနစ်ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်း(၃) ခုကို စတင်ထုတ်လွှင့်ပေးခဲ့သည်။[၃၉၃] ၂၀၁၃ခုနှစ် ဧပြီလတွင် မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားသည် ၎င်းတို့၏ ဒီဂျစ်တယ်ရုပ်သံလိုင်းမှ အွန်လိုင်းစနစ်ဖြင့် ဗွီဒီယို ထုတ်လွှင့်ခြင်းကို စတင်ပြုလုပ်ခဲ့သည်။[၃၉၄] အဆိုပါ ဖွံ့ဖြိုးတိုးတက်လာမှုများသည် လူတစ်ဦးချင်းစီအတွက် သတင်းအချက်အလက် ရယူနိုင်မှုများ နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းတင်ဆက်မှု အရည်အသွေးများ တိုးတက်လာသော်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အများပြည်သူဝန်ဆောင်မှုရုပ်သံလွှင့် လုပ်ငန်း တစ်ခုအဖြစ် ပြတ်ပြတ်သားသား သတ်မှတ်၍မရသည့်အပြင် အစိုးရထံမှ အယ်ဒီတာ လွတ်လပ်ခွင့်မရရှိသေးပေ။

---

[၃၉၁] မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာန မှ ညွှန်ကြားရေးမှူးနှင့် အီးမေးလ် ဆက်သွယ်ခြင်း၊ ၃၀ ဇန်နဝါရီ ၂၀၁၆။

[၃၉၂] ယင်း။

[၃၉၃] လွှတ်တော်ဆိုသည်မှာ မြန်မာနိုင်ငံ၏ ပါလီမန် ဖြစ်သည်။ လွှတ်တော် အစည်းအဝေး ကျင်းပချိန်ကို ထို ရုပ်သံလိုင်းက တိုက်ရိုက် ထုတ်လွှင့်ပေးသည်။

[၃၉၄] ယင်း။

## ၃.၄။ ပြည်သူ့အကျိုးပြု မီဒီယာလုပ်ငန်းများအနေဖြင့် မည်သည့်အနေအထားတွင် မဆို ခွဲခြားဆက်ဆံခြင်းမျိုး မရှိအောင် ဆောင်ရွက်ခြင်း

နိုင်ငံပိုင်မီဒီယာမှ အများပြည်သူ့ဝန်ဆောင်မှုရုပ်သံလွှင့်လုပ်ငန်းသို့အသွင် ကူးပြောင်းခြင်းသည်မြန်မာ့အသံ နှင့်ရုပ်မြင်သံကြားဌာန၏ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။ ဤကဲ့သို့သောအများပြည်သူ့ဝန်ဆောင်မှုရုပ်သံလွှင့်လုပ်ငန်း သည် မီဒီယာလုပ်ငန်း များ လုပ်ဆောင်ရာတွင် မည်သည့်ခွဲခြားဆက်ဆံခြင်းမျိုးမှ မပြုလုပ်ရပေ။

## ၃.၅။ လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိသော အုပ်ချုပ်မှုစနစ်

နိုင်ငံပိုင် မီဒီယာတစ်ခုဖြစ်သော မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားဌာန၏ ဖွဲ့စည်းအုပ်ချုပ်ပုံသည် နိုင်ငံရေး အနောင်အဖွဲ့မှ ကင်းလွတ်သော သို့မဟုတ် အစိုးရမှ အမိန့်အခိုကင်းလွတ်သော လွတ်လပ်သည့် မီဒီယာအဖွဲ့အစည်းတစ်ခုအဖြစ် ပြတ်ပြတ် သားသား သတ်မှတ်၍မရပေ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနကို ညွှန်ကြားရေး မှူးချုပ် (၁)ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂)ဦး နှင့် ညွှန်ကြားရေးမှူး (၇)ဦး တို့က စီမံအုပ်ချုပ်သည်၊ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးသည် အုပ်ချုပ်ရေးကို ကြီးကြပ်ရသူ ဖြစ်ပြီး အခြားတစ်ဦးသည် ထုတ်လွှင့်မှုအစီအစဉ်များကို ကြီးကြပ်ရ သောသူ ဖြစ်၍ အယ်ဒီတာချုပ်တစ်ဦးကဲ့သို့ပင် ဖြစ်သည်။ ထိုမြန်မာ့အသံ နှင့် ရုပ်မြင်သံကြားဌာနတွင် ဌာနကြီး(၇) ခုရှိပြီး တစ်ဌာနချင်းစီ / ဌာနတစ်ခုစီကို ညွှန်ကြားရေးမှူး (၁)ဦး စီ အုပ်ချုပ် သည်။ ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်သည့် မြန်မာ့အသံ နှင့် နှင့် ရုပ်မြင်သံကြား ဒါရိုက်တာအဖွဲ့ကို ညွှန်ကြားရေးမှူး (၇)ဦး အပါအဝင် (၁၀)ဦးဖြင့် ဖွဲ့စည်းထားသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညွှန်ကြားရေးမှူးချုပ်သည် ပြန်ကြားရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်နှင့် တိုက်ရိုက်ဆက်သွယ်၍ လုပ်ငန်း ကိစ္စများတာဝန်ယူဆောင်ရွက် ပေးရသည်။[၁၉၈]

[၁၉၈] မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူး နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂ ဇူလိုင် ၂၀၁၅။

ပုံ – ၂။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနဖွဲ့စည်းအုပ်ချုပ်ပုံ [၁၉၆]

| ဖော်ပြချက် | ရုံး | လျာထား | လို | အတည်ပြု |
|---|---|---|---|---|
| အရာရှိ | ၃၀၁ | ၃၁၈ | ၁၇ | ၃၁၈ |
| ဝန်ထမ်း | ၂၇၅၆ | ၂၈၃၁ | ၇၅ | ၂၈၃၁ |
| စုစုပေါင်း | ၃၀၅၇ | ၃၁၄၉ | ၉၂ | ၃၁၄၉ |




## ၃.၆။ အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းများသည် ပြည်သူနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနသည် ၎င်းတို့၏ ဆန်းသစ်သော အစီအစဉ်အချို့တွင် အရပ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးသည့် အစီအစဉ်များ စတင်ခဲ့သည်။ များသောအားဖြင့် ၎င်းတို့၏သတင်းခန်းတွင် အရပ်ဖက်အဖွဲ့အစည်းများ ပါဝင်၍ ပြည်သူ့အတွက်ကျန်းမာရေးကဲ့သို့သော အကြောင်းအရာခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းများ ပြုလုပ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်

[၁၉၆] ထိုဖွဲ့စည်းပုံဇယားသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၏ ညွှန်ကြားရေးမှူး ပေးသော မူရင်းမြန်မာဘာသာမှ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

တင်ဆက်သောအစီအစဉ်များနှင့် ပတ်သက်၍ ပြည်သူ့အတွက် ကျန်းမာရေးကဲ့သို့သော အကြောင်းအရာခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းများ ပြုလုပ်သည်။[၁၉၇] မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်တင်ဆက်သောအစီအစဉ်များနှင့် ပတ်သက်၍ တိုင်ကြားချက်များပေးပို့နိုင်ရန် ဌာနတစ်ခုချင်းစီ၏ ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများကိုလည်း ရုပ်မြင်သံကြား အစီအစဉ်တွင် ထုတ်လွှင့် ဖော်ပြထားသည်။[၁၉၈] ယခင်ဖော်ပြခဲ့ပြီးသော ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲသော အများပြည်သူ ဝန်ဆောင်မှုမီဒီယာဥပဒေမူကြမ်းကို ဝေဖန်သုံးသပ် အကြံပြုချက်များ ပေးရန်အတွက် ဖိတ်ခေါ်ရာတွင် မီဒီယာ လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဖက် အဖွဲ့အစည်းများပါဝင်သည်။

## ဂ။ မီဒီယာများကိုယ်တိုင်ထိန်းကျောင်းခြင်း

### ၃.ဂ။ ပုံနှိပ်မီဒီယာနှင့်ရုပ်သံလွှင့်မီဒီယာများသည် ထိရောက်မှုရှိသော ကိုယ်တိုင်ထိန်းကျောင်းသည့်စနစ်ရှိခြင်း

၂၀၁၂ ခုနှစ်တွင် မီဒီယာလုပ်ငန်းများအတွက် မီဒီယာကိုယ်တိုင်ထိန်းကျောင်းသော အဖွဲ့တစ်ခုအဖြစ်မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ကိုဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) စတင်ဖွဲ့စည်း စဉ်ကအစိုးရ၏ ပါဝင်စွက်ဖက်မှု ကြောင့် ကောင်စီ၏ လွတ်လပ်ခွင့်နှင့်ပတ်သက်၍ မေးခွန်းအများအပြား ပေါ်ထွက် လာပြီး နောက်ပိုင်းတွင် ကောင်စီကိုပြန်လည်ဖွဲ့စည်းရန်ဖြစ်လာခဲ့သည်။[၁၉၉] ထိုကောင်စီကို တဖန်ပြန်လည်ဖွဲ့စည်းပြီး သည့်အခါ၌ပင် ၎င်းသည် အစိုးရ၏ စွက်ဖက်မှုမှ ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ အပြင်းအထန် အငြင်းပွားဖွယ်ရာ အကြောင်းအရာ တစ်ခု အဖြစ်ဆက်လက်ရှိနေခဲ့သည်။

---

[၁၉၇] မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားအသံလွှင့်ဌာန မှ ညွှန်ကြားရေးမှူးနှင့် အီးမေးလ် ဆက်သွယ်ခြင်း၊ ၂၀၁၆ ဇန်နဝါရီ ၃၀ရက်

[၁၉၈] ယင်း၊

[၁၉၉] Mon, K. H (၂၄ ဇက်တင်ဘာ ၂၀၁၂) စာနယ်ဇင်းကောင်စီပြန်လည်ဖွဲ့စည်းပြီးနောက်ဆက်တွဲ အငြင်းပွားမှုများ၊ Myanmar Time. Retrieved from:http//www.mmtimes.com/index.php/national-news/1743-press-body-re-formed-following-complaints.html

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သည် ၂၀၁၄ ခုနှစ်တွင်သတင်းမီဒီယာဥပဒေ ပြဋ္ဌာန်းရန် တာဝန်ယူရပြီး၊ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် နည်းဥပဒေ၊ မီဒီယာ စည်းမျဉ်းဥပဒေကိုပြဋ္ဌာန်း ပေးရန်တာဝန်ယူရသည်။ ထိုဥပဒေတစ်ရပ်ဖြင့် လွတ်လပ်သောမီဒီယာထိန်းကျောင်းရေး အမြဲတမ်းကောင်စီဖွဲ့စည်းရန်အတွက်လုပ်ထုံးလုပ်နည်းများစတင်ဆောင်ရွက်သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီကို မီဒီယာလုပ်ငန်းများအတွက် ကိုယ်တိုင်ထိန်းကျောင်းသည့်အဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ နေရာတွင် အစားထိုးဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံသတင်းမီဒီယာအဖွဲ့၏ကောင်စီဝင်များကို မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခြင်းဖြစ်ပြီး စာနယ်ဇင်းအသင်းအဖွဲ့များ နှင့် မီဒီယာလုပ်ငန်းနှင့် ဆက်စပ်မှုရှိသော အခြားအသင်း အဖွဲ့များအား ကောင်စီဝင်အဖြစ်အဆိုပြုလိုသည့် ကိုယ်စားလှယ်များ တင်ပြရန် တောင်းဆိုခဲ့သည်။[၂၀၀] မီဒီယာ စည်းမျဉ်းဥပဒေတွင် ဖော်ပြထား သည့်အတိုင်း[၂၀၁] ကောင်စီဝင်များအဖြစ် မြန်မာနိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ကိုယ်စားလှယ်တစ်ဦးစီ အဆိုပြုတင်ပြသည်။ မီဒီယာလုပ်ငန်းများတွင် အစုရှယ်ယာ ထည့်ဝင်ထားသည့် အဖွဲ့အစည်းအမျိုးမျိုးကို ကိုယ်စားပြုသော ကိုယ်စားလှယ်များကိုလည်း ကောင်စီဝင်အဖြစ် အဆိုပြုတင်ပြသည်။[၂၀၂] ထို့နောက် ကိုယ်စားလှယ်များ၏ အဖွဲ့အစည်း များအားလုံးက ကိုယ်စားလှယ်တစ်ဦးစီကို မဲပေးခဲ့သည်။ ထိုလုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် ကောင်စီဝင် (၂၄) ဦးကို အတည်ပြုပေးခဲ့သည်။[၂၀၃] ထို့နောက် ကောင်စီဝင် များမှ

[၂၀၀] မီဒီယာအသင်းအဖွဲ့များဖြစ်သော မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ယက်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ BNI၊ စာရေးဆရာများ အသင်း၊ ဗိဇ္ဇာ နှင့် သိပ္ပံပညာရှင်များအသင်း၊ ပုံနှိပ်သူများအသင်း နှင့် ထုတ်ဝေသူများအသင်း စသည်တို့မှ ကိုယ်စားလှယ်များ ပါဝင်သည်။ မြန်မာ နိုင်ငံစာနယ်ဇင်း ကောင်စီ (ယာယီ) က ကိုယ်စားလှယ်နှစ်ဦးကို အဆိုပြုခဲ့သည်။

[၂၀၁] ပုဒ်မ ၁၀ နှင့် ၁၁၊ သတင်းမီဒီယာနည်းဥပဒေ၊ ၂၀၁၅။

[၂၀၂] ထိုအဖွဲ့အစည်းများတွင် အွန်လိုင်းမီဒီယာ၊ ပုံနှိပ်မီဒီယာ၊ ရုပ်သံမီဒီယာ နှင့် မီဒီယာ လုပ်ငန်းရှင်များ စသည်တို့ ပါဝင်သည်။

[၂၀၃] ထိုကောင်စီသည် ကာတွန်းဆရာနှစ်ဦး နှင့် ကဗျာဆရာနှစ်ဦး အတွက် နေရာ သီးသန့်ထားရှိသည်။ ထိုနည်းတူ ၎င်းနေရာများသည် မီဒီယာ ကိုယ်စားလှယ် တစ်ဦး အတွက် တစ်နေရာ ကိုလည်း မဖြည့်ပဲ ချန်ထားသည်။

ခေါင်းဆောင်မှု ရာထူးနေရာရွေးချယ်ခန့်ထားရန် နောက်ထပ်ပုံမှန် ရွေးကောက်ပွဲကိုကျင်းပခဲ့သည်။ အစိုးရမှ အဆိုပြုထားသောပုဂ္ဂိုလ် (၃) ဦးသည် ကောင်စီတွင်ဝင်ရောက် အရွေးချယ်ခံရမည်ဖြစ်ပြီး ထိုပုဂ္ဂိုလ်များသည် အခြား အဖွဲ့အစည်းများတွင် အမှုဆောင်ရာထူးတာဝန်ထမ်းဆောင်နေသူမဖြစ်ရပါ။[၂၇၆]

၂၀၁၄ ခုနှစ်အစောပိုင်းတွင် တနယ်ဖင်းကောင်စီယာယီသည် သတင်းမီဒီယာကျင့်ဝတ်ကို ရေးဆွဲခဲ့ပြီး မြန်မာ နိုင်ငံအနှံ့ဖြန့်ဝေပေးခဲ့သည်။ ထိုကောင်စီသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီနှင့် ဧပြီလအတွင်း တိုင်းနှင့်ပြည်နယ် (၉) ခုတွင် မီဒီယာကျင့်ဝတ်ဆိုင်ရာ သင်တန်းပြုလုပ်ပေးခဲ့သည်။[၂၇၇] သုတေသန ဆောင်ရွက်သည့်ကာလအတွင်း တွေ့ဆုံ မေးမြန်းခြင်းပြုလုပ်ရာမှ သတင်းသမားအများစုသည် သတင်းမီဒီယာကျင့်ဝတ်စာအုပ်မိတ္တူကိုသာ လက်ခံရရှိခဲ့သည် သို့မဟုတ်အနည်းငယ်ကြားခဲ့ရ သည်ဟု သိရသည်။ မီဒီယာကျင့်ဝတ်သည် မီဒီယာလုပ်ငန်းများအတွက် ကျင့်ဝတ် ဆိုင်ရာ လမ်းညွှန်ချက်အဖြစ် အသုံးဝင်စေကာမူ ထိုကျင့်ဝတ်ဆိုင်ရာ သင်တန်းများတစ်ကြိမ်မကသေချာစွာ ပြုလုပ် ပေးနိုင်လျှင်ထိုကျင့်ဝတ်ကို သတင်းသမားများနှင့် အခြားမီဒီယာလုပ်ငန်းတာဝန်ထမ်းဆောင်သူများ စိတ်ထဲစွဲမှတ် သွားလိမ့်မည်။ တနယ်ဖင်းကောင်စီအဖွဲ့ဝင်တစ်ဦးက ကျင့်ဝတ်နှင့်ပတ်သက်၍ အကြံပြုသည်မှာ - "သတင်းမီဒီယာကျင့်ဝတ်ကို နေရာဒေသများစွာမှာ ဖြန့်ဝေပေးခဲ့တယ်၊ ဒါပေမဲ့ ကျယ်ကျယ်ပြန့်ပြန့်လိုက်နာဖို့ကတော့ သူတို့အပိုင်းပဲ ဖြစ်တယ်"

မီဒီယာလုပ်ငန်းမှမန်နေဂျာများ၊ သတင်းသမားများနှင့် ဆွေးနွေးခြင်းမှ ရန်ကုန်မြို့ရှိမီဒီယာများနှင့် နိုင်ငံ၏ အခြားနေရာများရှိမီဒီယာများအကြားကြီးမားသောကွဲပြားခြားနားမှုများကိုညွှန်ပြသည်။ ရန်ကုန်မြို့ရှိမီဒီယာအများစုက မီဒီယာသမားများနှင့်သက်ဆိုင်ပြီး အသုံးဝင်သောကျင့်ဝတ်အဖြစ်ယူဆကြပြီး နိုင်ငံ၏အခြားဒေသများရှိမီဒီယာတိုက်များတွင်မူ ၎င်းတို့လုပ်ကိုင်နေရသောနေရာဒေသတွင်မီဒီယာကျင့်ဝတ်သည် ယေဘုယျအားဖြင့် အပြည့်အဝ ဆီလျော်မှုမရှိသည်ကိုတွေ့ရသည်။ ၎င်းတို့က သတင်းမီဒီယာကျင့်ဝတ်ရေးဆွဲခြင်းတွင် နိုင်ငံအနှံ့အပြားရှိ မီဒီယာ တိုက်များမှ မီဒီယာသမားများပါဝင်ဆောင်ရွက်သင့်သည်ဟုထင်မြင်ယူဆကြသည်။

---

[၂၇၆] မြန်မာသတင်းမီဒီယာကောင်စီအဖွဲ့ဝင်နှင့် အီးမေးလ်အပြန်အလှန်ပေးပို့ခြင်း၊ ၂၆ ဇန်နဝါရီ ၂၀၁၅

[၂၇၇] မြန်မာနိုင်ငံ တနယ်ဖင်းကောင်စီ (ယာယီ) နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၁ ဇတ်တင်ဘာ ၂၀၁၄၊

စာနယ်ဇင်းကောင်စီ(ယာယီ)မှ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေး ကော်မတီ ဟုခေါ်သည့် မီဒီယာလုပ်ငန်းများ ၏ နစ်နာမှုများကိုစစ်ဆေးပေးသည့်စနစ် တစ်ခုလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုကော်မတီသည် မူလက စာနယ်ဇင်း ကောင်စီ(ယာယီ)၏ အဖွဲ့ခွဲတစ်ခုအဖြစ်ဖွဲ့စည်းထားပြီး ယခုအခါ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ အဖွဲ့ခွဲတစ်ခု ဖြစ်သည်။ သတင်းမီဒီယာဥပဒေ၏ ပုဒ်မ(၉)အရ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေးကော်မတီသည် သတင်းမီဒီယာဥပဒေကိုချိုးဖောက်သည့်မီဒီယာသမားများကို ငွေဒဏ်ချမှတ်၍အပြစ်ပေးနိုင်သောအာဏာရှိသည်။ ထိုကော်မတီသည်ပြန်လည် ဖြေရှင်း ခွင့်ပြုခြင်း၊ တောင်းပန်စာရေးသားခြင်း နှင့် အမှားပြင်ဆင်ခြင်းကဲ့သို့သော အခြားဖျန် ဖြေမှုများ လည်းပြုလုပ်ပေးနိုင်သည်။ [၂၆]

သတင်းမီဒီယာဥပဒေတွင် ထိခိုက်နစ်နာသောအဖွဲ့အစည်းများအတွက် အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေး ကော်မတီကို နစ်နာမှုများ ၏စစ် ဆေးပေးသည့် အဖွဲ့အစည်းတစ်ခုအဖြစ်အသုံးပြုရမည်ဟူ၍ သတ်မှတ်ပြဋ္ဌာန်း မထား ပေ။ [၂၇] ဆိုလို သည်မှာပြဿနာတစ်ခုကို တရားရုံး သို့မဟုတ် တရားစီရင်ရေးခုံရုံးသို့ ဦးတိုက် လျှောက် ထားနိုင်ပြီး တချိန်တည်းမှာပင် အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေးကော်မတီကို တင်ပြနိုင်သည်။

သတင်းသမားများနှင့်မီဒီယာတိုက်များသည် ထိုနစ်နာချက်များ ပြန်လည် စစ်ဆေးခြင်းနည်းလမ်းကိုလျစ်လျူရှု မည်ဆိုပါက လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်ကို တင်းကျပ်စွာကန့်သတ်ထားသော ပြင်းထန်သည့် ရာဇဝတ်မှု ဆိုင်ရာဥပဒေ များဖြင့် တရားစွဲခြင်းခံရပြီး တရားခံအဖြစ်သို့ကျရောက်သွားနိုင်သည်။ (တိုင်းတာချက် ၁.၁၀ တွင် ကြည့်ပါ) ယခုအခါ အကျိုးရလဒ်များသည်ရောထွေးမှုများရှိခဲ့ သည်။ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေးကော်မတီသည် မီဒီယာအချင်းချင်းကိုတိုင်ကြားမှုများ ဖြေရှင်းပေးရာတွင်ပါဝင်သော်လည်း အခြားတိုင်ကြားမှုများဖြေရှင်းပေးရာတွင် ပါဝင်ခြင်းမရှိပေ။ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းစာနှစ်စောင်၏ ပုံနှိပ်ဖော်ပြခြင်းဖြင့် နစ်နာမှုနှင့်ပတ်သက်၍ အငြင်းပွားမှု

---

[၂၆] ပုဒ်မ ၄၇၊ သတင်းမီဒီယာနည်းဥပဒေ၊ ၂၀၁၄။

[၂၇] ပုဒ်မ ၄၂၊ သတင်းမီဒီယာနည်းဥပဒေ၊ ၂၀၁၄။

ဆိုင်ရာဖြေရှင်းရေး ကော်မတီကိုသွားတွေ့ခဲ့သည်။ ဆွေးနွေးမှု ရပ်ဆိုင်းပြီး နောက်ပိုင်း အစိုးရက ထိုသတင်းစာနှစ်စောင်စလုံးကို တရားစွဲခဲ့သည်။[၂၀၀] ထိုအငြင်းပွားမှုများ ဖြေရှင်းရေး ကော်မတီသည် ၂၀၁၅ ခုနှစ်တွင်ချမှတ်ခဲ့သော မီဒီယာစည်းမျဉ်း ဥပဒေအရ တရားဝင်လုပ်ဆောင်ပြီး ထိုဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ကတည်းက တိုင်ကြားချက်များ ဖြေရှင်းပေးခြင်းကို လုပ်ဆောင်ခဲ့ သည်။ အောက်ပါ ဇယားသည် ၂၀၁၅ ခုနှစ်ကုန်အထိ အငြင်းပွားမှုများဖြေရှင်းရေးကော်မတီ ကိုင်တွယ် ဖြေရှင်းပေး ရသည့် တိုင်ကြားမှုများနှင့်ပတ်သက်၍အချက်အလက်များ ဖော်ပြထား ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် တိုင်ကြားမှု စုစုပေါင်း (၅၈) မှုဖြစ်ပေါ်ခဲ့ပြီး ကော်မတီက (၂၉) မှုကို အလေးအနက်ထား ဖြေရှင်းပေးခဲ့သည်။

### ဇယား -၅။ အငြင်းပွားမှုဆိုင်ရာဖြေရှင်းရေး ကော်မတီသို့ ရေးသားပေးပို့သော တိုင်ကြားမှုများ[၂၀၁]

| | နှစ်အလိုက်တိုင်ကြားမှုအရေအတွက် | | |
|---|---|---|---|
| | အောက်တိုဘာ ၂၀၁၂-၁၃ | ၂၀၁၄ | ၂၀၁၅ |
| လွှတ်တော် (ပြည်ထောင်စု) | ၁ | ၀ | ၀ |
| ပြည်ထောင်စုဝန်ကြီးဌာန နှင့် အခြားအစိုးရဌာနများ | ၁၀ | ၁၃ | ၇ |
| ပုဂ္ဂလိကကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ တစ်ဦးပုဂ္ဂိုလ် | ၃၅ | ၄၆ | ၅၀ |
| နိုင်ငံရေးပါတီများ | ၂ | ၂ | ၁ |
| စုစုပေါင်းလက်ခံရရှိသောတိုင်ကြားမှုများ | ၄၈ | ၆၁ | ၅၈ |
| စုစုပေါင်းဖြေရှင်းသောတိုင်ကြားမှုများ | ၃၀ | ၃၉ | ၂၉ |

[၂၀၀] Nyein, N. (23 September 2014). မြန်မာအစိုးရသည်အသရေဖျက်မှုဖြင့်ပုံနှိပ်မီဒီယာနှစ်ခု အား တရားစွဲဆိုထား၊/ The Irrawaddy. Retrieved from: http://www.irrawaddy.org/burma/burmas-govt-bring-defamation-charges-2-publications.html

[၂၀၁] မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက အချက်အလက်များပံ့ပိုးပေးသည်၊ ၁၀ ဖေဖော်ဝါရီ ၂၀၁၆။

၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေအရ ရုပ်သံ ထုတ်လွှင့်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက် ရေး အဖွဲ့နှင့်ရုပ်သံလွှင့်မီဒီယာလုပ်ငန်းများကို ကြည့်ရှုကွပ်ကဲရန်ကိုယ်တိုင် ထိန်းကျောင်း သည့်အဖွဲ့အစည်းကဲ့သို့သော ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ မီဒီယာကောင်စီကို ဖွဲ့စည်း တည်ထောင်ရမည်။ ထိုသို့ဖွဲ့စည်းပြီးလျှင်ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာလိုက်နာရမည့်ကျင့်ဝတ်များ ချမှတ်ခြင်းနှင့်[289] ကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တိုင်ကြားချက်များကို စုံစမ်းစစ်ဆေး ရန်နှင့် ဖြေရှင်းရန်လုပ်ငန်းစဉ်များကို ရေးဆွဲထားရမည်။[290] ယခု လောလောဆယ်၌ ရုပ်သံလွှင့်မီဒီယာကဏ္ဍတွင် နစ်နာချက်များကို ဖြေရှင်းဆောင်ရွက်ပေးမည့် လုပ်ထုံး လုပ်နည်း (စနစ်) မရှိသေးပါ။ ကောင်စီသည် လုပ်ထုံးလုပ်နည်း/စည်းကမ်း ထိန်းသိမ်းသည့် စနစ်တွင် ယခင်ကထက် လွတ်လပ်မှု ပိုမိုရရှိစေမည်ဖြစ်သည်။ ရုပ်သံထုတ်လွှင့် ခြင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် အစိုးရအရာရှိကြီးများ အားလုံးနီးပါးပါဝင် ဖွဲ့စည်းထားပြီး အနောင်အဖွဲ့ကင်းသည်ဟု မယူဆနိုင်သော်လည်း ၎င်းတို့၏ကဏ္ဍ သည် အဓိက အားဖြင့် နည်းပညာပိုင်းတွင်သာဖြစ်ပြီး ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းများ ပေါင်းစည်း၍ ကိုယ်တိုင်ထိန်းချုပ်သည့် စနစ်သောင်အတွင်း ကျယ်ပြန့်စွာထုတ် လွှင့် ခြင်း နှင့်သာ သက်ဆိုင်သည်။

စည်းကမ်းထိန်းသိမ်းသည့်စနစ်၏ အစစ်အမှန်အာဏာမှာ အရပ်သား အများစုဖြင့် ဖွဲ့စည်းထားသော ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီတွင် ရှိသည်။ ရုပ်သံလွှင့်မီဒီယာဥပဒေတွင်လည်း ရုပ်သံလွှင့် ကောင်စီဝင်များ အမည်စာရင်း တင်သွင်းခြင်းနှင့် ရွေးချယ်ခန့်အပ်ခြင်း လုပ်ငန်းစဉ်တွင် ကျွမ်းကျင်အတတ်ပညာ ရှင်နှင့် လူမှုရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခြင်းကို အားပေးရမည်ဟု ဖော်ပြ ထားသည်။ နောက်ဆုံးအဆင့် ကောင်စီဝင်များခန့်အပ်တာဝန်ပေးခြင်းကို နိုင်ငံတော် သမ္မတက အဆုံးအဖြတ်ပေးသည်။ သို့သော် အဆိုပြုထားသည့်အဖွဲ့ဝင်စာရင်းကို

[289] ပုဒ်မ ၁၅ (ဂ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ ဥပဒေအမှတ်၊ ၅၃/၂၀၁၅၊ နေ့စွဲ ၂၈ ဩဂုတ် ၂၀၁၅။

[290] ပုဒ်မ ၇၈ (ခ) နှင့် ၇၉ (ယင်း)

ကြိုတင်ထုတ်ပြန်ပေးပြီး ပြည်သူများက ဝေဖန်အကြံပြုချက်ပေးရန် အခွင့်အရေး ရှိသည်။[၂၃]

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ရုပ်သံလွှင့်မီဒီယာကောင်စီနှင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များအတွင်းတွင် ရုပ်သံလွှင့်လုပ်ငန်းကို မည်သို့စီမံခန့်ခွဲရမည်ကို မသိရသေးပေ။ သတင်းမီဒီယာ ကျင့်ဝတ်နှင့် လိုက်လျောညီထွေစွာ ရေးဆွဲထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာလိုက်နာရမည့်ကျင့်ဝတ်များ ထွက်ပေါ်လာရန် အရေးကြီးသည်။ ဥပမာအားဖြင့် အခြားမီဒီယာကျင့်ဝတ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသည့်ရုပ်သံလွှင့်မီဒီယာအထူးပြုကိစ္စရပ်များကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ လိုက်နာ ရမည့်ကျင့်ဝတ်များတွင် သတ်မှတ်ပေးမည်ဆိုပါက အကျိုးများစွာရရှိနိုင်မည်။

## ၃.၈။ မီဒီယာများသည်မိမိတို့ တင်ပြလိုသောအကြောင်းအရာများကို ကိုယ်တိုင်ထိန်းသိမ်းရေးသားရသည့်အစဉ်အလာ တစ်ရပ်ရှိနေခြင်း

၂၀၁၃ ခုနှစ်ဇန်နဝါရီလတွင် မီဒီယာလုပ်ငန်းများအတွက်နိုင်ငံတော်အစိုးရ၏ အမြင့်မားဆုံးစည်းမျဉ်းဆိုင်ရာ ဆောင်ရွက်ချက်တစ်ခုအဖြစ် ယခင်ကကျင့်သုံးခဲ့သော ဆင်ဆာစနစ်ကို ပယ်ဖျက်ခဲ့သည်။ ထိုတိုးတက်ခြင်းသည် ပုံနှိပ် မီဒီယာလုပ်ငန်းများအတွက်အခွင့်အရေးနှင့် စွန့်စားမှုနစ်မျိုးစလုံးကိုအပြည့်အဝရရှိခြင်းဖြစ်သည်။ယခုအခါ ပုံနှိပ်မီဒီယာများသည် ၎င်းတို့ရေးသားလိုသော မည်သည့်အကြောင်းအရာကိုမဆို ရေးသားဖော်ပြနိုင်သော်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားခြင်းကြောင့် မီဒီယာများသည်ခေတ်မမီသော ဥပဒေများဖြင့်အရေးယူ အပြစ်ပေးခံရခြင်းများရင်ဆိုင်နေကြရသည်။ (တိုင်းတာချက် ၁.၁၀ တွင်ကြည့်ပါ) အချို့ပုံနှိပ်မီဒီယာများ သည် ရေးသားလိုသော အကြောင်းအရာများကိုကိုယ်တိုင် ဆင်ဆာဖြတ်နေရကြောင်းဖြေဆိုခဲ့သည်၊ အချို့သော မီဒီယာတိုက်များသည် ချဲ့ကား ရေးသားထားသည့် သတင်းများစတင်ထုတ်ဝေလာကြသည်။ ယခင်ကျင့်သုံးခဲ့သော ဆင်ဆာစနစ်ပယ် ဖျက်လိုက်ခြင်းသည် နေ့စဉ်ထုတ်သတင်းစာများ တစ်ဟုန်ထိုး

---

[၂၃] ပုဒ်မ၉ နှင့် ၁၁ ပုဒ်မ၇ခ (စ) နှင့် ၇၉ (ယင်း) (ယင်း)

ပေါ်ပေါက်လာစေပြီး မီဒီယာဗဟုဝါဒ ကိုလည်းများစွာ တိုးမြှင့်စေခဲ့သည်။ ထိုသို့ မီဒီယာလုပ်ငန်းများ အဆမတန်တိုးချဲ့လာခြင်းကြောင့် ဘက်လိုက်မှုကင်း သော သတင်းရေးသားတင်ဆက်မှု အရည်အသွေးမြှင့်တင်ခြင်းများသေသေချာချာ ပြုလုပ် ပေးနိုင်သော မီဒီယာ ထိန်းကျောင်းရေးစနစ် တူထောင်ရန်လတ်တလော လိုအပ် လာသည်။

ထိုလိုအပ်ချက်ကြောင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) တည် ထောင် ရန်ဖြစ်လာပြီး နောက်ပိုင်းတွင် မီဒီယာကိုယ်တိုင် ထိန်းကျောင်းရေးအဖွဲ့ ဖြစ်သောမြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို တည်ထောင်ခဲ့သည်။ မကြာမီက ဖွဲ့စည်းခဲ့သောသတင်းမီဒီယာကောင်စီသည်မီဒီယာလုပ်ငန်းများ၏ ထောက်ခံမှု ကျယ်ကျယ်ပြန့်ပြန့်မရရှိသေးပေ။ရန်ကုန်မြို့ပြင်ပအခြားနေရာဒေသများရှိမီဒီယာတိုက် များသို့ ကွင်းဆင်းသုတေသန ပြုလုပ်ရာတွင် ၎င်းတို့က စာနယ်ဇင်းကောင်စီ ယာယီ သည် အစိုးရနှင့်နီးစပ်မှုရှိပြီးလွတ်လပ်မှုတစ်ဝက်သာရရှိသော အဖွဲ့တစ်ခုအဖြစ် ထင်မြင်သည်ဟု ထုတ်ဖော်ပြောခဲ့သည်။ ယင်းသည်ယခင်ရှိခဲ့သည့် စာနယ်ဇင်း ကောင်စီ(ယာယီ) ပုံရိပ်မှုပင်ဟု ထင်မြင်ကြသည်။[၂၇၄] သတင်းမီဒီယာကောင်စီသည် ၎င်းအနေဖြင့် အမှန်တကယ်တရားဝင်ဖွဲ့စည်းထားသည့်မီဒီယာ အတွက် ကိုယ်တိုင် ထိန်းကျောင်းရေးအဖွဲ့ ဖြစ်လျှင် ရန်ကုန်ပြင်ပရှိ မီဒီယာများနှင့် ၎င်း၏ဆက်ဆံရေး ခိုင်မာစေရန် ကြိုးပမ်းအားထုတ်ရမည်။

မီဒီယာများကိုယ်တိုင် ထိန်းကျောင်းရေးစနစ်တွင် မီဒီယာတိုက်များ အနေ ဖြင့် ပြည်သူ၏တိုင်တန်းမှုများကို လျစ်လျူမရှုပဲဖြေရှင်းဆောင်ရွက်ပေးရန် နည်းစနစ် တစ်ခုလည်းလိုအပ်သည်။ အငြင်းပွားမှုဆိုင်ရာဖြေရှင်းရေး ကော်မတီသည် မီဒီယာ လုပ်ငန်းနယ်ပယ်တွင် နစ်နာချက်များပြန်လည်စစ်ဆေးသည့်စနစ်အဖြစ် တည်ရှိသည်။ တစ်ဦးချင်းပိုင် စီးပွားရေးလုပ်ငန်းအဆင့်တွင် အချို့မီဒီယာတိုက်ကြီးများသည် ကိုယ်ပိုင်သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းတည်းဖြတ်မှုဆိုင်ရာ လမ်းညွှန်ချက်

[၂၇၄] သုတေသနဆောင်ရွက်မှုအကဲဖြတ်ခြင်း ယခင်ဖော်ပြခဲ့ပြီးသော မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီ ဖွဲ့စည်းခြင်းကို ညွှန်းခြင်းဖြစ်သည်။ အကြောင်းမှာ သုတေသနပြုလုပ်သူများသည် ရန်ကုန်ပြင်ပရှိ မီဒီယာများ၏ စာနယ်ဇင်းကောင်စီယာယီအပေါ်ထားရှိသည့် သဘောထားအမြင်များကို ရယူနိုင် ခဲ့သော ကြောင့်ဖြစ်သည်။

များရေးသားဖော်ပြထားခြင်းရှိသည်။ မီဒီယာတိုက်ငယ်အများစုနှင့် အလယ်အလတ်အဆင့်ရှိသောမီဒီယာတိုက်များသည် ကျင့်ဝတ်နှင့်အညီ သတင်းရေးသား တင်ဆက်မှုနှင့် နစ်နာချက်များဖြေရှင်းခြင်း အတွက် သာမန်လမ်းညွှန်ချက်များကို လိုက်နာဆောင် ရွက်ကြသည်။ သုတေသနပြုလုပ်စဉ်ကာလအတွင်း မီဒီယာ တိုက်အများစုနှင့်တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းတို့သည် ဖုန်းနှင့်တိုင်ကြားမှုများကို လက်ခံရရှိခဲ့သည်။ သို့သော် ထို တိုင်ကြားမှုများကိုမည်သို့ဖြေရှင်းရမည်ဆိုသည့် စံချိန်စံညွှန်းမီသော စနစ် မရှိကြောင်းပြောကြားခဲ့သည်။

ထိုအခက်အခဲဖြစ် မှတ်တမ်းတွင်ပါရှိသည့် အခြားအညွှန်းကိန်းများအရ ရန်ကုန်မြို့ရှိမီဒီယာတိုက်များနှင့် နိုင်ငံ၏အခြားနေရာဒေသရှိ မီဒီယာများအကြား ထင်ရှားသောကွဲပြားခြားနားမှု တစ်ခုရှိသည်ကို တွေ့ရသည်။ ယေဘုယျအားဖြင့် ရန်ကုန်မြို့ရှိ မီဒီယာတိုက်များသည် ငွေကြေးအမြောက်အများပိုင်ဆိုင်ခြင်း၊ သတင်းသမားများကို ပိုမိုကောင်းမွန်သော သင်တန်းများပေးခြင်း၊ နစ်နာမှုများဖြေရှင်းပေးရန် လုပ်ငန်းခွင်အတွင်း စံချိန်စံညွှန်းမီသောစနစ်များရှိခြင်းနှင့် တရား မျှတမှုရှိသောသတင်းတင်ပြမှုကိုမြှင့်တင်ခြင်း စသည့်အချက်များနှင့်အတူ ထင်ထင်ရှားရှားရပ်တည်လျက် ရှိကြသည်။

မီဒီယာများကိုယ်တိုင် ထိန်းကျောင်းရေးစနစ်၏ ထိရောက်သော နည်းလမ်းများနှင့်အတူ မီဒီယာပတ်ဝန်းကျင် တွင် သတင်းသမားများနှင့် မီဒီယာတိုက်များသည် ပြည်သူ့အကျိုးကိုရှေ့ရှုလျက် သတင်းအချက်အလက်များကို လွတ်လပ်စွာထုတ်ဖော်ရေးသားနိုင်မည်ဖြစ်သည်။ မည်သည့်အကြောင်းအရာမဆို ဘက်လိုက်ခြင်းမရှိ မှန်မှန်ကန်ကန် ဖော်ပြခြင်းနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လွန်ကဲစွာထိခိုက်ရေးသားခြင်း မရှိပါက ရန်မူလာခြင်းကို ကြောက်ရွံ့နေစရာမလိုပေ။ ထိုကဲ့သို့သောပတ်ဝန်းကျင်တွင် သတင်းသမားများနှင့် မီဒီယာတိုက်များသည် ၎င်းတို့၏ ရေးသား ဖော်ပြချက်များကို ကိုယ်တိုင်ဆင်ဆာဖြတ်ရန်မလိုပေ။ ယင်းကဲ့သို့သောဂိုစွရပ်များမြန်မာနိုင်ငံတွင် မရှိပေ။ ယခင်ကျင့်သုံးခဲ့သောဆင်ဆာစနစ်မရှိတော့သည့် ကာလမှာပင် အချို့မီဒီယာတိုက်များအတွင်း ကိုယ်တိုင်ဆင်ဆာဖြတ်နေရ သည့်အစဉ်အလာတစ်ရပ်ရှိနေ သည်။ ယခင်က တားမြစ်ထားသော အကြောင်းအရာ များဖြစ်သည့်မြေယာသိမ်းခြင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပဋိပက္ခဖြစ်ခြင်းနှင့် အကျင့်ပျက်ခြစားမှုများကဲ့သို့သော အကြောင်းအရာအချို့ကို သတင်းအဖြစ်ဖော်ပြသည်ကို လက်ခံကြသော်လည်း ထုတ်ပြန်ကြေညာခြင်းမရှိသည့် အကြောင်းအရာများ လည်းရှိနေ သေးသည်။

မြန်မာနိုင်ငံရှိမီဒီယာလုပ်ငန်းများကို ပြောင်းလဲမှုတစ်ခုအဖြစ် တွေ့မြင်နိုင်သည်။ ထိုပြောင်းလဲမှုအနေအထားသည် ထိရောက်သောမီဒီယာ ကိုယ်တိုင်ထိန်းကျောင်းမှုစနစ်အတွက် အခြေခံအုတ်မြစ်ဖြစ်သော်လည်း ထိုမီဒီယာကိုယ်တိုင် ထိန်းကျောင်းသည့် အစဉ်အလာတစ်ရပ်သည် ဖွံ့ဖြိုးမှုမရှိသေးပါ။ လက်ရှိအနေအထားတွင် မီဒီယာကိုယ်တိုင် ထိန်းကျောင်းသည့်စနစ်၏ နည်းလမ်းများဖြင့် အရည်အသွေးပြည့်မီသော သတင်း တင်ပြနိုင်ရန် မသေချာပါ။

### ယ။ မျှတရန်၊ ဘက်မလိုက်ရန် နှင့် သမာသမတ်ကျရန်အတွက် လိုအပ်ချက်များ

### ၃.၉။ မီဒီယာများဘက်လိုက်မှု ကင်းဝေးစေရန် ထိရောက်သော ရုပ်သံလွှင့် လုပ်ငန်းဆိုင်ရာလိုက်နာရမည့် ကျင့်ဝတ်ပြဋ္ဌာန်းခြင်း

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ် မပြဋ္ဌာန်းရသေးပါသဖြင့် ယင်း တိုင်းတာချက်ကို အသုံးချ၍မရပါ။

### ၃.၁၀။ ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအရ ထိရောက်စွာ ဆောင်ရွက်ခြင်း

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ် မပြဋ္ဌာန်းရသေးပါသဖြင့် ယင်း တိုင်းတာချက်ကို အသုံးချ၍မရပါ။

### ဂ။ အများပြည်သူကမီဒီယာကိုယုံကြည်စိတ်ချအားထားမှုအခြေအနေ

### ၃.၁၁။ ပြည်သူများကမီဒီယာ အပေါ်ယုံကြည်အားထားမှုမြင့်မားစွာ ထားရှိခြင်းကို ဖော်ပြခြင်း

မီဒီယာအပေါ်ထားရှိသည့်ပြည်သူ၏ သဘောထားကိုပိုမိုနားလည်ရန် မီဒီယာဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများ အကဲဖြတ်ခြင်းကိုတိုင်းဒေသကြီး (၃) ခုနှင့် ပြည်နယ်(၄) ခုတွင် ပြည်သူလူထုပါဝင်သည့်အုပ်စု (၃၃)စုနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ ထိုအုပ်စုဖွဲ့ဆွေးနွေးခြင်းများကို ကျေးလက်ဒေသနှင့် မြို့နှစ်နေရာစလုံး

သို့ လှည့်လည် သွားရောက်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အချို့အုပ်စုများတွင် ကျား၊မ ခွဲထားသော်လည်း အခြားအုပ်စုများတွင် ကျား၊မ ခွဲထားခြင်းမရှိ ရောနှောနေသည်။ ထိုလေ့လာသုတေသနသည် မီဒီယာ၏ သဘောထားအမြင်၊ မီဒီယာအခွင့်အလမ်း နှင့်ပတ်သက်ပြီး စစ်တမ်းကောက်ယူခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခြင်းဖြစ် သည်။ ထိုသို့ စစ်တမ်းကောက်ယူခြင်းမှ ရရှိသော အကျိုးရလဒ်များအနက် စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ ပထမဦးဆုံး ပြည်သူများနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းမှ ဆန့်ကျင်ဘက်သဘောထားအမြင်များ ပေါ်ထွက် လာသည်ကို တွေ့ရှိရခြင်း ဖြစ်သည်။ ယေဘုယျအားဖြင့်အချက်အလက်ဆန်းစစ်မှုအခြေပြုလေ့လာသုတေသနနည်းလမ်းအရ အများပြည်သူက မီဒီယာကိုလိုက်လိုက်လှဲလှဲ ယုံကြည်စိတ်ချသည်ဟူသောအချက်ကို အဓိကထား စစ်တမ်းကောက်ယူရာမှ တွေ့ရှိချက်များသည် အကြောင်းအရာ ဆန်းစစ်မှုအခြေပြု လေ့လာသုတေသနနည်းလမ်းအရ အများပြည်သူနှင့်အုပ်စုဖွဲ့ဆွေးနွေးခြင်း မှ တွေ့ရှိချက်များနှင့် နှိုင်းယှဉ်ကြည့်လျှင်ဆန့်ကျင်ဘက်ကို ညွှန်ပြနေသည်။

စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူများကို အောက်ဖော်ပြပါ အကြောင်းအရာနှစ်ခုသည် မည်မျှအတိုင်း အတာအထိ မှန်ကန်ကြောင်းမေးမြန်းခဲ့သည်။

*ကျွန်တော်သည် နိုင်ငံပိုင် သတင်းမီဒီယာကို ယုံကြည်မှုရှိသည်။*

*ကျွန်တော်သည် ပုဂ္ဂလိက သတင်းမီဒီယာကို ယုံကြည်မှုရှိသည်။*

ထိုစစ်တမ်းကောက်ယူခြင်းတွင် ဖြေဆိုသူအများစု၏ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်မီဒီယာ နှစ်မျိုးစလုံးအပေါ် ယုံကြည်အားထားမှုပမာဏ ညီတူညီမျှဖြစ်နေခြင်းကို ဖော်ပြခဲ့သည်။ မှန်ကန်သည်၊ အများဆုံးမှန်ကန်သည် ဟူသော ဖြေဆိုချက်နှစ်မျိုးကို နှိုင်းယှဉ်ကြည့်ရာတွင် နိုင်ငံပိုင်မီဒီယာကို ထောက်ခံဖြေဆိုသူ ၈၇% ရှိပြီး ပုဂ္ဂလိကမီဒီယာ ကိုထောက်ခံဖြေဆိုသူ ၈၅% ရှိကြောင်း တွေ့ရသည်။

ဇယား - ၁။ ကျွန်တော်သည် ယုံကြည်မှုရှိသည် --------- မီဒီယာ။ (ဦးရေ = ၁၀၂၀)




အလားတူမကြာမီက DW Akademie ကပြုလုပ်သောလူထုသဘောထား ကောက်ယူသည့်စစ်တမ်းမှ မြန်မာနိုင်ငံ၏လူဦးရေ ၆၀% သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ယုံကြည် စိတ်ချရသော သတင်းရင်းမြစ်တစ်ခုအဖြစ် မြင်သည်ဟူသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကိုယ်စား အမိကသတင်းအချက်အလက် ပေးသူများနှင့်တွေ့ဆုံမေးမြန်းခြင်းတွင် ညွှန်ပြထားသည်ကိုတွေ့ရသည်။ အချက်အလက် ဆန်းစစ်မှု အခြေပြုသုတေသန နည်းလမ်းသည် အများပြည်သူတို့၏ မီဒီယာအပေါ်ယုံကြည် စိတ်ချမှုနှင့် အပြည့်အဝအားထားမှုပမာဏကိုအမိကထား သုတေသန ပြုခြင်းဖြစ်သည်။

သို့သော်လည်း အချက်အလက် ဆန်းစစ်မှုအခြေပြုသုတေသနပြုခြင်းမှ တွေ့ရှိချက်များ အရ ယုံကြည်စိတ်ချရ သည်ဆိုသော ပုဂ္ဂိုလ်ရေးခံစားမှုနှင့် ပတ်သက်သည့် မေးခွန်းမျိုးမေးမြန်းရာတွင် အထင်မြင်မှားစေသော ကိန်းဂဏန်းများ မကြာခဏတွေ့ကြုံ ရနိုင်သည်။ အကြောင်းအရာဆန်းစစ်မှု အခြေပြုသုတေသန ပြုလုပ်ရာတွင်စစ်တမ်း ကောက်သည့် မေးခွန်းများ အထူးသဖြင့် ဝေါဟာရအသုံးအနှုန်းနှင့် စပ်လျဉ်း၍အများ ပြည်သူ၏ သဘောပေါက်နားလည်မှု ထင်မြင် ယူဆချက် အနည်းငယ်ကွာခြား ခြင်းကို လိမ္မာပါးနပ်စွာဖော်ပြရန်လိုသည်။ အုပ်စုဖွဲ့ဆွေးနွေးရာတွင် ပြန်လည် ဖြေကြားသူများက မီဒီယာအပေါ် လိုက်လိုက်လှဲလှဲယုံကြည်မှုရှိသည်ဟုသိရှိခဲ့သည်။ သို့သော် လည်းစစ်မှန်သော သတင်းအချက်အလက်များ ဖော်ပြပေးသည်ဟု ထင်ရသောကြောင့် ၎င်းတို့က ယုံကြည်စိတ်ချခြင်းဖြစ်သည်ဟု ရှင်းပြ ခဲ့သည်။ အုပ်စုဖွဲ့ဆွေးနွေးခြင်းမှ ပြန်လည် ဖြေကြားသူအများစုသည်၎င်းတို့လက်ခံရရှိသော မီဒီယာကထုတ်လွှင့် သည့် သတင်းများသည်အမှားလုံးဝကင်းသည်ဟု ခံစားရပြီး တိကျမှန်ကန်သော သတင်းများ ဖြစ်သည်ဟု ယုံကြည် ကြသည်။ သို့သော်လည်းထိုဖြေကြားသူများသည် နိုင်ငံပိုင်မီဒီယာ နှင့် ပုဂ္ဂလိကပိုင်မီဒီယာနှစ်ခုလုံးတွင် သတင်းဖော်ပြခြင်းများတွင် ဘက်လိုက်မှုများ

ရှိနေသည်ဟုလည်း ထင်မြင်ယူဆကြသည်။ ဖြေကြားသူများက မီဒီယာသည် သတင်းအဖြစ်အပျက် အားလုံးဖော်ပြပေးခြင်း အလွန်နည်းသည် သို့မဟုတ် ထိရှလွယ်သောအကြောင်းအရာများ အားလုံးနှင့် ပတ်သက်၍ရေးသားဖော်ပြခြင်းကို ရှောင်ကြဉ်သည်ဟု ၎င်းတို့အမြင်ကိုဖော်ပြခဲ့သည်။

နိုင်ငံပိုင်မီဒီယာကဖော်ပြသော သတင်းအချက်အလက်များသည် အများအားဖြင့် တိကျမှန်ကန်သည်ဟု ထင်မြင်ယူဆသော်လည်း အကြောင်းအရာ အားဖြင့် မပြည့်စုံသောသတင်းများဖြစ်သည်။ နားလည်ရန် မလွယ်ကူသော သတင်းအချက်အလက်များနှင့် အစိုးရကို အကောင်းမြင်စေသည့် အကြောင်းအရာများကိုသာ ဖော်ပြခဲ့သည်။ ထို့အပြင် နိုင်ငံပိုင်မီဒီယာသည် အစိုးရ၏ဆောင်ရွက်လှုပ်ရှားမှုများကိုသတင်းအဖြစ်တင်ပြရာတွင် အချိုးအစားမျှတမှု မရှိ အများအပြားဖော်ပြပေးပြီး တိုင်းရင်းသားပဋိပက္ခများ၊ လူကုန်ကူးခြင်း၊ သယံဇာတပစ္စည်းများထုတ်ယူခြင်း၊ တရားမဝင် သစ်ထုတ်ယူခြင်း စသည့်လူမှုရေးအရ ထိရှလွယ်သော အကြောင်းရာများကို သတင်းအဖြစ် အနည်းငယ်မျှ သို့မဟုတ် သတင်းအဖြစ် ဖော်ပြခြင်းမရှိပေ။

"နိုင်ငံပိုင်မီဒီယာက အစိုးရရဲ့စီမံကိန်းတွေ၊ အထူးသဖြင့် တန်ခိုးကြီးဘုရားတွေကို သွားရောက် ဖူးမြော်ခြင်းမျိုး ဒါမှမဟုတ် အဆင့်မြင့် တာဝန်ရှိ ပုဂ္ဂိုလ်တွေ အခမ်းအနားပွဲ များတက်တာမျိုးလို သတင်းကောင်းတွေကိုသာ ဖော်ပြကြတယ်။"

ပြိုနေအမျိုးသမီးများနှင့်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း

"ကန့်ကွက်ဆန္ဒပြမှုနဲ့ ပတ်သက်တဲ့သတင်းတွေကို နိုင်ငံပိုင် မီဒီယာတွေမှာ ထည့်ပြီး ဖော်ပြလေ့မရှိဘူး။ နိုင်ငံပိုင်မီဒီယာက တံတားဆောက်တာ မျိုး ဒါမှမဟုတ် လမ်းဖောက်တာမျိုးတွေကိုပဲ သတင်းကောင်းတွေ အဖြစ်နဲ့ဖော်ပြကြတယ်"

မြို့နေအမျိုးသမီးများနှင့်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ တနင်္သာရီတိုင်း

ရှေ့တွင်ဖော်ပြခဲ့သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဖြင့် လူထုသဘော ထားအမြင် စစ်တမ်းကောက်ယူခြင်းမှ အထောက်အထားဖြင့်ဖော်ပြခဲ့ပြီး အုပ်စုဖွဲ့ ဆွေးနွေးချက်များ ဆက်တိုက်ပြုလုပ်ရာတွင်ပါဝင်ခဲ့သော ဖြေဆိုသူများက လည်း နိုင်ငံပိုင်မီဒီယာတွင်မှတ်တမ်းတင်လောက်သည့်ဘက်လိုက်များရှိကြောင်းကို သတိပြုမိခဲ့ကြသည်။

"မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အချို့သတင်းများ ( ဥပမာ - မိုးလေဝသ ခန့်မှန်းချက်သတင်း) သည် တိကျမှန်ကန်စွာ တင်ဆက်သော် လည်း "နောက်ဆုံးရသတင်းများ" သို့မဟုတ် "တိုက်ရိုက်ထုတ်လွှင့်သော သတင်းများ" မှာ ယုံကြည် စိတ်ချမှုအနေထားကျဆင်းလျက်ရှိသည်။ အများလက်ခံထားကြသည်မှာ "နောက်ကျသတင်းများ" မှာ ဆင်ဆာစနစ် ဖြင့် ဖြတ်တောက်ထားရှိပြီး သတင်းများဖြစ်သည်။ အုပ်စုဖွဲ့ ဆွေးနွေးခြင်းတွင် ပါဝင်ဆွေးနွေးသူအချို့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနက သတင်းများသည် တဖက်သတ်ဆန်လွန်းသည်ဟု ဝေဖန်ထောက်ပြ ကြသည်။ (အစိုးရ၏ တံတားတည်ဆောက်ခြင်း သို့မဟုတ် ငွေလှူဒါန်းခြင်းစသည့် လုပ်ငန်းများပါဝင်သည့် အပြုသဘော ဆောင်သောသတင်းများကိုသာ ထည့်သွင်းသည်။)[၂၇၉]

အစိုးရ၏တရားဝင်ထုတ်ပြန်ချက်များကိုသိနိုင်ရန် နိုင်ငံပိုင်မီဒီယာများတွင် ကြည့်ရှုနားဆင်ပါက အပျက်သဘောဆောင်သောအဖြစ်အပျက်များအား ချန်လှပ်ထားခြင်း သို့မဟုတ် ဖြစ်စဉ် အလုံးစုံကို ဖော်ပြအစီရင်ခံရန် ပျက်ကွက်ခြင်းများကြောင့် ကြည့်ရှုသူများသည် ၎င်းတို့အနေဖြင့် ထို မီဒီယာသည် သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံပေးနိုင်ခြင်း မရှိဟု မကြာခဏဆိုသလို ခံစားရသည်ဟု ပြောကြား ခဲ့သည်။"[၂၈၀]

[၂၇၉] DW Akademie (2015). မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသဘောထားအမြင်အညွှန်း၊ ရန်ကုန်၊ မြန်မာ။

[၂၈၀] Larkin, C.& and Haung N.M.(2014). မြန်မာနိုင်ငံနိုင်ငံသားများပါဝင်ပတ်သက်မှု၊ မီဒီယာ အတွက်အလားအလာများ၊ အတားအဆီးများ၊ နှင့်အခန်းကဏ္ဍ၊ BBC Media Action, Myanmar, Yangon.

အုပ်စုဖွဲ့ဆွေးနွေးခြင်းတွင်ပါဝင်သူအများအပြားက ပုဂ္ဂလိကမီဒီယာများသည် ထိရှလွယ်သော လူမှုရေး အကြောင်းအရာများပို၍ တင်ပြသည်ဟုလက်ခံယုံကြည်သည်။ သို့သော် ပုဂ္ဂလိကမီဒီယာများတွင် ရပ်တည်ချက်အပေါ် အခြေခံ၍ ကွဲပြားခြားနားသည့် ဘက်လိုက်မှုများ သိသိသာသာရှိနေခြင်းကိုလည်း သတိပြုမိသည်။ ထိုဆွေးနွေးမှုတွင်ပါဝင်သူများက ပုဂ္ဂလိကမီဒီယာ များသည် ယခင်က ဆင်ဆာစနစ်အောက်တွင် လုပ်ဆောင်ရခြင်းထက်ပို၍ လွတ်လပ်လာသည်ဟု ရှုမြင်ကြသည်။ သို့ပေမဲ့ အစိုးရ၏လွှမ်းမိုးမှုသည် အခိုင်အမာရှိနေဆဲဖြစ်သည်။ ထိုလွှမ်းမိုးမှုသည် မီဒီယာလုပ်ငန်းကြီးများနှင့် အစိုးရ ကြားနီးစပ်မှုရှိခြင်းကြောင့် ဖြစ်သည်ဟု ယုံကြည်သည်။ ဆွေးနွေးရာတွင်ပါဝင်သူ အချို့ကလည်း အစိုးရသည် သတင်းသမားများ၏ သဘောထားကို လျစ်လျူရှုကာ ၎င်းတို့၏သတင်းအရေးအသားကို စိစစ် ရန် ဖိအားပေးမှုများ ပြုလုပ် လာသည်ဟုလည်း သတိပြုမိသည်။ တနင်္သာရီတိုင်းတွင် အုပ်စုဖွဲ့ဆွေးနွေးခြင်းတွင် ပါဝင်သူမြို့နေ အမျိုးသမီး တစ်ဦး၏ဖော်ပြချက်မှာ -

> "အစိုးရက ကျမတို့သေသေချာချာမသိတဲ့ တကယ့်ကိုမမြင်သာသော နည်းလမ်း တစ်ခုနဲ့ မီဒီယာကို လွှမ်းမိုးထားတယ်။ ဒီအစိုးရကမီဒီယာကိုဖိအားပေးတာတွေ ခြိမ်းခြောက်မှု တွေပြု လာနိုင်တယ်။"

အပြန်အလှန်အားဖြင့် အစိုးရကို အပြင်းအထန်ဆန့်ကျင်သော အမြင်နှင့် သတင်း ဖောင်းပွအောင် ချဲ့ကား ရေးသားသောသတင်းများလည်း ရှိနေကြောင်း အုပ်စုဖွဲ့ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုသူများက ကိုးကားဖော်ပြခဲ့သည်။ ထိုလူပြိန်းကြိုက်စိတ်ဝင်စားဖွယ်ကောင်းအောင် ချဲ့ကားရေးသားဖော်ပြနေခြင်းသည် အချို့ ပုဂ္ဂလိကမီဒီယာများက သတင်းစာရောင်းအားတိုးမြှင့်ခြင်းနှင့် အကျိုးအမြတ်ကို အဓိကထား ပြုလုပ်သည်ဟု သတိပြုမိသည်။

> "နိုင်ငံပိုင်မီဒီယာက အစိုးရဘက်ကနေရေးပြီး ပုဂ္ဂလိကမီဒီယာက အစိုးရဆန့်ကျင်တဲ့ ဘက်ကနေရေးတယ်။ နိုင်ငံပိုင်မီဒီယာက အစိုးရနဲ့ ပတ်သက်ပြီး ကောင်းတဲ့ အကြောင်းအရာကို ယဉ်ကျေးတဲ့စကားလုံး အသုံးအနှုန်းတွေနဲ့ရေးတယ်။ ဆန့်ကျင်ဘက် အနေနဲ့ ပုဂ္ဂလိကမီဒီယာကတော့ ရိုင်းပြတဲ့စကားလုံးတွေနဲ့ ပုတ်ခတ်တဲ့စကားတွေ လည်းပဲ သုံးပြီး ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုတွေလည်း ပြုလုပ်တယ်။"
>
> မြို့နေအမျိုးသားအုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ပဲခူးတိုင်း

"နိုင်ငံပိုင်မီဒီယာက အစိုးရဘက်ကနေ ရေးသားဖော်ပြပြီး ပုဂ္ဂလိက မီဒီယာကတော့ အကျိုးအမြတ်ကိုသာလိုချင်တယ်။"

မြို့ဖြန့်အမျိုးသမီးအုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ကချင်ပြည်နယ်

ထိုသို့ဆွေးနွေးမှုများပြုလုပ်ရာတွင် ကျေးလက်ဒေသမှ သတင်းများ ဖော်ပြမှုနည်းပါးသည်ဆိုသော ပါဝင် ဆွေးနွေးသူများအကြား သဘောထားများလည်းရှိသည်။ ထိုသူတို့သည် သတင်းဖော်ပြမှု နည်းပါးရသည့်အကြောင်းမှာ သတင်းသမားများ ဝေးလံသောနေရာဒေသများသို့သွားရန် အခွင့်အလမ်း ကန့်သတ်ထားသောကြောင့် ဖြစ်သည်ဟု ယုံကြည်သည်။ မြို့ကြီးများမှဖြေဆိုသူ အများစုကပင် ကျေးလက်သတင်းများ ပိုမိုကောင်းမွန်စွာ ဖော်ပြ ပေးရန် တောင်းဆိုခဲ့သည်။

## ၃.၁၂။ မီဒီယာအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အပေါ် ပြည်သူတို့၏ထင်မြင်ယူဆချက်ကိုအလေးထားခြင်း

သုတေသန ကွင်းဆင်းဆောင်ရွက်သည့် ကာလအတွင်း ပုံနှိပ်မီဒီယာ အများအပြားနှင့် တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့ရာတွင် ပြည်သူ့သဘောထား အမြင် ပုံစံမျိုးစာမျက်နှာအချို့(ဥပမာ - လူထုအသံ သို့မဟုတ် အယ်ဒီတာ့ထံပေးစာ စသည် ဖြင့်)ကိုတွေ့ရှိရသည်။ ၎င်းတို့၏ သတင်းဝက်ဘ်ဆိုက်ပေါ်တွင် ထင်မြင်သုံးသပ်ချက် ပေးခြင်းကဏ္ဍနှင့် လူမှုကွန်ယက်ဝက်ဘ်ဆိုက်တွင် သုံးစွဲသူအကောင့်များ (account) အများအပြားရှိသည်။ ထိုအကြောင်းအရာမှာ ခေတ်ပေါ်မီဒီယာ အများစုပရိတ်သတ်နှင့် ထိတွေ့ဆက်ဆံမှု အတိုင်းအတာပမာဏဖြစ်သည်။ တိုင်းရင်းသား မီဒီယာငယ်လေးများသည် ၎င်းတို့၏စာဖတ်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုရှိရန် ဂရုတစိုက် ပြုလုပ်ရမည်။ ရုပ်သံမီဒီယာအနေဖြင့် ဆင်ဆာဖြတ်ခြင်းစနစ်ကို သတင်းအစီအစဉ် ထက်ပို၍ဖျော်ဖြေရေးနှင့် ပညာရေး အစီအစဉ်များကိုအများဆုံး အသုံးပြုလုပ်ဆောင်ကြရသည်။ ထို့ကြောင့်အစီအစဉ်အချို့၏ ပါဝင်သည့် အကြောင်းများကို တည်းဖြတ်ခြင်းမရှိ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။ ထိုအကြောင်းအရာသည် တဖြည်းဖြည်းနှင့် ပြောင်းလဲရန် စတင် လာခြင်းဖြစ်ပြီး အထူးသဖြင့်ရေဒီယိုအသံလွှင့်လုပ်ငန်းများ အတွင်းစတင်ခဲ့သည်။ ယခုအခါ ရေဒီယိုအသံလွှင့်လုပ်ငန်း အများအပြားသည် ဖုန်းခေါ်ဆိုသည့် (call-in programme) အစီအစဉ်များ ပြုလုပ်လာသည်။ ထို အစီအစဉ်သည် ထုံးစံအတိုင်းယာဉ်ကြောပိတ်ဆို့မှု သတင်းအချက်အလက် ပေးပို့ခြင်းအစီအစဉ်ကဲ့သို့သော စိတ်ဝင်စားဖွယ်ကောင်းသည့် အကြောင်းအရာများ

ထုတ်လွှင့်သော်လည်း အချို့အစီအစဉ်များသည် လူမှုရေးနှင့် ဆက်နွယ်နေသော အကြောင်းအရာများကိုဖြေရှင်းပေးသော အစီအစဉ်များဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန သည် BBC Media Action နှင့် "မျက်မှောက်ရေးရာအဖြာဖြာ" call-in programme တစ်ခုကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ၄င်းအစီအစဉ်မှာ မထုတ်လွှင့်မီ ကြိုတင်အသံဖမ်းယူထားပြီး ၁၅ မိနစ် မှ မိနစ် ၂၀ စာ အစီအစဉ်သည် အရွယ်ရောက်ပြီးလူငယ်လူရွယ်များကို အကျိုးသက်ရောက်မှုရှိမည့် အကြောင်းအရာများနှင့် မြန်မာနိုင်ငံရှိ လူမှုရေးအကြောင်းအရာများကို ကျယ်ကျယ် ပြန့်ပြန့် ထုတ်လွှင့်ခြင်းဖြစ်သည်။

မီဒီယာအဖွဲ့အစည်းအနည်းငယ်အား ဈေးကွက်သုတေသနပြုလုပ်ခဲ့သော်လည်း ၄င်းတို့အားတွေ့ဆုံ မေးမြန်းမှုများမှတဆင့် ထိုအဖွဲ့အစည်းများအပေါ် ကြည့်ရှုအားပေးသူပရိတ်သတ်၏ သဘောထားအမြင်နှင့် စိတ်ဝင်စားမှုကိုပိုမိုသိနားလည်လာစေပါသည်။ ငွေကြေးလုံလောက်မှုနည်းပါးခြင်းသည်လည်း အဓိကကန့်သတ်ချက်အဖြစ် ဖော်ပြထားပါသည်။ ထိုကန့်သတ်ချက်မှာ အဓိကအားဖြင့် အမြတ်အစွန်းပမာဏနည်းပါးသော ပုံနှိပ်မီဒီယာကဏ္ဍကိုသက်ရောက်လျက်ရှိပြီး ဂျာနယ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှာ ၄င်းတို့၏ ဈေးကွက်အတွင်း ရှင်သန်ရပ်တည်နိုင်မှုအတွက် ရုန်းကန်နေရသည့် အနေအထားဖြစ်ပါသည်။

### ၈။ သတင်းသမားများအတွက်ဘေးကင်းလုံခြုံမှု

### ၃.၁၃။ သတင်းသမားများ၊ မီဒီယာလုပ်ငန်းလုပ်ကိုင်ကြသူများနှင့် မီဒီယာအဖွဲ့အစည်းများသည် ၄င်းတို့၏လုပ်ငန်းများကို ဘေးကင်းစွာ ဆောင်ရွက်နိုင်ခြင်း

အကြမ်းဖျင်းအားဖြင့် ယခင်စစ်အစိုးရလက်ထက်တွင် သတင်းသမားများကို အကြမ်းဖက်မှုများနှင့် မီဒီယာလုပ်ငန်းကို ဖိနှိပ်မှုများ ရှိခဲ့ပြီး၊ ရံဖန်ရံခါ အစိုးရကပါ ၄င်းလုပ်ရပ်များကို အားပေးကူညီခဲ့သည်။ ဦးသိန်းစိန်၏အရပ်သားတပိုင်းအစိုးရလက်ထက်တွင် မီဒီယာများကိုပိုမိုတိုးတက်သော အနေအထား ရရှိအောင်ဆောင်ရွက်ပေးခဲ့သည်။ ၄င်းအစိုးရသည် ယခင်ကကျင့်သုံးခဲ့သော ဆင်ဆာစနစ်ကို ပယ်ဖျက်ခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) က မျက်မှောက်ကာလ လူမှုရေး အခြေအနေနှင့် ပို၍ ကိုက်ညီသော မီဒီယာဥပဒေနှင့် စည်းမျဉ်းများ

ရေးဆွဲခဲ့သည်။ သို့သော်လည်းအစိုးရနှင့် မညီသည့်အဖွဲ့အစည်းမှ ခိုင်မာသော ရည်မှန်းချက် လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိပေ။ ၎င်းအဖွဲ့အစည်းများတွင် အမြင် မျိုးစုံ၊ နိုင်ငံရေး စီးပွားရေး အကျိုးအမြတ်များနှင့် ဝန်ကြီးဌာနများ၊ ဌာနကြီးများ၊ တစ်သီးပုဂ္ဂလများပေါင်းစပ်ဖွဲ့စည်း ထားသည်။ ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေသည့် ဆိုသော်ငြားလည်း ရဲ၊ စစ်တပ်နှင့် အထူးစုံစမ်းရေးအဖွဲ့ဟု ခေါ်သော အထူးရဲတပ်ဖွဲ့တို့က မီဒီယာသမားများကို စောင့်ကြည့်ခြင်းနှင့် ရံဖန်ရံခါ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းများ ရှိနေပါသည်။

"ရှမ်းပြည်နယ်မြောက်ပိုင်းကျာနယ်လစ်ကွန်ယက်က ရဲနဲ့ဒေသခံတစ်ဦးကြား ညှိနှိုင်းဖို့ကြိုးစားနေတုန်း ယာဉ်ထိန်းရဲရိုက်တာခံလိုက်ရတဲ့ ဒေသခံ သတင်း သမား တစ်ယောက်ရဲ့ပြဿနာ တစ်ခုကို ကိုင်တွယ်ဖြေရှင်းပေးခဲ့တယ်၊ ဒီအကြောင်းကို ကွန်ယက်က ရဲဌာနကိုသတင်းပို့ခဲ့တယ်။ နောက်ဆုံးတော့ ရဲဌာနက ထိုရဲကိုတခြားဒေသကို ပြောင်းရွှေ့ပေးလိုက်တာနဲ့ပဲအဆုံးသတ် သွားတယ်။ အတတ်နိုင်ဆုံးတော့ ဒီပြဿနာကို လျစ်လျူရှုမထားခဲ့ဘူး"

သတင်းထောက်များ နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း

"ဒီမှာကျောင်းသစ်တစ်ကျောင်းဖွင့်တုန်းက အမှန်တော့ ဒီကျောင်းက အလှူရှင်တစ်ဦးက လှူခဲ့တာဖြစ်တယ်၊ အာဏာပိုင်အဖွဲ့အစည်းတွေက ပြည်သူကို လိမ်ညာပြောတယ်၊ အဲဒါက သူတို့တွေက သူတို့ရဲ့ကိုယ်ပိုင် ပိုက်ဆံတွေကို ကျောင်းဆောက်ဖို့သုံးစွဲခဲ့ရတယ်၊ ဒါကြောင့် သူတို့က ပြည်သူတွေဆီက ပိုက်ဆံတောင်းတယ်။ ဒီသတင်းကို ထုတ်ဝေလိုက်တဲ့ အခါ ရဲက ဒီမှာနေတဲ့သတင်းသမားတွေကိုခြိမ်းခြောက်ခဲ့တယ်၊ ဒီတိုက်ကို ရဲအရာရှိချုပ်ကိုတင်ပြခဲ့တယ်။ နောက်တော့ ခြိမ်းခြောက်ရာမှာ ပါဝင်ခဲ့တဲ့ ရဲကိုပြောင်းရွှေ့လိုက်တယ်။"

သတင်းထောက်များ နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ကချင်ပြည်နယ်

သတင်းသမားများကိုညှဉ်းပန်းနှိပ်စက်မှုသည် နိုင်ငံ၏အခြားဒေသများနှင့် နှိုင်းယှဉ်ကြည့်လျှင် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းကဲ့သို့သော ပဋိပက္ခ ဖြစ်ပွားရာဒေသများတွင်ပိုမိုဖြစ်ပွားသည်။ ဤကဲ့သို့သော နယ်မြေများတွင် စစ်တပ်၊

အထူးစုံစမ်းရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့၏ ပြစ်ဒဏ်ကင်းလွတ်စွာနှင့် လုပ်ဆောင်နိုင်သည်။ မကြာခဏဆိုသလို ထိုဒေသများတွင်သတင်းသမားများကိုရဲတပ်ဖွဲ့နှင့်အထူးစုံစမ်းရေးအဖွဲ့ တို့က အနှောင့်အယှက်ပြုခြင်း၊ ၎င်းတို့၏ လှုပ်ရှားမှုများကို စောင့်ကြည့်ခြင်းများရှိကြောင်း ပြောဆိုခဲ့သည်။ ၎င်းတို့သည် ထိုဒေသရှိအစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးက အလားတူညှဉ်းပန်းနှိပ်စက်မှုမျိုးပြုလုပ်ခြင်းကိုခံစားရသည်။

စစ်တပ်၏အဟန့်အတားမရှိဆောင်ရွက်မှုများသည် သတင်းသမားတစ်ဦးကိုသတ်ဖြတ်ခြင်းထိဖြစ်လာခဲ့သည်။ ၂၀၁၄ ခုနှစ် ဝက်တင်ဘာ ၃၀ ရက်နေ့တွင် သတင်းသမား အောင်ကျော်နိုင်ကို မြန်မာ့တပ်မတော်၏ အမှတ် ၂၀၈ ခြေလျင်တပ်ရင်းက ကျိုက်မရောမြို့တွင်ဖမ်းဆီးခဲ့သည်။ စစ်တပ်၏အစီရင်ခံစာအရ ၎င်းတို့က အောင်ကျော်နိုင်သည် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း၏ နိုင်ငံရေးတာဝန်ခံ လုပ်ဆောင်သူ၊ ကာလိုထူးသော ကရင်အဖွဲ့အစည်း တွင်လုပ်ကိုင်နေသူဟု လက်ခံယုံကြည်သည်။[၂၁၆]

ထို့နောက်တွင် ပြောဆိုချက်များအရ အောက်ကျော်နိုင်သည် လွတ်မြောက်ရန် ကြိုးစားရင်းနောက်ပိုင်းမှာ စစ်တပ်အချုပ်ခန်းထဲမှာပင်အဏ်ရာနှင့်သေဆုံးသွားခဲ့သည်။ ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ သတင်းအချက်အလက် ထုတ်ပြန်မှုကန့်သတ်ထားသောကြောင့်မီဒီယာနှင့်နိုင်ငံတကာအဖွဲ့အစည်းများက ပြင်းပြင်းထန်ထန်ဆန္ဒ ဖော်ထုတ်ကြသဖြင့် သမ္မတဦးသိန်းစိန်သည် စုံစမ်းစစ်ဆေးခြင်းလုပ်ဆောင်ပေးရန် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့တောင်းဆိုခဲ့သည်။ အလောင်းကိုပြန်ဖော်၍စစ်ဆေးရာ ညှဉ်းပန်းနှိပ်စက်ခံထားရသည့်လက္ခဏာမျိုး မတွေ့ရှိရကြောင်း ကော်မရှင်က အစီရင်ခံစာတင်ပြခဲ့သည်။ သို့သော် ၎င်းတို့က ထိုအမှုကို ပွင့်လင်းမြင်သာမှုပိုရှိစေရန် အရပ်ဖက်တရားရုံးကကြားနာစစ်ဆေးသင့်သည်ဟု အကြံပြုခဲ့သည်။ ထိုအမှုတွင် ပတ်သက်နေသော စစ်သားနှစ်ဦးကို စစ်ခုံရုံးတင် စစ်ဆေးခဲ့သော်လည်း နိုဝင်ဘာလတွင်၎င်းတို့အား စစ်ခုံရုံး၏တရားသူကြီး ဆုံးဖြတ်ချက်အရအမှုမှ ကွင်းလုံးကျွတ် တရားသေလွှတ်ပေးခဲ့သည်။ အရပ်ဖက်တရားရုံးက တရားမမှုစစ်ဆေးနေစဉ်အတွင်း နောက်တစ်နှစ်ဖွန်လတွင် ထိုစစ်သားနှစ်ဦးကို အာမခံပေးခဲ့သည်။ ထိုစစ်သားနှစ်ဦးကို စစ်ခုံရုံးက

---

[၂၁၆] Norren, N. (24 October 2014). မြန်မာ့တပ်မတော်ကပျောက်ဆုံးနေသောသတင်းသမားအား ဖွစ်ခွဲသတ်ဖြတ်ခဲ့သည်/ Democratic Voice of Burma. Retrieved from: http://www.dvb.no/news/missing-journalist-allegedly-killed-by-burmese-army-burma-myanmar/45384

တရားသေလွှတ်ပေးခဲ့သောကြောင့် မျက်မြင် သက်သေရှိသော်လည်း ၎င်းတို့၏ လူသတ်မှုကို အရပ်ဖက်တရားရုံးက စစ်ဆေးဆုံးဖြတ်ခြင်းမလုပ်နိုင်ခဲ့ပေ။[၂၈၇]

တခါတရံပြည်သူများကလည်း သတင်းသမားများ၏လုံခြုံရေးကိုခြိမ်းခြောက်မှုများ ပြုလုပ်လာသည်။ ၂၀၁၂ ခုနှစ်ကတည်းကမြန်မာနိုင်ငံရှိ အဓိကအချက်အချာကျသော မြို့ကြီးများတွင် လူနည်းစုတစ်စုကြောင့် ဘာသာရေးအရ တင်းမာမှုများ ပို၍ပြင်းထန်လာခြင်းသည် အဓိကရုဏ်းဖြစ်စေခဲ့သည်။ ၎င်းတို့သည်လူစုလူဝေးနှင့် လှုပ်ရှားမှုများကို မှတ်တမ်းတင်ထားခြင်း မပြုလုပ်စေချင်သောကြောင့် ထိုအဓိကရုဏ်းဖြစ်ပွားမှု သတင်းယူခြင်းသည် သတင်းသမား များ အတွက်အန္တရာယ်များသည်။ လားရှိုးနှင့်မန္တလေးမြို့တို့တွင် သတင်းသမားများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာမှ ထိုလူစုလူဝေး၏ရန်လိုမှုများကို သိရှိခဲ့သည်။ ၂၀၁၂ ခုနှစ် လားရှိုးအဓိကရုဏ်းကာလ အတွင်း ကိုယ်ထိလက်ရောက် ခြိမ်းခြောက်ခဲ့ပြီး ၎င်း၏ပစ္စည်းများဖျက်ဆီးခံခဲ့ရသည်ဟု သတင်းသမားတစ်ဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။ အလားတူ ကိစ္စကိုမန္တလေးမြို့အဓိကရုဏ်းကာလအတွင်း ရေဝတီသတင်းဌာနမှ ဇာနည်မန်း ကမှတ်တမ်းတင်ခဲ့သည်။

> "ကျွန်တော်တို့ကို သက်နှင်းခြုံထားတဲ့လူသုံးဦးနဲ့ အခြားလူငယ်တွေက ကြမ်းကြမ်းတမ်းတမ်းနဲ့ မေးမြန်းခဲ့တယ်။ သူတို့က တုတ်၊ သံချောင်းတွေ ကိုင်ထားပြီး မူးနေမှန်းသိသာတယ်၊ ကျွန်တော်တို့ဘက်ကို လှည့်ပြီး "ဘာမေးခွန်းမှ ထပ်မမေးနဲ့၊ မင်းတို့ခေါင်းကို ရိုက်ခွဲပစ်လိုက်မယ်" ဆိုပြီး သူတို့ကိုင်ထားတဲ့တုတ်ကိုမြှောက်ပြီး အော်ပြောတယ်"[၂၈၈]

---

[၂၈၇] Mang, L M. (25 June 2015). ကြားနာမှုအပြီးစစ်သားများကသတင်းထောက်ကို မည်သို့သတ်ခဲ့ကြောင်း ထွက်ဆို၊Myanmar Times. Retrieved from: http://www.mmtimes.com/index.php/national-news/15203-soldiers-tell-how-they-killed-journalist-as-hearing-ends.html

[၂၈၈] Mann, Z. (8 July 2014). မန္တလေးမြို့တွင် အဓိကရုဏ်းသတင်း ရယူရန်ကြိုးစားသော သတင်းသမားများအားအကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ The Irrawaddy. Retrieved from: http://www.irrawaddy.org/burma/mandalay-violent-threats-trying-report-riots.html

ထိုရန်ပုံကိုလိုသောနေရာဒေသများတွင် သတင်းသမားအများအပြား လုပ်ကိုင်နေကြရသော်ငြားလည်း ၎င်းတို့၏အလုပ်ရှင်များက လူမှုဘဝလုံခြုံရေးအတွက်ကာကွယ်စောင့်ရှောက်မှု အစီအမံများကို ရံဖန်ရံခါသာ ပံ့ပိုးပေးခဲ့သည်။ မြန်မာတိုင်းမ် သတင်းစာတိုက်ကဲ့သို့သော ရန်ကုန်မြို့ရှိမီဒီယာတိုက် အနည်းငယ်သာ ၎င်းတို့၏ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှု အလုံအလောက်ပေးခြင်းဖြင့်ပံ့ပိုးပေးနိုင်ပြီး သတင်းသမားများ လုံခြုံရေးအတွက်ရေးဆွဲထားသောမူဝါဒများရှိသည်။ သို့သော် ထိုအကြောင်းအရာသည် မီဒီယာလုပ်ငန်းစံနှုန်း သတ်မှတ်ချက်ပုံစံမဟုတ်ပေ။ သတင်းသမားအများစုကို ၎င်းတို့၏ အလုပ်ရှင်က ဘဏ္ဍာရေးအကန့်အသတ်များကြောင့် ကာကွယ်စောင့်ရှောက်မှု အနည်းငယ်မျှသာပေးနိုင်သည်။ မီဒီယာတိုက်ငယ်များသည် ၎င်းတို့၏ သတင်းသမားများကို ခရီးသွားလာ ကုန်ကျစရိတ် အလုံအလောက်ပေးရန်၊ ပစ္စည်းကိရိယာများ ပံ့ပိုးပေးရန်အတွက် ငွေကြေးအင်အားနည်းပါးသဖြင့် ၎င်းတို့ အနေဖြင့် ကျန်းမာရေး စောင့်ရှောက် မှုတစ်ခုတည်းသာ ပံ့ပိုးပေးနိုင်သည်။[၂၇၉] ပုံနှိပ်မီဒီယာတိုက်ငယ် အများအပြားသည် အန္တရာယ်ရှိသော နယ်မြေသို့ သတင်းသမားများစေလွှတ်ခြင်းကို ရှောင်ကြဉ်ရန် နှင့် အသုံးစရိတ်သက်သာစေရန် အခြားသတင်းစာ၊ စာစောင်များမှ သတင်းများကို ထပ်မံရိုက်နှိပ်ဖော်ပြသည်။[၂၈၀]

မီဒီယာသမားများ၏လုံခြုံရေးမှာ ပထဝီဝင်အနေအထားပေါ်မူတည်၍ ကွဲပြားခြားနားသည်ကို ဂရုပြုသင့်သည်။ ရန်ကုန်မြို့ရှိ မီဒီယာသမားများသည် အခြားနေရာဒေသနှင့် နှိုင်းစာလျှင်လုံခြုံမှုရှိသောနေရာတွင် လုပ်ကိုင်ခွင့် ရရှိသည်။ သို့သော်လည်း လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကန့်သတ်ထားသည့်ပြင်းထန်သော ဥပဒေများသည်ခြိမ်းခြောက်မှုတစ်ခုအဖြစ်ကျန်ရှိနေပြီး ကိုယ်ထိလက်ရောက်ကျူးလွန်မှုများသည် အနည်းနှင့်အများရှိနေသည်။ယခင်ကျင့်သုံးခဲ့သော ဆင်ဆာစနစ်ပယ်ဖျက်ပြီးကတည်းက ရန်ကုန်ရှိမီဒီယာတိုက်များသည် အခြားမြို့များနှင့်စာလျှင် လွတ်လပ်သောနယ်မြေတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသည်။ သုတေသနပြုခြင်းမှ ဖုံးကွယ်ထားသောကိစ္စတစ်ခုဖြစ်သည့် ဂျာနယ်တစ်စောင်ကိုအစိုးရက ပိတ်လိုက်သည့်အကြောင်းကိုတွေ့ရှိရသည်။

[၂၇၉] မန္တလေးမြို့တွင် အစိကရုဏ်းသတင်းရယူရန်ကြိုးစားသော သတင်းသမားများအား အကြမ်းဖက် ခြိမ်းခြောက်ခြင်း။

[၂၈၀] ယင်း

ထိုဂျာနယ်တိုက် အပိတ်ခံရခြင်း သည် အကြောင်းအရာကိုလုပ်ကြံဖန်တီးရေးသား ထုတ်ဝေခြင်း ကြောင့်ဖြစ်သည်။[၂၂၁] ထိုအကြောင်းအရာသည် ၂၀၁၄ ခုနှစ် ဇွန်လတွင် ဖြစ်ပွားခဲ့သောသီးခြားဖြစ်ရပ်တစ်ခု ဖြစ်ပြီး အထူးစုံစမ်းရေးအဖွဲ့က ရန်ကုန်ရှိသတင်း စာတိုက်မှ အယ်ဒီတာချောက်ဦးကို ၎င်းတို့၏ငွေကြေးကိစ္စနှင့် ပတ်သက်၍ အချိန်ယူ စုံစမ်းစစ်ဆေးခဲ့သည်။[၂၂၂]

## ၃.၁၄။ ဘေးကင်းလုံခြုံမှုမရှိသောအခြေအနေတစ်ခုကြောင့် မီဒီယာအလေ့အထ များကို ထိခိုက်နစ်နာမှု မရှိစေရ

ဆင်ဆာစနစ် မပယ်ဖျက်မီက မီဒီယာတွင် ထိရှလွယ်သော အကြောင်းအရာ များကို မဖော်ပြခဲ့ကြပေ။ ယခင်က တားမြစ်ထားသော အကြောင်းအရာများတွင် မြေယာသိမ်းမှုများ၊ မူးယစ်ဆေးရောင်းဝယ် ဖောက်ကားမှုများ၊ သဘာဝသယံဇာတ ပစ္စည်းများ တရားမဝင်ထုတ်ယူခြင်းများ၊ ကလေးစစ်သားစုဆောင်းခြင်းနှင့်တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြားဖြစ်ပွားသောတိုက်ပွဲများ အစရှိသည်တို့ပါဝင်သည်။ ယခုအခါ ပုံနှိပ် မီဒီယာတွင် ထိုအဖြစ်အပျက် အကြောင်းအရာ များကို ခေါင်းပါးကဏ္ဍတွင် ရေးသားဖော်ပြထားသည်ကို တွေ့မြင်နိုင် သည်။ သို့သော် လည်း အယ်ဒီတာများ၊ သတင်းထောက်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတွင် သတင်းအဖြစ် ထုတ်ပြန်ခြင်း မရှိသော အကြောင်းအရာများရှိနေဆဲဖြစ်သည်ဟု ထုတ်ဖော်ပြောကြား ခဲ့သည်။ ၎င်းတို့ရေးသားတင်ပြသော သတင်းများတွင် မွတ်ဆလင်နှင့် ဗုဒ္ဓဘာသာဝင်

[၂၂၁] မွန်းတည့်နေ ဂျာနယ်သည်အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ယာယီအစိုးရ ဖွဲ့စည်းပြီးဟူသော မျက်နှာဖုံးသတင်း ဖော်ပြခဲ့ သည်၊ ထိုသတင်းသည်မှားယွင်းစွာဖော်ပြခြင်းဖြစ်သည်၊ ထိုဂျာနယ်အပိတ်ခံရပြီး ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) အရ သတင်းသမားသုံးဦးနှင့် ပိုင်ရှင် နှစ်ဦး ကို ထောင်ဒဏ်(၂)နှစ် ချမှတ်လိုက်သည်၊
Zaw, N.(October 16 2014). သတင်းသမားသုံးဦးနှင့် မီဒီယာပိုင်ရှင် နှစ်ဦးကိုတရားရုံးက ထောင်ဒဏ် (၂) နှစ်ချမှတ်ခြင်း၊ Retrieved from:
http://www.irrawaddy.org/burma/court-sentences-3-journalist-2-media-owners-2-years-prison.html

[၂၂၂] Mon, K. H. (23 June 2014). မြန်မာနိုင်ငံအထူးစုံစမ်းရေးအဖွဲ့က သတင်းစာဂျာနယ်တိုက်များ၏ ငွေကြေးကိစ္စ စုံစမ်းစစ်ဆေးခြင်း။ Retrieved from:
http://www.irrawaddy.org/burma/burmas-special-branch-investigates-finances-news-journals.html

တို့အကြား ဘာသာရေးနှင့်ပတ်သက်၍ သဘောထား တင်းမာမှုဖြစ်စေသော သတင်းများ သည် ထိရှလွယ်မှုမြင့်မားသော အကြောင်းအရာများဖြစ်ကြောင်းလည်း သိရှိခဲ့ရသည်။ ထိုဖိအားပေးမှုများသည် မီဒီယာလုပ်ငန်းခွင်အတွင်း ၎င်းတို့ရေးသားဖော်ပြလိုသော အကြောင်းအရာများကိုမီဒီယာ သမားများ ကိုယ်တိုင် ဆင်ဆာဖြတ်ရခြင်းမျိုး မကြာခဏ ဖြစ်ပေါ်စေခဲ့သည်။

"မူးယစ်ဆေးဝါး ရောင်းဝယ်သူတွေက မီဒီယာသမားတွေအတွက် အလွန် ကြောက်စရာ ကောင်းတဲ့သူတွေဖြစ်တယ်။ သတင်းထောက်တွေက မူးယစ် ဆေး ရောင်းဝယ်သူတွေရဲ့သတင်းကို မဖော်ပြရဲကြဘူး။"

သတင်းထောက်များနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (မန္တလေး)

"စစ်သားတစ်ဦးက အဓမ္မပြုကျင့်ရန် ကြိုးစားခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး စစ်တပ် က ဒီသတင်းကို ထုတ်ပြန်ခြင်းမပြုဖို့ ကျွန်တော်တို့ကို ဖိအားပေးခဲ့တယ်။ ကျူးလွန်ခံရတဲ့ မိန်းကလေးကတောင် သူမ ဒီသတင်းကို မထုတ်ပြန်စေချင် ဘူးလို့ ဖုန်းဆက်ပြောခဲ့တယ်။ နောက်ဆုံး ဒီသတင်းကို မထုတ်ပြန်ဘဲ ချန်ထားခဲ့ရတယ်။"

အယ်ဒီတာချုပ်၊ ပဲခူးတိုင်းဂျာနယ်

"တချို့အယ်ဒီတာတွေက ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူ တွေကို စစ်တပ်မှာ အမှုထမ်းဖို့ ပြန်ပေးဆွဲခြင်းလိုမျိုး စစ်တပ်နဲ့ ပတ်သက် နေတဲ့ သတင်းများကို မဖော်ပြချင်ကြဘူး။"

သတင်းထောက်များနှင့်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း

## အခန်း (၃) အကြံပြုချက်များ

- မီဒီယာလုပ်ငန်းများအနေနှင့် ဝန်ထမ်းခန့်အပ်ခြင်းကိစ္စရပ်များတွင် လူနည်းစု တိုင်းရင်းသားများနှင့် ကျား၊ မရေးရာကဏ္ဍတို့ကို စုံစုံလင်လင် ထည့်သွင်း စဉ်းစားသင့်ပါသည်။ နိုင်ငံတကာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အစည်း များကလည်း မီဒီယာတိုက်များကို နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ ဖြည့်ဆည်း ပေးသင့်သည်။
- နိုင်ငံတကာမီဒီယာ အဖွဲ့အစည်းများသည် လူနည်းစုတိုင်းရင်းသား မီဒီယာ အဖွဲ့အစည်းများအား ပံ့ပိုးကူညီပေးနေသည့် နည်းပညာနှင့် ဘဏ္ဍာရေး အထောက်အပံ့များကို ဆက်လက်၍ ထောက်ပံ့သင့်သည်။
- ရပ်ရွာအခြေပြုရေဒီယိုအသံလွှင့် လုပ်ငန်းများတည်ထောင်ရန်နှင့် ထိုအဖွဲ့ အစည်းများသုံးစွဲရန် မတည်ရင်းနှီးငွေအတွက် ငွေကြေးထောက်ပံ့မှုများပေးရန် ရန်ပုံငွေအဖွဲ့တစ်ဖွဲ့ထူထောင်ပေးသင့်သည်။ ငွေကြေးထောက်ပံ့မှုကိုနိုင်ငံရေးနှင့် စီးပွားရေး အကျိုးအမြတ်ကင်းလွတ်သော ကြားနေ အဖွဲ့အစည်းတစ်ခုက စီမံခန့်ခွဲပေးသင့်သည်။
- အစိုးရအနေဖြင့် မီဒီယာလုပ်ငန်းများ၏ စီးပွားရေးကြော်ငြာများမှ စည်းကြပ် ကောက်ခံရရှိသည့် အခွန်ငွေများကို အထက်တွင်ဖော်ပြခဲ့ပြီးသော ရပ်ရွာ အခြေပြု ရုပ်သံလွှင့်မီဒီယာများ ရန်ပုံငွေအဖွဲ့သို့ လွှဲပြောင်းပေးသင့်သည်။
- နိုင်ငံတကာမီဒီယာ အဖွဲ့အစည်းများအနေဖြင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့အား မီဒီယာအကဲဆတ်ခံနိုင်ရည် သင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေး သင့်သည်။ ထိုမှသာ မီဒီယာနှင့် မည်ကဲ့သို့သင့်တင့်လျောက်ပတ်စွာ ပူးပေါင်း ဆောင်ရွက်ရမည်ကို သိရှိကြမည်။
- အများပြည်သူ အကျိုးပြုရုပ်သံလွှင့်လုပ်ငန်းက ဆောင်ရွက်နေသော ပြည်သူ့ ဝန်ဆောင်မှုကို ဥပဒေဖြင့်ပြဋ္ဌာန်းပြီး အကာအကွယ်ပေးသင့်ပါသည်။
- ပြည်သူ့အကျိုးပြု မီဒီယာဥပဒေသစ်မူကြမ်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပဋိညာဉ်ရေးဆွဲရာတွင် ရုပ်သံလွှင့်လုပ်ငန်းနှင့် အရပ်ဖက်လူ့အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ရလိမ့်မည်။ အလားတူ ထိုဥပဒေသစ်နှင့် ပဋိညာဉ်တွင် ပြည်သူ့အကျိုးပြု ရုပ်သံလွှင့် မီဒီယာ၏ အစိုးရအဖွဲ့ အစည်းများ

ခန့်အပ်တာဝန်ပေးခြင်းအတွက် ပွင့်လင်းမြင်သာမှုနှင့် လွတ်လွတ်လပ်လပ် ဆောင်ရွက်မှုများအတွက် ပြဋ္ဌာန်းချက်များပါရှိသင့် သည်။

- အစိုးရနှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများက အသစ်ဖွဲ့စည်းထားသော မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီကိုကိုယ်တိုင် ထိန်းကျောင်းနိုင်သော မီဒီယာအဖွဲ့တစ်ခုအနေနှင့် ယင်းကောင်စီ၏ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကြေးအလုံအလောက်နှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများပံ့ပိုးပေးသင့်ပါသည်။
- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ရန်ကုန်မြင်ပရှိ မီဒီယာတိုက်များ၏ ထောက်ခံမှုများရရှိကာ မီဒီယာအတွက် ကိုယ်တိုင်ထိန်းကျောင်းသည့် အဖွဲ့အဖြစ်အတိအလင်းဆောင်ရွက်နိုင်ရန် ယင်းမီဒီယာတိုက်များနှင့် ပိုမို ထိတွေ့ကာ ဆက်ဆံမှုများကို တိုးမြှင့်သင့်သည်။
- မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီသည် လက်ရှိမီဒီယာတိုက်အားလုံး၏ အချက်အလက် အပြည့်အစုံ စုစည်းကာ ယင်းအချက်အလက်များကို သတင်းမီဒီယာကောင်စီ၏ ဝက်ဘ်ဆိုက်တွင် တင်ထားသင့်ပါသည်။
- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် တစ်နိုင်ငံလုံးမှ မီဒီယာတိုက်များ၏ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပါဝင်မှုကိုရယူ၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ ယာယီကထုတ်ပြန်ခဲ့သည့် သတင်းမီဒီယာကျင့်ဝတ်ကိုပြန်လည်ဆန်းစစ်သင့်ပြီး ယင်းကို မီဒီယာလုပ်ငန်းများက လိုက်နာကျင့်သုံးကြစေရန် မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။
- လက်ရှိ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကထုတ်ပြန်ခဲ့သော သတင်းမီဒီယာကျင့်ဝတ်နှင့် လိုက်လျောညီထွေရှိပြီး ထည့်သင့်သည့်အချက်အလက်များ ထပ်မံဖြည့်စွက်ခြင်းဖြင့် ရုပ်သံလွှင့်မီဒီယာ ကျင့်ဝတ်ကို မူကြမ်းရေးဆွဲသင့်ပါသည်။

# အခန်း (၄)

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အမျိုးအစားများပြားစုံလင်မှုနှင့် မတူကွဲပြားခြင်းတို့ကို အားကောင်းညီညွတ်စေမည့် ပရိုဖက်ရှင်နယ် အရည်အသွေးမြှင့်တင်ရေးနှင့် ယင်းတို့ကို ပံ့ပိုးပေးမည့် အဖွဲ့အစည်းများ

# အခန်း (၄)

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အမျိုးအစားများပြားစုံလင်မှုနှင့် မတူကွဲပြားခြင်း တို့ကို အားကောင်းညီညွတ်စေမည့် ပရိုဖက်ရှင်နယ် အရည်အသွေးမြှင့်တင်ရေးနှင့် ယင်းတို့ကို ပံ့ပိုးပေးမည့် အဖွဲ့အစည်းများ

## (က) အရည်အချင်းပြည့်မီကျွမ်းကျင်သော မီဒီယာသင်တန်းများရရှိနိုင်မှု

### ၄.၁ မီဒီယာသမားတို့အတွက် လိုအပ်သောအရည်အသွေးကိုဖြည့်ဆည်းနိုင်ကြရန် သင်တန်းများ

မီဒီယာလုပ်ငန်းတွင် မြန်မာနိုင်ငံသည်မကြာသေးမီက မီဒီယာလုပ်ငန်းသစ်များ လျင်မြန်စွာဖြင့် တဟုန်ထိုးတိုးပွားလာခဲ့သော်လည်း လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များရှိနေခဲ့သည်။ မူလရှိနေခဲ့ပြီးသော မီဒီယာလုပ်ငန်းများ တွင်သာမက အသစ်ပေါ်ထွက်လာခဲ့သော မီဒီယာလုပ်ငန်းခွင်များတွင် ငယ်ရွယ်တက်ကြွသော လူငယ်သတင်းထောက်များ ဝင်ရောက်လုပ်ကိုင်လာကြသည်။ မြန်မာ့သတင်းပညာသိပ္ပံ၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် သတင်းထောက်ပေါင်း လေးထောင်ကျော်ရှိပြီး အများစုမှာ ဝါရင့်သတင်းထောက်များ မဟုတ်ကြောင်း တွေ့ရှိရသည်။[၂၂၄] သတင်းထောက်များအတွေ့အကြုံနည်းပါးကြောင်းကို မီဒီယာသင်တန်းများလိုအပ်ကြောင်း အကဲဖြတ်သုတေသနက တင်ပြထားသည်။[၂၂၅] နမူနာကောက်

---

[၂၂၄] ခန့်မှန်းခြေအားဖြင့်မီဒီယာသမား ၄၀၀၀တွင်အစိုးရ သို့မဟုတ်အခြားမီဒီယာ ဝန်ထမ်းများ မပါဝင်ပါ။ ၎င်းစာရင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ခဲ့ကြပြီး မီဒီယာပညာရှင်များက ယေဘူယျအားဖြင့် ပံ့ပိုးပေးခဲ့သည်။ သို့သော် စာရင်းဇယားအတိအကျမပါဝင်ပါ ယေဘုယျအားဖြင့် မီဒီယာသမား များဟု သတ်မှတ်ထားခြင်းဖြစ်သည်။

[၂၂၅] DW Akademie နှင့် CFI 2015. မြန်မာနိုင်ငံတွင် သတင်းထောက်များအတွက် မီဒီယာသင်တန်းများလိုအပ်ကြောင်း အကဲဖြတ်သုတေသနည်း။ ရန်ကုန်၊ မြန်မာ။

ယူခဲ့သော သတင်းထောက် ၃၂၈ ယောက်တွင် ၂၈% သည် မီဒီယာလုပ်ငန်းခွင်တွင် လုပ်ကိုင်နေသည်မှာ လုပ်သက်နှစ်နှစ်ထက် နည်းကြောင်းတွေ့ရပြီး ၅၁% သည် လုပ်သက် သုံးနှစ်မှ ခြောက်နှစ်ကြား ရှိကြောင်းတွေ့ရသည်။ မီဒီယာလုပ်ငန်း လုပ်သက်နှစ်နှစ်အောက် အတွေ့အကြုံရှိသော ၃၄% သောအမျိုးသမီး သတင်းထောက်များသည် မီဒီယာလုပ်ငန်း လုပ်သက် ခုနစ်နှစ် သို့မဟုတ် အထက်ရှိသော အမျိုးသမီး သတင်းထောက် ၁၅% ထက် နှစ်ဆပိုများနေသည်ကိုတွေ့ရသည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် အမျိုးသမီး သတင်း ထောက်အများစု၏ မီဒီယာလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်မှုမှာ ယခင်ကထက် ပိုများလာသကဲ့သို့ အများစုသည် နှစ်အတန်ကြာသောအခါ မီဒီယာလုပ်ငန်းများတွင် ဆက်လက်လုပ်ကိုင်မှု နည်းသွားကြောင်း တွေ့ရသည်။

### ဇယား ၆။ မြန်မာသတင်းသမား၏ လုပ်သက်နှစ်အလိုက်အခြေပြဇယား[၂၆]

| သတင်းထောက်လုပ်သက် | စုစုပေါင်း(ဦးရေ =၃၂၈) | အမျိုးသမီး(ဦးရေ=၁၁၉) | အမျိုးသား(ဦးရေ= ၂၀၉) |
|---|---|---|---|
| ၂ နှစ်အောက် | ၂၈% | ၃၄% | ၂၅% |
| ၃ နှစ်မှ ၆ နှစ်ကြား | ၅၁% | ၅၁% | ၅၁% |
| ၇နှစ် နှင့် အထက် | ၂၁% | ၁၅% | ၂၄% |
| စုစုပေါင်း။ | ၁၀၀% | ၁၀၀% | ၁၀၀% |

တွေ့ဆုံမေးမြန်းချက်များအရ ဝါရင့်သတင်းထောက်များသည် သင်တန်းများ တက်ရောက်ခဲ့မှုနည်းပါးကြောင်း သိရသည်။ အများစုမှာ လုပ်ငန်းခွင်ကတဆင့် သင်ယူတတ်မြောက်ခဲ့ပြီး ရက်တိုအလုပ်ရုံဆွေးနွေးပွဲများ၊ စာအုပ်စာတမ်းများ လေ့လာခြင်းများမှတဆင့် ၎င်းတို့၏သက်မွေးကြောင်းပညာရပ်ကို ပညာရှင်များအဖြစ် ရပ်တည်နိုင်အောင် ဖြည့်ဆည်းခဲ့ကြသည်။ မီဒီယာလုပ်ငန်းများနှင့် ပတ်သက်၍ သတ်မှတ်သည့်အဆင့်တိုင်းတွင် သင်တန်းပို့ချရန် လိုအပ်ကြောင်းကို မီဒီယာ လုပ်ငန်းများအားလုံးနီးပါးက သဘောတူပြောကြားခဲ့သည်။ သင်တန်းလိုအပ်ချက် အကဲဖြတ်ခြင်းသုတေသနက အလားတူတွေ့ရှိခဲ့သည်ကို ဖော်ပြခဲ့သည်။ မီဒီယာ

[၂၆] ၎င်းဇယားမှာ DW Akademie နှင့် CFI 2015. မြန်မာနိုင်ငံတွင် သတင်းထောက်များအတွက် မီဒီယာသင်တန်းများလိုအပ်ကြောင်း အကဲဖြတ်သုတေသန၊ ရန်ကုန်၊ မြန်မာ၊ တို့မှ ထုတ်နုတ်၍ ဖော်ပြထားခြင်းဖြစ်သည်။

လုပ်ငန်းများ၏ ၃၆% က ယင်းတို့၏ သတင်းသမားများအားလုံးလိုလိုသည် အတွေ့အကြုံသို့မဟုတ် ရာထူးကိုပဓာနမထားပဲ သင်တန်းများလိုအပ်ကြောင်းပြောကြား ခဲ့သည်။ ယင်းကိုဥပမာထား၍ မီဒီယာနယ်ပယ် အသီးသီးတွင် သင်တန်းအချို့ ပို့ချပေးရန်မှာ လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်းသိရသည်။ မီဒီယာလုပ်ငန်းအများစုက သတင်းထောက် ၉၂%၊ အယ်ဒီတာ ၆၄%၊ သာမက ထုတ်လုပ်သူ ၂၈%၊ အတတ်ပညာရှင် ၃၈%၊ မန်နေဂျာ ၂၆% အသီးသီးတို့အတွက်ပါ သင်တန်းပေးရန် ဆန္ဒရှိကြောင်း သိရှိရသည်။

### ဇယား ၇။ ဝန်ထမ်းလုပ်သက်အဆင့်အလိုက် သင်တန်းလိုအပ်ချက်အခြေအနေ[၂၂၇]

| ဝန်ထမ်းလုပ်သက်အဆင့်အလိုက် | ရာခိုင်နှုန်း(ဦးရေ-၅၀) |
|---|---|
| လုပ်သက်နု ( ၂နှစ်အောက်) | ၅၆% |
| လုပ်သက်အတွေ့အကြုံ(၃-၆ နှစ်) | ၂၈% |
| လုပ်သက် ရင့်ဝန်ထမ်း/ ခေါင်းဆောင် | ၄% |
| စုစုပေါင်းဝန်ထမ်း | ၃၆% |
| တက်ရောက်ရန်မလို | ၀% |

### ဇယား ၈။ ဝန်ထမ်းအမျိုးအစားအလိုက် သ င်တန်းလိုအပ်ချက်အခြေအနေ

| ဝန်ထမ်းအမျိုးအစားအလိုက် သင်တန်းလိုအပ်ချက်အခြေအနေ | ရာခိုင်နှုန်း (ဦးရေ-၅၀) |
|---|---|
| သတင်းထောက်များ | ၉၂% |
| ထုတ်လုပ်သူများ | ၂၈% |
| ပညာရှင်များ | ၃၈% |
| အယ်ဒီတာများ | ၆၄% |
| မန်နေဂျာများ | ၂၆% |
| ဈေးကွက်ဝန်ထမ်းများ | ၄% |
| ဘာသာပြန် | ၂% |

[၂၂၇] ယင်း

မြန်မာနိုင်ငံတွင်မီဒီယာသင်တန်းကျောင်းများနည်းပါးနေပြီး မီဒီယာလုပ်ငန်းများ၏လိုအပ်ချက်များကို ဖြေရှင်းပေးရန် အဆင်သင့်မဖြစ်သေးကြောင်း တွေ့ရသည်။ ယခင်အစိုးရ၏ မီဒီယာဖိနှိပ်ချုပ်ချယ်မှုများကြောင့် သတင်းထောက် အများစု က နိုင်ငံရပ်ခြားသို့ထွက်ခွာသွားခဲ့ကြသည်။ ယင်းအချက်ကြောင့် ၂၀၀၈ မတိုင်မီက စာနယ်ဇင်းပညာရပ်ဆိုင်ရာတက္ကသိုလ်အဆင့် အစီအစဉ်များမရှိခဲ့ပေ။ ထို့ကြောင့် နိုင်ငံအတွင်းတွင် သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်သည့် အတွေ့အကြုံရှိသော သို့မဟုတ် ကျွမ်းကျင်ပညာရှင်အဆင့်လေ့ကျင့်သင်ကြားခဲ့သော သတင်းသမားများ အနည်းငယ်သာရှိသည်။ အကျိုးဆက်အားဖြင့် မြန်မာသတင်းသမားများအတွက် ပထမဦးဆုံးသော မီဒီယာ သင်တန်းကျောင်းကို ပဏာမခြေလှမ်းအဖြစ် ထိုင်းနိုင်ငံ နယ်စပ်ဒေသတွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အင်တာနယူးစ်က ထိုင်းနိုင်ငံ ချင်းမိုင်ဒေသ၌ စာနယ်ဇင်းသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ခြင်းဖြင့် အရေးပါသော အခန်း ကဏ္ဍမှ ပါဝင်လာခဲ့သည်။[၂၂၆] ယင်းသင်တန်းကျောင်းမှ ကျောင်းသားအများစုက မြန်မာနိုင်ငံသို့ပြန်လာပြီး မီဒီယာ လုပ်သားများကို တရားမဝင်သင်တန်းပေးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာအီးဂရက်စ်သင်တန်းမှ လူထု ဆက်သွယ်ရေးဘာသာရပ်ကို မိတ်ဆက်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မီဒီယာသင်တန်းကျောင်းမှ စာနယ်ဇင်းသင်တန်းများကို ၂၀၀၃ မတိုင်မီကတည်းက ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။[၂၂၇] လွန်ခဲ့သောနှစ် အနည်းငယ်က စာနယ်ဇင်း သက်မွေးသင်တန်းကျောင်းအသစ်များ ဖွင့်လှစ်ခဲ့ပြီး ထိုကျောင်းများတွင် သက်တမ်းအလိုက်နှင့် သတ်မှတ် ထားသော စံနှုန်းများအလိုက် ဖွင့်လှစ်ဆောင်ရွက်ကြသည်။ အချို့သော သက်မွေးသင်တန်းကျောင်းများတွင် ဝါရင့် သတင်းထောက်အနည်းငယ်ပါဝင်ပြီး ယင်းတို့ကမျိုးဆက်သစ်သတင်းထောက်များကို သင်တန်းပေးသည်။ ထို့ပြင် ယင်းတို့က ကျေးလက်ဒေသတွင်လိုအပ်လျက်ရှိသော အခြေခံစာနယ်ဇင်းသင်တန်းများအတွက် နိုင်ငံအနှံ့သွားရောက်၍ သင်တန်းပေး သည်။ သင်တန်းဖွင့်လှစ်ရာတွင် သင်တန်းအတွက်အသုံးပြုသော ကုန်ကျစရိတ်

[၂၂၆] Internews(2014) အကျိုးသက်ရောက်မှု အစီရင်ခံစာ https://www.internews.org/sites/default/files/resources/internews MYANMAR 2014-02.pdf

[၂၂၇] Voice journal နှင့် ယခင် Egress သင်တန်းကျောင်းမှ အယ်ဒီတာများနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၂၀၁၄ ဇူလိုင်လ။ သတိထားသင့်သည်မှာ EGRESS အနေဖြင့် လူထုဆက်သွယ်ရေး ဘာသာရပ်ကို ကြာရှည်မသင်ကြားခဲ့ခြင်းဖြစ်သည်။

နည်းပါးနေခြင်း သို့မဟုတ် မရှိပါကအခါအားလျော်စွာ သင်တန်းပေးသူ၏ ကိုယ်ပိုင်ပိုက်ဆံဖြင့် စိုက်ထုတ်လုပ်ကိုင်ခဲ့ ကြသည်။ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ဖွင့်လှစ်နိုင်မှုအားနည်းနေသေးသည့် ထိုသင်တန်းသည် သတင်းထောက်များ၏ အလုပ်တာဝန်နှင့် လုပ်ငန်းစဉ်ဆောင်ရွက်မှု များပေါ်တွင် မူတည်နေသည်။[၂၃၀]

အခြားတစ်ဖက်တွင်ပုံမှန်သင်ရိုးညွှန်းတမ်းနှင့်အတူ တချို့သောစာနယ်ဇင်း သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်ခဲ့သည်။ တစ်ချို့သောစာနယ်ဇင်းသက်မွေး သင်တန်းကျောင်းများက အခြေခံစာနယ်ဇင်းသင်ရိုးကို သုံးရက်မှ ဆယ်ရက်အထိ ဖွင့်လှစ်သင်ကြားပေးနေချိန်တွင် တစ်ချို့သောသင်တန်းကျောင်းက ပဋိပက္ခသတင်း ရေးသားနည်း၊ ရွေးကောက်ပွဲသတင်းရေးသားနည်း စသည့်အကြောင်းအရာများကို အဓိကထားသင်ကြားပေးခဲ့ကြသည်။ ၎င်းသင်တန်းကျောင်းများတွင်အစိုးရမဟုတ်သော အဖွဲ့အစည်းများက အခါအားလျော်စွာ အကြောင်းအရာအလိုက် အလုပ်ရုံဆွေးနွေး ပွဲများပြုလုပ်ပေးခဲ့သည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲများတွင် မီဒီယာစီမံခန့်ခွဲမှု၊ လူ့အခွင့် အရေး၊ သတင်းစီမံခန့်ခွဲမှု၊ စုံစမ်းထောက်လှမ်း/ သတင်းအတတ်ပညာနှင့် အခြားသော အကြောင်းအရာများ ပါဝင်ပါသည်။

သင်တန်းလိုအပ်ချက်များအကဲဖြတ်ခြင်း သုတေသနမှရရှိသော စာရင်း ဇယားများအရ မီဒီယာသမား အချို့အဝက်သည် အွန်လိုင်းသတင်းရေးသားခြင်းနှင့် ဘလော့ဂ်ရေးသားနည်း သင်တန်းများကို တက်ရောက်လိုကြောင်း သိရသည်။ မြန်မာ နိုင်ငံတွင်တိုးတက်များပြားလာသော လူငယ်အများစုက ၎င်းတို့၏ သတင်းအချက် အလက်များကိုလူမှုကွန်ယက်တွင်အများစုရယူလေ့ရှိရာ ထိုသင်တန်းများက သင့်လျော် ကိုက်ညီမှုရှိကြောင်း တွေ့ရသည်။ (ဇိုင်းတာချက် ၅.၂ တွင်ကြည့်ပါ။) သို့သော် ဆိုးကျိုး အနေဖြင့် လူမှုကွန်ယက်နှင့်ဘလော့ဂ်များတွင် မှတ်ဆလင် ဆန့်ကျင်ရေး အမုန်းစကား များရေးသားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အွန်လိုင်းသတင်းထောက်များအဖြစ် အွန် လိုင်းမီဒီယာအရည်အသွေးမြှင့်မားစေရန်မှာ ရုတ်တရက်လိုအပ်လာခဲ့သည်။ စာနယ်ဇင်း သက်မွေး သင်တန်းကျောင်းများ အနေဖြင့် အရေးပါသောသင်ကြားရေးဖြစ်သည့် ကွန်ပျူတာကွန်ရက်အခြေခံရေးသားရသောသင်ကြားရေးကို သိရှိဂရုပြုမိသော်လည်း

[၂၃၀] Fojo Media Institute မှပရောဂျက်မန်နေဂျာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၅ ဇွန် ၂၀၁၄၊

နည်းပညာဆိုင်ရာ သင်ထောက်ကူများ မလုံလောက်မှုသည် အဓိကအခက်ခဲများ ဖြစ်သည်ဟု သင်တန်းဆရာများက မကြာခဏထုတ်ဖော်ပြောကြားခဲ့ကြသည်။ ( ဆိုလိုသည်မှာ ကွန်ပျူတာသုံးစာသင်ခန်း)။

စီးပွားရေး၊ ဥပဒေ၊ ကျန်းမာရေး ပညာရေးအစရှိသော ဘာသာရပ်အလိုက် အထူးပြုရေးသားနည်းများကို သင်ကြားပေးသည့် သင်တန်းများ အနည်းငယ်သာ ရှိသည်။ မြန်မာနိုင်ငံအတွင်း လူထုပညာရေးအားနည်းရခြင်း၏ အဓိကအချက်မှာ သက်ဆိုင်ရာနယ်ပယ်အလိုက် နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချမှု မရှိခြင်းကြောင့် ဖြစ်သည်။ လွန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံအစိုးရသည် ပညာရေး အသုံးစရိတ်ကိုမြှင့်တင်ပေးခဲ့သည် ဆိုသော်လည်း အသားတင်ထုတ်ကုန်တန်ဖိုးအရ အစိုးရ၏ ပညာရေးအသုံးစရိတ်မှာ အာဆီယံနိုင်ငံများအတွင်း အနိမ့်ဆုံးအဆင့် ဖြစ်နေဆဲဖြစ်သည်။[၂၈၁] ထို့အပြင် ယခင်အစိုးရလက်အောက်တွင်တက္ကသိုလ်ပညာရေး စနစ်ရှင်သန်ခဲ့ရကြောင်းတွေ့ရသည်။ ၁၉၈၈ ခုနှစ် ကျောင်းသားများဆန္ဒပြမှုကြောင့် နိုင်ငံအဝှမ်းရှိ တက္ကသိုလ်များ ပိတ်လိုက်သည်။ အချိန်ကာလအပိုင်းအခြားအလိုက် တက္ကသိုလ်များ အဖွင့်၊ အပိတ်များကြုံတွေ့ခဲ့ရပြီး တက္ကသိုလ် ပညာရေးစနစ်တွင် ဟာန်ပြပညာရေးစနစ်အဖြစ် တွေ့ကြုံခဲ့ရသည်။ ရန်ကုန်မြို့တွင်တည်ရှိသော ရန်ကုန် တက္ကသိုလ် တွင် ၁၉၈၈ ခုနှစ်မှစ၍ ဘွဲ့ကြိုအတန်းများကို ရပ်နားထားခဲ့ပြီး ၂၀၁၃ ခုနှစ် တွင်ပြန်လည်ဖွင့်လှစ်ခဲ့သည်။[၂၈၂] ထိုနှစ်တလျောက်တွင် အဝေးသင်ပညာရေးစနစ်ကို အဆင့်မြှင့်တင်ခဲ့ပြီး အလွတ်ကျက်မှတ်သည့်စနစ်အပေါ် အခြေခံ သင်ကြားခဲ့သည်။[၂၈၃]

မီဒီယာလုပ်ငန်းများအတွက် သတင်းရေးသားမှုအပိုင်းတွင် စနစ်တကျ ရှိစေမည့်သင့်လျော်သော အသိပညာဗဟုသုတရရှိရန်မှာ တိုးတက်လာသော ပညာရေးစနစ်အပေါ် မှုတည်လာလိမ့်မည်ဖြစ်သည်။ ရန်ကုန် အခြေစိုက်ဂျာနယ် အယ်ဒီတာကလည်း ၎င်း၏သဘောထားအမြင်ကို အလားတူ ပြောကြားခဲ့သည်။

---

[၂၈၁] Robertson, B.(2014) မြန်မာနိုင်ငံ လျာထားငွေ သုံးသပ်ခြင်း။ ရန်ကုန်။ Action Aid Myanmar.

[၂၈၂] Associated Press(4 December2013). ဘွဲ့ကြိုတန်းများကို မြန်မာနိုင်ငံတက္ကသိုလ်တွင် ပြန်လည်ဖွင့်လှစ်း ကောက်နုတ်ချက်။ http//asiancorrespondent.com/116818/undergrads-return-to-crumbling-burma-university/

[၂၈၃] ယင်း

“တကယ်လို့ သတင်းထောက်တွေရဲ့အရည်အသွေးကို မြှင့်တင်ချင်ရင် ပညာရေး စနစ်တစ်ခုလုံးကိုမြှင့်တင်ရပါမယ်။ ဒါက တခါတရံမှာ အတတ်ပညာပိုင်း ဆိုင်ရာတင် မဟုတ်ဘူး။ သူတို့လိုက်မယ့်သတင်းအကြောင်းအရာပိုင်းကိုလည်း သိဖို့ လိုတယ်။ ဒါကိုလေ့လာဖို့တော့အချိန်လိုတယ်။ ဥပမာပြောရရင် စီးပွားရေးသတင်း ထောက်တွေက စီးပွားရေး အကြောင်းကို မသိကြဘူး… …နိုင်ငံရေးသတင်းလိုက်တဲ့ လူတွေ ကလည်း နိုင်သူအကုန်ယူ နဲ့ အချိုးကျရွေးချယ်ရတဲ့ ရွေးကောက်မှုစနစ်ကို မသိကြဘူး။ ဒါမှမဟုတ် ကနဦးအကြောင်းအရာတွေကို မသိကြဘူး။ ကျွန် တော့် အထင်ကတော့ အတတ်ပညာပိုင်းဆိုင်ရာထက် အကြောင်းအရာပိုင်းဆိုင် ရာကို သိအောင်လုပ်ဖို့လိုတယ်။”

အယ်ဒီတာများနှင့် သတင်းထောက်များက ရေရှည်တွင်ဖွံ့ဖြိုးတိုးတက်လာနေသော အထူးပြုဘာသာရပ်၏ အရေးပါမှုကို သတိပြုမိလာစဉ်မှာပင် အများစုက မီဒီယာလုပ်ငန်းတွင် အခြေခံစာနယ်ဇင်းသင်တန်းသည် အဓိက အကျဆုံးလိုအပ်ချက်ဖြစ်ကြောင်းပြောကြားခဲ့ကြသည်။ ထိုသို့သောအမြင်မျိုးနှင့် အလားတူစွာ ၃၈% သော မီဒီယာလုပ်ငန်းများက အခြေခံစာနယ်ဇင်းသင်တန်းသည် အလိုအပ်ဆုံးဖြစ်သည်ဟု သင်တန်းလိုအပ်ချက်များ အကဲဖြတ်ခြင်း သုတေသနကဖော်ပြခဲ့ဘူးသည်။ ထို့နောက် ၃၄% က သတင်းရေးသားနည်း နှင့် ၂၈% က အခြေခံ အင်္ဂလိပ်စကားပြောသင်တန်းအရေးပါကြောင်း အသီးသီးပြောကြားခဲ့ကြသည်။ တွေ့ဆုံမေးမြန်းမှုများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် မီဒီယာမန်နေဂျာများက အသံလွှင့်လုပ်ငန်းများ နှင့် အွန်လိုင်းသတင်းရေးသားခြင်းတို့အတွက် လိုအပ်ချက်များ ထောက်ပြခဲ့ကြသည်။ ၎င်းတို့က ရုပ်မြင်သံကြားမှ အဓိကလူထုသတင်းရင်းမြစ်များ၊ သတင်းအချက်အလက်များနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း၊ အင်တာနက်အသုံးပြုမှုများပြားလာခြင်းတို့၏ လိုအပ်ချက်များကို ထောက်ပြခဲ့ကြသည်။ (ဇယားတချက် ၅၊ ၂တွင်ကြည့်ပါ) ထို့အပြင် ပဋိပက္ခသတင်းရေးသားနည်းသင်တန်း လိုအပ်ကြောင်းတင်ပြခဲ့ကြသည်။

မီဒီယာလုပ်ငန်းနယ်ပယ်တွင် သင်တန်းများလိုအပ်ခြင်းသည် ရေးကွက်လိုအပ်ချက်အဖြစ်ဖော်ပြ၍မရနိုင်ပါ။ မြန်မာနိုင်ငံတွင် စာနယ်ဇင်းလုပ်ငန်းသည် ယခင် ကတည်းက အကျိုးအမြတ်နည်းသော လုပ်ငန်းဖြစ်၍ သတင်းထောက်

အများစုသည် ၎င်းတို့၏ဝင်ငွေကို အထောက်အပံ့ပေးသည့် အခြားလုပ်ငန်းနှင့် အတူလုပ်ဆောင် ကြသည်။ ၎င်းမှာ ကျေးလက်ဒေသ မီဒီယာလုပ်ငန်းတွင် သတင်းထောက်အလုပ်ကို လုပ်ကိုင်မှုနည်းခြင်း၏ အခြေခံအချက်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် သတင်းထောက်နှင့် မီဒီယာသမားများသည် မီဒီယာသင်တန်း ဘာသာရပ်များပို့ချပေးရန်အတွက် ကိုယ်တိုင်ကြိုးပမ်းအားထုတ်ရသည်။ အချုပ်အားဖြင့် ဆိုသော်မြန်မာနိုင်ငံရှိ ပုံနှိပ်မီဒီယာအများစုသည် အမြတ်နည်းမှု သို့မဟုတ် အရှုံးနှင့် ကြုံတွေ့နိုင်သည်။ မီဒီယာလုပ်ငန်းအများစုမှာ သင်တန်းများလိုအပ်ကြောင်း ဖော်ပြကြသော်လည်း အဆိုပါသင်တန်းများဖွင့်လှစ်ရန် ဦးစားပေးဆောင်ရွက်ခြင်း မပြုကြပါ။ သင်တန်း လိုအပ်ချက်အကဲ ဖြတ်ခြင်း သုတေသနက ဖော်ပြရာတွင် ၈၆% သော မီဒီယာလုပ်ငန်းများသည် သင်တန်းများအတွက် လျာထားငွေမရှိပါ။[၂၄၄]

မီဒီယာဝန်ထမ်းများနှင့် လုပ်ငန်းများအရည်အသွေးမြင့်မားစေရန် သင်တန်း ကျောင်းများက အကန့်အသတ်ဖြင့် အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ကြေးငွေကို အသုံးပြု၍ဖွင့်လှစ်ရသည်။ ထို့ကြောင့် သင်တန်းများဖွင့်လှစ်ရာတွင် အခမဲ့ သို့မဟုတ် တက်ရောက်သူများက အနည်းငယ်စရိတ်စိုက်ထုတ်ကျခံရသည်။ လိုအပ်ချက်များ ရှိသော်လည်း ထောက်ပံ့ငွေ ပေါ်မူတည်ပြီး သင်တန်းပုံမှန်ပေးရန်နှင့် လိုအပ်ချက်အရ သင်တန်းပေးရန်လုပ်ဆောင်ကြသည်။[၂၄၅]

> "သတင်းထောက်ရက်တိုသင် တန်းတွေဟာ လက်ရှိခေတ်စားနေတဲ့ ကိစ္စရပ်တွေအပေါ်မှာ မူတည်ပြီးဖွင့်ကြတယ်။ ပဋိပက္ခတွေရှိရင် ... ကဲ။ ကောင်းပြီ။ ပဋိပက္ခအကဲဆတ်သတင်း၊ ရေးသားနည်းသင်တန်းတွေ ပေးတယ်။ တစ်ခါတစ်ခါ လူကြိုက်များတဲ့အကြောင်းအရာတွေနဲ့ပတ်သက် ပြီးလိုက်ဖွင့်တယ်။ တစ်ခါတလေလည်း တစ်ကာယ့်အရေးကြီးတဲ့ ကိစ္စရပ် တွေ မဟုတ်တာလည်းရှိတယ်။"

ရန်ကုန်အခြေစိုက်ထင်ရှားသောဂျာနယ်တစ်ခုမှ အယ်ဒီတာတစ်ဦး

[၂၄၄] ၎င်းနမူနာပုံစံကို ရန်ကုန်မီဒီယာတိုက်များမှ သာရယူခဲ့သည်။ ယေဘုယျအားဖြင့် ရန်ကုန်မြို့ပရှိ မီဒီယာတိုက်များသည် တိုက်ငယ်များဖြစ်ကြပြီး လူအင်အားနှင့် ငွေကြေးအင်အားလည်း အကန့်အသတ်ရှိကြသည်။ ဆိုလိုသည်မှာ ရန်ကုန်အခြေစိုက်မဟုတ်သော မီဒီယာတိုက်အများစုသည် သင်တန်းအတွက်လျာထားငွေမရှိကြပါ။

[၂၄၅] Voice journal နှင့် ယခင် Egress သင်တန်းကျောင်းမှ အယ်ဒီတာများနှင့် တွေ့ဆုံမေးမြန်းခြင်း။ ဂျူလိုင် ၂၀၁၄။

မီဒီယာလုပ်ငန်းများနှင့် သတင်းထောက်များသည် အမျိုးမျိုးသောဟန့်တား ကန့်သတ်မှုများရှိသော်လည်း ကျယ်ပြန့်သောသင်ယူမှုတို့ဖြင့် ထိုသင်တန်းများကို ကြိုဆိုကြသည်။ သို့သော်မီဒီယာလုပ်ငန်းအများစုသည် လူအင်အားအနည်းငယ်ဖြင့်သာ ကန့်သတ်လုပ်ကိုင်လေ့ရှိရာ ထိုအချက်က ၎င်းတို့သင်တန်းတက်ရန် အခက်တွေ့စေသည်။ အထူးသဖြင့် မီဒီယာတိုက်ငယ်များတွင် သတင်းထောက်အနည်းငယ်နှင့်သာ လုပ်ကိုင်သည့်အတွက် အကျိုးဆက် အားဖြင့် သင်တန်းပို့ချခြင်းကို ရက်တို နှင့် အနည်းဆုံး တစ်ပတ်ကြာ သို့မဟုတ် တစ်ပတ်ထက် လျော့နည်းပြီး ပို့ချပေးရသည်။ အင်တာနယူးစ်အနေဖြင့် သုံးလကြာမြင့်သည့်သင်တန်းပို့ချမှုများဖြင့် သင်ကြားသော်လည်း အချိန်ပြည့် တက်ရောက်ရန် အခက်အခဲများတွေ့ရသည်။[၂၈၆]

ပထဝီဝင်အနေအထားအရ ခရီးဝေးကွာမှုနှင့် ဆက်စပ်လျက်ရှိသည့် ကုန်ကျစရိတ်များကလည်း သင်တန်း တက်ရောက်ရန် အဟန့်အတားဖြစ်စေသည်။ သင်တန်းပို့ချမှုအများစုသည် နိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင်သာ ဖွင့်လှစ်လေ့ရှိသည်။ နေရာအနှံ့တွင်ပြုလုပ်သောအုပ်စုဖွဲ့ဆွေးနွေးခြင်းများ၌ သတင်းထောက်များ က ရန်ကုန်မြို့သို့ သွားရောက်သင်တန်းတက်ရန် ခရီးစရိတ်၊ နေထိုင်စရိတ်တို့သာမက အချိန်ကုန်မှုကိုပါ ထည့်တွက်ရန် လိုအပ်ကြောင်းထောက်ပြဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အခြေခံအဆောက်အဦးလိုအပ်ချက် မြင့်မားခြင်းကြောင့် ရန်ကုန်မြို့သို့ အထူးသဖြင့် မြန်မာပြည်မြောက်ဖျားပိုင်းမှ လာရောက်ရန် ခရီးရှည်ပြီး ခက်ခဲသည်။

မီဒီယာလုပ်ငန်းများအနေဖြင့် အကျိုးအမြတ်ပြန်ရရန် အာမခံချက်မရှိသောအခါ ယင်းတို့၏ဝန်ထမ်းများ အပေါ် ရင်းနှီးမြှုပ်နှံရန် တွန့်ဆုတ်လာကြသည်။ သင်တန်းလိုအပ်ချက်အကဲဖြတ်မှတ်တမ်းများက မီဒီယာလုပ်ငန်း အတွင်း ဝန်ထမ်းအရွှေ့အပြောင်းမှာ သိသိသာသာမြင့်မားလျက်ရှိကြောင်း ဖော်ပြရေးသားထားသည်။ ၎င်းဖြစ်စဉ်ကို မီဒီယာတိုက်ငယ်များတွင် တွေ့ရနှုန်းပိုများသည်။ မီဒီယာလုပ်ငန်းငယ်များတွင် ကျွမ်းကျင်မှုမရှိသေးသော မီဒီယာ ဝန်ထမ်းများသည် ၎င်းလုပ်ငန်းတွင် လုပ်ကိုင်နေရာမှ သင်တန်းတက်ရောက်ပြီးသောအခါ လခပိုကောင်းသော မီဒီယာလုပ်ငန်းကြီးများသို့ ပြောင်းရွှေ့သွားတတ်ကြသည်။

---

[၂၈၆] အင်တာနယူး(စ်) (Internews) မှပရောဂျက် ဒါရိုက်တာနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၂၆ ဇွန် ၂၀၁၄။

သင်တန်းပို့ချမှုနှင့် ပတ်သက်သည့်သတင်းအချက်အလက်မရရှိခြင်းမှာ နယ်ဘက်ဒေသများတွင်ရှိသော မီဒီယာများအတွက် နောက်ထပ်အတားအဆီး အနေဖြင့်တွေ့ရသည်။ သတင်းထောက်အချင်းချင်းနှင့် ရန်ကုန်မြို့ရှိ မန်နေဂျာများက တဆင့် ပုဂ္ဂလိကဆက်သွယ်ခြင်းဖြင့် သင်တန်းဆိုင်ရာသတင်းအချက်အလက်များ ဖြန့်ဝေသည်။ ထို့ကြောင့် နယ်ဘက်ဒေသရှိ မီဒီယာလုပ်ငန်းများမှာ အဆိုပါသတင်း များကို ရရှိရန်ခက်ခဲကြသည်။ မြန်မာသတင်းမီဒီယာကောင်စီနှင့် စာနယ်ဇင်းအဖွဲ့ အစည်းများကကြားခံမီဒီယာ သို့မဟုတ် ဗဟိုသုတမျှဝေခြင်းကဲ့သို့သော အရေးပါ သော အခန်းကဏ္ဍတစ်ရပ်အနေဖြင့် လုပ်ဆောင်ပေးနိုင်သည်။ ထို့အပြင် သတင်း အချက်အလက် ဖြန့်ဝေခြင်း အတွက် အွန်လိုင်းကတဆင့် ဆောင်ရွက်နိုင်သည်။ အောင်မြင်မှုရစေရန်အတွက်မီဒီယာလုပ်ငန်းများအနေဖြင့် လုံလောက်သောဆက်သွယ် ရေး အချက်အလက်များရယူနိုင်ရန်အတွက် လက်ရှိမီဒီယာလုပ်ငန်းအားလုံးကို ပြည့်စုံစွာ ဖော်ပြထားသောစာရင်းဇယားအချက်အလက်များ လိုအပ်မည်ဖြစ်သည်။[၂၇၇]

အချို့သောသင်တန်းပေးမှုများက ဝေးလံသောဒေသရှိသတင်းထောက်များ တက်ရောက်နိုင်ရန် လုပ်ဆောင်ကြသည်။ ရန်ကုန်သတင်းစာပညာသင်တန်းကျောင်း နှင့်မြန်မာဂျာနယ်လစ်ကွန်ရက်တို့က တိုင်းနှင့်ပြည်နယ်မြို့ကြီးများတွင် သင်တန်းပို့ချ ပေးသည်။ တစ်ဖက်တွင်လည်း အင်တာနယူးစ် ကဲ့သို့သော သင်တန်းကျောင်းအချို့ သည် ရန်ကုန်ပြင်ပမှ လာတက်သောသင်တန်းသားများအတွက် ခရီးစရိတ်နှင့် နေထိုင် စရိတ်တို့ကို ပညာသင်ဆုအနေဖြင့် ပေးသည်။ BBC Media Actionက သတင်း ထောက် သင်တန်းများနှင့် အွန်လိုင်းမှတဆင့် အဝေးသင်သင်တန်းများကို ပို့ချပေး သည်။ ယင်းသင်တန်းများကိုနယ်မြို့များမှ အလွတ်သတင်းထောက်များအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သည်။[၂၇၈] သို့သော် အင်တာနက်လိုင်းနှုန်းများ ဆက်သွယ်မှုနှေးကွေး ခြင်းက စိန်ခေါ်မှုတစ်ရပ်အဖြစ်ရင်ဆိုင်နေရပြီး အောင်မြင်မှု မရရှိခဲ့ပါ။

---

[၂၇၇] ပြန်ကြားရေးဝန်ကြီးဌာန မှ မီဒီယာလုပ်ငန်းများ နှင့် ဆက်သွယ်ရန် မီဒီယာလုပ်ငန်းစာရင်းကို သုတေသနအဖွဲ့အား ၂၀၁၄ ဇူလိုင်လ တွင် ကူညီ ပေးခဲ့သည်။ ထိုအချိန်က အချို့သောစာရင်းမှာ လက်ရှိနောက်ဆုံးအခြေအနေကို အတည်ပြုရန်လိုအပ်ခဲ့သည်။ အချို့သောလုပ်ငန်းများမှာ ပိတ်သိမ်း ပြီးသားဖြစ်ပြီး အချို့မှာ တိုင်းရင်းသားမီဒီယာများဖြစ်သည်။ တချို့မှာကွင်းဆင်းရာတွင် လွဲမှားနေ သည်ကို တွေ့ရသည်။ (ဖြစ်နိုင်ခြေမှာ ၎င်းတို့အနေဖြင့် MOI တွင်မှတ်ပုံတင်မထားခြင်းမျိုးဖြစ်နိုင် သည်။) ပထမအဆင့်အနေဖြင့် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် အချက်အလက်များကို ဖြည့်စွက်မွမ်းမံသင့်သည်။

[၂၇၈] BBC Media Action နှင့်တွေ့ဆုံမေးမြန်းခြင်း။ ၁၇၊ ဇူလိုင်၊ ၂၀၁၄

ကျား၊မတန်းတူညီမျှမှုအနေဖြင့် မီဒီယာသင်တန်းများတွင် အမျိုးသမီးများ ပါဝင်မှု တွင်မမျှတမှုအနည်းငယ်ကို တွေ့ရသည်။ သင်တန်းကျောင်းများနှင့် တွေ့ဆုံမေးမြန်းရာတွင် သင်တန်းသားအားလုံး၏ထက်ဝက်နီးပါးမှာ အမျိုးသမီးများဖြစ်ကြောင်း ဖော်ပြခဲ့သည်။[၂၆၆] အခြားသုတေသနတစ်ခုက ဖော်ပြထားသည်မှာ အချို့မီဒီယာ လုပ်ငန်းများတွင် အမျိုးသမီးများထက် အမျိုးသားများကို သင်တန်းသို့ဦးစားပေးစေလွှတ်သည့် ဘက်လိုက်မှုမျိုးကိုတွေ့ရ သည်။[၂၆၇] တိုင်းရင်းသားလူနည်းစုများအနေဖြင့်မီဒီယာ သင်တန်းတွင် ယေဘုယျအားဖြင့် ကိုယ်စားပြုတက်ရောက်မှု နည်းပါးသော်လည်း အဆိုပါသင်တန်းများတွင် တက်ရောက်မှုရှိသည်။ ဆိုလိုသည်မှာ ဗမာလူများစုသာ တက်ရောက် စေသည့် တိုင်းရင်းသားများအပေါ် ဘက်လိုက်မှုမဟုတ်ဘဲ သင်တန်းတည်နေရာကြောင့်ဖြစ်သည်။ လူနည်းစု တိုင်းရင်းသားများသည် နဂိုမူလက ပင်မြန်မာနိုင်ငံ၏ ဝေးလံသောဒေသတွင်နေထိုင်ကြသည်။ ထို့အပြင်သင်တန်းတွင် ပို့ချသောဘာသာရပ်များကို ဗမာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ပို့ချသည်။ တိုင်းရင်းသား မီဒီယာ အုပ်စုများမှ ပါဝင်တက်ရောက်သူများ အဆင်ပြေစေရန် ရန်ကုန်မြို့တွင်ပြုလုပ်သောသင်တန်းများတွင် တိုင်းရင်းသားဘာသာဖြင့်ပို့ချပေးပါက လုံလောက် နိုင်ပါသည်။[၂၆၈]

မီဒီယာတိုက်အများစုနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် မီဒီယာတိုက်တွင်း သင်တန်းပေးမှုများရှိသော်လည်း သင်တန်းပေးသည့်ပုံစံနှင့် ကြာမြင့်သည့်အချိန်ကာလသာ ကွဲပြားမှုရှိသည်။ နိုင်မာသောမီဒီယာတိုက်ကြီးများသာလျှင် ၎င်းတို့၏ ဝန်ထမ်းများအတွက် အရည်အသွေးပြည့်မီသော သင်တန်းများကို ပံ့ပိုးပေးနိုင်သည်။ ဥပမာ မြန်မာတိုင်းမ် သည် အသစ်ဝင်လာသော ဝန်ထမ်းများကို နှစ်လတာ သင်တန်းပေးသည်။ မီဒီယာတိုက်ငယ်များအနေဖြင့် တိုက်တွင်း သင်တန်းကို ရက်အနည်းငယ်

[၂၆၆] များသောအားဖြင့် သင်တန်းကျောင်းများက တက်ရောက်သည့် ကျား၊ မ သို့မဟုတ် လူမျိုးအရေအတွက်ကို တိတိကျကျကောက်ယူထားခြင်း မရှိပါ။ ယခုဖော်ပြထားချက်များ သည် သင်တန်းကျောင်းများ၏ အကြမ်းဖျဉ်းခန့်မှန်းချက်များသာဖြစ်သည်။

[၂၆၇] Article 19 (2015) ဆင်ဆာသင့်ဂျန်ဒါ - မြန်မာနိုင်ငံရှိအမျိုးသမီးများ၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးနှင့် သတင်း အချက်အလက်။
https://www.article19.org/resources.php/resource/38032/en/country-report:-censored-gender

[၂၆၈] Internews မှ ပရောဂျက် ဒါရိုက်တာနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၂၆ ဇွန် ၂၀၁၄၊

သာပေးနိုင်သည် သို့မဟုတ် ဝန်ထမ်းအသစ်အနေဖြင့် လုပ်ငန်းခွင်တွင် သင်ယူရသည်။

၄.၂။ လုပ်ငန်းစီမံခန့်ခွဲရေးပိုင်းမှ မန်နေဂျာအပါအဝင် မီဒီယာကို စီမံခန့်ခွဲသူများ အနေဖြင့် ၎င်းတို့နှင့်သင့်လျော်သော လိုအပ်သည့် သင်တန်းများတက်ရောက်နိုင်ခြင်း

မီဒီယာမန်နေဂျာများအတွက် သင်တန်းဖွင့်လှစ်မှုနည်းပါးသည်။ FOJO မီဒီယာ မှ အခါအားလျော်စွာ သတင်းခန်းစီမံခန့်ခွဲမှုအတွက် သင်တန်းပေးလေ့ရှိသည်။ သို့သော် သုတေသနလေ့လာချက်အရ မီဒီယာစီမံခန့်ခွဲမှု အတွက် ပုံမှန်သင်တန်း ပေးမှုကိုမတွေ့ရပါ။ နိုင်မာသည့်မီဒီယာတိုက်ကြီးမှ ဒါရိုက်အယ်ဒီတာက ၎င်းတို့သည် သတင်းခန်းစီမံခန့် ခွဲမှုသင်တန်းတက်ရောက်နိုင်ပါက အကျိုးကျေးဇူးရနိုင်ကြောင်း တင်ပြသည်။ အထူးသဖြင့် ၎င်းမှာ လက်ရှိမီဒီယာစီးပွားရေးလောကအတွက် အခြေခံကျကျအရေးပါသည်။ ၂၀၁၃ ခုနှစ် ဆင်ဆာစနစ်ရုပ်သိမ်းပြီး အချိန်မှစတင်ကာ နေ့စဉ်ထုတ် သတင်းစာများ ထုတ်ဝေလာခဲ့သည်။ သို့သော် အများစုမှာ ဈေးကွက်အခြေအနေ အပြင် အစိုးရထုတ်သတင်းစာနှင့်အပြိုင် ထုတ်ဝေနေရသောကြောင့် ရပ်နားသွားကြသည်။ အရည်အသွေးပြည့်ဝသော မန်နေဂျာများအနေဖြင့် စီးပွားရေးလောကတွင်သာမက အမျိုးမျိုးသော မီဒီယာလုပ်ငန်းများကိုပါ ကိုင်တွယ်ဆောင်ရွက် နိုင်သည်။ အထူးသဖြင့် မီဒီယာလုပ်ငန်းငယ်များ၊ ဝေးလံသောဒေသရှိ ရပ်ဝေးအခြေစိုက် တိုင်းရင်းသားမီဒီယာများအတွက် အံဝင်ခွင်ကျ စီမံထားသောသင်တန်းမျိုး ပေးသင့်သည်။ ၎င်းတို့သည် မီဒီယာလုပ်ငန်းကြီးများထက် လုပ်ကိုင်နိုင်စွမ်းအကန့်အသတ်ရှိနိုင်ပြီး အမျိုးမျိုးသော စိန်ခေါ်မှုများ ရင်ဆိုင်ရနိုင်သည်။

မီဒီယာမန်နေဂျာများအနေဖြင့် အွန်လိုင်းမီဒီယာနှင့် ကြော်ငြာစီမံခန့်ခွဲမှုတို့အတွက် သင်တန်းလိုအပ်သည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ မီဒီယာလုပ်ငန်းအများစုမှာ ဝက်ဘ်ဆိုက် သို့မဟုတ် ဖေ့စ်ဘွတ်ရှိသော်လည်း မီဒီယာ မန်နေဂျာအများစုသည် ကျွမ်းကျင်စွာအသုံးမပြုနိုင်သေးပါ။ ၎င်းတို့က အွန်လိုင်းမီဒီယာကို မည်သို့အကျိုးရှိအောင် လုပ်ရန်မသိကြောင်း ပြောကြားခဲ့သည်။[၂၅]

[၂၅] DW Akademie နှင့် CFI 2015. မြန်မာနိုင်ငံတွင် သတင်းထောက်များအတွက်လိုအပ်နေသော သင်တန်းများအကဲဖြတ်ခြင်း။ ရန်ကုန်၊ မြန်မာ။

## ၄.၃။ မီဒီယာကျွမ်းကျင်သူများ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးတွင် ပါဝင်နိုင်စေရန် သင်တန်းများဖြင့် ပံ့ပိုးပေးခြင်း။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းပေးနေသော သင်တန်းများသည် အခြေခံ စာနယ်ဇင်းပညာကျွမ်းကျင်မှုကိုလုံလောက်စေပါသည်။ များသောအားဖြင့် ၎င်းသင်တန်း များသည် လူ့အခွင့်အရေး သို့မဟုတ် ဒီမိုကရေစီရေး ကဲ့သို့သော ဘာသာရပ်ပေါင်းစုံ ကို ထဲထဲဝင်ဝင်မဟုတ်သော်လည်း သွယ်ဝိုက်သိစေသည်။ Internews နှင့် IMS ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများက ဒီမိုကရေစီစည်းမျဉ်းစည်းကမ်းများနှင့် ဆက်စပ်လျက်ရှိသော အကြောင်းအရာများ၊ (ဥပမာအားဖြင့် လူ့အခွင့်အရေး၊ ဖယ်ကျဉ်ခံအုပ်စုများအနေအထား စသဖြင့် ) အကြောင်းအရာအလိုက် သင်တန်းများမကြာခဏ ပေးလေ့ရှိသည်။ သို့သော် ၎င်းသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် ပုံမှန်အားဖြင့် မဖွင့်လှစ်နိုင်သေးပါ။ Myanmar Egressက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့နှင့် ပတ်သက်သော သင်တန်း ပို့ချပေးရန် ဦးစွာသတိပြုခဲ့သည်။ ၂၀၀၈ခုနှစ် ယခင်စစ်အစိုးရ လက်အောက်တွင် Myanmar Egress ကလူထုဆက်သွယ်ရေး ဘာသာရပ်ကိုလူ့အခွင့်အရေးကဲ့သို့သော နိုင်ငံရေးနှင့် ဆက်စပ်စေနိုင်သည့် စကားလုံးမျိုးခေါင်းစဉ်တပ်၍ မသုံးနိုင်ခဲ့ပါ။ လူထု ဆက်သွယ်ရေးဘာသာရပ်သည် အခြားဘာသာရပ်များ သင်ကြားသကဲ့သို့ လူ့အခွင့် အရေးနှင့် ဒီမိုကရေစီစည်းမျဉ်းစည်းကမ်းများအပေါ် အလေးထား သင်ကြားခြင်းဖြစ် သည်။[၂၄၇] သို့သော် ထိုဘာသာရပ်များအတွက် မူလပါဝင်သင်ကြားသူ အများစုမှာ မီဒီယာလုပ်ငန်းတွင် မီဒီယာသမားများအဖြစ်လုပ်ကိုင်နေသူများဖြစ်ပြီး ယခုအခါ ထိုသင်တန်းကို ဆက်လက်ဖွင့်လှစ်နိုင်ခြင်းမရှိပါ။

၂၀၁၅ရွေးကောက်ပွဲအကြိုကာလတွင် ရွေးကောက်ပွဲသတင်း ရေးသား နည်း သင်တန်းကို ပို့ချပေးနိုင်ခဲ့သည်။ ထိုသင်တန်းသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၊ မြန်မာစာနယ်ဇင်းကောင်စီယာယီနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများ အတွင်း နိုင်မာသည့်အားထုတ်မှုလိုအပ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ က ပံ့ပိုးကူညီသူများ အခန်းကဏ္ဍကပါဝင်ပြီး ထိုသင်တန်းကို အရပ်ဖက်အဖွဲ့အစည်း

---

[၂၄၇] Voice journal အယ်ဒီတာ နှင့် ယခင် Egress သင်တန်းကျောင်းမှ သင်တန်းနည်းပြနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၇ ဇူလိုင် ၂၀၁၄ ။

များနှင့် မီဒီယာအဖွဲ့အစည်းများက ပံ့ပိုးပေးခဲ့သည်။ ဥပမာအားဖြင့် Asian Network မှ ရွေးကောက်ပွဲအတွက် အရပ်ဖက် အဖွဲ့အစည်းများ ၁၈ ခုနှင့် မီဒီယာ အဖွဲ့အစည်း များကိုသင်တန်းပေးခဲ့သည်။ သင်တန်းများကို နိုင်ငံအနှံ့တွင် ဒေသဆိုင်ရာ အရပ်ဖက် အဖွဲ့အစည်းများ အတွက်ပြုလုပ်ပေးခဲ့သည်။ ယင်းတို့မှာ ကျောက်မဲဖွံ့ဖြိုးတိုးတက်ရေး အသင်း၊ ရန်ကုန်ရောဝတီလယ်သမားသင်တန်း ကျောင်း၊ ထီးတိန်လူငယ်အသင်း နှင့် အခြားအဖွဲ့အစည်းများဖြစ်ကြသည်။ [၂၄၄]

ယေဘုယျအားဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများက အခြေခံသင်တန်း များတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ တိုက်တွင်းရုံးဖန်ရုံခါသင်တန်းများပေးလေ့ ရှိသော မီဒီယာလုပ်ငန်းငယ်များ ဖော်ပြကြသည်မှာ ၎င်းတို့သည် သတင်းထောက် အသစ်များအတွက် စာနယ်ဇင်းလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက် များ သင်ကြား ပေးကြသည်။ ယင်းက တံစိုးလက်ဆောင်ရယူခြင်း၊ သတင်းရင်းမြစ် ဖော်ထုတ်ခြင်းများသည် ကျင့်ဝတ်နှင့်မညီကြောင်း လုပ်ငန်းခွင်တလျောက်လုံး အတွက် ယေဘုယျအားဖြင့် သဘောပေါက် နားလည်စေသည်။ ထို့အပြင် ပဋိပက္ခဂရုပြု စာနယ်ဇင်းသင်တန်းများက အန္တရာယ်နှင့် ပတ်သက်၍ သိနားလည်စေရန် အတိုင်းအတာ တစ်ခုအထိ သင်ကြားပေး ခဲ့ကြသည်။

## ခ. မီဒီယာနယ်ပယ်တွင် တက္ကသိုလ်အဆင့် သင်ရိုးများရရှိနိုင်မှု

## ၄.၄.ခ. အဆင့်မြင့်သင်ရိုးများကို ကျောင်းသားများအတွက် ကျယ်ပြန့်စွာ သင်ကြားပေးနေခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်ရှိ သတင်းအတတ်ပညာဌာနသည် လေးနှစ်ကြာ တက်ရောက် သင်ယူရသော ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ) ဘွဲ့ပေးအပ် သည်။ ၎င်းမှာ မြန်မာတစ်နိုင်ငံလုံးတွင် မီဒီယာနှင့် ပတ်သက်၍ ဘွဲ့ဒီဂရီပေးသော တစ်ခုတည်းသော ကျောင်းဖြစ်သည်။ ဘာသာရပ်အများစုကို အင်္ဂလိပ်စာဖြင့် ပြဋ္ဌာန်း ထားပြီး ရှင်းလင်းသင်ကြားရာတွင် ဗမာဘာသာစကားကိုလည်း အသုံးပြုသည်။

[၂၄၄] Asian Network for Free Elections. (n.d).ANFREL TOT-level1 and 2. Retrieved from: http//anfrelmyanmar.org/anfrel-tot-level-1-2

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာဌာနသည် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်ကောလိပ်ဖြစ်သည်။ ပညာရေးဝန်ကြီး ဌာန၏ အစဉ်အလာပေါင်းနှင့်အတူ ယခင်စစ်အစိုးရ၏မီဒီယာအပေါ်ထိန်းချုပ်ရေး ကြိုးပမ်းမှုများကြောင့် ပြီးခဲ့သော ကာလများတွင် သတင်းအတတ်ပညာဌာန၏ဆောင်ရွက်ချက်များအား ကန့်သတ်မှုများရှိခဲ့သည်။ သတင်းအတတ် ပညာဌာန၏ မီဒီယာလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်မှုမှာ နည်းပါးခဲ့ပြီး စာသင်ခန်းထဲတွင် သင်ကြားသော သီအိုရီများနှင့် ဆက်နွယ်နေသော လုပ်ငန်းခွင်လက်တွေ့ဆောင်ရွက်မှု လိုအပ်ခဲ့သည်။ (သဘောတရားထက် လက်တွေ့အကျိုးသက်ရောက်မှုကို အားပေးသော ကျွမ်းကျင်မှုလိုအပ်ခဲ့သည်။) ထို့အပြင် နိုင်ငံ၏ယခင်မူဝါဒများက နိုင်ငံခြားတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခွင့်မပြုခဲ့ပေ။

နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများ နှင့် နိုင်ငံခြားတက္ကသိုလ်များ၏ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက် ချက်များကြောင့် အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ်၊ သတင်းအတတ်ပညာဌာနသည် လွန်ခဲ့သောနှစ်အနည်းငယ် အတွင်းမှစတင်ကာ လျင်မြန်စွာတိုးတက်လာခဲ့သည်။ ယူနက်စကိုသည် သတင်းအတတ်ပညာဌာနကိုပံ့ပိုးပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး သတင်းအတတ်ပညာဌာန၏ အရည်အသွေးကို မြှင့်တင်နိုင်မှာအောင် ဆောင်ရွက်ပေးခဲ့သည်။ လက်ရှိသတင်းအတတ်ပညာဌာန၏ သင်ရိုးညွှန်းတမ်းမှာ ယူနက်စကို၏ ပံ့ပိုးမှုဖြင့် “မီဒီယာပညာရေးတွင် ယူနက်စကို၏စံပြသင်ရိုးညွှန်းတမ်း” မှအတိုင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ယခုမြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်သုတေသန လုပ်ငန်းသည် သတင်းအတတ်ပညာဌာနနှင့် မီဒီယာအဖွဲ့အစည်းများအတွင်း မီဒီယာသုတေသနကို မြှင့်တင်ပေးနိုင်ခဲ့သည်၊ သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နိုင်ငံခြားကျောင်းများနှင့် ဆက်သွယ် ဆောင်ရွက်ခွင့်ပြုခဲ့သည်။ ထို့အပြင် ကထိကဆရာမများနှင့် ကျောင်းသူကျောင်းသားများ နိုင်ငံခြားလေ့လာရေးခရီး သွားရောက်ခွင့်ရခဲ့ပြီး နိုင်ငံခြားတက္ကသိုလ်များမှကျောင်းသူ၊ ကျောင်းသားများနှင့် သင်ကြားရေးဝန်ထမ်းများ မြန်မာနိုင်ငံသို့ လာရောက်ရာတွင် အိမ်ရှင်အဖြစ်လက်ခံနိုင်ခဲ့သည်။ သတင်းအတတ်ပညာဌာနသည် မီဒီယာလုပ်ငန်းများနှင့် ချိတ်ဆက်ရာတွင် အဆင်ပြေတိုးတက်မှုရှိလာခဲ့သည်။ ယခုအခါ အတွေ့အကြုံရှိသော သတင်းသမားများနှင့် အယ်ဒီတာများက ဧည့်ဆရာများအဖြစ်သင်ကြားရေးတွင် ပါဝင်ဆောင်ရွက်ပေးကြသည်။

ထိုသို့ကောင်းမွန်သောတိုးတက်မှုများ ရှိလာသော်လည်း စိန်ခေါ်မှုများ ကျန်နေသေးသည်။ သတင်းအတတ်ပညာသင်တန်းတွင် ကျောင်းသားများအနေဖြင့် တစ်နှစ်လျှင် ကျောင်းလခ ၁၃၅၀၀၀ ကျပ် ကျခံရသည်။[၂၅၀] သတင်းအတတ်ပညာဌာန အနေဖြင့် အွန်လိုင်းမီဒီယာနှင့် ရုပ်သံလွှင့်မီဒီယာတို့အတွက် လိုအပ်သော နည်းပညာ ကိရိယာပစ္စည်းများဝယ်ယူရန် ဘဏ္ဍာရေးကန့်သတ်ချက်များရှိသည်။ ထို့ပြင် ဌာနပိုင် ရုပ်မြင်သံကြား သို့မဟုတ် ရေဒီယို စတူဒီယိုမရှိပါ။ ကင်မရာအနည်းငယ်နှင့် ရုပ်သံပိုင်း ဆိုင်ရာကိရိယာများကို အကန့်အသတ်နှင့်သုံးစွဲနေရ သည်။ ကျောင်းလခနှုန်းထားနှင့် အသုံးစရိတ်ကို ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးသည့်အတွက် သတင်းအတတ် ပညာဌာနအနေဖြင့် အထက်ပါအခြေအနေများကို အနည်းငယ်သာ ပြောင်းလဲနိုင်မည် ဖြစ်သည်။ ထို့ပြင် ဌာနရှိ ဆရာမများသည် ပညာရေးဝန်ကြီးဌာနမှဖြစ်သည်။ ၎င်းတို့ သည် သတင်းအတတ်ပညာကို သင်ကြားနေကြသော်လည်း မတူညီသော တက္ကသိုလ် ပညာရေးနောက်ခံများမှလာပြီး မီဒီယာလုပ်ငန်းတွင် လုပ်ငန်းအတွေ့အကြုံမရှိကြပါ။ ၎င်းတို့အနေဖြင့် မြင့်မားမတ်စောက်လှသော သင်ယူမှုအပေါ်လှမ်းတက်နေရသည့် သဘွယ်ဖြစ်နေပါသည်။

**ရှင်းလင်းချက် ၃။ အခကြေးငွေပေး၍တက်ရောက်နိုင်သောရုပ်သံလွှင့်သင်တန်း**

Myanmar Media Development Center (MMDC) သည် မြန်မာနိုင်ငံတွင် ရုပ်သံလွှင့်သင်တန်းဖွင့်လှစ်ရန် တည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်သည်။ MMDC အနေဖြင့် ပြည်တွင်းပြည်ပ ဝန်ထမ်းများ ခန့်ထားသကဲ့သို့ ခေတ်မီသော ရုပ်သံလွှင့် ကိရိယာများ လည်းရှိသည်။ ၎င်း MMDCတွင် (၁၀) လ ကြာ တက်ရောက်ရသော ရုပ်သံလွှင့်ဒီပလိုမာ သင်တန်းဖွင့်သည်။ စာသင်ခန်းတွင် ၆လ သင်ကြားပြီး (၄) လကို စတူဒီယိုထဲတွင် လက်တွေ့သင်ကြားသည်။MMDC အနေဖြင့် ရုပ်သံလွှင့် ဘာသာရပ် တစ်ခုချင်းစီ သင်ကြားပေးသည်။ ၎င်းတို့မှာ ဒီဂျစ်တယ်ဗီဒီယိုတည်းဖြတ်ခြင်း၊ ပရိုဖက်ရှင်နယ်ဂရပ်ဖစ်ဒီဇိုင်း၊ အသံလွှင့် ဆိုင်ရာအခြေခံသင်တန်း၊ အသံပိုင်းဆိုင်ရာသင်တန်းနှင့် ဇာတ်ညွှန်းရေးနည်း

[၂၅၀] ၂၀၁၆ ဇန်နဝါရီ ၁ရက်ငွေလဲလှယ်မှုနှုန်း ( ၁ဒေါ်လာ = ၁၃၀၁ ကျပ်)

စသည်တို့ ပါဝင်သည်။[၂၇၆] ယင်းဒီပလိုမာ သင်တန်းတွင်စာနယ်ဇင်းဘာသာရပ် ပါဝင်သော်လည်း ရုပ်သံလွှင့်နည်းပညာ ရှုထောင့်ကို အဓိကထားပို့ချသည်။[၂၇၇] ထိုဒီပလိုမာသင်တန်းအတွက် ကျောင်းလခနှင့် ဝင်ကြေးမှာ စုစုပေါင်း ၂,၁၀၀,၀၀၀ကျပ် (USD 1614)ဖြစ်သည်။[၂၇၈] ယင်းကုန်ကျစရိတ်မှာ အခြားကျောင်းများထက် ဈေးနှုန်းအားဖြင့်မြင့်မားသော်လည်း ယနေ့တိုင် သင်တန်း တက်ရောက်သူများ များစွာရှိခြင်းမှာ ထိုသင်တန်းတက်ရောက်ပြီးပါက လုပ်ငန်းခွင်သို့တိုက်ရိုက်ဝင်ရောက်နိုင်ခြင်း ကြောင့် ဖြစ်သည်။ MMDC သည် Forever Group နှင့် MRTV တို့အကျိုးတူပူးပေါင်းလုပ်ကိုင်သော ကုမ္ပဏီတစ်ခု ဖြစ်သည်။ သင်တန်းဆင်းပြီးသူ အများစုသည် MRTV-4 ဝန်ထမ်းအဖြစ် တိုက်ရိုက်လုပ်ငန်းခွင်ဝင်နိုင်ကြ၍ ၎င်းမှာ ပင်မရုံးခန်းနှင့် ဘောချင်းကပ်လျက် တစ်နေရာထဲတွင် တည်ရှိသည်။

မီဒီယာနယ်ပယ်အတွင်းပညာရေးဆိုင်ရာ အကန့်အသတ်နှင့် ထောက်ပံ့မှုများကို သတိပြုမိ၍ အပြည်ပြည်ဆိုင်ရာ အလှူရှင်များ မိတ်ဖက်အဖွဲ့အစည်း နှင့် ပြည်တွင်းမီဒီယာအဖွဲ့အစည်း (၃၉) ခုမှ ၂၀၁၄ ခုနှစ် မေလတွင် မြန်မာ့သတင်းပညာသိပ္ပံသင်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ပုံမှန်အားဖြင့် မြန်မာ့သတင်းပညာသိပ္ပံ သင်တန်းကျောင်းသည် တက္ကသိုလ်အဖွဲ့အစည်းမဟုတ်သော်လည်း မာလ်တီမီဒီယာစာနယ် ဇင်းပညာရပ်များကို ဆယ်လကြာတက် ရောက် ရ ပြီး ဒီပလိုမာလက်မှတ်ပေးအပ်သည်။ သင်ကြားသည့် ဘာသာစကားအနေဖြင့် မြန်မာ ဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးလုံးအသုံးပြုသည်။ ၎င်းသင်တန်းတွင် မီဒီယာလုပ်ငန်းသို့ အသစ်ဝင်ရောက် လာသူများအပြင် လုပ်ငန်းတွင် လုပ်ကိုင်နေသူများမှ ကျွမ်းကျင်တိုးတက်လိုသူများလည်း တက်ရောက်နိုင်သည်။ မီဒီယာလုပ်ငန်းများ နှင့် သတင်းသမားများ၏ ငွေကြေးအကန့်အသတ်များကို ဖြေရှင်းပေးရန် လက်ရှိတက်ရောက် နေသော သင်တန်းသားများအား အပြည့်အဝပညာသင်ဆုပေးနေသော်လည်း ကျောင်းလခမှာ တစ်နှစ်လျှင် ဒေါ်လာငွေ (၈၀၀) ဖြစ်သည်။

---

[၂၇၆] Myanmar Media Development Centre (MMDC) ፡ သင်ရိုးညွှန်းတမ်း၊ ၂၀၁၅၊

[၂၇၇] ယင်း

[၂၇၈] ၂၀၁၆ ဇန်နဝါရီ ၁ရက် ငွေလဲလှယ်မှုနှုန်း ( ၁ ဒေါ်လာ = ၁၃၀၁ ကျပ်)

ထိုကဲ့သို့ ပညာသင်ဆုများပေးခြင်းသည် မီဒီယာလုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာ့သတင်းပညာသိပ္ပံ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရန် မျှော်မြင်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသင်တန်းများအပြင် မီဒီယာသမားများအတွက် မီဒီယာ သင်တန်းမျိုးစုံနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးသည်။ ၂၀၁၄ ဇူလိုင်လ ကတည်းက သင်တန်းသား ၅၀၀ နီးပါးခန့် သင်တန်းပေးခဲ့ပြီးဖြစ်သည်။[၂၄၉] လက်ရှိအနေဖြင့် ရန်ကုန်နှင့် မန္တလေးတို့တွင် ရုံးခန်းများဖွင့်လှစ်ထားပြီး ရေရှည်စီမံကိန်းအနေဖြင့် နိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဖွင့်လှစ်ရန်စီမံချက်ရှိသည်။ မြန်မာ့သတင်းပညာသိပ္ပံအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလှူရှင်များ မိတ်ဖက်အဖွဲ့အစည်းထံမှ ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာများ ထောက်ပံ့မှုများရယူထားသော်လည်း ပြည်တွင်းသင်တန်း အဖြစ်သာ ရည်ရွယ်တည်ထောင်ထားခြင်းဖြစ်သည်။ မြန်မာသတင်းပညာသိပ္ပံ၏ ဖွဲ့စည်းပုံစနစ်မှာ နိုင်ငံတကာအလှူရှင်အဖွဲ့ အစည်းများ၏ လွှမ်းမိုးမှုမှ လွတ်ကင်းစေပြီး မီဒီယာလုပ်ငန်းနယ်ပယ် ကသာစီမံခန့်ခွဲနိုင်ရန် ဆောင်ရွက်ထားသည်။[၂၅၀]

မြန်မာ့သတင်းပညာသိပ္ပံ နှင့် သတင်းအတတ်ပညာဌာန တို့သည် တစ်ဟုန်ထိုးတိုးတက်လာသော မီဒီယာ လုပ်ငန်းနယ်ပယ်၏ အဆင့်မြင့်သင်တန်းများလိုအပ်ချက်ကို သိသိသာသာဖြည့်ဆည်းပေးနေသကဲ့သို့ ဆက်လက်၍လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခု သုတေသနပြုလုပ်နေချိန်တွင် သတင်းအတတ်ပညာ ကျောင်းသားအရေအတွက် ၁၅၄ ဦးရှိပြီး မြန်မာ့သတင်းပညာသိပ္ပံ ကျောင်းသား ၁၉ ဦး ရှိသည်။ လူဦးရေ၅၁.၅ သန်း ရှိသောနိုင်ငံတွင် ယင်းတို့ဖြင့်သာ အဆင့်မြင့်မီဒီယာသင်တန်းများကို လုံလောက်အောင် ဖြည့်စွမ်းပေးနိုင်မည် မဟုတ်ပါ။

---

၂၄၉ Myanmar Journalism Institute Factsheet (2016)

၂၅၀ သတင်းအချက်အလက်အပြည့်အစုံကို မြန်မာသတင်းပညာသိပ္ပံ၏ Articles of Association တွင် ကြည့်ပါ။ http://www.mjimyanmar.org/?cat=11

## ၄.၈. ကျောင်းသားများ ဒီမိုကရေစီဖွံ့ဖြိုးရေးတွင်ပါဝင်နိုင်စေရန် စွမ်းရည်နှင့် ဗဟုသုတကို ဖြည့်ဆည်းပေးသည့် အဆင့်မြင့်သင်ရိုးများ သင်ကြားပေးခြင်း။

သတင်းအတတ်ပညာဘွဲ့သင်တန်းအတွက်သင်ရိုးညွှန်းတမ်းသည် ယူနက်စကို၏အကူအညီဖြင့်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါ သင်ရိုးညွှန်းတမ်း တွင် နိုင်ငံတကာအသိအမှတ်ပြုထားသည့်စာနယ်ဇင်းသင်ရိုးများဖြစ်သော မီဒီယာဥပဒေနှင့် ကျင့်ဝတ်၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် နိုင်ငံသားများအခွင့်အရေးစသည့် အကြောင်းအရာများ ပါဝင်သည်။ အထူးပြုသင်ရိုးများတွင် စီးပွားရေးသတင်း ထောက်လှမ်းခြင်း၊ ပြည်သူ့ရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး၊ နိုင်ငံရေးသိပ္ပံ စသည်တို့ပါဝင်သည်။ ၎င်းဘာသာရပ်များကို ခေတ်သစ်ဆက်သွယ်ရေးနယ်ပယ်တွင် ပါဝင်သော ရုပ်သံလွှင့်ကိရိယာများနှင့် အွန်လိုင်းပညာရပ်တို့ ဆက်နွယ်ပူးပေါင်းထားသည်။ သို့သော် အားနည်းချက် အနေဖြင့် လုံလောက်သောနည်းပညာ ကိရိယာများနည်းပါးခြင်းက သင်ရိုးတွင်ပါဝင်သော အချို့သော ဘာသာရပ်များကို အကန့်အသတ်နှင့် ကျွမ်းကျင်ထိရောက်မှုနည်းစေသည်။ စာသင်ခန်းတွင် အင်တာနက်တွင် သတင်းရေးသားနည်းနှင့် ရုပ်သံလွှင့်ခြင်းတို့ကို သီအိုရီအရသာ သင်ပြပေးနိုင်သည်။[၂၈၇] မြန်မာ့ သတင်းပညာသိပ္ပံ၏ သင်ရိုးညွှန်းတမ်းသည်လည်း အလားတူပါဝင်ဖွဲ့စည်းထားသော်လည်း သင်ကြားမှုကာလနှင့် သင်တန်းသားပမာဏ နည်းပါးသည်။ ၎င်းက မီဒီယာ လုပ်ငန်းများနှင့်နီးကပ်စွာ ဆက်သွယ်ထားသကဲ့သို့ ကျောင်းသားများကို သင်တန်း ပေးရာတွင် ဒီဂရီအဆင့်ထိ မြှင့်တင် ပေးရန် ဆောင်ရွက်နေသည်။[၂၈၈] သတိပြုမိသည်မှာ မီဒီယာမူဝါဒ၊ မီဒီယာစာပေတို့သည် လျင်မြန်စွာပြောင်းလဲနေသည့် မီဒီယာဝန်းကျင်နှင့်များစွာပတ်သက်ဆက်နွယ်လျက်ရှိသည်။ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) နှင့် INGOs အဖွဲ့အစည်းအချို့က မီဒီယာမူဝါဒနှင့်ပတ်သက်သော ရက်တို သင်တန်းများပေးသည်။ သို့သော် မီဒီယာမူဝါဒနှင့် မီဒီယာနှင့်ပတ်သက်သည့် သိနားလည်မှု အကြောင်းအရာများသည် အဆင့်မြင့်ပညာသင်ရိုးတွင် မပါဝင်ပါ။

[၂၈၇] Chua,Y.(2013). အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၏ သတင်းအတတ်ပညာပရိုဂရမ်ကို မြှင့်တင်ခြင်း။ ဗီလစ်ပိုင်တက္ကသိုလ် ယူနက်စကို, ပါရီ, ပြင်သစ်

[၂၈၈] Fojo Media Institute မှပရောဂျက်မန်နေဂျာနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၁၀၊ ဖေဖော်ဝါရီ၊ ၂၀၁၅။

## ဂ။ ဂျာနယ်လစ်သမဂ္ဂများနှင့် ကျွမ်းကျင်အဖွဲ့အစည်းများရှိခြင်း

### ၄၂၆။ မီဒီယာသမားများသည် လွတ်လပ်သော ဂျာနယ်လစ်သမဂ္ဂများသို့ဝင်ရောက်နိုင်ပြီး ၎င်းတို့၏ အခွင့်အရေးများကို ရယူနိုင်သည်။

၂၀၁၄ ဇူလိုင်လ ၂၀ ရက်နေ့တွင် သမ္မတ ဦးသိန်းစိန်က ဖိနှိပ်ချုပ်ချယ်မှုများခဲ့သော ၁၉၈၈ ခုနှစ် အသင်း အဖွဲ့ ဥပဒေကို ရုပ်သိမ်းလိုက်ပြီး တပြိုင်နက်အားဖြင့် အသင်းအဖွဲ့ ဥပဒေအသစ်ကို လက်မှတ်ရေးထိုးပြဋ္ဌာန်း ခဲ့သည်။ ထိုဥပဒေအသစ်က မီဒီယာအဖွဲ့အစည်း၊ သမဂ္ဂကဲ့သို့သော အကျိုးအမြတ်မပါသည့် အဖွဲ့အစည်းများ ဖွဲ့စည်းခွင့် ပေးခဲ့သည်။ အဖွဲ့အစည်းများမှတ်ပုံတင်ရန် အဖွဲ့အနေဖြင့် မြို့နယ်အဆင့်၊ ပြည်နယ်တိုင်း အဆင့်၊ နိုင်ငံအဆင့် မှတ်ပုံတင်ရန်ကော်မတီများထံ အသင်းအဖွဲ့ မှတ်ပုံတင် အသိအမှတ်ပြုလွှာအတွက် လျှောက်လွှာ မဖြစ်မနေတင်သွင်း ရမည်ဖြစ်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းကို ငါးနှစ်သက်တမ်းခွင့်ပြု၍ ထိုနှစ်ပြည့်သွားပါက ကုန်ကျငွေမပါပဲ အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ ထို ဥပဒေတွင် စည်းကမ်း သတ်မှတ်ချက်ရှိသည်။ ဆိုလိုသည်မှာ မှတ်ပုံတင်ကော်မတီတွင် အစိုးရအရာရှိများနှင့် ဖွဲ့စည်းထားသည့်အတွက် အဓိပ္ပါယ်အားဖြင့် အစိုးရနှင့် လွတ်ကင်းမှုမရှိခြင်းဖြစ်သည်။ ထို့အပြင် လျှောက်လွှာလက်ခံခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့အတွက် စံနှုန်းများကို ဥပဒေထဲတွင် ဖော်ပြထားခြင်းမရှိပါ။ ၎င်းမှာ ကော်မတီက အတည်ပြုသည့်လုပ်ငန်းစဉ်များတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လျှို့ဝှက်စွာဆောင်ရွက်သည်။ ထိုဥပဒေသည် ယခင်ပြဋ္ဌာန်းထားသည့် ဥပဒေထက် တိုးတက်မှုများရှိသည်ဟု ယူဆနိုင်သည်။ အထင်ရှားဆုံးမှာ မှတ်ပုံတင်မထားသော အဖွဲ့များ၏ အဖွဲ့ဝင်များအတွက် ရာဇဝတ်ပြစ်ဒဏ် မရှိခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်အဖြစ်ပေါင်းစည်းမည့် ပြည်တွင်းအဖွဲ့အစည်းများကို ကန့်သတ်မှု မလုပ်ထားခြင်းဖြစ်သည်။ ၎င်းဥပဒေတွင် မှတ်ပုံတင်အဖွဲ့က အလုပ်သမားအငြင်းပွားမှုများကို ဖြေရှင်းပေးရာတွင် ယင်းတို့အဖွဲ့ဝင်များကိုယ်စား ဆောင်ရွက်ခွင့်ပေးသကဲ့သို့ လုပ်ငန်းဆောင်ရွက်ချက်အတိုင်း အရေးယူ လုပ်ဆောင်ရန် ခွင့်ပြုပေးခဲ့သည်။[၂၇]

---

[၂၇] အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဥပဒေကို မကြာခင်က ပြဋ္ဌာန်းထားပြီးဖြစ်သည်၊ အသင်းအဖွဲ့များစွာ မှတ်ပုံတင်ထားခြင်းမပြုလုပ်ရသေးပါ။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်း အဖွဲ့ဝင်အင်အားများစွာပါဝင်သော အဖွဲ့အစည်းသုံးခုရှိသည်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)၊ မြန်မာဂျာနယ်လစ်ကွန်ယက် (MJN) နှင့် မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ (MJU) တို့ဖြစ်သည်။ မြန်မာနိုင်ငံသတင်းစာဆရာအသင်းသည် ခန့်မှန်းခြေအားဖြင့်အဖွဲ့ဝင် ၁၀၀၀ ခန့် ပါဝင်ပြီး အဖွဲ့အစည်း သုံးခုထဲတွင် အဖွဲ့ဝင်အင်အား အများဆုံးဖြစ်သည်။ ယင်းကို လွတ်လပ်ရေးရပြီးနောက် ဦးနုအစိုးရ လက်အောက်တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာသတင်းစာဆရာများအသင်းကဲ့သို့သက်တမ်းရင့်သောအဖွဲ့အနေဖြင့် ဆက်ခံဖွဲ့စည်းထားသည်။ စစ်အစိုးရလက်ထက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင် မြန်မာနိုင်ငံစာရေး ဆရာနှင့် သတင်းစာဆရာအသင်းကို ပြန်လည်ဖွဲ့စည်းခဲ့သည်။[၂၆၄] ၂၀၁၃ ခုနှစ်တွင် အဖွဲ့အစည်းများ လွတ်လွတ်လပ်လပ် လုပ်ကိုင်နေသော်လည်း သတင်းသမားအများစုက အဆိုပါအသင်းသည် အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်နေသည်ဟု ထင်မြင်နေကြဆဲဖြစ်သည်။[၂၆၅] လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့် ရလာသည့်အခါတွင် အဖွဲ့အစည်းများ အနေဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းဟူ၍ ခွဲခြားဖွဲ့စည်းခဲ့သည်။ နိုင်ငံတကာအဆင့်တွင် မြန်မာသတင်းစာဆရာအသင်းသည် နိုင်ငံတကာဂျာနယ်လစ်အဖွဲ့ချုပ် (IFJ) တွင် အဖွဲ့ဝင် အဖြစ် ပူးပေါင်းပါဝင်ထားသည်။[၂၆၆]

ကွဲပြားခြားနားမှုမှာ မြန်မာဂျာနယ်လစ်ကွန်ယက် (MJN) နှင့် မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ (MJU) တို့သည် လူငယ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့များ ဖြစ်ကြသည်။ မြန်မာဂျာနယ်လစ်ကွန်ယက်ကို ၂၀၁၁ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင် ၃၀၀ နီးပါး ရှိပြီး ပျမ်းမျှအားဖြင့် MJN အဖွဲ့ဝင်များသည် မကြာသေးမီက လုပ်ငန်းခွင်

[၂၆၄] မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ အတွင်းရေးမှူး - ၂ နှင့် ဥက္ကဋ္ဌ တို့အားတွေ့ဆုံမေးမြန်းခြင်း၊ ၂၂၊ ဖေဖော်ဝါရီ၊ ၂၀၁၅။

[၂၆၅] ကွင်းဆင်းလေ့လာမှုတလျှောက်တွင် သတင်းထောက်များ၊ စီဒီယာပန်နေဂျာများနှင့် အကျယ်တဝင့် တွေ့ဆုံမေးမြန်းခြင်း။

[၂၆၆] As of 2013, PEN international has also been active in Myanmar. Su,C. (20 October 2013). Myanmar Takes up PEN.Myanmar Times. Retrieved from: http://www.mmtimes.com/index.php/lifestyle/8523-myanmar-takes-up-pen.html

ဝင်လာသည့်ငယ်ရွယ်သော သတင်းသမားများ ဖြစ်ကြသည်။[၂၅၇] အများစုမှာ ယခင် အရပ်ဖက်လူမှုအဖွဲ့အစည်းတွင် လုပ်ကိုင်ခဲ့သူများဖြစ်ကြသည်။ စာနယ်ဇင်းသမဂ္ဂတွင် အဖွဲ့ဝင် ၂၃၀ နီးပါးရှိပြီး ၎င်းအဖွဲ့ကို ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ သည်။ တက်ကြွလှုပ်ရှား သူများနှင့် စေမျိုးဆက်အဖွဲ့တွင် ပါဝင်ခဲ့ဖူးသော မီဒီယာသမားအများစုပါဝင်သည်။[၂၅၈] အဖွဲ့ဝင် အများစုက နိုင်ငံရေးလှုပ်ရှားတက်ကြွသူများဖြစ်၍ ဝါရင့်သတင်းထောက် များဖြစ်သည်။[၂၅၉]

ထိုအဖွဲ့ အစည်း (၃) ခု၏ အဖွဲ့ဝင်အရေအတွက်ကို ပေါင်းလိုက်ပါက မြန်မာနိုင်ငံတွင် သတင်းသမားပေါင်း ၄၀၀၀ နီးပါးရှိသည်။ သင်တန်းလိုအပ်ချက် အကဲဖြတ်ခြင်းမှတ်တမ်းအရ ၂၇% မှာ စာနယ်ဇင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များဖြစ် သည်။ အဖွဲ့ဝင်များအနေဖြင့် အဖွဲ့အစည်းတစ်ခုထက်မက ဝင်ထားခြင်းရှိသည်၊ မရှိသည် ကို သတိပြုသင့်သည်။ အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ထားသော အချို့သတင်းထောက် များသည် တက်ကြွစွာလှုပ်ရှားပါဝင်မှုမရှိကြပေ။[၂၆၀] မီဒီယာလုပ်ငန်းအများစုသည်အဆိုပါ အဖွဲ့အစည်းများကို လက်ခံကြသော်လည်း အချို့မီဒီယာလုပ်ငန်း များမှာမူ ၎င်းတို့၏ သတင်းသမားများ ယင်းအဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုကဏ္ဍတွင်ပါဝင်ခြင်းကို အားမပေးခြင်း သို့မဟုတ် အဖွဲ့ဝင်အဖြစ်ပူးပေါင်းဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင် ကြသည်။[၂၆၁]

---

[၂၅၇] မြန်မာဂျာနယ်လစ် ကွန်ယက်မှ အထွေထွေ အတွင်းရေးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၁၊ စက်တင်ဘာ၊ ၂၀၁၄။

[၂၅၈] ၁၉၈၈ ခုနှစ်တွင် နိုင်ငံတဝှမ်းကျောင်းသားထုဆန္ဒပြခဲ့သည်၊ ၎င်းက ဦးနေဝင်းဆိုရှယ်လစ်အစိုးရခေတ် ကို ကုန်ဆုံးစေခဲ့သည်။ ကန့်ကွက် ဆန္ဒပြမှုများလည်းပြင်းထန်ခဲ့သည်။ ကျောင်းသားအများစုမှာ အသတ်ခံရခြင်းသို့မဟုတ် ထောင်ကျသွားကြသည်။ တချို့က နိုင်ငံမှ ထွက်ပြေးသွားခြင်း သို့မဟုတ် သူပုန်အုပ်စုနှင့် ပူးပေါင်းသွားခဲ့ သည်။ ၎င်းကာလက ကျောင်းသားများကို ယေဘုယျအားဖြင့် စေမျိုးဆက် များဟု သတ်မှတ်ကြသည်။ ၎င်းတို့ထဲမှ အများစုက မြန်မာ့အရပ်ဖက်လူမှုအဖွဲ့အစည်း များကို ဆက်လက်ဦးဆောင်ကြသည်။

[၂၅၉] မြန်မာစာနယ်ဇင်းသမဂ္ဂတည်ထောင်သူနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၁၃၊ ဖေဖော်ဝါရီ ၂၀၁၅။

[၂၆၀] MJA, MJU, MJN စီမံခန့်ခွဲသူများ နှင့်တွေ့ဆုံမေးမြန်းခြင်း။

[၂၆၁] ရန်ကုန် အခြေစိုက် မီဒီယာသမားများနှင့် အုပ်စုဖွဲ့တွေ့ဆုံမေးမြန်းခြင်း။

ၿငင်းစာနယ်ဇင်းအဖွဲ့များအပြင် မြန်မာ့ရုပ်သံလွှင့်အဖွဲ့အစည်း (MMBA) ကို ၂၀၁၅ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဖွဲ့စည်းသည်။ ယခုအချိန်ထိ ထိုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ရုပ်သံလွှင့်လုပ်ငန်းရှင် ၁၅ ဦး ပါဝင်လျက် ရှိသည်။[၂၆၂] ယင်းအဖွဲ့အစည်းသည် နိုင်ငံတော်မှတရားဝင်အသိအမှတ်မပြုထားသော ရုပ်သံလွှင့်လုပ်ငန်းများကိုပါ တွဲဖက်အဖွဲ့ဝင် အဖြစ်ပါဝင်နိုင်စေရန် စီစဉ်ထားရှိသည်။[၂၆၃]

## ၄.၇။ ဂျာနယ်လစ်သမဂ္ဂများနှင့် ကျွမ်းကျင်အဖွဲ့အစည်းများသည် တရားမျှတမှုရှိရေးအတွက် ကိုယ်စားပြုဆောင်ရွက် ကြခြင်း။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ် ကွန်ယက်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂတို့အား အလုပ်သမားအဖွဲ့အစည်းတစ်ခုကဲ့သို့သတ်မှတ်၍မရပါ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် အလုပ်သမား ရေးရာအားလုံးကို ဦးဆောင်ဖြေရှင်းပေးခြင်းမရှိသောကြောင့်ဖြစ်သည်။ အထင်ရှားဆုံးမှာ ၎င်းတို့သည် မီဒီယာသမား များနှင့် မီဒီယာတိုက်များအတွက် အငြင်းပွားမှုများဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိပါ။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ယင်းအဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်စေရန်အဖွဲ့ဝင်များကို အခြေခံ၍ ဖွဲ့စည်းထားသော အဖွဲ့အဖြစ် သုံးသပ်ရှုမြင်ရန်မှာ အကောင်းဆုံးဖြစ်သည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် မီဒီယာလုပ်ငန်း၏ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့်ပံ့ပိုးလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ၎င်းအဖွဲ့တို့က မီဒီယာသမားများ အကြား သတင်းအချက်အလက် ဖြန့်ဝေရန် အကောင်းဆုံးကွန်ရက်အဖြစ် လုပ်ဆောင်ပေးသည်။ ချင်းပြည်နယ်တွင် ရှိသော တိုင်းရင်းသားမီဒီယာတစ်ခုမှ အမှုဆောင်အရာရှိချုပ်က -

> "မီဒီယာသမားတွေ မြန်မာဂျာနယ်လစ်ကွန်ယက်ကိုပါဝင်တာက သူတို့ ဆက်သွယ်ရေးကွန်ယက် ချဲ့ထွင်ဖို့နဲ့ သတင်းအချက်အလက် ရရှိမှု ပိုကောင်းဖို့ ဖြစ်တယ်။ မြန်မာဂျာနယ်လစ်ကွန်ယက်က သတင်းနဲ့

---

[၂၆၂] မြန်မာ့ရုပ်သံလွှင့်အဖွဲ့အစည်းမှ အဖွဲ့ဝင်များ၊ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်ခြင်း အချက်အလက်များ အတည်ပြုသည့် အလုပ်ရုံဆွေးနွေးပွဲမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၁၆၊ ဇန်နဝါရီ၊ ၂၀၁၆ ။

[၂၆၃] ယင်း

သတင်းရင်းမြစ်တွေကို အဖွဲ့ဝင် တွေဆီကိုမျှဝေပေးတယ်။ ကျွန်တော် ထင်တာကတော့ လက်ရှိစာနယ်ဇင်းကောင်စီက အားကောင်းတဲ့အဖွဲ့ ဖြစ်ဖို့လိုအပ်နေ သေးတယ်။ အဲ့ဒီအဖွဲ့က တစ်ချို့ကိစ္စရပ်တွေ မှာ ကြေညာ ချက်ကိုထုတ်ပြန်တဲ့အဆင့်ပဲရှိသေးတယ်။"

မကြာသေးမီနှစ်များက မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ် လစ်ကွန်ယက်နှင့် မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂတို့က သတင်းသမားများ တရားစွဲခံရ ခြင်းကို ဆန့်ကျင်ကန့်ကွက်ကြောင်း ဖော်ပြခဲ့ကြသည်။[၆၄] သို့ဖြစ်ရာ ၎င်းအဖွဲ့အနေ ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီပံ့ပိုးပေးနိုင်သည်။ ယင်းတို့က မီဒီယာလုပ်ငန်း လိုအပ်ချက်များကို အစိုးရအဆင့်မြင့်ပိုင်းဆိုင်ရာအထိ ပြောကြားအသိပေးနိုင်သည်။ ထိုအဖွဲ့မှ အချို့သော အဖွဲ့ဝင်များမှာ လွန်ခဲ့သော နှစ်နှစ်က မီဒီယာဥပဒေနှင့် မူဝါဒကို အကြမ်းဖျဉ်းရေးဆွဲရာတွင် ပါဝင်ခဲ့သော မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) မှ ပုဂ္ဂိုလ်များဖြစ်သည်။ စာနယ်ဇင်းအဖွဲ့မှ အချို့သော အဖွဲ့ဝင်များသည်လည်းလက်ရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MNMC) တွင်ပါဝင်သည်။ မြန်မာနိုင်ငံ သတင်းစာ ဆရာများအသင်းက ၎င်းတို့သတင်းထောက်များကို အသင်းဝင်ကဒ်များထုတ်ပေး ထားသည်။ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း သတင်းထောက် များကို ယင်းတို့နယ်ပယ် အတွင်း ယုံကြည်လက်ခံလာခြင်းအခြေအနေအတိုင်းအတာ နှင့်အတူ သတ်မှတ်ကဒ် ထုတ်ပေးခြင်း ဖြစ်သည်။[၆၅] ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် အစိုးရရုံးဌာနများနှင့် အခြားသောသတင်းရင်းမြစ်များမှ သတင်းရယူရန် အခွင့်အရေးပိုမိုရရှိစေသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီအနေဖြင့် သတင်းသမားများအတွက် သင်တန်းပေးခြင်းကို ရန်ကုန်မြို့တွင်း နှင့် မြို့ပြင်နစ်နေရာစလုံးတွင် ပြုလုပ်ခဲ့ပြီး မီဒီယာကျင့်ဝတ်အပေါ်သိနားလည်မှုကို မြှင့်တင်ပေးခဲ့သည်။ ထို့အပြင် ယင်းအဖွဲ့ အစည်းများသည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ၏ စာနယ်ဇင်းကျင့်ဝတ်

---

[၆၄] မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ယက် မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ တို့က အခန်း ၁ တွင်ပါရှိသော ယူနတီဂျာနယ်နှင့် မွန်းတည့်နေဂျာနယ်တို့ကဲ့သို့သော အခြေအနေကဲ့သို့သော အခြင်းပွားဖွယ် အမှုကိစ္စပြဿနာချက်များကို ကန့်ကွက်ခဲ့သည်။

[၆၅] မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ အတွင်းရေးမှူး - ၂နှင့်ဥက္ကဋ္ဌတို့အားတွေ့ဆုံမေးမြန်းခြင်း။ ၂၂ ဖေဖော်ဝါရီ ၂၀၁၅။

များ ဖြန့်ဝေပေးမှုတွင် အဓိကပံ့ပိုးလုပ်ဆောင်ပေးခဲ့ကြပြီး မီဒီယာအဆင့်အတန်း တည်ဆောက်မှုနှင့် ကျင့်ဝတ်နှင့်အညီရေးသားကြရန် မြှင့်တင်လုပ်ဆောင် ပေးခဲ့ ကြသည်။

ထိုအဖွဲ့အစည်းများ၏ဆောင်ရွက်ချက် နှင့် အကျိုးသက်ရောက်မှုတို့တွင် လူ့စွမ်းအားအရင်းအမြစ်နှင့် ငွေကြေးလိုအပ်ချက်များက ကြီးမားသောအဟန့်အတား ဖြစ်စေသည်။ အနည်းငယ်မျှသော ရုံးဝန်ထမ်းမှလွဲ၍ ၎င်းအဖွဲ့အစည်းမှအဖွဲ့ဝင်များက လုပ်ငန်းလုပ်ဆောင်ရန် ကိုယ်ထူကိုယ်ထ စေတနာဝန်ထမ်းလုပ်ဆောင်ကြသည်။ ထောက်ပံ့ကြေးငွေရရှိရန်မှာ စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း၊ မြန်မာဂျာနယ်လစ် ကွန်ယက်တို့က လှူဒါန်းငွေအပေါ် ရပ်တည်သော် လည်း မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂက ထောက်ပံ့ငွေမယူရန် မူဝါဒသတ်မှတ်ထား သည်။ MJN, MJU တို့က အသင်းဝင်ကြေးကောက်ယူသော်လည်း အဖွဲ့ဝင် အများစုက ပုံမှန်ပေးမှု မရှိကြပေ။[၂၆၆] MJA အသင်းဝင်များအနေဖြင့် အသင်းဝင် ကြေး အခမဲ့ဖြစ်သည်။ သို့သော်၎င်းက အသင်းရန်ပုံငွေ အပေါ် အကျပ်ရိုက်စေသည်။[၂၆၇] MJA အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများထံမှ ထောက်ပံ့ငွေရယူခြင်းက အချို့သော ဦးဆောင်ပိုင်းမှုပိုင်းကို အငြင်းပွားဖွယ် ဖြစ်လာနိုင်သည်။

မီဒီယာသမားများနှင့် မီဒီယာအဖွဲ့အစည်းများအကြား ယုံကြည်မှုနည်းပါး လာကြသည်။ ထိုဖြစ်ရပ်ကို ရန်ကုန်ပြင်ပရှိ မီဒီယာတိုက်များသည် ပိုမိုတွေ့နိုင်သည်။ သတင်းထောက်အများစုနှင့် အယ်ဒီတာများကို တွေ့ဆုံ မေးမြန်းခဲ့ရာတွင် ၎င်းအဖွဲ့ အစည်းများသည် ရန်ကုန်မြို့ရှိ မီဒီယာလုပ်ငန်းကြီးများအပေါ် အဓိကထား ထောက်ပံ့ ပေးပြီး မီဒီယာလုပ်ငန်းငယ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် အလှမ်းဝေးသည် ဟု ယုံကြည်ကြသည်။ သတင်းထောက်များ နှင့်တွေ့ဆုံမေးမြန်းရာတွင် အဖွဲ့အစည်း များ၏ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ပံ့ပိုးပေးမှုနည်းပါးခြင်းကို သုံးသပ်ခဲ့ကြ သည်။

[၂၆၆] မြန်မာဂျာနယ်လစ်ကွန်ယက် အထွေထွေအတွင်းရေးမှူးပြောကြားချက်အရ မြန်မာ ဂျာနယ်လစ်ကွန်ယက်အဖွဲ့ဝင်ကြေးမှာ တလလျှင် ခန့်မှန်းခြေအားဖြင့် တစ်ဒေါ်လာကျသည်။

[၂၆၇] မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ အတွင်းရေးမှူး - ၂ နှင့် ဥက္ကဋ္ဌတို့အားတွေ့ဆုံ မေးမြန်းခြင်း။ ၂၂၊ ဖေဖော်ဝါရီ၊ ၂၀၁၅။

ထို့အပြင် အချို့သောအသင်းဝင်များမှာ သတင်းသမားအစစ်မဟုတ်ကြောင်း ဖော်ပြခဲ့သည်။ ထိုသို့သော ဝေဖန်မှုများကိုမြန်မာနိုင်ငံ၊ ပဲခူးဒေသတွင် အများဆုံး တွေ့ရသည်။

ယခင်စစ်အစိုးရလက်ထက်တွင် လူမှုရေးနှင့် စီးပွားရေးနယ်ပယ်များအပေါ် အစိုးရကလွှမ်းမိုးနိုင်ရန် အစိုးရထံမှ အထောက်အပံ့ယူထားသော အသင်းအဖွဲ့များနှင့် အစိုးရကဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အသုံးပြုလေ့ရှိခဲ့သည်။ ထို့ကြောင့် ယုံကြည်မှုကင်းမဲ့ခြင်းများဖြစ်လာနိုင်သည်။ အမျိုးမျိုးသောမီဒီယာလုပ်ငန်းများတွင် လုပ်ကိုင်နေသူများအကြား ၎င်းအဖွဲ့အစည်းများမှ ယုံကြည်မှုတည်ဆောက်ရန်အတွက် ကတိကဝတ်များကို ဆက်လက်လုပ်ဆောင်ပေးနေခြင်းနှင့် အချိန်အတိုင်းအတာလိုအပ်သည်။

အဆိုပါအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုမရှိသောကြောင့် ဒေသအလိုက်အခြေပြုသော စာနယ်ဇင်းအဖွဲ့အစည်းများ တည်ထောင်လာကြသည်။ ဥပမာအားဖြင့် ရှမ်းပြည်မြောက်ပိုင်းဂျာနယ်လစ်ကွန်ယက်၊ မြန်မာပြည် တောင်ပိုင်းဂျာနယ်လစ်ကွန်ယက်နှင့်ရခိုင်ဂျာနယ်လစ်ကွန်ယက်တို့ဖြစ်သည်။ ထိုအဖွဲ့များက အမှီအခိုကင်းသောအဖွဲ့များဖြစ်ကြပြီး မြန်မာဂျာနယ်လစ်ကွန်ယက်၏ အဖွဲ့ခွဲမဟုတ်ပါ။ ယင်းအဖွဲ့အစည်းများ၏အဖွဲ့ဝင်များက ၎င်းတို့အဖွဲ့ဝင်များအချင်းချင်း ရင်းနှီးစွာပူးပေါင်းပါဝင်သည့်အပြင် ဒေသအဖြစ်အပျက်များကိုလည်း ကောင်းစွာ တင်ပြ ကြောင်းဖေါ်ပြခဲ့ကြသည်။ သို့သော် အခြေခံအားဖြင့် အဖွဲ့ဝင်နည်းပါးခြင်းနှင့် ငွေကြေးအကန့်အသတ်များက ၎င်းအဖွဲ့များ၏ လုပ်ငန်းပိုင်းကိုလည်း အဟန့်အတားဖြစ်စေသည်။ အမှန်တကယ်ကိုယ်စားပြုမှုလိုအပ်ချက်နှင့် အသင်းအဖွဲ့ပြိုကွဲသွားမည့်အန္တရာယ်ကြား ဟန်ချက်ညီစွာ ထိန်းညှိပေးရန် လိုအပ်သည်။

### ၄.၈. အရပ်ဖက်လူမှုအဖွဲ့အစည်းများက မီဒီယာကို စနစ်တကျစောင့်ကြည့်နေကြခြင်း

မီဒီယာကိုစောင့်ကြည့်လုပ်ဆောင်မှုက မြန်မာနိုင်ငံအတွက်အသစ်ဖြစ်ပြီး ကျယ်ပြန့်လာခဲ့သည်။ ခေတ်မီ လာသော ယနေ့အချိန်ကာလတွင် လူမှုကွန်ယက်နှင့်အွန်လိုင်းမီဒီယာပေါ်ရှိ ဘာသာရေးအမုန်းစကားများပေါ် စူးစိုက်၍ အခြေခံထားစောင့်ကြည့်ခြင်းကို လုပ်ဆောင်ခဲ့သည်။(Myanmar ICT for Development Organization - MIDO) မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာဆက်သွယ်ရေး

က နိုင်ငံအတွင်း လူမှုကွန်ယက်ပေါ် ပျံ့နှံ့လာသည့် အွန်လိုင်းအမုန်းစကား များကို စောင့်ကြည့်ခဲ့သည်။ တဆက်တည်းမှာပင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ တွင် PEN Myanmar ကအသံလွှင့်၊ ပုံနှိပ် နှင့် လူမှုရေး မီဒီယာများတွင် ၁၁ လ ကြာ ပြုလုပ်ခဲ့သော အမုန်းစကားနှင့် ပတ်သက်သည့် စောင့်ကြည့်မှုမှ တွေ့ရှိချက်ကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံသားများပူးပေါင်းပါဝင်မှုနှင့် ဒီမိုကရေစီနည်းကျ စည်းမျဉ်းများကျင့်သုံးမှုကို အားပေးလုပ်ဆောင်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော Pandita Development Institute က လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဒ်များတွင် အမုန်းစကားများကိုစောင့်ကြည့်သည့် ခြောက်လကြာစီမံကိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၌ စတင် လုပ်ဆောင်ခဲ့သည်။ နိုင်ငံရေး ပါတီ၊ လွှတ်တော် ၊ လူမျိုးရေးပဋိပက္ခ၊ ဘာသာရေး၊ အများနှင့်ဆိုင်သော အကြမ်းဖက်မှုနှင့် အခြားသက်ဆိုင်သော သတင်းများကို ဗမာစာဖြင့် သတင်းလွှာများကိုလည်း ထုတ်ဝေလျက်ရှိသည်။ [၂၈၀] အနည်းစုသော အခြားအဖွဲ့များ၏ မီဒီယာစောင့်ကြည့် လုပ်ဆောင်ချက်များကိုလည်းတွေ့ရသည်။ အများအားဖြင့် ဆက်လက်စောင့်ကြည့်ခြင်းထက် ပဏာမသုတေသနကိုသာ လုပ်ဆောင်မှုများသည်။ တချို့က အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းထက် ပြည်တွင်းအရပ်ဖက်လူမှုအဖွဲ့ အစည်းနှင့်ပိုမြောက်အောင် ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် အဓိကတွေ့ရှိချက်များကို အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ဝေသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအကြိုကာလအတွင်း မီဒီယာစောင့်ကြည့်လေ့လာမှုများ လုပ်ဆောင်ခဲ့သည်။ ပြည့်စုံသောစာရင်းဇယားများကို အောက်ပါအတိုင်းဖော်ပြထား သည်။

---

[၂၈၀] IRI နှင့် PDI မီဒီယာစောင့်ကြည့်ရေးပရိုဂရမ်အတွက် အီးမေးလ်ဖြင့် ဆက်သွယ်ခြင်း။ (၁၀ ဖေဖော်ဝါရီ ၂၀၁၆)

ဇယား ၉။ မီဒီယာစောင့်ကြည့်ရေး လုပ်ဆောင်ချက်များ

| နှစ် | အဖွဲ့အစည်း | ပြည်တွင်း/ပ | လုပ်ဆောင်ချက် |
|---|---|---|---|
| ၂၀၁၃ | MIDO | ပြည်ပ | လူမှုကွန်ယက်အပေါ်အမုန်းစကားများစောင့်ကြည့်ခြင်း (အချိန်ကာလမသိ) |
| ၂၀၁၃ | (IMS) | ပြည်ပ | ပုံနှိပ်မီဒီယာတွင် လူမျိုးရေးလက်နက်ကိုင် ပဋိပက္ခများ စောင့်ကြည့်ခြင်း (ရက်၆၀ အတွင်း) |
| ၂၀၁၃ | Internews | ပြည်ပ | ပုံနှိပ်မီဒီယာတွင် သတင်း၊ဘာသာရေးအကြမ်းဖက်မှု၊ နိုင်ငံရေး ပါတီများ၊ လွှတ်တော် အစရှိသဖြင့်၊စောင့်ကြည့်ခြင်း(၆ပတ်အတွင်း) |
| ၂၀၁၄ | Myanmar EGRESS | ပြည်တွင်း | ဘာသာရေးနှင့် လူမျိုးရေး ပဋိပက္ခများအပေါ်မီဒီယာ၏ပါဝင်မှုအပေါ် သုတေသနပြုလေ့လာခြင်း(အချိန်ကာလမသိ) |
| ၂၀၁၅ | European Union (EU) Election Observation Mission | ပြည်ပ | ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်းနစ်မီဒီယာ နှစ်ခုစလုံးတွင် ရွေးကောက်ပွဲနှင့် ပတ်သက်၍ စောင့်ကြည့်ခြင်း |
| ၂၀၁၅ | International Republican Institute (IRI) | ပြည်ပ | နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ လူမှုရေးကွန်ယက်များတွင် အမုန်းစကား နှင့် ပတ်သက်သော ကိစ္စအကြောင်းအရာများ စောင့်ကြည့်ခြင်း၊ (၂လ ကြာရွေးကောက်ပွဲ အကြိုကာလ) |
| ၂၀၁၅ | PEN Myanmar | ပြည်တွင်း | ရုပ်သံလွှင့်၊ပုံနှိပ်နှင့် လူမှုမီဒီယာတို့ကိုစောင့်ကြည့်ခြင်း(၁၁လ) |
| ၂၀၁၅ | Center for Diversity and National Harmony (CDNH) | ပြည်တွင်း | CDNH ၏ကြိုတင်သတိပေးချက်နှင့်ကြိုတင်တုံ့ပြန်ချက် ပရိုဂရမ်မှ သတင်းလွှာများလစဉ်ထုတ်ဝေပြီး အပတ်စဉ် နောက်ဆုံးအခြေအနေများ ဖြစ်သော လူမှုကွန်ယက်ပေါ်ရေးသားသောအမုန်းစကားများနှင့် ဘာသာ ရေးတင်းမာမှုများကို ဖြစ်စေနိုင်သည့် အခြေခံအကြောင်းအရာ များကို စောင့်ကြည့်သည်။ (၂၀၁၅ စက်တင်ဘာမှ စတင်သည်။) |
| ၂၀၁၆ | Pandita Development Institute (PDI) | ပြည်တွင်း | နားလည်သဘောပေါက်မှုနှင့် ဆွေးနွေးပြောဆိုခြင်းပရိုဂရမ်၏ ဒုတိယကဏ္ဍ အတွက် အခြေခံအကြောင်းရင်းအနေဖြင့် လူမှုကွန်ရက်ပေါ်ရှိ အမုန်း စကားများကို စောင့်ကြည့်ခြင်း (၅လကြာ၊ ၂၀၁၆ ဇန်နဝါရီမှ မေလ အထိ) |

ထိုဆောင်ရွက်ချက်များကို အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ မီဒီယာနှင့်ထိတွေ့ လုပ်ဆောင်သည့် အပြုသဘောတိုးတက်မှုတစ်ခု နှင့် မီဒီယာနှင့်ပတ်သက်၍ သိနားလည်မှုပေးသည့်လှုပ်ရှားမှုများကို ( media literacy activities ) ပြည်သူကို အသိပေးသည့်အသုံးဝင်သောကိရိယာတစ်ခုအဖြစ် ရှုမြင်သင့်သည်။ MIDO အနေဖြင့် ပန်းစကားလှုပ်ရှားမှုများတွင် အမုန်းစကားများကို တန်ပြန်ရန်နှင့် အွန်လိုင်းမီဒီယာဆိုင်ရာ သိနားလည်ရန်အတွက် ဆောင်ရွက်ခဲ့သည်။ ထိုသို့လုပ်ဆောင်မှုကို "ဖန်တီးရာ" ကဲ့သို့ အရပ်ဖက်လူမှုအဖွဲ့အစည်းက ပံ့ပိုးပေးခဲ့သည်။ ပဏ္ဍိတ၏ မီဒီယာစောင့်ကြည့်ရေး လှုပ်ရှားမှုသည် အဆင့်နှစ်ဆင့်ရှိသော ပရောဂျက်၏ ပထမအဆင့်ဖြစ်သည်။ ဒုတိယအဆင့်မှာ အမုန်းစကားသိမြင်မှု နှင့် ထောက်ခံအားပေးမှုကို ပြန်လည်ပါဝင်လာလိမ့်မည်ဖြစ်သည်။ ၎င်းမှာ မြန်မာပြည်တွင် ပထမအဆင့်ဖြစ်ပြီး စတင်ရုံသာဖြစ်ခဲ့သည်။ ထိုသို့လုပ်ဆောင်မှုကို ဆက်လက်ပံ့ပိုးအားပေးသင့်သည်။[၂၆၉] ယခုလက်ရှိ မီဒီယာဆိုင်ရာသိနားလည်ရန်ဆောင်ရွက်ချက်သည် မြန်မာပြည်တွင် ကျယ်ပြန့်မှုမရှိသေးသည့် အပြင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် လူထု၏ မီဒီယာအပေါ် ကျယ်ကျယ်ပြန့်ပြန့်နားလည်မှုကို တိုးတက်အောင် မလုပ်နိုင်သေးပါ။

## ၄.၉။ အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ရရှိရေးဆော်သြမှုများတွင်တိုက်ရိုက်ပါဝင်လှုပ်ရှားခြင်း

သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၌ အရပ်ဖက်လူမှုအဖွဲ့အစည်း များ ပါဝင်ဆောင်ရွက်မှုသည် ယခင်စစ်အစိုးရလက်ထက်ကထက် ပိုများသည်ကိုတွေ့ရသည်။ မီဒီယာဥပဒေကြမ်းနှင့် လွတ်လပ်စွာရေးသားဖော်ပြမှုအပေါ် အကျိုးသက်ရောက်မှုရှိသည့် ဥပဒေကြမ်းများ ရေးဆွဲရာတွင် ယင်းအရပ်ဖက် လူမှု အဖွဲ့အစည်းများပါဝင်မှုသည် ကွဲပြားသည်။[၂၇၀] သို့သော် အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် မကြာသေးမီက အကြမ်းဖျင်းတင်ပြခဲ့သော မီဒီယာဥပဒေနှင့် ပုံနှိပ်ဥပဒေတို့ကိုလျစ်လျူရှုခဲ့ပြီး အများပြည်သူဝန်ဆောင်မှုဥပဒေ ကိုသာ သုံးသပ်၍ဝေဖန်မှုများ ပြုလုပ်ပေးခဲ့သည်။ အရပ်ဖက်

---

[၂၆၉] ယင်း။

[၂၇၀] MJU,MJN, MIDO, Pen Myanmar, Community Response Group, Colors Rainbow, Pandita Development Institute, etc.

လူမှုအဖွဲ့အစည်းများက ၂၀၁၄ ခုနှစ် အသင်းအဖွဲ့တည်ထောင်ခြင်းနှင့် သက်ဆိုင်သော ဥပဒေဖြစ်သည့် အသင်းအဖွဲ့ဥပဒေကြမ်းရေးဆွဲရာတွင် အရေးပါသော အခန်းကဏ္ဍက ပါဝင်ခဲ့သည်။ ဥပဒေကြမ်းအနေဖြင့် အဖွဲ့အစည်းမှတ်ပုံတင် မထားခြင်းအတွက် ရာဇဝတ်မှုပြစ်ဒဏ်ကို ပြဋ္ဌာန်းခဲ့သည်။ လူမှုအဖွဲ့အစည်းများမှ ပြင်းထန်သောဝေဖန်ချက်များအရ ရာဇဝတ်မှုပြစ်ဒဏ်ကို တရားဝင်ပြဋ္ဌာန်း ချိန်တွင် ဖယ်ရှားခဲ့သည်။

## ၄.၁၀. အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ရပ်ရွာလူထု သတင်းအချက်များ ရရှိရန်နှင့် ၎င်းတို့၏ဖွင့်ဟချက်များ ကြားသိ စေရန်ကူညီပေးခြင်း

မီဒီယာ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းအကြား အရေးပါဆုံးဆက်စပ်မှုကို တိုင်းရင်းသားမီဒီယာဖွဲ့စည်းမှုနှင့် ဖွံ့ဖြိုးမှုတွင် တွေ့နိုင်သည်။ မြန်မာပြည်တွင် တိုင်းရင်းသားအခြေပြုမီဒီယာကို တိုင်းရင်းသားများ၏စရိုက်လက္ခဏာများ ထိန်းသိမ်းဖော်ထုတ်ရန် အသုံးပြုခဲ့သည်။ တိုင်းရင်းသားလူမျိုးများနှင့် အဖွဲ့လိုက်ဆွေးနွေးချက်များအရ တိုင်းရင်းသား Channel သည် နိုင်ငံပိုင်မီဒီယာကဲ့သို့ပင်ဖြစ်သည်။ ၎င်းမှာ အစိုးရအကြိုက် အစီအစဉ်များကိုသာ ထုတ်လွှင့်ပြီး ၎င်းတို့၏ လက်ရှိအခြေအနေများကို ထင်ဟပ်ခြင်းမရှိကြောင်း ပြောဆိုခဲ့ကြသည်။ (တိုင်းတာချက် ၃.၁၁ တွင်ကြည့်ပါ )ထို့အပြင် တိုင်းရင်းသား အရပ်ဖက်အဖွဲ့အစည်းသည် တိုင်းရင်းသားမီဒီယာလုပ်ငန်းနှင့် ပူးပေါင်းဖွဲ့စည်းထားသည်။ ယင်းတို့သည် အဖွဲ့တစ်ခုတည်းဖြစ်သည်။ ဥပမာအားဖြင့် မွန်ပြည်နယ် သံလွင်တိုင်းမ်သည် မွန်ဘာသာအပြင် ဗမာဘာသာဖြင့်ပါ ထုတ်ဝေသည်။ ၎င်းမှာ စီးပွားရေးအရ လုပ်ဆောင်သည့် လုပ်ငန်းမျိုးမဟုတ်သော်လည်း မွန်ဘာသာနှင့်ယဉ်ကျေးမှုကို တိုးမြှင့်ရန် အရပ်ဖက်အဖွဲ့အစည်းက ပြုလုပ်သော လုပ်ဆောင်မှုတစ်ခုဖြစ်သည်ဟု အယ်ဒီတာကထုတ်ဖော်ပြောကြားသည်။

နိုင်ငံအတွင်းမီဒီယာကန့်သတ်မှုများအပေါ် လက်ရှိဖြေလျှော့ပေးမှုသည် တိုင်းရင်းသားအရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် လမ်းစတစ်ခုအသွင်ဖြစ်လာသည်။ ယခင်က အိမ်နီးချင်း နိုင်ငံများတွင် အခြေစိုက်လုပ်ဆောင်ခဲ့သော တိုင်းရင်းသားမီဒီယာအများစု မြန်မာနိုင်ငံတွင်း

ပြန်လည်ဝင်ရောက်လာကာ တရားဝင်မှတ်ပုံတင်ထားသည့် လုပ်ငန်းများဖြစ်လာကြသည်။ BNI အနေဖြင့် အရပ်ဖက်အဖွဲ့အစည်း၏ ထင်ရှားသော သာဓကဖြစ်ပြီး တိုင်းရင်းသားမီဒီယာများ၏အကျိုးကို ဆောင်ရွက်ပေးသည်။ ၂၀၀၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့၌ ဝန်ထမ်းလေးယောက်နှင့် စတင်တည်ထောင်ခဲ့သော BNI သည် တိုင်းရင်းသားမီဒီယာများအတွက် အခြေခံမီဒီယာသင်တန်း ပို့ချပေးခြင်းနှင့် နည်းပညာပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့သည်။ ၎င်းအဖွဲ့အနေဖြင့် ကန့်သတ်ထားသော အသုံးစရိတ်ရှိပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ သုတေသနများဆောင်ရွက်သည်။ ယခုလက်ရှိတွင် BNI ၏ ရုံးခန်းကို ချင်းမိုင်နှင့် ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည်။ ထိုအဖွဲ့တွင် တိုင်းရင်းသားမီဒီယာ ၁၂ ဖွဲ့ထားသော်လည်း ၎င်းတို့က တိုင်းရင်းသားမီဒီယာ အားလုံးအတွက် လုပ်ငန်း ဆောင်ရွက်ရန် ထောက်ပံ့မှုနှင့် မီဒီယာသင်တန်းများအတွက် ပံ့ပိုးပေးခဲ့သည်။ ယင်းတို့က လွတ်လပ်စွာ ထုတ်ဖော် ရေးသားခွင့်အတွက် ထောက်ခံခဲ့ပြီး သတင်းထောက်များ ထောင်ဒဏ်ချမှတ်ခံရမှုကို ကန့်ကွက်ရာတွင် ကူညီခဲ့သည်။ တိုင်းရင်းသားမီဒီယာအဖွဲ့ (EMG) သည်အလားတူ သီးခြားရပ်တည်သော အဖွဲ့ဖြစ်သည်။ ၎င်းအဖွဲ့က BNI နှင့် အနီးကပ် ပူးပေါင်းလုပ်ဆောင်သည်။ [၂၇၀]

[၂၇၀] BNI မှ ဒါရိုက်တာနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၂၂၊ ဖေဖော်ဝါရီ၊ ၂၀၁၅။

## အခန်း (၄) အကြံပြုချက်များ

- ငွေကြေးအားဖြင့် အကန့်အသတ်ရှိနေသော မီဒီယာတိုက်များအား သင်တန်းပေးခြင်း၊ မီဒီယာဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့အစည်းများက သင်တန်းများပို့ချပေးရာတွင် သင်တန်းကျောင်းများနှင့် ပူးပေါင်း၍ ထောက်ပံ့ကြေးငွေပေးခြင်း နှင့် သင်တန်းပို့ချပေးခြင်းတို့ကို ဆက်လက်လုပ်ဆောင်သင့်သည်။
- အခြေခံစာနယ်ဇင်းပညာသင်တန်းသည် သတင်းထောက်များ၏အရည်အသွေးမြှင့်တင်ရန်ဆောင်ရွက်ခြင်း စီမံချက်အတွက်အဓိကထားလုပ်ဆောင်သင့်သည်။ ၎င်းသင်တန်းပို့ချပေးခြင်းကို ရန်ကုန်မြို့ပြင်ပတွင် လုပ်ဆောင်ရန် ကြိုးပမ်းသင့်သကဲ့သို့ တိုင်းရင်းသားမီဒီယာများအတွက် တိုင်းရင်းသားဘာသာစကားဖြင့် သင်တန်းများဖွင့်ပေးသင့်သည်။
- ပဋိပက္ခသတင်းရေးသားနည်းသင်တန်းကို အထူးသဖြင့် ထိုဒေသတွင်နေသော သတင်းထောက်များနှင့် မီဒီယာနှင့် ပတ်သက်သည့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် ပံ့ပိုးဖွင့်လှစ်ပေးသင့်သည်။
- တက္ကသိုလ်အဆင့် သတင်းအတတ်ပညာဘာသာရပ်သင်ကြားရေး အစီအစဉ်များနှင့် မီဒီယာသင်တန်းများမှ သင်ရိုးများတွင် ကျား၊ မရေးရာနှင့် မတူကွဲပြားမှုအကြောင်းအရာများ ထည့်သွင်းသင်ကြားသင့်သည်။
- မီဒီယာစီမံခန့်ခွဲမှုသင်တန်းကို အခါအားလျော်စွာ ပို့ချပေးသင့်သည်။ ဝေးလံသောဒေသတွင် တည်ရှိနေ သည့် တိုင်းရင်းသားမီဒီယာလုပ်ငန်းငယ်များအတွက် ဘာသာရပ်တစ်ခုခုကို တိတိကျကျဖြင့် အံဝင်ခွင်ကျစီမံပေးသင့်သည်။
- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MNMC) သည် သင်တန်းနှင့်ပတ်သက်သော အခွင့်အလမ်းများကို ဝက်ဘ်ဆိုက်မှတဆင့် ဝေးလံသောဒေသရှိမီဒီယာများကိုသတင်းအချက်အလက်များကြိုတင်ပေး သင့်သည်။
- မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများသည် ရည်ညွှန်းကိုးကားစာအုပ်များနှင့် ထုတ်ဝေစာများကို မီဒီယာ လုပ်ငန်းငယ်များအတွက် ပံ့ပိုးပေးသင့်သည်။ သတင်းသမားများအားလုံးအတွက်လွတ်လပ်စွာလက်ခံရယူနိုင်သည့် သတင်းရင်းမြစ်ဇဟိုဌာနများကို ပံ့ပိုးပေးခြင်းဖြင့် ၎င်းရည်မှန်းချက်ကို မြှင့်တင်ပေးနိုင်လိမ့်မည်။

- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် ရုပ်သံလွှင့်မီဒီယာဘာသာရပ် သင်ကြားရေးအတွက် သင့်လျော်သောပစ္စည်းများရရှိရန် အပြည်ပြည်ဆိုင်ရာက နည်းပညာနှင့်ငွေကြေးထောက်ပံ့ပေးရန်စဉ်းစား သင့်သည်။
- ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာမီဒီယာဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့အစည်းများ အတူတကွပူးပေါင်းကာ မြန်မာနိုင်ငံတစ်ဝှမ်းရှိ တက္ကသိုလ်များတွင် သတင်းအတတ်ပညာဘာသာရပ် တိုးချဲ့သင်ကြားနိုင်ရန် ဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံအထက်ပိုင်းတွင် တက္ကသိုလ်အဆင့် သတင်း အတတ် ပညာကိုလက်လှမ်းမီရန် အလို့ငှာ မန္တလေးမြို့ရှိတက္ကသိုလ်တစ်ခုခုတွင် သတင်းအတတ်ပညာဘွဲ့ပေးနိုင် ရေးကိုအလေးပေးဆောင်ရွက်သင့်ပါသည်။
- အသစ်ဖွင့်မည်ဆိုပါက ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမအသစ်များကို လုံလောက်သော သင်တန်း ပေးသင့်သည်။ သင်တန်းတွင် သတင်းအတတ်ပညာ နှင့် ဆက်စပ်သည့်လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ကဲ့သို့သော ဘာသာရပ်များပို့ချ သင့်သည်။ ပညာရေးဝန်ကြီးဌာနက သင်ကြားရေးဝန်ထမ်းအသစ်များ ခန့်အပ် ရာတွင် သတင်းအတတ်ပညာဘွဲ့ရများ၊ မီဒီယာလုပ်ငန်းနှင့်မြန်မာသတင်းပညာ သိပ္ပံတို့မှ လူများအား စဉ်းစားပေးသင့်သည်။
- မီဒီယာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများသည် သတင်းမီဒီယာသမားများ၏ အဖွဲ့အစည်းများကိုဆက်လက်ပံ့ပိုးပေးမှသာ မီဒီယာအလုပ်သမားများ၏ အခွင့် အရေးအတွက်ထိရောက်စွာဦးစီးဦးဆောင်ပြုပေးနိုင်ပြီး ရန်ကုန်မြို့နှင့် နိုင်ငံတလွှား ရှိသတင်းမီဒီယာသမားများအား ကူညီပံ့ပိုးမှုပြုနိုင်မည်ဖြစ်သည်။
- မီဒီယာဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်သည့်အဖွဲ့အစည်းများက ရန်ကုန်အပြင်ဘက်ရှိ မီဒီယာလုပ်ငန်းများကို စောင့်ကြည့် သင့်သည်။ သို့မှသာ ၎င်းအဖွဲ့ဖွံ့ဖြိုးကြီးထွား ရန်နှင့် အဖွဲ့ဝင်များရပ်တည်ရေးအတွက် ငွေကြေးနှင့် စွမ်းအားရပ်တည်မှုပံ့ပိုးရေး အပေါ်စဉ်းစားပေးနိုင်သည်။ အနှစ်သာရနှင့် ပထဝီအနေအထားအရ တူညီနေ သော ဒေသတွင်းမီဒီယာအသင်းအဖွဲ့ငယ်များကို စုစည်းဖွဲ့စည်းရေး သို့မဟုတ် အဖွဲ့ချုပ်အဖြစ် ပူးပေါင်းဖွဲ့စည်းရေးအတွက် အားပေးသင့်သည်။
- အစိုးရနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများသည်အရပ်ဖက်အဖွဲ့အစည်း များကိုယင်းတို့၏ မီဒီယာ စောင့်ကြည့်ရေးအားထုတ်မှုများ၊ မီဒီယာနှင့်ပတ်သက်၍ သိနားလည်မှု (media literacy) အစီအစဉ်များနှင့် လူမှုကွန်ရက်တွင် အမုန်း

စကားများပြောကြားနေမှုနှင့် ယင်းတို့ကိုကိုင်တွယ်ဖြေရှင်းနိုင်မည့်နည်းလမ်းများကိုရှာဖွေဖော်ထုတ်သည့် သုတေသနလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးပေးသင့်သည်။ မီဒီယာနှင့်ပတ်သက်၍ သိနားလည်မှု (media literacy) ကို ပုံမှန်တက္ကသိုလ်ပညာရေးစနစ်တွင် သင်ကြားပေးသင့်သည်။

# အခန်း (၅)

## အမှီအခိုကင်းပြီး အမျိုးအစားစုံလင်သော မီဒီယာအားပံ့ပိုးပေးရန် အလုံအလောက်ရှိရမည့် အခြေခံအဆောက်အဦများ၏ အရည်အသွေး

# အခန်း (၅)

## အမှီအခိုကင်းပြီး အမျိုးအစားစုံလင်သော မီဒီယာအားပံ့ပိုးပေးရန် အလုံအလောက်ရှိရမည့် အခြေခံအဆောက်အဦးများ၏ အရည်အသွေး

### (က) မီဒီယာများမှ နည်းပညာပိုင်းဆိုင်ရာရင်းမြစ်များ ရယူသုံးစွဲနိုင်မှု

### ၅.၁။ မီဒီယာအဖွဲ့အစည်းများသည် သတင်းရယူစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်းအတွက် ခေတ်မီနည်းပညာပိုင်းဆိုင်ရာပစ္စည်းများကို အသုံးပြုကြသည်

သမ္မတဦးသိန်းစိန် လက်ထက်တွင် မြန်မာနိုင်ငံ၏ နည်းပညာနှင့် ဆက်သွယ်ရေးကို ပိုမိုတိုးတက်စေသော ဆက်သွယ်ရေးပြုပြင်ပြောင်းလဲမှုများစွာကို ဆောင်ရွက်ခဲ့သည်။ မိုဘိုင်းဖုန်း ဆင်းမ်ကတ်ဈေးနှုန်းများ သိသာစွာ ကျဆင်းမှုနှင့် နိုင်ငံတွင်း တယ်လီဖုန်းကွန်ရက် တိုးမြင့်မှုတို့သည် အထင်ရှားဆုံးတိုးတက်မှုများ ဖြစ်လာသည်။ အင်တာနက်ဆင်ဆာများကိုလည်း ကျယ်ပြန့်စွာ ဖယ်ရှားခဲ့သည်။ အစိုးရ၏ ဝက်ဘ်ဆိုဒ်များကြည့်ရှုခြင်းကို ပိတ်ဆို့ တားမြစ်မှုများလည်းမရှိတော့ပေ။ အဆိုပါ ပြောင်းလဲမှုများသည် မီဒီယာသမားများ၏ အင်တာနက်ပေါ်မှ သတင်းအချက်အလက်များရရှိရေး အထူးသဖြင့် မိုဘိုင်းဖုန်းအပလီကေးရှင်း (application) များမှတဆင့် သတင်းအချက် အလက်များရယူရေးကို သိသာထင်ရှားစွာ တိုးတက်စေခဲ့သည်။ ထို့အပြင် အစိုးရဝက်ဘ်ဆိုဒ် (Website) အချို့သည်လည်း သတင်းအချက်အလက်များ ပိုမိုတင်ပြလာကြသည်။ လွှတ်တော်နှင့် သမ္မတရုံးဝက်ဘ်ဆိုဒ်များတွင်လည်း အတည်ပြုပြီးသော ဥပဒေသစ်များတွေ့မြင်လာရပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်သည် အစိုးရ အခမ်းအနားများ၊ မူဝါဒများ၊ ထုတ်ပြန်ကြေညာချက် စသည်တို့နှင့် သက်ဆိုင်သော အချက်အလက်များကို အချိန်နှင့်တပြေးညီရရှိစေရေးအတွက် တံခါးပေါက်တစ်ခုသဖွယ် ဆောင်ရွက်လျက်ရှိသည်။ ဆက်သွယ်ရေးပြုပြင်ပြောင်းလဲမှုများတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီအဖြစ်

ဆက်သွယ်ရေးပြုပြင်ပြောင်းလဲမှုများတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီအဖြစ် ကမ္ဘာ့ဘဏ်က "မြန်မာနိုင်ငံလုံးဆိုင်ရာ ဝက်ဘ်ဆိုဒ် Portal" (Myanmar National Portal) တစ်ခုပေါ်ထွန်းလာစေရေး ကူညီဆောင်ရွက်ပေးရန် စီစဉ်ထားလျက် ရှိပါသည်။ အဆိုပါဝက်ဘ်ဆိုဒ် Portal က နိုင်ငံသားများကို အစိုးရသတင်း အချက်အလက်များနှင့် ဝန်ဆောင်မှုများအတွက် နားလည်ရန်လွယ်ကူသည့် တစ်ခုတည်းသော ပြတင်းတံခါးအဖြစ် ဖန်တီးပေးပါလိမ့်မည်။[၇၂]

သတင်းအချက်အလက်များ ရယူရန် အင်တာနက်သုံးစွဲခြင်းမှ လွဲ၍ သတင်းထောက်များ၏ နည်းပညာသုံးစွဲမှုသည် ပြောင်းလဲလျက်ရှိသည်။ ရန်ကုန် အခြေပြုပုံနှိပ်မီဒီယာများနှင့် ကျန်ဒေသများရှိပုံနှိပ်မီဒီယာတို့၏ ကွဲပြားခြားနားမှုကိုလည်း သိသာစွာမြင်နိုင်ပါသည်။ များသောအားဖြင့် ရန်ကုန်အခြေပြုမီဒီယာများတွင် ယင်းတို့၏ သတင်းထောက်များနှင့် မီဒီယာသမားများကို အမျိုးအစားစုံလင်လှသည့် နည်းပညာ ကိရိယာများပေးနိုင်ရန် အသုံးစရိတ်သပ်သပ်ထားရှိသည်။ ရုံးတွင်သတင်းထောက်များ ငှားရမ်းသုံးစွဲနိုင်သည့် ကွန်ပြူတာများနှင့် ရုပ်/သံဆိုင်ရာ ကိရိယာများထားရှိပေးသည်။ ကျန်ဒေသများရှိ မီဒီယာအဖွဲ့အစည်းများတွင် အီလက်ထရွန်နစ်ပစ္စည်းကိရိယာများ နည်းပါးလေ့ရှိပါသည်။ အဆိုပါ မီဒီယာအဖွဲ့အစည်းငယ်များအတွက် အလုပ် လုပ်နေသောသတင်းထောက်များသည် ကင်မရာနှင့်အသံဖမ်းစက်များကို မိမိတို့ ဘာသာဝယ်ယူလေ့ရှိသကဲ့သို့ ပစ္စည်းကိရိယာများမပါရှိဘဲ သတင်းလိုက်ခြင်းမျိုးလည်း ရှိပါသည်။ ပုံမှန်အားဖြင့် ၎င်းတို့သည်အင်တာနက်အသုံးပြုရန် မိုဘိုင်းဖုန်းအင်တာနက် သို့မဟုတ် အင်တာနက်ဆိုင်များကို မှီခိုရလေ့ရှိသည်။ ယေဘုယျအားဖြင့် အဆိုပါ အဖွဲ့အစည်းငယ်များသည် မီဒီယာအဖွဲ့အစည်းကြီးများသို့မဟုတ် နိုင်ငံပိုင်မီဒီယာများ ကဲ့သို့မဟုတ်ဘဲ သိမ်းဆည်းထားသည့် မှတ်တမ်းဟောင်းများကို အသုံးပြုရန် မဖြစ် နိုင်ပေ။ မီဒီယာအဖွဲ့အစည်းငယ်များအနေဖြင့် အလုပ်နိုင်ဆုံးအနေအထားမှာ စာအုပ်စင်အနည်းငယ်ပေါ်တွင် စာအုပ်၊ စာစောင်များများစားစားမရှိသည့် စာကြည့်တိုက် ထားရှိခြင်းမျိုးသာ ဖြစ်သည်။

အွန်လိုင်းအသုံးပြုမှု မြင့်မားလာသော်လည်း မြန်မာနိုင်ငံရှိ ပုံနှိပ်မီဒီယာ အများစုသည် အင်တာနက်နှင့် အခြားဆက်သွယ်ရေးကြားခံ အီလက်ထရောနစ်

[၇၂] ကမ္ဘာ့ဘဏ်၊ (ဇန်နဝါရီ ၂၀၁၄) အားလုံးအတွက် ဆက်သွယ်မှုများဆီသို့ မြန်မာနိုင်ငံရှေ့ဆက် ကြိုးပမ်းဆောင်ရွက်ချက်

ပစ္စည်းများကိုသုံးစွဲနိုင်သည့် ပမာဏာသည်ပြည့်စုံလုံလောက်မှု မရှိသေးပေ။ သင်တန်းများလိုအပ်ကြောင်း အကဲဖြတ်မှတ်တမ်းအရ ၇၂ ရာခိုင်နှုန်းသော မီဒီယာလုပ်ငန်းများတွင်သာ ဝက်ဘ်ဆိုဒ် (Website) ရှိပြီး ၇၀ ရာခိုင်နှုန်းမှာ လူမှုကွန်ရက် (Facebook) စာမျက်နှာသာ ရှိကြသည်။[၂၇၈] သို့သော်လည်းအဆိုပါ အွန်လိုင်းကြားခံနယ်များ၏အကျိုးရလဒ် စွမ်းရည်ကိုသဘောပေါက်နားလည်ရန် လိုအပ်နေသေးသည်။ ဝက်ဘ်ဆိုဒ်ဒီဇိုင်းသည် အခြေခံဖြစ်ပြီးဝက်ဘ်ဆိုဒ်ပေါ်ရှိ အကြောင်းအရာများသည် မီဒီယာတိုက်များ၏ ပုံနှိပ်ထုတ်ဝေမှုအပေါ် ထပ်လောင်းရေးသားတင်ပြထားခြင်းမျိုးဖြစ်လေ့ရှိသည်။ စာဖတ်ပရိတ်သတ်များ ကိုယ်တိုင်ပါဝင်နိုင်သည့် အွန်လိုင်းပလက်ဖောင်းသည် ကန့်သတ်မှုများရှိနေပြီး ဝက်ဘ်ဆိုဒ်များပေါ်တွင် ထင်မြင်ချက်များပေးနိုင်မှု (Comment Section)၊ စာဖတ်ပရိသတ်၏ နှစ်သက်သဘောကျမှုပြသခြင်း (Like Facility) သို့မဟုတ် လူမှုကွန်ရက်ပေါ်တွင် တင်ထားသော ဆောင်းပါးများအပေါ် ယူဆချက်များ ပြောနိုင်ခြင်းတို့လည်း ပါဝင်လေ့ရှိပါသည်။ အဆိုပါစိတ်ကူးကို သတင်းအချက်အလက်နှင့် နည်းပညာလမ်းကြောင်းရှေ့တန်းသို့ ရောက်လိုသည့် ပြည်ပအခြေပြု မီဒီယာအနည်းစုသာလျှင် လက်ခံယုံကြည်ထားကြခြင်းဖြစ်သည်။[၂၇၉]

မီဒီယာသင်တန်းကျောင်းများသည် ဘလော့ဂ်ရေးသားနည်း (blogging) နှင့် အင်တာနက်သတင်းရေးသားခြင်း (web reporting) နှင့် ပတ်သက်သည့် သင်တန်းများကို ပို့ချပေးသည်။ အဆိုပါ သင်တန်းများက သတင်းအချက်အလက်နည်းပညာနှင့်ပတ်သက်သည့် တစ်ဦးချင်းကျွမ်းကျင်မှုကိုသတ်မှတ်ပေးနိုင်သော်လည်း အဖွဲ့အစည်းတစ်ခု၏ အဆင့်အနေအထားအပေါ်လိုက်ပြီး သတင်းအချက်အလက်နည်းပညာပြောင်းလဲမှုကိုများသောအားဖြင့် ဦးတည်လေ့မရှိပေ။ (ဥပမာ။ Multi-media အခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှု)

---

[၂၇၈] DW Akademie and CFI (2015) မြန်မာနိုင်ငံတွင် သင်တန်းများလိုအပ်ကြောင်း အကဲဖြတ်မှတ်တမ်း။ ရန်ကုန် မြန်မာ။

[၂၇၉] မဇ္ဈိမမီဒီယာဂရုနှင့် ဒီမိုကရက်တစ်မြန်မာ့အသံမှ ဥပမာများကြည့်ရန်၊ http://www.mizzima.com/ and http://burmese.dvb.no/

## (၈) ပုံနှိပ်၊ ရုပ်သံလွှင့်လုပ်ငန်းနှင့် သတင်းအချက်အလက်နှင့်နည်းပညာ ထိုးဖောက်ဝင်ရောက်မှု

### ၅.၂။ သီးခြားအဖွဲ့အစည်းတိုင်းတွင် ယင်းတို့အသုံးပြုနိုင်သော ဆက်သွယ်ရေးပုံစံ အမျိုးမျိုး ရှိကြသည်

ပုံနှိပ်မီဒီယာအတွက် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦးများတွင် ကန့်သတ်မှုများရှိနေသည်။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ပုံနှိပ်စက်များမှာ စုစုပေါင်း ၃၂ ခုရှိသည့်အနက် ၈ ခုမှာ ပုဂ္ဂလိကပိုင်များ ဖြစ်သည်။[၂၇၉] ကျန် ၂၄ ခုကို အစိုးရဝန်ကြီးဌာန အသီးသီးမှ ပိုင်ဆိုင်ကြသည်။ အဆိုပါ ပုံနှိပ်စက် အများစုမှာ ရန်ကုန်မြို့တွင်တည်ရှိပြီး အချို့အစိုးရပိုင်ပုံနှိပ်စက်ကြီးများမှာ မန္တလေးနှင့် နေပြည်တော်တို့တွင်တည်ရှိသည်။ ထိုအခြေအနေသည် အစိုးရပိုင်ပုံနှိပ်မီဒီယာများကို ပုဂ္ဂလိကပိုင်ပုံနှိပ်မီဒီယာများထက် ပထဝီဝင်အနေအထားအရ ပိုမိုလွှမ်းခြုံနိုင်စေသည်။ ပုံနှိပ်စက်များ အနည်းငယ်သာရရှိမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် လူဦးရေ အများစုမှာ ပုံနှိပ်မီဒီယာကို အချိန်နှင့်တပြေးညီ ရရှိနိုင်ခြင်းမရှိပေ။

နိုင်ငံပိုင်ရုပ်သံလွှင့်လုပ်ငန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (မြန်မာ့အသံသည် ၎င်း၏ပင်မထုတ်လွှင့်ချက်ကို နေပြည်တော်မြို့တော်အနီးရှိ တပ်ကုန်းမြို့တွင်ရှိသည့် အသံလွှင့်ရုံမှ လှိုင်းလတ် ၂၀၀ WK ဖြင့်ထုတ်လွှင့်သည်။ ပင်မ လှိုင်းကို ရန်ကုန် (ရေကူး)ရှိ အသံလွှင့်ရုံမှတဆင့် လှိုင်းတို ၂၀၀ WK ထပ်မံပေးပို့သည်။ အဆိုပါ ထုတ်လွှင့်မှုများကို အသံလွှင့်ရုံပေါင်း ၂၅၂ ဌာနမှတဆင့် ထပ်ဆင့်လွှင့်ပေးသည်။ မြန်မာ့အသံက မကြာသေးမီ ကာလအတွင်း FMလှိုင်းနွန်းများမှ အသံလွှင့်မှုကို စတင်ခဲ့သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လအပြီးတွင်

---

[၂၇၉] အဆိုပါ အချက်အလက်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းနှင့် စာနယ်ဇင်းဌာနမှ ရရှိပါသည်။ အဆိုပါအချက်အလက်တွင် အခြားကျန်ရှိနေနိုင်သော မှတ်ပုံမတင်ရသေးသည့် ပုံနှိပ်စက်များ မပါဝင်ပေ၊ အထက်တွင်ဖော်ပြခဲ့သော အစိုးရပိုင်ပုံနှိပ်စက် အားလုံးသည် သတင်းများပုံနှိပ်ရေးနှင့်ဖြန့်ချိခြင်းအတွက် အသုံးပြုခြင်းဖြစ်ကြောင်း မှတ်သားရမည် ဖြစ်ပါသည်။ အချို့ဝန်ကြီးဌာနများသည် ဌာနတွင်း စာရွက်စာတမ်းများ၊ ကြော်ငြာစာများနှင့် မှတ်ပုံများ စသည်တို့ကို ပုံနှိပ်ရန်အတွက် ပုံနှိပ်စက်များ ပိုင်ဆိုင်ကြပါသည်။

FM အသံလွှင့်စက်စုစုပေါင်း ၁၄၅ ခုတပ်ဆင်ရန် ရည်မှန်းထားရှိရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ၄၅ ခု တပ်ဆင်ပြီးဖြစ်သည်။[၂၇၆]

ဖက်စပ် FM အသံလွှင့်ဌာနများကလည်း ယင်းတို့၏ ကိုယ်ပိုင်အသံလွှင့် တာဝါတိုင်များကို တည်ဆောက်ထားကြသည်။ ရေဒီယိုအသံလွှင့်ရုံပေါင်း (၇)ခုသည် အသံလွှင့်တာဝါတိုင်ပေါင်း(၄၈)[၂၇၇] ခုအပေါ် မှီခိုထုတ်လွှင့်ရသလို အစိုးရအသံလွှင့် တာဝါတိုင်အချို့မှတဆင့်လည်း ထုတ်လွှင့်ကြရသည်။ အစိုးရက အဆိုပါအသံလွှင့်ရုံ အသီးသီးကို စီးပွားရေးအရအကျိုးအမြတ်မရရှိလျှင်သော်မှ သတ်မှတ်ထားသော ပထဝီဝင်အနေအထားပေါ်မူတည်ပြီး ထုတ်လွှင့်ရန် သတ်မှတ်ထားသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် မျှော်လင့်ထားသည်ထက်ပိုမိုကာ နိုင်ငံနှင့်အဝှမ်း ရေဒီယို ထုတ်လွှင့်မှုကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် MDI အကဲဖြတ်မှတ်တမ်းကို နိုင်ငံသားတိုင်း၏ မီဒီယာရရှိမှုအခွင့်အလမ်းနှင့် အတွေးအမြင်တို့ပေါ်မူတည်၍ နိုင်ငံလုံးဆိုင်ရာ စစ်တမ်းများအရ ပြုလုပ်ခဲ့သည်။ လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံအတွင်း အကျယ်ပြန့်ဆုံးနှင့် လူထုအတွင်းရောက်ရှိနိုင်ဆုံး မီဒီယာများအနက် အခမဲ့ ရုပ်သံလိုင်းများမှာ ၈၉ ရာခိုင်နှုန်းနှင့် ရေဒီယိုအသံလွှင့်ရုံများမှ ၈၇ ရာခိုင်နှုန်း အသီးသီး ဖြစ်ကြသည်။[၂၇၈] MRTV-4 နှင့် မြဝတီမှလွဲ၍ ရုပ်သံနှင့်ရေဒီယို စသည့် ကြားခံများမှ တဆင့် သတင်းထုတ်လွှင့်နိုင်မှုသည် ၈၀ ရာခိုင်နှုန်းနှင့်အထက်ရှိသည်။ ပုံနှိပ်မီဒီယာများမှာ ၆၆ ရာခိုင်နှုန်းနှင့် ၅၃ ရာခိုင်နှုန်းကြားရှိပြီး အွန်လိုင်းမီဒီယာများမှာ

---

[၂၇၆] မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အင်ဂျင်နီယာမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း (၁ ဒီဇင်ဘာ ၂၀၁၅)

[၂၇၇] အဆိုပါအချက်အလက်တွင် မြန်မာ့အသံနှင့် သာဒင် FM တို့ မပါဝင်ပါ။

[၂၇၈] တီဗီနှင့် ရေဒီယိုလိုင်းများကို လူကြည့်များသော ရုပ်သံများအဖြစ် သတ်မှတ်ဖော်ပြရန် ထပ်မံ ပိုင်းခြားထားပါသည်။ (ဆိုလိုသည်မှာ Channel 7, MRTV (National), MRTV-4, စသည်)

၄၈ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးဖြစ်နေသည်။[၂၃၉] ပုံနှိပ်မီဒီယာသုံးစွဲမှုသည် မြို့ပြထက် ကျေးလက်ဒေသများတွင် ပိုမိုနည်းပါးသည်။ မြို့ပြတွင်သတင်းစာဖတ်သူ ၉၃ရာခိုင်နှုန်း ရှိပြီး ကျေးလက်တွင် ၅၅ ရာခိုင်နှုန်းသာရှိသည်။[၂၄၀]

### ဇယား ၁၀။ မီဒီယာအမျိုးအစားစုံ ရရှိနိုင်မှု

| မီဒီယာအမျိုးအစား (ယေဘုယျ) | မီဒီယာအမျိုးအစား(အတိအကျ) | စုစုပေါင်း | ကျေးလက် | မြို့ပြ |
|---|---|---|---|---|
| ရေဒီယို | ပက်စပ် FM အသံလွှင့်ရုံများ | ၈၇% | ၈၉% | ၈၃% |
| | မြန်မာ့အသံ | ၈၅% | ၈၇% | ၇၉% |
| ရုပ်သံ | အခမဲ့ရုပ်သံလိုင်းများ (ယေဘုယျ) | ၈၉% | ၈၆% | ၉၄% |
| | Channel 7 (အခမဲ့ ရုပ်သံလိုင်း) | ၈၂% | ၇၉% | ၉၀% |
| | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (အခမဲ့ရုပ်သံလိုင်း) | ၈၀% | ၇၆% | ၉၀% |
| | မြဝတီ (အခမဲ့ရုပ်သံလိုင်း ရုပ်သံ) | ၆၀% | ၅၉% | ၆၄% |
| | MRTV - 4 (အခမဲ့ ရုပ်သံလိုင်း) | ၆၆% | ၅၉% | ၈၃% |
| သတင်းစာများ | | ၆၆% | ၅၅% | ၉၃% |
| ဂျာနယ်များ | | ၆၆% | ၅၄% | ၉၄% |
| မဂ္ဂဇင်းများ | | ၅၃% | ၃၉% | ၈၅% |
| အင်တာနက် | | ၄၈% | ၃၅% | ၇၈% |

[၂၃၉] အဆိုပါမေးခွန်း၏ ရည်ရွယ်ချက်မှာ မီဒီယာ အသုံးပြုခြင်းမဟုတ်ဘဲ ရရှိမှုကို ပိုမိုနားလည်ရန် ဖြစ်ပါသည်။ ယခုစာတမ်းတွင် "ရရှိမှု" ဆိုသည်မှာ ဖြေဆိုသူများ နေထိုင်ရာ ရွာ၊မြို့ငယ်၊မြို့ကြီးများတွင် ရရှိသော သီးသန့်မီဒီယာအရင်းအမြစ်ရှိခြင်းကို သတ်မှတ်ပါသည်။ တစ်ဦးချင်းစီက သီးသန့် မီဒီယာအရင်းအမြစ်များကို အသုံးပြုခြင်း သို့မဟုတ် ယင်းကိုအသုံးပြုရန် လိုအပ်သောနည်းပညာ ရှိခြင်းဟု ဆိုလိုခြင်း မဟုတ်ပေ။ ဥပမာ၊ ၆၆ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် သတင်းစာများ ရရှိသည်ဟု ဖော်ပြထားသည်၊ သို့သော်လည်း သတင်းစာဖတ်ရှုသည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ အလားတူ ၄၈ ရာခိုင်နှုန်းသည် အင်တာနက်ရရှိသုံးစွဲနိုင်သော်လည်း အင်တာနက်အား မဖြစ်မနေ သုံးစွဲရရန်မလိုအပ်ပေ၊ သို့မဟုတ် အင်တာနက် တပ်ဆင်ထားသော ကိရိယာများ ပိုင်ဆိုင်ထားမှု မရှိပေ၊ ယင်းတို့၏မြို့ရွာများတွင်အင်တာနက်ရရှိရန် အင်တာနက်တပ်ဆင်ထားသော ကိရိယာများမှ အင်တာနက်ရရှိသုံးစွဲနိုင်မှုကို ဆိုလိုခြင်းဖြစ်ပါသည်။

[၂၄၀] အဆိုပါအချက်အလက်များသည် ပထဝီဝင်အနေအထားကို ကိုယ်စားပြုခြင်းမဟုတ်ဘဲ လူဦးရေ ပျံ့နှံ့မှုကို ကိုယ်စားပြုသော လူထုစစ်တမ်းမှ ရရှိပါသည်။

ပုံနှိပ်နှင့် အင်တာနက်မီဒီယာတို့၏ ကန့်သတ်မှုများကြောင့် မြန်မာနိုင်ငံရှိ ပြည်သူအများစုသည် ရုပ်သံလွှင့် မီဒီယာအပေါ်တွင်သာ မှီခိုလေ့ရှိသည်။ စစ်တမ်းတွေ့ရှိမှုအရ ၂၁ ရာခိုင်နှုန်းသည် ရုပ်သံလွှင့်မီဒီယာ တစ်ခုတည်းကိုသာ အားထားကြသည်။ ဆိုလိုသည်မှာ စစ်တမ်း၏ငါးပုံတစ်ပုံနီးဖြစ်သော အဆိုပါ ၂၁ရာခိုင်နှုန်းသည် ပုံနှိပ်နှင့် အင်တာနက်မီဒီယာများကို ရယူသုံးစွဲနိုင်ခြင်းမရှိဘဲ ရုပ်မြင်သံကြား(သို့) ရေဒီယိုအသံထုတ်လွှင့်မှု တစ်ခုတည်းကိုသာ ရရှိခြင်းဖြစ်သည်။ ထိုနည်းတူစွာ မီဒီယာရရှိမှု၏ ၆.၅ ရာခိုင်နှုန်းသည် နိုင်ငံပိုင်ရုပ်မြင်သံကြား (သို့) ရေဒီယိုတစ်ခုတည်းကိုအသုံးပြုလျက် ရှိသည်။ ကျန်ရှိသော ၂.၆ ရာခိုင်နှုန်းမှာ မည်သည့်မီဒီယာကိုမှ အသုံးပြုခြင်းမရှိကြောင်း၊ တွေ့ရသည်။ အဆိုပါ တွေ့ရှိချက်များကို အောက်ပါရုပ်ပုံကားချပ်တွင် ဖော်ပြထားပါသည်။ BBC Media Action က ပြုလုပ်ခဲ့သော နိုင်ငံလုံးဆိုင်ရာစစ်တမ်း ၂၀၁၄ အရ ဖြေကြားသူ ၇ ရာခိုင်နှုန်းက မီဒီယာအသုံးပြုနိုင်မှုမရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ မီဒီယာအဆင့်အတန်းမှာ နိမ့်ကျနေသည်ဟု ဖော်ပြထားသည်။[၂၀၀]

---

[၂၀၀] BBC Media Action ၏စစ်တမ်းအတွက် မီဒီယာအရင်းအမြစ် ရရှိမှုဆိုသည်မှာ အိမ် သို့မဟုတ် မည်သည့်နေရာတွင်ဖြစ်စေ ဟု သတ်မှတ်ပါသည်။

### ရုပ်ပုံကားချပ် ၃။ မည်သည့် မီဒီယာမျှမရရှိပါ သို့မဟုတ် ရုပ်သံလွှင့်မီဒီယာ တစ်ခုတည်းကိုသာ မှီခိုရသည်ဟူ၍ ဖြေကြားသူများ




မီဒီယာရရှိမှုနမူနာကို တိုင်းရင်းသားများအလိုက် ဇယားစဉ်ချကြည့်ပါက တိုင်းရင်းသားများသည် လူများစုဗမာ လူမျိုးများထက် မီဒီယာရရှိမှုနည်းပါးသည်ကို တွေ့ရနိုင်သည်။ မည်သည့်မီဒီယာကိုမျှ မရရှိမှုသည် တိုင်းရင်းသား လူမျိုးစုအနည်းငယ်အတွက် ၇.၉ ရာခိုင်နှုန်းရှိပြီး ဗမာလူမျိုးများအတွက် ၀.၈ ရာခိုင်နှုန်းသာရှိသည်။ ထို့ပြင် တိုင်းရင်းသားလူနည်းစုများအနက် သုံးပုံတစ်ပုံခန့်သည် ရုပ်သံလွှင့်မီဒီယာ တစ်ခုတည်း သို့မဟုတ် မည်သည့် မီဒီယာအမျိုးအစားမျှ ရရှိနိုင်ခြင်းမရှိပေ။ အဆိုပါအချက်သည် ဝေးလံသောဒေသများဖြစ်သည့် နိုင်ငံ၏အစွန်အဖျားဒေသများ တစ်လျှောက် တိုင်းရင်းသားလူမျိုးစုများ၏ လူဦးရေသည် ပိုမိုများပြားသည်ဟူသော အချက်နှင့်များစွာ ဆက်နွယ်လျက်ရှိသည်။

ဇယား ၁၁။ တိုင်းရင်းသားများ၏ မီဒီယာရရှိမှု

| ရရှိမှုအမျိုးအစား | စုစုပေါင်းနမူနာကောက်သည့် ဦးရေ=၁၀၂၀ | ဗမာလူမျိုး ဦးရေ=၇၅၅ | လူနည်းစု တိုင်းရင်းသားများ ဦးရေ=၂၆၅ |
|---|---|---|---|
| ရုပ်သံသီးသန့် (တီဗီ သို့ ရေဒီယို) | ၂၁.၅% | ၁၉.၇% | ၂၆.၄% |
| တီဗီရုပ်သံသီးသန့် | ၂.၅% | ၁.၆% | ၄.၉% |
| ရေဒီယိုသီးသန့် | ၄.၃% | ၃.၇% | ၆.၀% |
| တီဗီနှင့် ရေဒီယိုနှစ်ခုပေါင်းသီးသန့် | ၁၄.၇% | ၁၄.၄% | ၁၅.၅% |
| အစိုးရပိုင်ရုပ်သံများသီးသန့် (တီဗီသို့ ရေဒီယို) | ၆.၅% | ၂.၈% | ၇.၉% |
| မည်သည့် မီဒီယာကိုမျှ မရရှိမှု | ၂.၆% | ၀.၈% | ၇.၉% |

လက်ရှိအချိန်တွင် ကျေးလက်ဒေသမှလူအများစုသည် အစိုးရရုပ်သံလိုင်းများ(သို့) ဖက်စပ် FM များမှ (တိုင်းတာချက် ၃.၁ တွင်ကြည့်ရန်) တစ်ဆင့်ထုတ်လွှင့်သော အစိုးရသတင်းများကိုသာ နားထောင်ရသည်။ မြို့ဖနေ လူထုနှင့်လူနည်းစုတိုင်းရင်းသားလူများဆီသို့ အလွယ်ကူဆုံးရောက်ရှိနိုင်သည့် မီဒီယာ မှာရုပ်သံလွှင့်မီဒီယာ ဖြစ်သောကြောင့် အစိုးရအနေဖြင့် ကွဲပြားခြားနားသောလူထုအသံနှင့်အတွေးအမြင်များကို တူညီစွာဖော်ပြပေးနိုင်ပြီး အကြောင်းအရာမျိုးစုံကို ထုတ်လွှင့်ပေးသည့် ရုပ်သံလွှင့်မီဒီယာဝန်းကျင်တစ်ခု ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင် ပေးရန် အရေးကြီးသည်။[၂၈၂]

[၂၈၂] နိုင်ငံခြားမီဒီယာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံသားများ အထူးသဖြင့် ဝေးလံသောဒေသများတွင် နေထိုင်ကြသူများအတွက် သတင်း အရင်းအမြစ်တစ်ခုအဖြစ် ကိုယ်စားပြုကြပါသည်။ ဘီဘီစီမြန်မာပိုင်းဝန်ဆောင်မှု၊ ဗွီအိုအေ နှင့် လွတ်လပ်သောအာရှအသံတို့သည်မြန်မာနိုင်ငံတွင်လှိုင်းတိုဖြင့်ထုတ်လွှင့်ပြီး ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်အဖြစ် ရှိနေခဲ့ပါသည်။ ထိုင်း၊ တရုတ်၊ အိန္ဒိယ နှင့် ဘင်္ဂလားဒေ့ရှ်အစရှိသည့် အိမ်နီးချင်းနိုင်ငံများမှ တီဗီနှင့်ရေဒီယိုရုပ်သံများကိုလည်း နယ်စပ်တွင် နေထိုင်သည့် မြန်မာနိုင်ငံသားများက ဖမ်းယူကြည့်ရှုနိုင်ပါသည်။ အဆိုပါ မီဒီယာအရင်းအမြစ်များသည် ပြည်ပမှ ဖြစ်ပြီး မြန်မာနိုင်ငံမှ ထုတ်လွှင့်မှုမရှိခြင်း ကြောင့် ပြည်တွင်းမီဒီယာအဖွဲ့အစည်းများကဲ့သို့ လုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် မရင်ဆိုင်ရပေ။ ထို့ကြောင့် ယင်းတို့ကို ဤဆန်းစစ်မှုတွင် မထည့်သွင်းခဲ့ပေ။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ထိုးဖောက်ဝင်ရောက်နိုင်မှုနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်မတိုင်မီ အစောပိုင်းနှစ်များတွင် မြန်မာ့ဆက်သွယ်ရေး (MPT) က ဆက်သွယ်ရေးလောကတွင် တစ်ဦးတည်း စိုးမိုး နေခဲ့သည်။ မြန်မာ့ဆက်သွယ်ရေး (MPT) သည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန (MCIT) လက်အောက်ခံ အစိုးရဌာနတစ်ခုအနေဖြင့် ရပ်တည်ခဲ့ပြီး မိုဘိုင်းဖုန်းများနှင့် အင်တာနက်လိုင်း များကို နိုင်ငံတွင်း တစ်ဦးတည်း ပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါနှစ်အောက်တွင် မိုဘိုင်းဆင်းမ်ကဒ် ဈေးနှုန်းများသည် မြန်မာနိုင်ငံသားများ တတ်နိုင်သော ပမာဏထက် များစွာပိုမိုနေခဲ့သောကြောင့် မိုဘိုင်းဈေးကွက် ဝင်ရောက်နိုင်မှုသည် အကန့်အသတ်ဖြင့်သာ ရှိနေခဲ့သည်။ ထို့နည်းတူစွာ အင်တာနက်ဝန်ဆောင်မှုပေးသူများ (ISP) မှလည်း MPTသို့မဟုတ် အစိုးရနှင့် ဖက်စပ် ISP ဟု သိကြသည့် ရတနာပုံတယ်လီပို့ (YTP) ထံမှ အသုံးပြုလိုသည့် လှိုင်းနှုန်း (Bandwidth) ပမာဏကို ဝယ်ယူရသည်။ [၂၄၇] အင်တာနက်ရယူသုံးစွဲမှု၏ ကုန်ကျစရိတ်မြင့်မားမှုကြောင့် အင်တာနက် အသုံးပြုနိုင်သည့် လူဦးရေသည် အကန့်အသတ်ဖြင့်သာ ရှိနေခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဥပဒေသစ်တစ်ခုပြဋ္ဌာန်းခဲ့ပြီး ဆက်သွယ်ရေးသည် ပုဂ္ဂလိကပိုင်လုပ်ငန်း များအဖြစ်သို့ စတင်ကူးပြောင်းခဲ့သည်။ (MCIT) အနေဖြင့် နိုင်ငံတွင်းလည်ပတ်ရန် စုစုပေါင်း ပုဂ္ဂလိကဆက်သွယ်ရေး ကုမ္ပဏီ ၄ ခုကို ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါ ကုမ္ပဏီ ၄ ခုအနက် ၂ ခုမှာ ပြည်တွင်းကုမ္ပဏီများဖြစ်ပြီး ကျန်ကုမ္ပဏီ ၂ ခုမှာ ပြည်ပနိုင်ငံခြားကုမ္ပဏီများ ဖြစ်ကြသည်။ နိုင်ငံတကာ ဆက်သွယ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းစုပေါင်း ၂၂ ခု တို့သည် ပြည်တွင်းဆက်သွယ်ရေးလိုင်စင်အတွက် လေလံတင်သွင်းခဲ့သည်။ [၂၄၈] အဆိုပါလိုင်စင်ရရှိရေးသည် မျှတပြီး

[၂၄၇] Hammond, C (15 ar 2015). မြန်မာနိုင်ငံ၏ လေးခုမြောက် ဆက်သွယ်ရေးလိုင်စင်ရရှိနိုင်သည့် ပြည်တွင်းကုမ္ပဏီ။ မြန်မာတိုင်းမ် မှ ကောက်နုတ်ချက်။
http://www.mmtimes.com/index.php/business/technology/14479-local-consortium -to-claim-myanmar-s-fourth-telco-licenseh.html

[၂၄၈] Than, Z.W. & AFP (၈ ဧပြီ ၂၀၁၃) ဖုန်းလိုင်စင်လေလံပြိုင်ပွဲတွင် ၂၂ ဦးသော လေလံဆွဲသူများ။ မြန်မာတိုင်းမ် မှ ကောက်နုတ်ချက်
http://www.mmtimes.com/index.phtp/national-news/6414-twenty-two-bidders -in-phone-licence-battle.html

ပွင့်လင်းမြင်သာမှုရှိသည်ဟု နိုင်ငံတကာအသိုက်အဝန်းက ယူဆခဲ့သည်။ ၂၀၁၄ ခုနှစ် အစောပိုင်းတွင် နိုင်ငံတကာကုမ္ပဏီများ ဖြစ်ကြသည့် တယ်လီနော (Telenor) နှင့် အော်ရီဒူး (Ooredoo) တို့ကို ပြည်တွင်းဆက်သွယ်ရေးလိုင်စင်များ အသီးသီး ချမှတ်ပေးခဲ့သည်။ အဆိုပါ လိုင်စင်သက်တမ်းမှာ ၁၅ နှစ် ဖြစ်ပြီး ကုမ္ပဏီများကို တည်ဆောက်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ ဆက်သွယ်ရေးကွန်ယက်များ ပြုလုပ်ခွင့်နှင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုများ ပံ့ပိုးခွင့်တို့ကို ခွင့်ပြုခဲ့သည်။[၂၆၉]

MPT သည် ပုဂ္ဂလိကပိုင် ကုမ္ပဏီအဖြစ်သို့ ကူးပြောင်းဆဲကာလဖြစ်ပြီး စစ်တပ်နှင့်ဆက်စပ်နေသည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် စပ်တူလုပ်ကိုင်ခြင်းတို့ကြောင့် တတိယမြောက် ပြည်တွင်းဆက်သွယ်ရေးလိုင်စင်ကိုရရှိခဲ့သည်။[၂၇၀]

၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မြန်မာ့ဆက်သွယ်ရေးသည် ဂျပန်ကုမ္ပဏီနှစ်ခု ဖြစ်သည့် KDDI ကော်ပိုရေးရှင်းနှင့် Sumitomo ကော်ပိုရေးရှင်းတို့နှင့် စပ်တူဆောင်ရွက်ရန် သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့သည်။[၂၇၁] စတုတ္ထမြောက် ဆက်သွယ်ရေးလိုင်စင်ကို မည်သူ့ကိုမျှ မပေးအပ်ရသေးသော်လည်း ရတနာပုံ တယ်လီပို့သည် အလားအလာရှိသူအဖြစ် အထောက်အထားများ ရှိနေသည်။ မြန်မာ့ဆက်သွယ်ရေးကဲ့သို့ပင် ပုဂ္ဂလိကပိုင်ကုမ္ပဏီအဖြစ် ပြန်လည်ဖွဲ့စည်းနေသော်လည်း

---

[၂၆၉] သတင်းအချက်အလက် နည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (MCIT) (၃၀ ဇန်နဝါရီ ၂၀၁၄) တယ်လီနောမြန်မာနှင့် အော်ရီဒူးတို့၏ ပူးပေါင်းသတင်းစာရှင်းလင်းမှု ထုတ်ပြန်ချက်။ http://www.mcit.gov.mm/sites/default/files/Press%20Release%20Licence%20Signing%20Ceremony%2020140129%202130.pdf

[၂၇၀] Song, S (၈ ဇန်နဝါရီ ၂၀၁၃) မြန်မာနိုင်ငံ၏ဆက်သွယ်ရေးလုပ်ငန်းအခြေအနေသည် တပ်မတော်ကျောထောက်နောက်ခံပက်စပ် လုပ်ငန်း များနှင့် တယ်လီနော၊ အော်ရီဒူးတို့ယှဉ်ပြိုင်မှုနှင့်အတူ ရှုပ်ထွေးမှုများရှိ International Business Times မှ ကောက်နုတ်ချက် http://www.ibtimes.com/myanmars-telecom-landscape-gets-complicated-military -backed-joint-venture-set-compete-telenor

[၂၇၁] Aung, S. Y. (၁၇ ဇူလိုင် ၂၀၁၄) ဆက်လက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ၏ တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီများ ဂျပန်နှင့် ပူးပေါင်း။ ဧရာဝတီ မှ ကောက်နုတ်ချက် http://www.irrawaddy.org/business/stay-competitive-burmas-telecoms-firm-looks-japan.html

အခုရှယ်ယာအများစုကို အစိုးရနှင့် စစ်တပ်အသိုင်းအဝိုင်းမှ ဝယ်ယူကြသည်။[၂၈၀] လက်ရှိအချိန်တွင် ရတနာပုံတယ်လီပို့သည် ပြည်တွင်းကုမ္ပဏီလုပ်ငန်းစုအဖြစ်သို့ ဖွဲ့စည်းရန်ကြိုးစားနေပြီး ကျန်ရှိသော ဆက်သွယ်ရေးလိုင်စင် မတင်သွင်းမီ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းကို ရှာဖွေလျက်ရှိသည်။[၂၈၁]

ဆက်သွယ်ရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ကုမ္ပဏီများသို့ ပေးအပ်လိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး အခြေခံအဆောက်အဦးကို မြှင့်တင်ရေး နှင့် ကွန်ရက်ဖြန့်ကျက်နိုင်မှု မြင့်မားလာရေး စသည့် အနာဂတ် ရည်မှန်းချက်များဆီသို့ ဦးတည်နေပါသည်။ လုပ်ငန်းလိုင်စင်များ ရရှိပြီးနောက် တယ်လီနောကုမ္ပဏီသည် ၅ နှစ်တာ ကာလအတွင်းတွင် နိုင်ငံလူဦးရေ ၉၀ ရာခိုင်နှုန်းသို့ ကွန်ရက်ဖြန့်ကြက်နိုင်ရမည်ဟု ကြေညာခဲ့သည်။[၂၈၂] ထို့နည်းတူစွာအော်ရီဒူးကုမ္ပဏီကလည်း ၂ နှစ်တာ ကာလအတွင်း လူဦးရေ ၉၀ ရာခိုင်နှုန်းသည် ကွန်ရက်ရရှိနိုင်ပြီး ဆက်သွယ်ရေး အခြေခံအဆောက်အဦးအတွက် အမေရိကန်ဒေါ်လာ ၁၅ သန်းကို ရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုခဲ့သည်။[၂၈၃] တိုးချဲ့အစီအစဉ်များကိုလည်း ထိရောက်သည့်အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် အော်ရီဒူးကုမ္ပဏီသည် ကွန်ရက်တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၄ သန်းကိုအသုံးပြုခဲ့ပြီး နေရာပေါင်း ၂၈၀၀ နှင့်အထက်တွင် တည်ဆောက်

---

[၂၈၀] Freedom House (2014). အင်တာနက်လွတ်လပ်မှု – မြန်မာ.မှ ကောက်နှုတ်ချက် https://freedomhouse.org/sites/default/files/resources/Myanmar.pdf

[၂၈၁] Trautwein, C. (17 pufwifbm 2015). ရတနာပုံတယ်လီပို့သည် စတုတ္ထမြောက်လိုင်စင်ရရှိရန် ကြိုးစားဆဲ. မြန်မာတိုင်းမ်မှ ကောက်နှုတ်ချက် http://www.mmtimes.com/index.php/business/technology/16525-ytp-still-in-the mix-for-fourth-licence.html

[၂၈၂] ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန (၃၀ ဇန်နဝါရီ ၂၀၁၄). တယ်လီနောမြန်မာနှင့် အော်ရီဒူးမှ ပူးပေါင်းသတင်းစာရှင်းလင်းပွဲ ထုတ်ပြန်ချက် http://www.mcit.gov.mm/sites/default/files/Press%20Release%20Licence%20Signing%20Ceremony%2020140129%202130.pdf

[၂၈၃] Long, K. (27 ZGef 2013). တယ်လီနောနှင့် အော်ရီဒူးမှ ဆက်သွယ်ရေးလိုင်စင်များ ရရှိ။ မြန်မာတိုင်းမ်မှ ကောက်နှုတ်ချက် http://www.mmtimes.com/index.php/national-news/7277-telenor-and-ooredoo-granted-network-licences.html

နိုင်ခဲ့သည်။[၂၈၂] လူဦးရေလွှမ်းခြုံနိုင်မှုသည် နိုင်ငံ၏ သုံးပုံနှစ်ပုံနှင့်အထက်သို့ ရောက်ရှိခဲ့သည်။ တိုနည်းတူစွာ တယ်လီနော၏ 3G ကွန်ရက်သည် နိုင်ငံတွင်း အကြီးဆုံးကွန်ရက်အဖြစ် နေရာပေါင်း ၃၃၀၀ တွင် ရှိနေခဲ့သည်။[၂၈၃]

ဆယ်သွယ်ရေးလုပ်ငန်းသို့ ပုဂ္ဂလိကပိုင်စီးပွားရေးများဝင်ရောက်မှုနှင့် မိုဘိုင်းဖုန်းဆင်းမ်ကတ်ဈေးနှုန်းကို သိသာစွာလျှော့ချခဲ့မှုတို့သည် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းထိုးဖောက်ဝင်ရောက်နိုင်မှုကို မြှင့်တင်ရာတွင် ကြီးမားသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်။ သန်းခေါင်စာရင်းကောက်ယူမှုကို ၂၀၁၄ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့ပြီး လူဦးရေ ၃၃ ရာခိုင်နှုန်းသည် မိုဘိုင်းဖုန်းအသုံးပြုသူများဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။[၂၈၄] ဖုန်းပိုင်ဆိုင်မှုအနေဖြင့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာ (ICT) အပေါ်တွင် ကောက်ယူထားသော နိုင်ငံလုံးဆိုင်ရာ စစ်တမ်း ၂၀၁၅ အရ အသက် ၁၅ နှစ်မှ ၆၅ နှစ်အတွင်းရှိ လူဦးရေ ၃၉ ရာခိုင်နှုန်းမှာ မိုဘိုင်းဖုန်းနှင့် အသုံးပြုနိုင်သော ဆင်းမ်ကတ်များ ပိုင်ဆိုင်ကြောင်း တွေ့ရှိရသည်။[၂၈၅]ကျေးလက်သို့ မိုဘိုင်းဖုန်းထိုးဖောက်ဝင်ရောက်နိုင်မှုရာခိုင်နှုန်းသည် မြို့ပြထက်နိမ့်ကျပြီး ကျေးလက်တွင် ၂၇ ရာခိုင်နှုန်း နှင့် မြို့ပြတွင် ၆၃ ရာခိုင်နှုန်း အသီးသီးရှိကြသည်။ ကျေးလက် ဒေသများတွင် မိုဘိုင်းဖုန်းဝင်ရောက်နိုင်မှု နည်းပါးခြင်းမှလွဲ၍ ၈၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတို့သည် ယင်းတို့၏ အိမ်ထောင်စုတွင် မိုဘိုင်းဖုန်း တစ်ခုစီ အသုံးပြုနိုင်ကြကြောင်း စစ်တမ်းအရသိရှိရသည်။ ထို့ပြင် မိုဘိုင်းဖုန်းမပိုင်ဆိုင်

---

[၂၈၂] Trautwein, C. (၃၀ အောက်တိုဘာ ၂၀၁၅)။ တယ်လီနောမှ အော်ရီဒူးထက် ခြေလှမ်းသာ မြန်မာတိုင်းမ်မှ ကောက်နုတ်ချက် http://www.mmtimes.com/index.php/business/technology/17295-telenor-strides-further-ahead-of-ooredoo.html

[၂၈၃] ယင်း

[၂၈၄] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူမှု မှ ကောက်နုတ်ချက် http://www.themimu.info/census-data

[၂၈၅] Galpaya, H., Zainudeen, A., and Suthaharan, P. (2015). A Baseline Survey of ICT and Knowledge Access in Myanmar,LIRNEasia website မှကောက်နုတ်ချက် http://lirneasia.net/wp-content/uploads/2015/07/LIRNEasia_MyanmarBaselineSurvey_DescriptiveStats_V1.pdf

ကြသော ၅၀ ရာခိုင်နှုန်းသော ဖြေဆိုသူတို့သည် လာမည့် ၁၂ လအတွင်း မိုဘိုင်းဖုန်း ဝယ်ယူရန် အစီအစဉ်ရှိကြောင်း ဖော်ပြခဲ့ကြသည်။ အမြင့်ဆုံး ဝင်ရောက်နိုင်မှု နှင့် ပတ်သက်သော အချက်အလက်များသည် ကြိုတင်ငွေပေးချေပြီး မိုဘိုင်းဖုန်း အသုံးပြုသူများထံမှ ရရှိခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အသုံးပြုသူ စုစုပေါင်း ၂၉ သန်းရှိသည့်အနက် တယ်လီနော အသုံးပြုသူ ၁၀ သန်း၊ အော်ရီဒူး အသုံးပြုသူ ၅ သန်းနှင့် မြန်မာ့ဆက်သွယ်ရေး အသုံးပြုသူ ၁၄ သန်း အသီးသီး ရှိကြကြောင်း သိရသည်။[၂၉၆] လူတစ်ဦးလျှင် မိုဘိုင်းဖုန်းတစ်လုံး အသုံးပြုသည် ဟု ယူဆမည်ဆိုလျှင် အဆိုပါ ၂၉ သန်းသည် လူဦးရေ၏ တစ်ဝက်ခန့်နှင့် ညီမျှနေသည်။ ၂၀၁၅ ဇွန်လတွင် MCIT သည် ၄င်း၏ ရည်မှန်းချက်ဖြစ်သော ဖုန်းအသုံးပြုနိုင်သူဦးရေမှာ ၅၀ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။[၂၉၇]

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသည့် ကိန်းဂဏန်း၊ အချက်အလက်များကို တိကျစွာရယူသတ်မှတ်ရန် ခက်ခဲသော်လည်း မိုဘိုင်းဖုန်းများကို ကျယ်ပြန့်စွာအသုံးပြုနိုင်ခြင်းအပေါ်တွင် အင်တာနက်အသုံးပြုမှု များပြားလာကြောင်း စိတ်ချလက်ချမှတ်ယူနိုင်ပါသည်။ အင်တာနက်အခြေခံ ဖုန်းပရိုဂရမ်များသည်လည်း မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူများအတွက် အခြေခံကျသော လမ်းကြောင်းတစ်ခုအဖြစ် လျင်မြန်စွာ ဖြစ်ပေါ်လျက် ရှိပါသည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော ICT စစ်တမ်းအရ လူဦးရေ၏ ၂ ရာခိုင်နှုန်းသည်သာလျှင် လွန်ခဲ့သော ၁၂ လ အတွင်း အစဉ်အဆက်အသုံးပြုခဲ့သော Browser များဖြစ်သည့် ကွန်ပြူတာ၊ Tablet နှင့် ဖုန်းစသည်တို့မှတဆင့် အင်တာနက်အသုံးပြုခြင်းဖြစ်သည်။ အင်တာနက်လိုအပ်သော ဖုန်း application များဖြစ်သည့် Facebook, Instant Messenger နှင့်

---

[၂၉၆] Dujacquier, D. (ဇဝက်တင်ဘာ ၂၀၁၅). Advancing Myanmar's telecom infrastructure မှ ကောက်နုတ်ချက် http://www.mmtimes.com/index.php/opinion/16415-advancing-myanmar-s-telecom-infrastructure.html

[၂၉၇] Thant, H. (2 ZGef 2015). Mobile penetration reaches half the country မှ ကောက်နုတ်ချက် http://www.mmtimes.com/index.php/business/technology/14815-mobile-penetration-reaches-half-the-country.html

အီးမေးလ် (Email) စသည်တို့ကို ပိုမိုအသုံးပြုကြသည်။ အင်တာနက်ပေါ်မှ ဖုန်းခေါ်ဆိုနိုင်သော Viber နှင့် Skype တို့သည်လည်း အသုံးများသော applications များဖြစ်ကြသည်။[၂၉၀]

မြန်မာနိုင်ငံတွင် အင်တာနက်လိုင်းနှုန်း (Bandwidth) သည်လည်း အများအပြား တိုးတက်လာခဲ့သည်။ MCIT အချက်အလက်များအရ အင်တာနက်နှုန်းသည် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တစ်စက္ကန့်လျှင် ၃.၇၂ GB သာရှိရာမှ ၂၀၁၄ - ၁၅ နှစ်တွင်မူ ၂၇.၃၆ GB အထိ တိုးမြင့်လာခဲ့သည်။

ဇယား ၂။ မြန်မာနိုင်ငံ၏ အင်တာနက်လိုင်းနှုန်းစုစုပေါင်း (တစ်စက္ကန့်လျှင် ဂစ်ဂါဘိုက် တန်ဖိုး) (Gbps)




